
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်ရာဇ

## တစ္ဆေလူသတ်ကောင်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၄၅၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၁၃၀၉၀၈
ထုတ်ဝေသူ
ဦးသစ်လွင်(မြဲ၀၉၄၈)
ကံ့ကော်မြိုင်စာပေ၊၁၁၃၊ရွှေပြည်သာလမ်း
(၆)ရပ်ကွက်၊သာကေတ၊ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင်(၀၅၄၁၇)
ရွှေခြသေ့ပုံနှိပ်တိုက်
၂၂၅၊အခန်း(၂)၄၁သလမ်း၊
၁၁ရပ်ကွက်၊ပန်းဘဲတန်း၊ရန်ကုန်။
ပထမအကြိမ်
၂၀၀၈ခုနှစ်၊နိုဝင်ဘာလ။
အုပ်ရေ ၅၀၀
တန်ဖိုး ၅၀၀ကျပ်

မင်းမြတ်ရာဇ
တစ္ဆေလူသတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



## ပဏာမနိဒါန်း

တစ်နေ့သ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေကြီး အိုင်အိုမြတ်နှင်းတို့သည် ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်ရှိ အငြိမ်းစားဝန်ထောက်မင်း ဦးခင်မောင်တင့်၏ ဖိတ်ကြားချက်ကြောင့် ၎င်း၏နေအိမ်သို့ အလည်အပတ် သွားရောက်ခဲ့ကြလေ၏။

ထိုအခါ ကျွန်ုပ် ယခုရေးသားဖော်ပြမည့် ထူးဆန်းလှသော ဂမ္ဘီရဝိညာဉ်လူသတ်မှုကြီးသည် ပဲခူးမြို့သို့ သွားရောက်ခဲ့စဉ် ကြုံတွေ့ခဲ့ရသည့် အမှုကြီးတစ်ခုပင်ဖြစ်လေရာ စီအိုင်ဒီ၌ အမှုပေါင်းမျိုးစုံကို စုံစမ်းဖော်ထုတ်ကြုံတွေ့ခဲ့ဖူးသမျှ အမှုများထဲတွင် ယခုကြုံတွေ့ရသော အမှုကြီးလောက် ထူးဆန်းသည့်အမှု မရှိနိုင်တော့ဟုပင် ဆိုချင်ပေတော့၏။ ထိုစဉ် ကျွန်ုပ်တို့ကြုံတွေ့ခဲ့ကြရသော အမှုကြီးမှာ သာမန်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ထက် မပယ်ကြည်နိုင်လောက်ဖွယ်ထူးဆန်း၍ ရှုးသွက်၍ ပင်သွားနိုင်လောက်သည့် အံ့သြထိတ်လန့်ဖွယ်အဖြစ်အပျက်များဖြင့် ပြည့်၍နေခဲ့လေတော့၏။

ထိုပြင်လည်း ကျွန်ုပ်တို့အားလုံးမှ စီအိုင်ဒီ၏ ဟီးရိုး၊ ဘုရားသခင်၏လက်ဆောင် ဂစ်ဖတက် ဟူ၍ တင်စားခေါ်ဝေါ်ခဲ့ကြသည့် စုံထောက်ခြင်းအရာ၌ လွန်စွာမှတော်လှသော ကျွန်ုပ်၏ မိတ်ဆွေကြီး အိုင်အိုမြတ်နှင်း၏ ရာဇဝင်တစ်လျှောက် တရားခံမပေါ် သည့်အမှုဟူ၍ မရှိခဲ့ဖူးသော်ငြား ယခုအမှုကြီး၌ကား အိုင်အိုမြတ် နှင်းအဖို့ တရားခံအား ဖော်ထုတ်ဖမ်းဆီးရန် လက်လျှော့ခဲ့ရသည့် ပထမဦးဆုံး တရားခံမပေါ်သည့် အမှုကြီးလည်းဖြစ်ပေတော့၏။

သို့ဖြစ်၍ အိုင်အိုမြတ်နှင်းကဲ့သို့သော မြန်မာပြည်၏အတော်ဆုံး စုံထောက်တစ်ဦးမှပင် လက်လျှော့ခဲ့ရလောက်အောင် ထူးခြားဆန်းကြယ်လွန်းလှစွာသော ဤအမှုကြီးအား ကျွန်ုပ်သည် တတ်နိုင်သလောက် စာအရေးသားပညာဖြင့် အောက်ပါအတိုင်းရေးသား၍ ဖော်ပြလိုက်ရပါပေတော့သတည်း။

အိုင်ပီ အောင်မင်း

ရာဇဝတ်မှုအထူးအရာရှိ အင်စပိတ်တော်

(CID) စုံထောက်ဌာန/အင်းစိန်

❂ ❂ ❂



တစ်နေ့သ၌ ကျွန်ုပ်နှင့်အိုင်အိုမြတ်နှင်းကို့သည် ပဲခူးမြို့လိပ်ပြာကန်ရပ်ကွက်တွင်နေထိုင်သော အငြိမ်းစားဝန်ထောက်မင်း ဦးခင်မောင်တင့်၏နေအိမ်သို့ အလည်အပတ်သွားရောက်ရင်းဖြင့် အောက်ပါထူးဆန်းသော အကြောင်းအရာတစ်ခုကို ကြားသိခဲ့ကြရလေ၏။

၄င်းအကြောင်းအရာမှာ ပဲခူးမြို့၏မြောက်ဘက် တစ်မိုင်ကျော်ကျော်ခန့်ရှိ ကားလမ်းမဘေး ရိုးပြတ်တောတစ်ခုအလယ်၌ အဖြူရောင်တိုက်အိုကြီးတစ်လုံးရှိကြောင်းနှင့် ထိုတိုက်ဖြူအိုကြီးမှာ လွန်စွာမှ သရဲခြောက်၍ လပြည့်ညအချိန်များ၌ အသည်းအူနှလုံးများ [illegible] လှုပ်ဖွယ် ခွေးအူသံများနှင့် ချောက်ချားတုန်လှုပ်ဖွယ် ကျွဲချို[illegible]သံကြိုးတစ်ခု ကြားရလေ့ရှိကြောင်းများပင် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝန်ထောက်မင်းဦးခင်မောင်တင့်ဆိုသူ အဘိုးကြီးက . . .

"ဒါဒီနားမှာရှိတဲ့ရွာထဲကလူတွေဆိုရင် တိုက်အိုကြီးနားနေ့ခင်းကြောင်တောင်တောင် မသွားရဲကြဘူးတဲ့၊ အေးလေ ဒီတိုက်ကြီးရဲ့ရာဇဝင်ကလည်း မသေးမှကိုး။ ပထမဆုံး ဒီတိုက်ကြီးရဲ့ပိုင်ရှင်က နာမည်ကြီး မဟူရာမိုးမှောင်ဆိုတဲ့ လူဆိုးကြီးပေါ့၊ စစ်ကြီးမဖြစ်ခင်က အတော့်ကိုဆိုးသွမ်းခဲ့တဲ့လူဆိုးကြီးလေ၊ မောင်ရင်တို့လည်း ကြားဖူးရင်ကြားဖူးမှာပေါ့၊ အဲဒီတုန်းက ကျုပ်တောင် သင်တန်းဆင်းအရာရှိ ပေါက်စလေးဘဝပဲရှိသေးတယ်"

ဟု ပြောပြလေရာ ကျွန်ုပ်မှလည်း . . .

"ကျွန်တော်တို့ငယ်ငယ်က ကြားဖူးခဲ့တဲ့လူဆိုးကြီးမိုးမှောင်ဆိုတာများလားမသိဘူးနော်၊ အိုင်ဆေးကိုမြတ်နှင်း" ဟု အိုင်အိုမြတ်နှင်းကိုပါ အဖော်ညှိ၍ ပြောလိုက်မိလေ၏။

(အမှန်ပင် တစ်ချိန်က ပဲခူးဘက်တွင် လူဆိုးကြီးမိုးမှောင်ဟူသော နာမည်ကြီးလူဆိုးကြီးတစ်ဦး တကယ်ပင်ရှိခဲ့ဖူးပါသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်သေးခင်ကာလကဖြစ်၍ မိုးမှောင်ဆိုသော ၎င်း၏နာမည်အား တစ်ပြည်လုံးလိုလိုပင် ကြားဖူးခဲ့ကြကာ နောင်တွင် ရုပ်ရှင်ဇာတ်ပွဲများ၌ပင် လူဆိုးကြီးမိုးမှောင်ဟူသော အမည်အား ထည့်သွင်းဖော်ပြကြလေရာ ‚ 'မိုးမှောင်'ဟုဆိုလိုက်သည်နှင့် လူဆိုး



နာမည်တစ်ခုဖြစ်ကြောင်း ပရိသတ်များမှအစ သိရှိခဲ့ကြလေတော့၏။

စာရေးသူ)

အိုင်အိုမြတ်နှင်းကမူ ပြုံး၍နားထောင်နေလေ၏။ ဝန်ထောက်မင်းဦးခင်မောင်တင့်က ဆက်၍ပြောပြန်လေ၏။

"အဲဒီတုန်းက လူဆိုးကြီးမိုးမှောင်ဆိုတဲ့လူဟာ အတော်လည်း အံ့သြစရာကောင်းတဲ့လူတစ်ယောက်ပဲ၊ ကျုပ်ကောင်းကောင်းမှတ်မိသေးတယ်၊ ဒီလူဟာ လူတစ်ယောက်ကိုသတ်ပြီဆိုရင် နှလုံးသားနေရာတည့်တည့်ကို သေနတ်နဲ့ပစ်ပြီး အလောင်းရဲ့နဖူးနေရာမှာ သေသူရဲ့နှလုံးသွေးနဲ့ 'မ'အက္ခရာတစ်လုံးရေးသွားလေ့ရှိတယ်၊ သူ့နာမည် မိုးမှောင်ရဲ့သင်္ကေတပေါ့ဗျာ၊ သူသတ်သွားခဲ့တဲ့လူတွေကလည်း နည်းမှမနည်းဘဲ၊ ဒီလူတစ်ယောက်အတွက်နဲ့ ပုလိပ်အဖွဲ့ဆိုတာလည်း ဖိန့်ဖိန့်တုန်လှုပ်တယ်၊ ဘယ်လိုဖမ်းဖမ်း သူ့ကို မိမှမမိတာ၊ မိဖို့ထားဦး၊ သူ့မျက်နှာကိုမြင်ဖူးတဲ့လူတောင် ခပ်ရှားရှားရယ်ကိုးဗျ၊ ဒါကြောင့် အချို့ကလည်း လူဆိုးကြီးမိုးမှောင်ကို ဂမ္ဘီရလူသတ်သမားလို့တောင် ခေါ်ကြတယ်၊ ဒီလူကလည်း သတ်လိုက်ရင် ဂမ္ဘီရဆန်ဆန်ကိုး၊ ဘယ်လောက်အစောင့်အနေတွေချထားချထား၊ ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိအောင် ရုတ်တရက်ကြီးပေါ်လာပြီး သတ်သွားတော့တာပဲ၊ သတ်ပြီးရင်လည်း ကြက်ပျောက်ငှက်ပျောက် ပြန်ပြီးပျောက်သွားပြန်ရော၊ နောက် လူဆိုးကြီးမိုးမှောင်ရဲ့ထူးခြားချက်တစ်ခုက သူသွား

www.burmeseclassic.com

www.burmeseclassic.com



လေရာမှာ ခွေးအမည်းကြီးကပ်ကောင် အမြဲပါတဲ့အချက်ပဲ၊ အချို့ သူ့ကိုတွေ့ဖူးတဲ့လူတွေ ပြောပြကြတာလည်း သူဟာ ဦးထုပ်မခနက် ကြီးတစ်လုံးနဲ့ လောင်းကုတ်အင်္ကျီအနက်ကြီးကို အမြဲတမ်း ဝတ်ဆင် ထားပြီး သူနဲ့ အမြဲတမ်းပါတဲ့ခွေးမည်းကြီးကလည်း လူတစ်ယောက် ခါးလောက်မြင့်တယ်ဆိုပဲ"

ထိုနေရာအရောက် ဝန်ထောက်မင်းကြီးဟောင်း ဦးခင်မောင် တင့်က စကားကို ခေတ္တရပ်နားလိုက်လေရာ အိုင်အိုမြတ်နှင်းက စိတ် ပင်တစ်စားနားယောင်နေရာမှ . . .

"ကျွန်တော်လည်း သူ့အကြောင်းကို ကြားခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခု ဦးခင်မောင်တင့်ပြောပြသလိုမျိုး ပြည့်ပြည့်စုံစုံတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ နောက်ဆုံးတော့ အဲဒီလူဆိုးကြီးမိုးမှောင်ကို ပုလိပ်အဖွဲ့ ဖမ်းမိခဲ့တယ်မဟုတ်လား" ဟု မေးလိုက်လေ၏။

"ဟုတ်တယ်လေမောင်ရင်ရဲ့၊ ဒါပေမဲ့ ဖမ်းမိတယ်ဆိုတာ အရှင်ဖမ်းမိတာတော့မဟုတ်ဘူး၊ အသေပဲဖမ်းမိခဲ့တာ၊ ဒါတောင် တကယ်တမ်းပြောရရင် ပုလိပ်အဖွဲ့ရဲ့အစွမ်းကြောင့်မဟုတ်ဘူး၊ လူဆိုး ကြီးမိုးမှောင်နဲ့မတည့်တဲ့ လူဆိုးအဖွဲ့တစ်ဖွဲ့က ပုလိပ်အဖွဲ့ကို သတင်း ပေးခဲ့ပြီး သူတို့ပါဝိုင်းပြီး လူဆိုးကြီးမိုးမှောင်ကို လုပ်ကြံခဲ့ကြလို့ အသေ ဖမ်းမိခဲ့ရတာ" ဟု ဦးခင်မောင်တင့်က ပြောပြပြန်လေ၏။ ထိုအခါ ကျွန်ုပ်က . . .



"ဝန်ထောက်မင်းဦးခင်မောင်တင့်က လူဆိုးကြီးမိုးမှောင် အကြောင်းကို တော်တော်သိတာပဲ" ဟု ဆိုလိုက်လေလျှင် . . .

"သိဆို အဲဒီတုန်းက လူဆိုးကြီးမိုးမှောင်ကို ဖမ်းခဲ့ကြတဲ့ ပုလိပ်အဖွဲ့ထဲမှာ ကျုပ်သူငယ်ချင်း ရာဇဝတ်အုပ်တစ်ယောက်ပါတာ ကိုးဗျ၊ သူ့နာမည်က ကိုဘရင်တဲ့၊ အခုတော့ သူလည်း ကျုပ်လိုပဲ ရာဇဝတ်ဝန်ထောက်ဘဝနဲ့ အငြိမ်းစားယူပြီး ရန်ကုန်မှာရောက်နေလေ ရဲ့၊ အဲဒီအချိန်တုန်းက ကျုပ်က နယ်ဂါတ်တစ်ခုမှာ တာဝန်ကျနေ တော့ ဒီအကြောင်းတွေကို သူက တဆင့်ပြောပြခဲ့လို့ သိခဲ့ရတယ် ဆိုပါတော့" ဟု ဦးခင်မောင်တင့်က ပြောလေ၏။

အိုင်အိုမြတ်နှင်းက ဝန်ထောက်မင်းဦးခင်မောင်တင့်မှ ညှို ခံတည်ခင်းထားသည့်ကော်ဖီကို တစ်ငုံမျှ အရသာခံကာသောက်လိုက် ပြီးနောက် . . .

"အင်း တော်တော်တော့ စိတ်ဝင်စားစရာကောင်းတဲ့လူပဲ၊ အခုလည်း ဦးခင်မောင်တင့်ပြောတဲ့အိမ်ကြီးက သူ့အိမ်ကြီးပေါ့နော်" ဟု ဆိုလိုက်ပြန်လေလျှင် ဦးခင်မောင်တင့်ကလည်း ကော်ဖီကို သောက်နေရင်းမှ ကမန်းကတမ်းအမူယာမျိုးဖြင့် . . .

"အစစ်ပေါ့ မောင်ရင်ရဲ့၊ ကျုပ်အထင်ကတော့ အခု ဖြစ် ပျက်နေတဲ့အဖြစ်အပျက်တွေဟာ လူဆိုးကြီးမိုးမှောင်ရဲ့ ဝိညာဉ် မကျွတ် မလွတ်သေးဘဲ ခြောက်လှန့်နေတာများလားလို့" ဟု ပြောလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအခါ ကျွန်ုပ်မှဝင်ရောက်၍ . . .

"ကျုပ်ကတော့ ဒီလို ခြေခြေမြစ်မြစ်မရှိတဲ့ ဝိညာဉ်တွေ တစ္ဆေသရဲတွေဆိုတာမျိုးတွေကို အယုံအကြည်မရှိဘူး" ဟု ပြောလိုက်လေရာ ဝန်ထောက်မင်းဦးခင်မောင်တင့်က . . .

"ဒါတွေကို ခြေခြေမြစ်မြစ်မရှိဘူးလို့လည်း ပြောလို့မရပြန်ဘူး ဦးအောင်မင်းရဲ့၊ ဘာဖြစ်လို့လဲဆိုရင် တစ္ဆေ သရဲဝိညာဉ်တွေဆိုတာ ရှေးဟောင်းစာပေကျမ်းဂန်များက အမှန်တကယ်ရှိတဲ့အကြောင်း အထောက်အထားတွေရှိနေမှာပဲ" ဟုပြောလေ၏။

ထိုအခါ အိုင်အိုမြတ်နှင်းမှလည်း . . .

"ဟုတ်တယ် အိုင်ပီရဲ့၊ မင်းတုန်းမင်းကြီးလက်ထက်က အမှုတော်ထမ်းခဲ့တဲ့ မင်းကြီးမဟာဇေယျသင်္ခယာဘွဲ့ခံ လေ့သင်းအတွင်းဝန်မင်း ရေးသားပြုစုခဲ့တဲ့ 'တဇ္ဇတ္တဒီပဏီ' ဆိုတဲ့ကျမ်းထဲမှာ တစ္ဆေဆိုတာကို တဖွေ့လို့ရေးသားဖော်ပြထားတာ အတိအလင်းရှိကယ်ဗျ၊ နောက်ပြီး သင်္ဂါယနာတင်ကျမ်းကြီးကျမ်းခိုင်တွေမှာလာတဲ့ ဖုတ်၊ တစ္ဆေ၊ မြေဖုတ်ဘီလူးတွေအကြောင်းတွေလည်း အများကြီးရှိနေတယ်၊ ဒီတော့ တစ္ဆေသရဲဝိညာဉ်ဆိုတာ တကယ်မရှိဘူးလို့သွားပြောလို့လည်းမရဘူး၊ ဒါပေမဲ့ တစ်ခုရှိတာက ဒီလိုအဖြစ်အပျက်မျိုးတွေမှာ အမှန်တကယ်ထက် လူတွေက ဖန်တီးပြီး ခြောက်လှန့်တာမျိုးတွေ၊ နောက် တစ်စုံတစ်ရာအကြောင်းတိုက်ဆိုင်ပြီး တင်ယောင်ထင်မှားဖြစ်တတ်တဲ့



အကြောင်းမျိုးတွေက အများဆုံးရှိနေတတ်ကြတော့ လူတွေက မယုံမကြည်ဖြစ်ပြီး အခု အိုင်ပီပြောသလိုမျိုး ခြေခြေမြစ်မြစ်မရှိဘူးတွေ ဖြစ်ကုန်ကြတော့တာပေါ့၊ အမှန်တကယ်ကတော့ ဘဝတွေအမျိုးမျိုးနဲ့ ကျင်လည်နေကြရတဲ့ လောကသံသရာကြီးထဲမှာ သတ္တဝါတွေဟာ ဘုံဘဝအမျိုးမျိုးနဲ့ရှိနေကြရမှာပါပဲ၊ အဲဒီမှာ အပယ်လေးဘုံဖြစ်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတွေရောက်သွားကြတဲ့ သတ္တဝါတွေလည်း ရှိနေမှာပဲလေ၊ ဒီတော့ကာ အခု ကျွန်တော်တို့ပြောနေကြတဲ့ တစ္ဆေသရဲဝိညာဉ်တွေဆိုတာမျိုးဟာလည်းပဲ ပြိတ္တာ၊ အသူရကာယ်ဘုံတွေမှာရောက်နေတဲ့ သတ္တဝါတွေဖြစ်နိုင်တာပေါ့ အိုင်ပီ" ဟု ကျွန်ုပ်အား ရှင်းပြပြောဆိုလေ၏။

ထို့နောက်တွင်မှ ဝန်ထောက်မင်း ဦးခင်မောင်တင့်နှင့်အတူ ကျွန်ုပ်တို့သည် တစ္ဆေသရဲဝိညာဉ်အကြောင်းများနှင့်ပတ်သက်၍ ရောက်တတ်ရာရာ စကားများကို ဆက်လက်ပြောဆိုကြလျက် ညဉ့်နက်မှပင် အိပ်ရာသို့ ဝင်ခဲ့ကြလေတော့၏။

ထိုအခါ ကျွန်ုပ်နှင့် အိုင်အိုမြတ်နှင်းတို့သည် ကျွန်ုပ်တို့နောက်ဆုံးထောက်လှမ်းဖော်ထုတ်ပေးခဲ့ကြရသည့် 'ကျိုးဖြူကျိုးမည်းတစ်ကောင်တည်း' အမည်ရှိ အမှုကြီးပြီးဆုံးခဲ့၍ စိတ်အေးလက်အေးဖြင့် အပမ်းဖြေအနားယူရန် စုံထောက်မင်းကြီး မစ္စတာအိုဝင်၏ထံ ခွင့်တစ်ပတ်စီဖောင်ခွင့်ယူလျက် ယခုကဲ့သို့ ပဲခူးမြို့ရှိ မိတ်ဆွေကြီး အငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



…းဝန်ထောက်မင်း ဦးခင်မောင်တင့်ထံသို့ လာရောက်လည်ပတ်ခဲ့ခြင်းပင်ဖြစ်လေ၏။

ထိုအချိန် ကျွန်ုပ်နှင့်အိုင်အိုမြတ်နှင်းတို့ ဦးခင်မောင်တင့်ထံ လာရောက်လည်ပတ်ရသောအကြောင်းမှာလည်း ထူးထူးထွေထွေမရှိလှပါချေ။ ကျွန်ုပ်တို့နှစ်ယောက်စလုံးနှင့် ရင်းနှီးနေသော ၄င်းမှ အတန်တန်ဖိတ်ခေါ်ထားခြင်း၊ ဦးခင်မောင်တင့်မှာ ၄င်း၏ဇနီးဆုံးပြီးသည့်အချိန်မှစ၍ တစ်ကိုယ်တည်း လွတ်လပ်စွာနေထိုင်နေသည့် လူတစ်ယောက်ဖြစ်နေခြင်း၊ တောပစ်တောလိုက်အလုပ်များ၌ ကျွန်ုပ်တို့နှင့် ဝါသနာတူနေခြင်းဟူသော အချက်များကြောင့် ကျွန်ုပ်မှ အိုင်အိုမြတ်နှင်းအား မဲဆွယ်၍ လာရောက်လည်ပတ်ခဲ့ခြင်းပင် ဖြစ်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်နှင့်အိုင်အိုမြတ်နှင်းတို့သည် ထမင်းချက်အစေခံတပည့်နှစ်ယောက်ဖြင့် ပြည့်စုံစွာနေထိုင်လျှက်ရှိသော အငြိမ်းစားဝန်ထောက်မင်း ဦးခင်မောင်တင့်၏နေအိမ်ကြီး၌ လာရောက်လည်ပတ်၍ ပမ်းဖြေနားနေကြရင်းဖြင့် တစ်ခါတစ်ရံ၌ ကားဖြင့် ရိုးမတောဘက်သို့ထွက်ကာ အမဲပစ်ခြင်းဖြင့် တစ်ခါတစ်ရံ ရှေးဟောင်းသမိုင်းဝင်ဘုရားများဆီသို့ သွားရောက်လေ့လာကြည့်ရှုခြင်း တစ်ခါတစ်ရံ၌မူ အိမ်၌ပင်နေ၍ မြို့ထဲသို့လည်ပတ်၍ ဟိုတယ်နှင့်စားသောက်ဆိုင်များသို့ သွားရောက်အပမ်းဖြေစားသောက်ခြင်း အစရှိသောအလုပ်များဖြင့် ဖိမ်ကျလျှက်ရှိနေလေတော့သတည်း။

✿ ✿ ✿



# ၄

တစ်ညသ၌မူ ကျွန်ုပ်နှင့် အိုင်အိုမြတ်နှင်းတို့နှစ်ဦးသည် ဝိုင်းစက်ကာထိန်ထိန်သာလျှက်ရှိသော လမင်းကြီးကြောင့် အိပ်၍မပျော်သည်ရှိ၍ ခြံထဲသို့ဆင်းလျှက် အိုင်အိုမြတ်နှင်းမှ တယောပြားလေးတစ်လက်ကိုထိုး၍လည်းကောင်း၊ ကျွန်ုပ်မှ ၄င်း၏တယောလက်သံနှင့် တစ်ခါတစ်ခါ လိုက်၍ဆိုသော ၄င်း၏သီချင်းသံကိုနားထောင်၍လည်းကောင်း ရှိနေကြလေ၏။ ကျွန်ုပ်မှာ ထိန်ထိန်သာလျှက်ရှိသော လရောင်အောက်တွင်ထိုင်လျှက် တယောအထိုးရော သီချင်းအဆိုပါ ကောင်းလှစွာသော အိုင်အိုမြတ်နှင်း၏ဂီတအစွမ်းကို နားထောင်ခံစားကာ စိတ်ထဲ၌ လွမ်းသလိုဆွေးသလို ပျော်သလိုကြည်နူးသလို အမည်ဖော်၍ပတတ်သောခံစားမှုမျိုးကို ခံစားနေရလေတော့၏။ ဤကဲ့သို့ ကျွန်ုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုမြတ်နှင်း၏ ထူးခြားလှစွာသော ဂီတအစွမ်းကို ခံစားလျှက်ရှိနေစဉ်ပင် ရုတ်တရက် အိုင်အိုမြတ်နှင်းသည် တယောထိုးခြင်းအား တိခနဲရပ်လိုက်လေ၏။ ထိုမှ တစ်စုံတစ်ရာအား နားစွင့်သကဲ့သို့ပြုကာ. . .

"အိုင်ပီ ဒီနေ့ည လပြည့်ညမဟုတ်လားဗျ" ဟု ထူးခြားသောမျက်နှာအမူအယာဖြင့် မေးလာလေ၏။ ကျွန်ုပ်မှ . . .

"ဟုတ်တယ်လေဗျာ၊ ဘာဖြစ်လို့တုန်း" ဟု နားမလည်နိုင်စွာမေးလိုက်လေလျှင် . . .

"နားထောင်စမ်း အိုင်ပီ" ဟု အိုင်အိုမြတ်နှင်းက ဆိုလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်း၏နည်းတူ နားစွင့်၍ကြည့်လိုက်မိလေ၏။ ထိုအခါ အဝေးတစ်နေရာဆီမှ လွန်စွာမှ ထူးခြားလွန်းလှသော အသံတစ်ခုကို ခပ်သဲ့သဲ့မျှကြားလိုက်ရလေတော့၏။ ကျွန်ုပ်သည် ထိုအသံအား အံ့သြစွာ နားစွင့်ထောင်ရင်းမှ . . .

"ဘယ်လိုအသံမျိုးကြီးလဲဗျာ၊ ဗိုက်ထဲကအူတွေကလီဇာတွေကို ဆွဲဆုပ်နေသလိုအသံမျိုးကြီးဗျ၊ ဘာသံကြီးတုန်း" ဟု မေးလိုက်လေရာ အိုင်အိုမြတ်နှင်းမှ ကျွန်ုပ်အား ဆက်လက်နားထောင်ရန် လက်ဟန်ခြေဟန်ဖြင့်ပြ၍ ဆက်ကာနားစွင့်နေလေ၏။ ထိုစဉ် ထူးခြားလွန်းလှသောအသံကြီးမှာ တဖြည်းဖြည်းပျောက်ကွယ်သွားလျှက် ချောက်ချားဖွယ် ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံကြီးတစ်ခုကို ကြားလိုက်ကြရပြန်လေ၏။ ကျွန်ုပ်သည် အိုင်အိုမြတ်နှင်း၏မျက်နှာကို လှမ်း၍ ကြည့်



လိုက်မိလေ၏။ လရောင်ဖြင့်မြင်နေရသော ၎င်း၏မျက်နှာကား တစ်စုံတစ်ခုကိုစဉ်းစားနေသည့် ဟန်မျိုးရှိလေ၏။ ထိုခဏ၌ ကျွန်ုပ်သည် ဦးခင်မောင်တင့်ပြောခဲ့သော အကြောင်းအရာများကို အမှတ်ရသွားလျှက် လေသံတိုးတိုးဖြင့် . . .

"ဦး. . . ဦးခင်မောင်တင့်ပြောတဲ့ ဟိုအိမ်ကြီးက ကျွဲချိုသံကြီးနဲ့ ခွေးအူသံကြီးထင်တယ် အိုင်ဆေး" ဟုပြောလိုက်လေရာ အိုင်အိုမြတ်နှင်းက ကြားနေရသည့် ဆွဲဆွဲငင်ငင်ခွေးအူသံကြီးကို နားစွင့်နေရင်းမှ ဦးခေါင်းကိုညိတ်၍ပြလေ၏။

"အု. . . အူ. . . အူး. . . အု. . ."

ကြားရရုံမျှနှင့်ပင် ခွေးအူသံကြီးမှာ အသဲနှလုံးများတုန်လှုပ်ဖွယ်ကောင်းလှလေတော့၏။ ကျွန်ုပ်တို့သည် ခွေးအူသံကြီးပျောက်သွားသည်အထိ နားစွင့်ကာ ငြိမ်သက်၍ နားထောင်နေမိကြလေ၏။ အတန်ကြာမှ အိုင်အိုမြတ်နှင်းက . . .

"ကျွန်ုပ်တို့အတွက် အပျင်းပြေစိတ်ဝင်စားစရာတစ်ခုတော့ ရပြီနဲ့တူတယ် အိုင်ပီရေ" ဟုဆိုလိုက်လေရာ ကျွန်ုပ်မှ ၎င်း၏မျက်နှာအားကြည့်ရှု၍ . . .

"ဘာလဲ အိုင်ဆေးကိုမြတ်နှင်း၊ အဲဒီအိမ်ကြီးဆီသွားပြီး စုံစမ်းထောက်လှမ်းဦးမလို့လား" ဟု မေးမြန်းလိုက်မိလေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းကပြုံး၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"အခုမဟုတ်ပါဘူး အိုင်ပီရယ်၊ နေ့ခင်းဘက် အေးအေးဆေးဆေးအချိန်မှပါ၊ ဘာပဲဖြစ်ဖြစ် အပျင်းပြေပေါ့ဗျာ" ဟုပြောလိုက်လေရာ ကျွန်ုပ်မှာ စုံစမ်းထောက်လှမ်းရသောအလုပ်အား မလုပ်ရလျှင် မနေနိုင်သော ၎င်း၏မျက်နှာအား ကြည့်ရှုကာ အံ့ဩနေရလေတော့သတည်း။

❂❂❂



ထိုအချိန် ပဲခူးမြို့စွန်ရှိ နာမည်ကြီးလှသော တိုက်အိုဖြူကြီးကား လရောင်အောက်ရှိုးပြတ်တောအလယ်၌ တစ္ဆေဖြူကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေဘိသကဲ့သို့ ထီးတည်းကြီးရှိနေလေ၏။ အချိန်မှာ ည(၁၂)နာရီခန့်ရှိပြီဖြစ်၍လည်း ဝန်းကျင်တစ်ခုလုံးမှာ ချောက်ချားဖွယ်တိတ်ဆိတ်ငြိမ်သက်လျှက်ရှိပေတော့၏။ တစ်ချက်တစ်ချက် သုတ်လိုက်သော ညဥ့်လေအဝှေ့၌ကား ရှိုးပြတ်များမှာ တရှဲရှဲတဟဲဟဲအသံများ ထွက်ပေါ်သွားလျှက် စိတ်အားငယ်တတ်သူများအဖို့ နာနာဘာဝ တစ္ဆေကောင်များ ရယ်မောနေသံများဟု ထင်မှတ်ဖွယ်ရှိလေ၏။ ဤဝန်းကျင်ဤနေရာတဝိုက်ကား ယခုကဲ့သို့ ညခင်းဘက်မဆိုထားဘိ နေ့ခင်းဘက်၌ပင်လျှင် လူသူသွားလာဖြတ်သန်းခြင်း မပြုဝံ့သောနေရာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြန်လေရာ မြင်မြင်သမျှအရာအားလုံးမှာလည်း ခြောက်ကပ်တင်းကြီး ဖြင့် ကျက်သရေမင်္ဂလာမဲ့သော သချိုင်းမြေတစ်ခုနှင့်မခြား ရှိနေပြန် တော့၏။ တဖန် တိုက်အိုဖြိုကြီးအား ကြည့်ရှုမည်ဆိုပါကလည်း ပျက်စီးယိုင်နဲ့နေကြသော ခြံစည်းရိုး ရွဲ့စောင်းနေသော မြတံခါးပျက်ကြီးနှင့် ခြံဝန်းအနှံ့ နေရာမလပ်အောင်ရှိနေကြသော ချုံနွယ်ပိတ်ပေါင်းများ ကြောင့် အကျည်းတန်လွန်းနေပြန်လေ၏။ သို့ရာ၌ ထိုကဲ့သို့ ချောက်ချားဖွယ်ဝန်းကျင်နှင့် အကျည်းတန်လွန်းလှသော တိုက်အိုဖြိုကြီး၏ ရှေ့ရှိ တစ်ခုသောခုံတန်းရှည်လေးတစ်ခုအပေါ်တွင်ကား သက်ရှိသတ္တဝါ နှစ်ခုသည် ထူးဆန်းစွာရှိနေလေ၏။ ၎င်းတို့မှာ လူသားတစ်ယောက်နှင့် ကြီးမားလှသောခွေးမည်းကြီးတစ်ကောင်ပင် ဖြစ်လေပေတော့၏။ ထိုအခါ ခွေးမည်းကြီးနှင့်အတူရှိနေသော လူသားမှာ အသက်(၅၀)ကျော်ဝန်း ကျင်ခန့်ရှိ လွန်စွာမှ အရုပ်ဆိုးအကျည်းတန်လှသောကျော၌ ဘုကြီး တစ်လုံးရှိနေသည့် ခါးကုန်းကြီးတစ်ဦးပင်ဖြစ်လေ၏။ ၎င်းသည် လက် ထဲ၌ ကျွဲချိုကြီးတစ်ခုကိုကိုင်ထားကာ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးအားမော့ကြည့်ရင်းမှ ၎င်းအနီးရှိ ခွေးမည်းကြီးအား . . .

"မည်းကြီးရေ ကြည့်စမ်းပါဦးကွ၊ လမင်းကြီးဟာ ထိန်ထိန် သာပြီး ဘယ်လောက်တောင်အေးမြလိုက်သလဲ၊ ညတိုင်း ဒီလိုပဲ အမြဲတမ်းရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲကွာ၊ ဒါဆို မင်းနဲ့ ငါနဲ့ဟာ အမြဲတမ်း ဒီလမင်းကြီးကိုကြည့်ပြီး အခုလိုပဲ ညတိုင်း



မရဏတေးသွားကို သီကျူးကြမယ်၊ မင်းလည်း ဒီတေးသွားကို ကြိုက် တယ်မဟုတ်လား။ မင်းက ငါ့ထက်တောင်အဆိုကောင်းသေးကွ၊ ဟဲဟဲ ငါက မင်းလိုတောင်မဆိုတတ်ဘူး၊ မင်းရဲ့အသံဟာ မရဏတေးသွားသံနဲ့ တကယ့်ကို အံဝင်ခွင်ကျကွက်တိပဲကွ၊ နားလည်ရဲ့လား" ဟု လူ တစ်ယောက်အား စကားပြောနေသကဲ့သို့ ပြောဆိုလိုက်လေရာ ခွေး မည်းကြီးကလည်း ၎င်း၏စကားကို နားလည်ဘိသကဲ့သို့ အမြီးကြီးကို တနှံ့နှံ့လှုပ်ကာ ပါးစပ်မှလည်း တအီအီဖြင့်အသံပြုလေ၏။

"ဘာလဲကွ၊ သိပ်သဘောကျသွားပြီလား၊ ငါတကယ်ပြောတာ ကွ မည်းကြီးရေ၊ ဒီကမ္ဘာပေါ်မှာ မရဏတေးသွားကို စည်းကျဝါးကျဆို နိုင်တာ မင်းဆိုတဲ့ခွေးတစ်ကောင်ပဲရှိတယ်ကွ၊ နားလည်လား. . . ဟား . . . ဟား. . . ဟား. . . ဟား" ဟု ခါးကုန်းကြီးကပြောဆိုကာ သဘော ကျစွာအသံသြသြကြီးဖြင့် ရယ်မောလိုက်ပြန်၏။ ထိုအခါ တိတ်ဆိတ် နေသော ဝန်းကျင်၌ ၎င်း၏ရယ်သံကြီးမှာ ချောက်ချားဖွယ်လွင့်ပျံ့ သွားလေတော့၏။ ထို့နောက်တွင်မှ ခါးကုန်းကြီးသည် ၎င်းလက်ထဲတွင် ကိုင်ဆွဲထားသော ကျွဲချိုကြီးကို မှုတ်လိုက်ပြန်လေ၏။ ထိုအခါ တိတ် ဆိတ်နေသောညဉ့်ပြတ်တောကြီးတစ်လျှောက် လွန်စွာမှ ကြက်သီးထဖွယ် ကောင်းလွန်းလှသော ကျွဲချိုမှုတ်သံကြီးသည် ခွေးမြေ့တုန်လှုပ်ဖွယ် ပျံ့လွှမ်းသွားသကဲ့သို့ မရှေးမနှောင်းပင် ခွေးမည်းကြီး၏ချောက်ချား ဖွယ် အူသံကြီးမှာလည်း ဆွဲဆွဲငင်ငင် ထွက်ပေါ်လာပြန်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် အနီးဝန်းကျင်ရှိ ရွာထဲမှလူများအဖို့ကား တိုက်အို ဖြူကြီးဘက်ဆီမှ ချောက်ချားဖွယ်ထွက်ပေါ်လာကြသော ကျွဲချိုမှုတ်သံ ကြီးနှင့် ခွေးအူသံကြီးကြောင့် မိမိတို့အိမ်အတွင်း၌ တံခါးများ အလုံ ပိတ်ကာ မလှုပ်ဝံ့အောင်ရှိနေကြလေတော့၏။ သူတို့သည် လပြည့်ည သို့ရောက်တိုင်း တိုက်အိုဖြူကြီးဘက်ဆီမှ ထိုအသံကြီးများကို ကြားရမြဲ ဖြစ်လေ၏။ တစ်စုံတစ်ယောက်သောသူမှလည်း ထိုအသံများထွက် ပေါ်လာရာ တိုက်အိုဖြူကြီးဆီသို့ သွားရောက်၍မကြည့်ရဲကြချေ။ သူတို့ အားလုံးပင် လပြည့်ညတိုင်း ထွက်ပေါ်လာတတ်သော ထိုအသံဆိုးကြီး များအား တစ္ဆေသရဲများ ခေါ်သံကြီးတစ်ခုဟု ယုံကြည်ထားကြလေ၏။ အချို့ကမူ ထိုအသံဆိုးကြီးများအား မရဏခေါ်သံများဟု အမည်သညာ မှည့်ခေါ်ထားကြကုန်လေ၏။

အမှန်အားဖြင့်လည်း ၄င်းအသံကြီးများကို ဖန်တီးသီကျူးနေ ကြသူများမှာ အထက်တွင်ဖော်ပြပြီးခဲ့သော အကျည်းတန်ခါးကုန်းကြီး နှင့် ခွေးမည်းကြီးတို့ပင်ဖြစ်ရာ ၄င်းတို့သည် လပြည့်ညရောက်တိုင်း တိုက်အိမ်ဖြူကြီးဆီသို့ ရောက်ရှိလာကြကာ မရဏတေးသွား အမည်ရှိ ချောက်ချားဖွယ် အသံကြီးများကို သီကျူးခဲ့ကြလေ၏။

ထိုအခါ ၄င်းတို့နှစ်ဦးသည် မည်သည့်အတွက် မည်သည့် အဓိပ္ပါယ်ဖြင့် ဤကဲ့သို့ပြုလုပ်နေကြခြင်းကိုကား သူတို့နှစ်ဦးမှလွဲ၍ တစ်စုံတစ်ဦးမှ သိရှိနိုင်မည်မဟုတ်ပါပေ။ ယခုအချိန်၌မူ ခါးကုန်းကြီး



နှင့် ခွေးမည်းကြီးတို့သည် အသည်းနှလုံးတုန်လျက် ချောက်ချားဖွယ် မရဏတေးသွားအသံကြီးအား နှစ်ယောက်သား အတိုင်အဖောက်ညီ စွာ သီကျူးကြပြီးနောက် ခါးကုန်းကြီးက ကျွဲချိုမှုတ်ခြင်းကို ရပ်နား လိုက်ကာ . . .

''ဟား. . . ဟား. . . ဟား. . . ဟား. . . သိပ်ကောင်းတဲ့ အသံပဲ မည်းကြီးရေ. ကဲ ဒီနေ့ညအဖို့တော့ တော်လောက်ပြီ၊ ညဉ့် လည်းနက်ပြီ၊ ပြန်ကြရအောင်ကွာ'' ဟု ပြောဆိုလိုက်လေ၏။ သို့ရာ၌ ခွေးမည်းကြီးမှာ ဦးခေါင်းကြီးအား လမင်းကြီးဆီသို့မော့ကာ ဆွဲဆွဲ ငင်ငင် အူနေရာမှ မရပ်သေးဘဲရှိလေ၏။ ထို့ကြောင့် ခါးကုန်းကြီးက သဘောကျစွာ အသံသြကြီးဖြင့် ရယ်မောရင်းမှ . . .

''ဟား. . . ဟား. . . ဟာကောင်ကြီးရ တော်ပါတော့ဟ၊ မင်း ကလည်း'' ဟု ပြောဆိုလိုက်သလို ခွေးမည်းကြီး၏အူသံမှာ တိခနဲ ရပ်တန့်သွားလေ၏။ ထိုမှ ခွေးမည်းကြီးသည် ကားလမ်းမဘက်ဆီမှ အသံတစ်ခုကို နားရွက်ကြီးနှစ်ဘက်ထောင်ကာ နားစွင့်နေလေ၏။ ခါးကုန်းကြီးမှာလည်း ခွေးမည်းကြီး၏အမူအယာကြောင့် ကားလမ်းမ ဘက်ဆီသို့ လှမ်းကာမျှော်ကြည့်မိလိုက်လေ၏။ ထိုအခါ လရောင် အောက်မှ မီးရောင်တစ်လက်လက်ဖြင့် ကားတစ်စီးသည် ၄င်းတို့အိမ် ကြီးရှိရာဘက်ဆီသို့ တရွေ့ရွေ့လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။ ထိုသို့ကြည့်နေစဉ် များမကြာမီ မီးရောင်တစ်လက်လက်နှင့်ကားသည်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဖြူအိုကြီးရှေ့အရောက် ရပ်တန့်လိုက်သည်ကို မြင်တွေ့လိုက်ပြန်ရာ ခါးကုန်းကြီး၏ ပြောင်ချောချောမျက်ခုံးကြီးနှစ်ဘက်သည် မြောက်တက်၍သွားလေတော့၏။ ထိုခဏ၌ပင် ကားပေါ်မှဆင်းလာသည့် လူတစ်ယောက်၏ပုံသဏ္ဌာန်ကို မြင်တွေ့လိုက်ရပြန်လေလျှင် ခါးကုန်းကြီး၏မျက်လုံးကြီးနှစ်လုံးမှာ အံ့သြလွန်းဟန်ဖြင့် ပုဇွန်မျက်လုံးကဲ့သို့ ပြူး၍သွားရသကဲ့သို့ နားရွက်ကြီးတထောင်ထောင်ဖြင့် နားစွင့်အကဲခတ်နေသော ခွေးမည်းကြီးမှာလည်း တစ်စုံတစ်ယောက်၏အနံ့အသက်ကို ရလိုက်ဘိသကဲ့သို့ ပါးစပ်မှ တအီအီအသံများထွက်လာကာ လှုပ်ရှုပ်ရှားရှားဖြစ်သွားလေတော့၏။

ကားပေါ်မှဆင်းလာသူကား မြင့်မားသောအရပ်မောင်းကြီးနှင့် လူထွားကြီးတစ်ဦးဖြစ်လျက် ၄င်းသည် အနက်ရောင်လောင်းကုတ်ရှည်ကြီးနှင့် ဦးထုပ်အနက်ကြီးတစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားလေ၏။ ထိုလူသည် ရွံ့စောင်းပျက်စီးနေသော ခြံတံခါးကြီးနှင့် တိုက်အိုဖြူကြီးကို တစ်ချက်မျှငေးမောကြည့်ရှု၍ ခြံဝန်းကြီးအတွင်းသို့ ခြေလှမ်းကြဲကြီးများဖြင့် ဝင်ရောက်လာလေတော့၏။ ထိုအခိုက် ခါးကုန်းကြီးဘေးရှိ ခွေးမည်းကြီးမှာ ရုတ်တရက် ပါးစပ်မှ အီခနဲအသံတစ်ချက်ပြုကာ အမြီးကြီးကိုတစ်ချက်နှံ့၍ ထိုလူရှိရာသို့ တစ်ဟုန်ထိုးပြေး၍ သွားလေတော့၏။ ခါးကုန်းကြီးမှာကား ထိုလူအား အံ့သြထိတ်လန့်စွာဖြင့် ကြည့်ရှု၍ . . .



"ဒါ . . . ဒါ . . . လုံးဝ မဖြစ်နိုင်ဘူး . . . မဖြစ်နိုင်ဘူး" ဟု မယုံကြည်နိုင်ဖွယ် ရေရွတ်နေလေတော့၏။ ထိုစဉ် အနီးသို့ရောက်ရှိလာပြီဖြစ်သော လူထွားကြီးက . . .

"ဘယ်လိုဖြစ်နေတာလဲ ဦးတာနော၊ ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလားဗျ။ ဟား . . . ဟား . . . ကျုပ်ပြန်လာပြီလေဗျာ" ဟု ဆိုလိုက်လေရာ ခါးကုန်းကြီးမှာ ထိတ်လန့်ပြူးကြောင်စွာဖြင့် . . .

"မ . . . မဟုတ်ဘူး၊ မင်း . . . မင်းဟာ ကျုပ် . . . ကျုပ်ဆရာ မဟုတ်ဘူး၊ ကျုပ်ဆရာက သေ . . . သေခဲ့ပြီပဲ" ဟုပြောကာ နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်၍သွားလေတော့၏။ ထိုအခါ လောင်းကုတ်အနက်ကြီးအား ဝတ်ဆင်ထားလျက် ဦးထုပ်အနက်စွပ်ထားသော လူထွားကြီးက သဘောကျစွာရယ်မော၍ . . .

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဦးတာနော . . . ဦးတာနော ခုထက်ထိ ခင်ဗျားဟာ အရင်တုန်းကအတိုင်း ခပ်ပေါပေါခပ်ထူထူရှိနေတုန်းပါလား၊ ကဲဗျာ . . . ကျုပ်ခရီးပန်းလာတယ်၊ ကျုပ်ကားပေါ်မှာပါတဲ့ပစ္စည်းတွေ သွားသယ်ပြီး စားစရာတစ်ခုခု အမြန်ဆုံးစီစဉ်ဗျာ၊ ခင်ဗျားလက်ရာ ကြက်ကင်သံပုရာရည်ဆမ်းနဲ့ ပျားအုံတံဆိပ် ဘရန်ဒီလေးမသောက်ရတာတောင် တော်တော်ကြာနေပြီ အဲဒီပစ္စည်းတွေလည်းပါတယ်၊ အမြန်ဆုံးသွားပြီးစီစဉ်ခဲ့ဗျာ" ဟု ပြောဆိုလိုက်ပြန်ရာ ဦးတာနောဟူသော ခါးကုန်းကြီးမှာ ခေါင်းတစ်ခါခါ

www.burmeseclassic.com

www.burmeseclassic.com



လည်တစ်ခါခါဖြင့်ရှိနေဆဲဖြစ်ကာ . . .

"မင်း. . . မင်း. . . ကျုပ်. . . ကျုပ်ဆရာ မဖြစ်နိုင်ဘူး၊ ဘယ်. . . ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး"ဟု ငြင်းနေဆဲရှိလေ၏။

ထိုစဉ် ခွေးမည်းကြီးမှာကား သားရေမျက်နှာဖုံးတပ် လောင်းကုတ်အင်္ကျီအနက်ကြီးနှင့် လူအား နှစ်ပေါင်းများစွာကွဲကွာနေသည့် သခင်ကို ပြန်တွေ့နေရသည့်နှယ် ဝမ်းသာရွှင်မြူးလျှက် ပတက်ရပ်ကာ လျှာဖြင့်လျှက်လိုက် ခုန်ပေါက်မြူးတူးလိုက်လုပ်နေလေတော့၏။ သို့ဖြစ်ရာ ခါးကုန်းကြီးဦးတာနောမှာလည်း တူးဆန်းလှသော မည်းကြီး၏အပြုအမူကြောင့် အံ့သြနားမလည်နိုင်အောင် ရှိနေရပြန်လေ၏။ အမှန်စင်စစ် ဤရောမခွေးကြီးကား သူနှင့် သူ၏ဆရာ မဟူရာမိုးမှောင်နှစ်ယောက်မှလွဲ၍ လူစိမ်း သူစိမ်းတစ်ရံအား အကပ်ခံသည့် ခွေးကြီးမဟုတ်ပါချေ။ ယခုမူ ခွေးကြီး၏အပြုအမူကြောင့် ခါးကုန်းကြီးဦးတာနောမှာ စဉ်းစား၍မတတ်နိုင်အောင် ရှိနေရလေတော့၏။ ထိုစဉ် ခွေးမည်းကြီးအား ပြန်လှန်ပွတ်သပ်ပေးနေသော လူထွားကြီးက. . .

"ဟား. . . ဟား. . . ဘယ်လိုလဲဦးတာနော၊ ခင်ဗျားက မည်းကြီးလောက်တောင်မှ မှတ်ဉာဏ်မရှိတော့ပါလားဗျ၊ ဒီနေ့ဟာ ဘာနေ့ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား၊ ဘာလဲ. . . ခင်ဗျားက ခုထိ ကျုပ်ကို မယုံသေးဘူးလား" ဟု မေးမြန်းလိုက်လေရာ. . .

"ဗျာ. . . ဟို. . . ဟို. . . ကျုပ်. . . ကျုပ်"ဟု ခါးကုန်းကြီးမှာ စကားများထစ်ထစ်ငေါ့ငေါ့ဖြင့် အသံဆက်၍မထွက်နိုင်အောင် ဖြစ်သွားရလေတော့၏။ အမှန်ကား သူ၏ဆရာ မဟူရာမိုးမှောင်အား သူကိုယ်တိုင်ပင် လွန်ခဲ့သော(၁၅)နှစ်ခန့်က ဂူသွင်းမြှုပ်နှံကာ သင်္ဂြိုဟ်ပေးခဲ့ပြီးသည်မဟုတ်ပါလား။ သို့သော် ယခု ရောက်ရှိလာသည့်လူမှာကား မျက်လုံးနှစ်လုံးနေရာ၌ သားရေမျက်နှာဖုံးစွပ်တစ်ခုစွပ်ထားသည်မှလွဲ၍ အရပ်အမောင်း၊ အသံ၊ အမူအယာ အားလုံးမှအစ ဝတ်စားဆင်ယင်ထားပုံများပါ မိမိ၏ဆရာဖြစ်သူ လူဆိုးကြီးမိုးမှောင်နှင့် ချွတ်စွပ်ဖြစ်နေလေ၏။ ထို့ကြောင့် ခါကုန်းကြီးဦးတာနောမှာ ဆုံးဖြတ်၍မရအောင် ဇဝေဇဝါဖြစ်နေရစဉ်ပင် လူထွားကြီးက . . .

"ကဲ. . . ဦးတာနော၊ ကျုပ်က သိပ်ပြီးစိတ်မရှည်တတ်တာ ခင်ဗျားသိတယ်နော်၊ ပြီးတော့ ဒီလိုနေ့ ဒီလိုအချိန်မျိုးမှာ ခင်ဗျား ကျုပ်အတွက် ဘာလုပ်ပေးရတယ်ဆိုတာ ခင်ဗျားအသိဆုံး၊ ဒီတော့ ပထမဦးဆုံး ကျုပ်ခိုင်းတာ အမြန်ဆုံးသွားလုပ်ပါ"ဟု ပြောဆိုအမိန့်ပေးကာ တိုက်အိုကြီး၏တံခါးအားတွန်းဖွင့်၍ အထဲသို့ ဝင်ရောက်သွားလေတော့၏။ ထိုအခါ လူထွားကြီးက အိမ်ကြီးထဲသို့ လျှောက်ဝင်သွားရင်းမှ သီချင်းတစ်ပုဒ်ကို လေချွန်ကာညည်းရင်း ဝင်ရောက်သွားလေရာ မိမိ၏ဆရာ လူဆိုးကြီးမိုးမှောင်၏ စရိုက်အမူအကျင့်များဖြင့် တစ်ထေရာထည်းဖြစ်နေသော လူထွားကြီး၏နောက်ကျောကို အံ့သြထိတ်လန့်စွာကြည့်ရှု၍ ငုင်းခိုင်းသည့်အတိုင်း ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှပစ္စည်းများကို သွားရောက်၍ သယ်ယူလိုက်ရလေတော့၏။ နောက်ဆုံးခါးကုန်းကြီး ဦးတာနေသာသည် ပစ္စည်းများတစ်ပွေ့တစ်ပိုက်ဖြင့် အိမ်ကြီးထဲသို့ ဝင်ရောက်လာသောအခါ၌မူ မျက်နှာဖုံးတပ်လောင်းကုတ်အနက်ရှည်ကြီးနှင့် လူထွားကြီးကား ဧည့်ခန်းအတွင်းရှိ ဖုန်အလိမ်းလိမ်းတက်နေသော စန္ဒယားခုံကြီးတွင် အကျအနထိုင်လျက် သီချင်းတစ်ပုဒ်ကို တီးခတ်နေလေတော့၏။ ထိုအခါ လူထွားကြီးတီးခတ်နေသောသီချင်းမှာ လူဆိုးကြီးမိုးမှောင်အစဉ်အမြဲတီးလေ့ရှိသော ''လပြည့်ည မရဏခေါ်သံ'' အမည်ရှိ တိတ်လန့်ဖွယ်သီချင်းကြီးဖြစ်၍နေလေရာ ခါးကုန်းကြီးဦးတာနေသာမှာ အအံ့သြကြီးအံ့သြလျက် ဤလူကား မိမိ၏ဆရာ လူဆိုးကြီးမိုးမှောင်ပင် အမှန်ဖြစ်ချေတော့သည်ဟု ယုံကြည်သွားခဲ့ရလေတော့၏။ သို့ရာ၌ မိမိ၏ဆရာ လူဆိုးကြီးမိုးမှောင်မှာ မည်သည့်နည်းဖြင့် သေရွာမှပြန်ရှင်လာသည်ကိုကား ခါးကုန်းကြီးဦးတာနေသာအဖို့ မတွေးတတ်အောင်ရှိနေရလေတော့၏။ သို့သော် ခါးကုန်းကြီးဦးတာနေသာအဖို့ ထိုအတွေးအား ကြာကြာတွေးတောဝံ့ခြင်းမရှိတော့ပါချေ။ အဘယ့်ကြောင့်ဆိုသော် သူသည် မိမိဆရာလူဆိုးကြီးမိုးမှောင်၏ စိတ်မရှည်တတ်သောအကျင့်ကို ကောင်းစွာသိရှိထားခြင်းကြောင့်ပင်ဖြစ်လေ၏။ ထို့ကြောင့် သူသည် သေရွာမှထူးခြားစွာပြန်လည်ရောက်ရှိလာသည့် မိမိ၏ဆရာ လူဆိုးကြီးမိုးမှောင်အတွက် ၎င်းကြိုက်တတ်သော ကြက်သားကင် သံပုရာရည်ဆမ်းနှင့်



ပျားအုံတံဆိပ် ဘရမ်ဒီတစ်ပုလင်းကို အမြန်ဆုံး စီစဉ်လိုက်ရလေတော့၏။

ထိုအချိန် ထူးဆန်းလှသော သေရွာပြန်လူဆိုးကြီးမိုးမှောင်သည် ကြောက်ခွဲထိတ်လန့်ဖွယ်ကောင်းလွန်းလှသော 'လပြည့်ညမရဏခေါ်သံ'' သီချင်းကြီးကို ဆိုတီးတီးလျက်ရှိနေလေရာ ထိုသီချင်းသံမှာ ကြားရသူများအဖို့ အသွေးအသားများထဲမှ တစ်ခုခုကို မွတ်သိပ်ဆာလောင်လာသကဲ့သို့ မရိုးမရွကြီး ခံစားနေရလေတော့ရာ ခွေးမည်းကြီးပင်လျှင် တအီအီအသံပြု၍ ဟိုမှဒီမှပြေးလွှားကာ ဂဏှာမငြိမ်အောင်ဖြစ်နေလေတော့၏။ ထိုအခါ ခါးကုန်းကြီးဦးတာနေသာမှာလည်း လူဆိုးကြီးမိုးမှောင်၏ မရဏတေးသွားသံကြီးကြောင့် အသွေးအသားများ ဆူဝေလှုပ်ရှားလာကာ အကျည်းတန်လွန်းလှသော မျက်နှာကြီးပင်လျှင် သွေးရောင်များလွှမ်းလျက် နီမြန်းလာလေတော့၏။ ထိုအခိုက်တွင်မှ လူဆိုးကြီးမိုးမှောင်သည် ၎င်း၏သီချင်းကြီးကို အဆုံးသတ်လိုက်ပြီး ပြင်ဆင်ပေးထားသောကြက်ကြော်ကင်နှင့် ဘရန်ဒီကို အားပါးတရ စားသောက်လိုက်ကာ . . .

''ဦးတာနေသာ'' ဟု အေးစက်စက်အသံကြီးဖြင့် ခေါ်လိုက်လေ၏။

''အမိန့်ရှိပါဆရာ'' ဟု ခါးကုန်းကြီးဦးတာနေသာက ထူးလိုက်လေလျှင် လူဆိုးကြီးမိုးမှောင်က ကျေနပ်စွာပြုံး၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ည လပြည့်ညဆိုတာ ခင်ဗျားသိတယ်နော်" ဟုဆိုလိုက်လေရာ . . .

"ဟုတ်ကဲ့ . . . သိ . . . သိပါတယ်ဆရာ" ဟု ခါးကုန်းကြီးက ဖြေလိုက်ပြန်လေ၏။ ထိုအခါ လူဆိုးကြီးမိုးမှောင်က သောက်လက်စ ဘရန်ဒီခွက်ကို မြှောက်၍ လှည့်ပတ်ကာကြည့်ရှုရင်းဖြင့် . . .

"ကောင်းပြီဦးတာနော၊ ဒီလပြည့်ညအတွက် မရဏသေမိန့်ကျတဲ့လူကတော့ ဦးမာဃဆိုတဲ့လူပဲ၊ ဒီလူရဲ့ကံကြမ္မာနိဂုံးပိုင်းကို ကျုပ်လိုချင်တယ်" ဟု တစ်လုံးချင်း လေးတွဲစွာပြောလိုက်လေရာ ခါးကုန်းကြီးဦးတာနောမှာ မျက်လုံးကြီးပြူးပါးစပ်ဟ၍ သွားရလေတော့၏။ ဦးမာဃဟူသည့်လူအား သူသည် ကောင်းစွာသိရှိနေပေ၏။ သို့သော် ဦးမာဃမှာ ယခင်က လူဆိုးဂိုဏ်းဝင်တစ်ဦးဖြစ်သော်လည်း ယခုအချိန်၌မူ လူတိုင်းမှ လေးစားကြည်ညိုနေကြသော လူကုံတန်သူဌေးကြီးတစ်ဦးအဖြစ်ရှိနေပြီဖြစ်လေ၏။ ယခုမူ မိမိ၏ဆရာ မဟူရာမိုးမှောင်သည် ဦးမာဃအား သေမိန့်ချလိုက်လေပြီ။ မိမိအနေဖြင့် ဆန့်ကျင်ငြင်းဆန်ဝံ့ခြင်းမရှိတော့။ ထို့ကြောင့် ခါးကုန်းကြီး ဦးတာနောသည် မိမိ၏ဆရာဖြစ်သူ လူဆိုးကြီးမိုးမှောင်၏မျက်နှာအား မဝံ့မရဲဖြင့် တစ်ချက်ကြည့်လိုက်မိလေ၏။ ထိုအခါ အနက်ရောင်သားရေမျက်နှာဖုံးစွပ်အောက်မှ တလက်လက်စူးရှတောက်ပြောင်နေသော မျက်လုံးအစုံဖြင့် ရင်ဆိုင်မိလိုက်ရကား ကျောရိုးတစ်လျှောက်



အေးစိမ့်သွားသလို ခံစားလိုက်ရသည်။

"ကောင်း . . . ကောင်းပါပြီဆရာ" ဟု ပြောဆိုကာ ဦးညွှတ်အရိုအသေပေး၍ ခါးကုန်းကြီးဦးတာနောသည် အိမ်ကြီးအတွင်းမှ ချာကနဲလှည့်ကာ ကုန်းကုန်းကွကွဖြင့် ထွက်ခွာသွားလေတော့၏။ ထိုစဉ်လူဆိုးကြီးမိုးမှောင်သည် သဘောကျစွာ အသံနက်ကြီးဖြင့် ရယ်မောလိုက်လေတော့ရာ ၎င်း၏ ခြောက်ကပ်ကပ် အေးစက်စက်နိုင်လှသော ရယ်သံကြီးသည် တိုက်အိမ်ကြီးအတွင်း၌ ကြောက်မက်ဖွယ် ပဲ့တင်ထပ်၍သွားလေတော့သတည်း။

ဟား . . . ဟား . . . ဟား . . . ဟား . . .

ဟား . . . ဟား . . . ဟား . . . ဟား . . .

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ညက ညဉ့်နက်သည်အထိ အိုင်အိုမြတ်နှင်းနှင့်အတူ စကားများပြောဆိုနေခဲ့ခြင်းကြောင့် နေမြင့်သည်အထိ အိမ်ရာမှ မနိုးသေးဘဲရှိလေ၏။ သို့ရာ၌ ကျွန်ုပ်မှာ ရုတ်တရက် တံခါးခေါက်သံတစ်ခုကြောင့် အိမ်ရာမှနိုးကာ အခန်းတံခါးအား သွားရောက်ဖွင့်ရလေတော့၏။ ထိုအခါ အခန်းဝ၌ အိုင်အိုမြတ်နှင်းအား တွေ့မြင်လိုက်ရပြီးလျှင် . . .

"အိုင်ပီရေ. . . အရေးကိစ္စတစ်ခုတော့ ပေါ်လာပြန်ပြီဗျို့၊ မျက်နှာလေးဘာလေး မြန်မြန်သစ်ပေတော့" ဟုဆိုလာလေရာ ကျွန်ုပ်မှာ ဘုမသိဘမသိဖြင့် ကိုယ်လက်သန့်စင်သောအလုပ်ကို ကမန်းကတမ်းပြုလုပ်လိုက်ရလေ၏။ ထို့နောက်မှ ကျွန်ုပ်အား စောင့်လျှက်



ရှိနေသော အိုင်အိုမြတ်နှင်းအား . . .

"ဘာတွေအရေးကိစ္စပေါ်လို့လဲဗျ" ဟုမေးမြန်းလိုက်လေရာ ၎င်းပြန်ဖြေလိုက်သောစကားကြောင့် ကျွန်ုပ်မှာ နှုတ်မှပင် ယောင်ရမ်း၍ 'ဗျာ'ဟု အသံထွက်သွားရလေတော့၏။ ထိုအခါ အိုင်အိုမြတ်နှင်းမှ ပြန်ဖြေလိုက်သောစကားကား . . .

"မနေ့ညက မြို့ထဲကအိမ်တစ်အိမ်မှာ လူသတ်မှုတစ်ခုဖြစ်သွားပြီဗျ၊ အဲဒါ ကျွန်တော်တို့ ဒီမှာရောက်နေတယ်ဆိုတာ သိနေတဲ့ဂါတ်တဲက ရာဇဝတ်အုပ်ကိုစိန်မြင့်က အခုတင်ပဲ ဖုန်းဆက်ပြီး အကူအညီလှမ်းတောင်းလို့ ကျွန်တော်တို့သွားကြည့်ရမယ်" ဟူ၍ဖြစ်ပေတော့၏။

သို့ဖြစ်ရာ မျှားမကြာမီ ကျွန်ုပ်တို့မှာ ဝန်ထောက်မင်းဦးခင်မောင်တင့်၏ကားနှင့်ပင် အခင်းဖြစ်ပွားရာနေအိမ်သို့ သွားရောက်ခဲ့ကြလေတော့ရာ အိမ်ရှင်ဦးခင်မောင်တင့်မှာလည်း ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာခဲ့လေတော့၏။ ထိုအခါ ကားပေါ်၌ ဦးခင်မောင်တင့်က . . .

"အခု အသတ်ခံလိုက်ရတဲ့ ဦးမာဃဆိုတာ ကျုပ်နဲ့တောင်ရင်းနှီးတယ်ဗျ၊ သာရေးနာရေး အလှူအတန်းတွေဘက်မှာ အတော်ရက်ရောတဲ့လူတစ်ယောက်ပါဗျာ၊ ကျုပ်သိရသလောက်လည်း သူ့မှာ ဘာရန်ငြိုးရန်စမှမရှိပါဘူး၊ ဘယ်လိုလူမျိုးကများ သတ်သွားသလဲ

www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူးဗျာ'' ဟု စိတ်မကောင်းဟန်ဖြင့်ပြောလေ၏။

သို့ဖြစ်ရာ ယခု အသတ်ခံလိုက်ရသောလူမှာ ဦးမာဃဟူ၍ ဖြစ်ကြောင်း ကျွန်ုပ်တို့သိခွင့်ရခဲ့ကြလေ၏။ အိုင်အိုမြတ်နှင်းကမူ ဘာ စကားတစ်ခွန်းမှမပြောဘဲ ကားပေါ်တွင် ငြိမ်သက်စွာလိုက်ပါလာခဲ့ လေ၏။ ထို့နောက် များမကြာမီ ကားကို ကိုယ်တိုင်မောင်းနှင်လာခဲ့ သော ဦးခင်မောင်တင့်က နှစ်ထပ်တိုက်အိမ်ကြီးတစ်လုံးရှေ့တွင် ကားကိုရပ်လိုက်လေ၏။ ထိုအခါ တိုက်အိမ်ကြီးရှေ့ရှိခြံဝ၌ ပုလိပ်သား ကလေးတစ်ယောက် စောင့်လျက်ရှိလေရာ အခင်းဖြစ်ရာတိုက်အိမ် ဖြစ်ကြောင်း သိသာလေ၏။ ကျွန်ုပ်တို့လည်း ကားပေါ်မှဆင်းလိုက်ကြ လေလျှင် ဝန်ထောက်မင်း ဦးခင်မောင်တင့်အား သိရှိနေသော အစောင့်ပုလိပ်သားလေးက ရိုကျိုးစွာဖြင့် . . .

''ဝန်ထောက်မင်းတို့ပါလားခင်ဗျ၊ အထဲမှာ ဆရာစိန်မြင့် ရောက်နေတယ်၊ ကြွကြွပါ'' ဟု ပြောလေ၏။ ကျွန်ုပ်တို့လည်း တိုက် အိမ်ကြီးထဲသို့ ဝင်ရောက်ခဲ့ကြလေလျှင် ငိုယိုနေသော အမျိုးသမီး တစ်စုနှင့် စကားပြောဆိုနေသော အပိုင်ဂါတ်တဲမှ ရာဇဝတ်အုပ် ကိုစိန်မြင့်ကိုတွေ့မြင်ရလေ၏။ ရာဇဝတ်အုပ် ကိုစိန်မြင့်က ကျွန်ုပ် တို့အားမြင်လေလျှင် နေရာမှ လျင်မြန်စွာထကာ စလုရိုက် အရိုအသေ ပေး၍ . . .

''ဝန်ထောက်မင်းပါကြွလာတာကိုး၊ ကြွကြွပါခင်ဗျာ၊ အမှု



ကတော့ စဉ်းစားမရအောင်ပါပဲ ခင်ဗျာ'' ဟု နှုတ်ဆက်ကာ စကား စလိုက်လေ၏။ ထို့နောက်တွင်မှ ကျွန်ုပ်နှင့်အိုင်အိုမြတ်နှင်းအား လေးစားသောအကြည့်ဖြင့် ကြည့်ရှု၍. . .

''ဆရာဦးအောင်မင်းနဲ့ ကိုမြတ်နှင်းတို့ကိုတော့ အားနာ စရာဖြစ်နေပြီဗျာ၊ အခုလို နားအေးပါးအေးနဲ့ ခွင့်ယူနေတဲ့အချိန်မှ'' ဟုဆိုလိုက်လေရာ အိုင်အိုမြတ်နှင်းက ပြုံးရယ်၍ . . .

''ရပါတယ် ကိုစိန်မြင့်ရယ်၊ ကျုပ်တို့က အမှုမလိုက်ရရင် ကို မနေတတ်သလိုဖြစ်နေကြတာဗျ၊ အခုတော့ အပျင်းပြေ ဦးနှောက် စားစရာတစ်ခုရလာတာပေါ့၊ ကဲ အမှုအခြေအနေကို ကြည့်ရအောင်ဗျာ'' ဟု ပြောဆိုလိုက်လေ၏။

ထိုအခါ ရာဇဝတ်အုပ်ကိုစိန်မြင့်က . . .

''ကြည့်ပါခင်ဗျာ. . . ကြည့်ပါ'' ဟုဆိုကာ ကျွန်ုပ်တို့အား အလောင်းရှိရာ အပေါ်ထပ်ဆီသို့လိုက်ပို့ခဲ့လေတော့၏။ အလောင်း ကြီးမှာ အပေါ်ထပ်ဝရံတာရှိ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ပက်လက်ကြီးရှိနေလေ၏။ ကျွန်ုပ်တို့သည် အလောင်းကြီးအားမြင် တွေ့လိုက်ရသည်နှင့် ပါးစပ်များဟ၍သွားကြရလေတော့၏။ အဘယ့် ကြောင့်ဆိုသော် သေဆုံးသူ အသက်(၅၀)ကျော်အရွယ်ခန့်ရှိသော ဦးမာဃမှာ ဘယ်ဘက်ရင်အုံ နှလုံးသားနေရာတည့်တည့်[illegible]ရာ၌ သနတ်ဒဏ်ရာကြီးတစ်ခုဖြင့် သေဆုံးနေကာ ငင်း[illegible]ဖူးနေရာ၌

www.burmeseclassic.com

www.burmeseclassic.com



သွေးတို့ဖြင့် 'မ'အက္ခရာတစ်ခုကို သိသာထင်ရှားစွာရေးထားခြင်း ကြောင့်ပင်ဖြစ်လေတော့၏။ သို့ဖြစ်ရာ အလောင်းကြီးအား အံ့ဩစွာကြည့်ရှု၍ ဝန်ထောက်မင်း ဦးခင်မောင်တင့်က . . .

"ဒါ. . . ဒါ. . . လူဆိုးကြီးမိုးမှောင်ရဲ့လက်. . . လက်ချက်ပဲ" ဟု တုန်ရီစွာပြောလိုက်လေရာ ရာဇဝတ်အုပ်ကိုစိန်မြင့်မှာ ဝန်ထောက် မင်းဦးခင်မောင်တင့်၏မျက်နှာအား နားမလည်နိုင်စွာကြည့်ရှု၍. . .

"ဘယ်ကလူဆိုးကြီးမိုးမှောင်လဲ ဝန်ထောက်မင်းရဲ့" ဟု မေးမြန်းလိုက်လေ၏။ ဝန်ထောက်မင်းဦးခင်မောင်တင့်မှာ ရာဇဝတ် အုပ်ကိုစိန်မြင့်၏အမေးအား မည်ကဲ့သို့ပြန်ဖြေရမှန်းမသိဖြစ်သွားလျှက် အိုင်အိုမြတ်နှင်း၏မျက်နှာကို လှမ်းကြည့်လိုက်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက အံ့ဩနေသောမျက်နှာအားပြင်၍ . . .

"ပြောပါဦး ကိုစိန်မြင့်၊ အခုသေသူ ဦးမာဃ ဘယ်လို အသတ်ခံခဲ့ရတယ်ဆိုတာ" ဟု စကားလမ်းကြောင်းပြောင်း၍ မေး လိုက်လေလျှင် ရာဇဝတ်အုပ် ကိုစိန်မြင့်က . . .

"အခု ကျွန်တော် အိမ်သားတွေကိုမေးကြည့်ရသမျှကတော့ မနေ့ညက ဦးမာဃဟာ လသာလို့ မအိပ်ချင်သေးဘူးဆိုပြီး အခုလို ဝရံတာလသာဆောင်မှ လေညင်းခံပြီး ထွက်ထိုင်နေခဲ့တယ်တဲ့ခင်ဗျ" ဟု ဆိုလိုက်လေရာ အိုင်အိုမြတ်နှင်းက . . .

"ပထမတော့ သူ့မိန်းမပါပါတယ်၊ လင်မယားနှစ်ယောက်



လက်ဖက်ပါသုပ်ပြီး ရေနွေးခါတ်ဘူးတစ်လုံးနဲ့ စကားတွေပြောကြ တယ်ဗျာ၊ နောက် သူ့မိန်းမက အိပ်ရအောင်ပြောတော့ ဦးမာဃက မအိပ်ချင်သေးဘူးဆိုပြီး လသာဆောင်မှာနေပြီး ကျန်ရစ်ခဲ့တယ်၊ အဲဒီနောက် ဘာဖြစ်သေးသလဲ ဆက်ပြောပါဦး" ဟု ပြောကာ မေးမြန်းလိုက်လေ၏။

ရာဇဝတ်အုပ်ကိုစိန်မြင့်က အိုင်အိုမြတ်နှင်း၏မျက်နှာအား အံ့ဩဟန်ဖြင့်ကြည့်ရှု၍ . . .

"ဟုတ်ပါတယ်၊ အခု ကိုမြတ်နှင်းပြောတဲ့အတိုင်းပါပဲ၊ အဲဒီ နောက် ဦးမာဃက သူ့မိန်းမကို ဆေးတံသောက်ဖို့ ဆေးတံသောက် ဆေးဘူးယူလာပေးဖို့ လှမ်းအော်ပြီးခိုင်းခဲ့တယ်တဲ့ခင်ဗျ၊ အဲဒီအချိန် အိပ်ခန်းထဲရောက်နေပြီဖြစ်တဲ့ သူ့မိန်းမက. . ." ဟုဆိုလိုက်ဆဲပင် အိုင်အိုမြတ်နှင်းက . . .

"စိတ်ကောက်နေတာဆိုတော့ မယူပေးဘူးပေါ့ဗျာ၊ ဒီတော့ ဦးမာဃဟာ သူ့ဟာသူ ဆေးတံသောက်ဆေးဘူးကိုသွားယူရတာပေါ့၊ ဒါပေမဲ့ သူဆေးတံသောက်ဆေးဘူးကို မယူလိုက်ရတော့ဘဲ သူ့မိန်းမ ရဲ့အတူ အိပ်ခန်းထဲမှာ ခဏဝင်အိပ်လိုက်ရတယ်ဗျာ၊ ဒါနဲ့ သူ့မိန်းမ က မယားကြီးတော့ဟုတ်ဟန်မတူဘူးဗျ၊ သူ့ထက်အသက်ငယ်တဲ့ နောက်မိန်းမပဲဖြစ်မယ်ထင်တယ်၊ ပြောပါဦး" ဟု ပြောလိုက်ပြီလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အခု ဦးမာဃယူထားတာ ဒေနာက်မိန်းမပါ၊ သူ့ထက် (၁၅)နှစ်လောက်ငယ်တယ်ခင်ဗျ၊ ဦးမာဃရဲ့မယားကြီးက ဆုံးသွားတာကြာပြီလေ၊ အဲ ကိုမြတ်နှင်းပြောသလိုပါပဲ၊ ဦးမာဃဟာ အိပ်ခန်းထဲမှာ ခဏဝင်အိပ်ပြီးမှ အိုက်တယ်ဆိုပြီး ဝရံတာကိုပြန်ထွက်သွားတယ်တဲ့ခင်ဗျ" ဟု ရာဇဝတ်အုပ်ကိုစိန်မြင့်က ပြောပြန်လေလျှင် အိုင်အိုမြတ်နှင်းက . . .

"ရပြီကိုစိန်မြင့်၊ အဲဒီမှာ သူ့မိန်းမက အိပ်ခန်းထဲမှာအိပ်ပျော်သွားပြီ၊ နောက် သေနတ်သံကြားတော့မှ ထွက်ကြည့်တော့ ဝရံတာမှာ ဦးမာဃရဲ့အဖြစ်ဆိုးကို တွေ့လိုက်ရတာမဟုတ်လား၊ အဲဒီအချိန်ဟာ ည(၂)နာရီလောက်တော့ရှိလိမ့်မယ်ထင်တယ်" ဟု ပြောလိုက်ပြန်လေ၏။ ထိုအခါ ရာဇဝတ်အုပ်ကိုစိန်မြင့်က အိုင်အိုမြတ်နှင်းမျက်နှာအား အံ့ဩမယုံကြည်နိုင်စွာ ကြည့်ရှု၍ . . .

"ခင်ဗျားဗျာ၊ ဒီလောက်သိနေတဲ့ဟာ ကျုပ်ကို ဘာဖြစ်လို့ မေးနေရသေးတာတုံး၊ နေပါဦး၊ ဒီအကြောင်းတွေကို ခင်ဗျား ဘယ်လို လုပ်သိနေတာတုံး" ဟု အံ့ဩတကြီးမေးလိုက်လေရာ ထိုအခါမှ အိုင်အိုမြတ်နှင်းကပြုံးရယ်၍ . . .

"ဒီလိုပါ ကိုစိန်မြင့်ရယ်၊ အခု ဦးမာဃရဲ့အဲဒလောင်းဘေးမှာ ခွေးခြေထိုင်ခုံနှစ်လုံးတွေ့တယ်မဟုတ်လား၊ တစ်ခုံက သစ်သားခုံ၊ တစ်ခုံက သားရေဖုံးကြိမ်ထိုင်ခုံလေဗျာ၊ ဟောဒီမှာ ဒီကြိမ်ထိုင်ခုံဟာ



အမျိုးသမီးတွေအများဆုံးထိုင်ဟာလေ်တဲ့ ထိုင်ခုံမျိုးပဲဟာ၊ ဒီတော့ ဒီထိုင်ခုံကိုတွေ့ရခြင်းအားဖြင့် ညက သေသူဦးမာဃနံဘေးမှာ အမျိုးသမီးတစ်ယောက်ထိုင်ခဲ့တယ်ဆိုတာသိရတာပါ" ဟု ပြောဆိုကာ ကြမ်းပြင်ပေါ်မှ တစ်စုံတစ်ခုကိုကောက်ယူကာပြလိုက်ပြီး (၄င်း ပြလိုက်သောအရာမှာ ကြက်သွန်ဖြူအခွံလေးများဖြစ်လေ၏)။

"ဟောဒါလေးတွေနဲ့ ကျန်တဲ့ခွေးခြေထိုင်ခုံလေးကိုဆက်စပ်ပြီး ကြည့်မိတော့လည်း ဒီထိုင်ခုံပေါ်မှာ စွန်းပေနေတဲ့ဆီကွက်လေးတွေကို ကြည့်ပါ၊ ဟောဒီမှာတွေ့လား ဆီကွက်လေးတွေ၊ ဒါလေးတွေရယ် ဒီကြက်သွန်ဖြူအခွံလေးတွေရယ်ကို တွေ့ရခြင်းအားဖြင့် ဒီထိုင်ခုံပေါ်မှာ လက်ဖက်သုပ်ပန်းကန်တင်ပြီး စားခဲ့ကြတယ်ဆိုတာ သိရတာပဲဗျ၊ ပြီးတော့ ညဖက်စားတတ်တဲ့အစားအစာတွေကို စဉ်းစားကြည့်မယ်ဆိုရင်လည်း လက်ဖက်သုပ် ဂျင်းသုပ်လိုဟာမျိုးတွေပဲ ရှိတယ်ဆိုတာ သေသေချာချာစဉ်းစားကြည့်ရင် အဖြေပေါ်နိုင်တာပါပဲ၊ ဒီတော့ဗျာ၊ ဦးမာဃနဲ့နှစ်ယောက်တည်းအတူထိုင်မယ် လက်ဖက်သုပ် စားမယ်ဆိုတဲ့အမျိုးသမီးဟာ ဘယ်လိုအမျိုးသမီးမျိုးဖြစ်နိုင်မလဲ၊ သူ့မိန်းမ သူ့အမျိုးသမီးပဲဖြစ်တော့မှာပေါ့" ဟု ဆိုလိုက်လေရာ ရာဇဝတ်အုပ်ကိုစိန်မြင့်က . . .

"ဟုတ်ပါပြီဗျာ၊ ဒါပေမဲ့ အခြား သူ့သမီး သူ့တူမလေးတွေဟာမျိုး ရော မဖြစ်နိုင်ဘူးလားဗျာ" ဟု မေးလိုက်လေ၏။ ထိုအခါ အိုင်အို

www.burmeseclassic.com

www.burmeseclassic.com



မြတ်နှင်းက . . .

"မဖြစ်နိုင်ဘူးဗျ၊ ခုနက ခင်ဗျားပြောတဲ့ထဲမှာ ဦးမာဃဟာ လသာလို့မအိပ်ချင်သေးဘူးဆိုပြီး အခုလို လသာဆောင်မှာထိုင်ခဲ့တယ်လို့ဆိုခဲ့တယ်မဟုတ်လား၊ ဒီတော့ဗျာ မအိပ်ချင်သေးဘူးဆိုပြီး လသာဆောင်ထွက်ထိုင်တဲ့ကိစ္စကို သူ့သမီး သူ့တူမတွေက ဘယ်လိုလုပ်သိမှာတုံး၊ သူနဲ့ တစ်ခန်းထဲအိပ်တဲ့မိန်းမပဲသိမှာပေါ့ဗျ၊ ဒါကြောင့်လည်း သူနဲ့အတူထွက်ထိုင်ခဲ့တဲ့ အမျိုးသမီးဟာ သူ့မိန်းမပဲဖြစ်မယ်လို့ ကျုပ်ပြောခဲ့တာ" ဟု ဆိုလိုက်လေရာ . . .

"ဟုတ်ပါပြီဗျာ၊ ဒါပေမဲ့ သူ့မိန်းမက နောက်မိန်းမ အသက်ငယ်တယ်ဆိုတာတွေကျတော့ရောဗျာ" ဟု ရာဇဝတ်အုပ် ကိုစိန်မြင့်က မေးလိုက်ပြန်လေ၏။

ဒါကလည်း ကျုပ်တို့အိမ်ထဲဝင်လာတဲ့အချိန် တွေ့ရတဲ့အိမ်သား၊ အမျိုးသမီးတွေထဲမှာ ဦးမာဃနဲ့ ရွယ်တူအမျိုးသမီးကြီး မတွေ့ရတာရယ်၊ သေသူဦးမာဃရဲ့ပုံစံရယ်ကို အကဲခတ်ကြည့်ပြီး ပြောလိုက်တာဗျ၊ ကြည့်ပါလား သေသူဦးမာဃဟာ လူငယ်တွေဝတ်လေ့ရှိတဲ့ စပို့ရှပ်အင်္ကျီကို ဝတ်ထားတယ်ဗျ၊ ပြီးတော့ ဒီအရွယ်ဆို သူ့ ဆံပင်ဟာ တစ်ချို့တစ်ဝက်တော့ ဖြူနေရမယ်လေဗျာ၊ အခု မဖြူဘူး၊ မည်းနက်နေတာပဲ၊ မည်းနက်နေပုံကလည်း သာမန်မဟုတ်ဘူးဗျ ဆေးဆိုးထားလို့ မည်းနက်နေတာမျိုး၊ ပြီးတော့ ညှော်ခန်းထဲက ဗီရိုခုံပေါ်မှာ



တော့နှစ်အားတိုးဆေးဘူးခွံတွေကို ကျုပ်တွေ့ခဲ့ရတယ်၊ ဒါတွေကို ချိန်ထိုးကြည့်လိုက်ရင် ဦးမာဃမှာ သူ့ထက်ငယ်တဲ့ မိန်းမတစ်ယောက်ရှိတယ်ဆိုတာကို ကျုပ်အနေနဲ့က တန်းပြီးသိနေတယ်၊ ပြောလက်စနဲ့ ခင်ဗျားဆက်မေးမယ့်ဟာတွေပါ ပြောပြရရင်ဗျာ၊ ဦးမာဃဟာ ဆေးတံသောက်ဖို့ ဆေးတံသောက်ဆေးဘူးယူပေးဖို့ လှမ်းအော်နိုင်းတယ်ဆိုတာ ခင်ဗျားပြောလို့သိခဲ့ရတယ်၊ ဒါပေမဲ့ သေသူ ဦးမာဃအလောင်းဘေးမှာ ဆေးတံရော ဆေးဘူးပါ ဘာတစ်ခုမှမတွေ့ရဘူး၊ ဒီတော့ ဆေးတံသောက်မယ်ဆိုပြီး ဒီဆေးတံနဲ့ဆေးဘူးက ဘယ်ရောက်သွားလဲ၊ အဲဒီမှာခင်ဗျားပြောတယ်၊ အဲဒီအချိန် အိပ်ခန်းထဲမှာ သူ့မိန်းမကရောက်နေပြီဆိုတဲ့စကား၊ ဒီစကားအရစဉ်းစားမိတော့ ဦးမာဃဟာ အပြင်မှာကျန်ရစ်ခဲ့လို့ အိပ်ခန်းထဲရောက်နေတဲ့ မိန်းမက စိတ်ကောက်နေမယ်ဗျာ၊ ဒီနေရာမှာက မိန်းမတွေရဲ့ သဘောသဘာဝတွေကို အတော်လေးနားလည်ထားမှ တွေးလို့ရတာဗျ၊ မိန်းမတွေရဲ့ သဘောသဘာဝတွေကို အခုချိန်ရှင်းပြနေရရင် ဆုံးမှာမဟုတ်တော့ဘူးဗျ၊ ဒီတော့ဗျာ၊ အိပ်ခန်းထဲပြန်ဝင်ပြီး ဆေးတံသောက်ဆေးပြန်ယူတဲ့ ဦးမာဃနဲ့ စိတ်ကောက်နေတဲ့သူ့မိန်းမ ဘယ်လိုအခြေအနေရှိနိုင်လဲ၊ မိန်းမက သူ့ထက်ငယ်ရွယ်တဲ့မိန်းမဗျာ၊ ဘယ်နည်းနဲ့မဆို ဦးမာဃဟာ စိတ်ကောက်နေတဲ့မိန်းမငယ်လေးကို နည်းနည်းပါးပါးချော့လျှော့ရမှာပဲ၊ ဒီတော့ ချော့ရင်းနဲ့ ဘာဆက်ဖြစ်နိုင်မလဲဆိုတာတော့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရှင်တွေဖြစ်တဲ့ ခင်ဗျားတို့က ကျူပ်ထက်ပိုသိပါတယ်ဗျာ. . . ဟဲဟဲ. . .'' ဟု အိုင်အိုမြတ်နှင်းက ရှင်းပြပြောဆိုလိုက်လေရာ ဝန်ထောက်မင်း ဦးခင်မောင်တင့်ပင်လျှင် ပြုံး၍သွားလျက် . . .

''ဟုတ်ပါတယ်ဗျာ၊ ဟဲဟဲ. . . မောင်ရင်ပြောသလို ခဏတော့ အိပ်မိမှာပေါ့'' ဟု ဆိုလိုက်လေ၏။

ထိုအခါ အိုင်အိုမြတ်နှင်းကလည်း ပြုံးရယ်၍ . . .

''ဒီလို ခဏလောက်အိပ်မိတော့ ကိုစိန်မြင့်ပြောသလို အိုက်ပြီး အပြင်ပြန်ထွက်ရရောမဟုတ်လား၊ ဒါပေမဲ့ အဲဒီအချိန် သူ့မိန်းမကတော့ ဘယ်လိုကျန်နေခဲ့မယ်ဆိုတာ အိမ်ထောင်ရှင်ခင်ဗျားတို့တွေ ကျူပ်ထက် ပိုသိမှာပေါ့'' ဟု ဆိုလိုက်ပြန်ရာ ရာဇဝတ်အုပ်ကိုစိန်မြင့်မှာ တဟဲဟဲ ရယ်မော၍ . . .

''ဟဲဟဲ. . . ဟုတ်ပါပြီဗျာ၊ မောပြီး. . . အဲ. . . အဲ. . . ခင်ဗျား ပြောသလို အိပ်ပျော်ပြီးကျန်ခဲ့မှာပေါ့၊ ဒီတော့ သေနတ်သံကြားမှ သိတာတွေ၊ ထွက်ကြည့်တော့ ဦးမာဃသေနေတာမြင်ရတာတွေ ဆက်ပြောလို့ရနေတာပဲ၊ တယ်လည်း ဦးနှောက်ပြေးတဲ့လူပဲဗျာ၊ ဒါကြောင့်လည်း စီအိုင်ဒီမှာ နာမည်ကြီးနေတာပဲ၊ တော်ပါပေတယ် ဗျာ'' ဟု အိုင်အိုမြတ်နှင်းအား ချီးကျူးလိုက်လေတော့၏။

ထို့နောက်တွင်မှ အိုင်အိုမြတ်နှင်းသည် ဦးမာဃ၏ အလောင်း ကြီးအား သေချာစွာကြည့်ရှုစစ်ဆေးခြင်း၊ ဝရံတာနှင့်အပေါ်ထပ်အခန်း



တစ်ဝိုက် သဲလွန်စရှာဖွေကြည့်ရှုစစ်ဆေးခြင်းများကို ၄င်းစိတ်ကျေနပ် သည်အထိ ပြုလုပ်နေလေတော့၏။ ထိုအခါ ကျွန်ုပ်လည်း သေသူ ဦးမာဃ၏မိသားစုအိမ်သားများအား သိချင်သည်များကို မေးမြန်းစစ် ဆေးခဲ့လေရာ ဦးမာဃ၌ ဒေါ်ဘေဘီဟူသည့် ဇနီးတစ်ယောက်နှင့် သမီး(၂)ယောက်၊ တူမ(၁)ယောက်ရှိသည့်အဖြစ်ကိုလည်းကောင်း၊ ဒေါ်ဘေဘီမှာ အိုင်အိုမြတ်နှင်းပြောသကဲ့သို့ ဦးမာဃထက် အသက် (၁၅)နှစ်ခန့်ငယ်ရွယ်ပြီးလျှင် ခန္ဓာကိုယ်မှာ အတော်ပင်အရွယ်ဘင် လှပသော အမျိုးသမီးတစ်ဦးဖြစ်ကြောင်းကိုလည်းကောင်း ကျွန်ုပ်မှာ သိရှိခဲ့ရလေ၏။

ထိုအခါ ဒေါ်ဘေဘီ၏ပြောပြချက်အရ အိမ်ရှိပစ္စည်းများ တစ်စုံတစ်ခုမှ ပျက်စီးခြင်း ပျောက်ဆုံးခြင်းမရှိဘဲ လူသတ်သမားမှာ လူကိုသာ အဓိကသတ်သွားခြင်းဖြစ်ကြောင်း၊ လူသတ်သမားမှာ လုံခြုံ စွာရှိနေသည့် အောက်ထပ်တစ်ခုလုံးအား ဖြတ်ကျော်ပြီးမှသာလျှင် မိမိတို့အိပ်ခန်းရှိရာ အပေါ်ထပ်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုမူ အိမ်အောက်ထပ်ရှိ တံခါး ပြူတင်းပေါက်များအားလုံး ပကတိ အကောင်းတိုင်းရှိနေလျက် အိမ်ပေါ်ထပ်သို့ ရောက်ရှိသတ်ဖြတ်သွား ခြင်းအား မတွေးတတ်အောင်ရှိကြောင်း အစရှိသည်များကိုလည်း သိရှိခဲ့ရလေ၏။ ထိုအခါ ဒေါ်ဘေဘီက ငိုရင်းမှ . . .

''ကျွန်မလည်း သေနတ်သံကြားကြားချင်းလန့်နိုးပြီး အမြန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြည့်ခဲ့တာပါပဲရှင်၊ ဒါ. . . ဒါပေမယ့် ဘာမှကိုမတွေ့လိုက်ရပါဘူး၊ ကျွန်မတို့ အပေါ်ထပ်တံခါးမကြီးပေါက်ကလည်း ပိတ်လျက်ပါပဲရှင်၊ လူသတ်သမားဟာ ဘယ်ကနေဘယ်လိုလာပြီး အစ်ကိုကြီးကို သတ်သွားသလဲမသိပါဘူး'' ဟု ပြောပြလေရာ ကျွန်ုပ်မှာ စဉ်းစား၍မရအောင်ရှိလေတော့၏။ ထိုအခါ ဝန်ထောက်မင်း ဦးခင်မောင်တင့်ကမူ ကျွန်ုပ်အား လေသံတိုးတိုးဖြင့် . . .

''ဒီပုံစံတွေအားလုံးကတော့ ကျုပ်ပြောတဲ့လူဆိုးကြီးမိုးမှောင် လက်ချက်မှလက်ချက်အစစ်ပါပဲဗျာ'' ဟု တတွတ်တွတ်ပြောဆိုနေလေတော့၏။ သို့ဖြစ်ရာ ကျွန်ုပ်မှ . . .

''ဝန်ထောက်မင်းပြောတဲ့ ပုလိပ်အဖွဲ့က လူဆိုးကြီးမိုးမှောင်ကို အသေဖမ်းမိပြီးပြီဆိုမှ သေသွားပြီးတဲ့လူက အခုချိန်မှ ဘယ်လိုလုပ် ပြန်ရှင်လာပြီး လူသတ်မှုကျူးလွန်ရမလဲ၊ အဓိပ္ပါယ်မရှိဗျာ'' ဟု ပြောဆိုလိုက်လေရာ ဝန်ထောက်မင်းဦးခင်မောင်တင့်က ၎င်း၏ဦးခေါင်းကြီးကိုခါရမ်းလျက်မှ . . .

''သိပ်ထူးဆန်းတယ်ဗျာ၊ တော်တော့်ကိုထူးဆန်းတယ်၊ လွန်ခဲ့တဲ့(၁၅)နှစ်လောက်က လူဆိုးကြီးမိုးမှောင် အမှုကျူးလွန်ပုံနဲ့ အခုအမှုဟာ တစ်ထပ်တည်းတစ်ထေရာတည်းဖြစ်နေတယ်၊ ကျုပ် အချက်အလက်တွေနဲ့ ပြောပြမယ်ဗျာ၊ အခု ကျုပ်ပြောပြမယ့် အချက်အလက်တွေဆိုတာ ကျုပ်တို့ကိုယ်တိုင် ပုလိပ်ဘက်မှာ တာဝန်နဲ့ရှိ



နေတဲ့အချိန်က ရာဇဝင်လူဆိုးသတင်း အိတ်(ချ)အက်စ်ထဲက လူဆိုးကြီးမိုးမှောင် အမှုကျူးလွန်လေ့ရှိတဲ့ မှတ်တမ်းအချက်အလက်တွေပဲ၊ နားထောင်'' ဟုဆိုကာ အောက်ပါအချက်အလက်များကို ပြောပြလေတော့၏။

(၁) လပြည့်ညတွင် အမှုကျူးလွန်တတ်။

(၂) သေသူအား ဘယ်ဘက်ရင်အုံအောက် နှလုံးသားနေရာတည့်တည့်တစ်ခုတည်းသာလျှင် သေနတ်ဖြင့်ပစ်။

(၃) အလောင်း၏နဖူးနေရာ၌ သေသူ၏သွေးဖြင့် ''မ''အက္ခရာ အမှတ်အသားရေး။

(၄) ခြေရာလက်ရာ ဘာမှတစ်ခုမကျန်ရှိ။

(၅) အမှုမကျူးလွန်မီ ထူးခြားသောအသံတစ်ခုကြားရ။

ဟူ၍ ဖြစ်လေ၏။ ကျွန်ုပ်သည် ဦးခင်မောင်တင့်ပြောပြသော အချက်(၅)ချက်ကို နားထောင်အပြီး၌မူ . . .

''ဒါဖြင့် အပေါ်ကအချက်(၄)ချက်နဲ့ကိုက်ညီနေတာပေါ့၊ ကိုင်းဗျာ၊ နောက်ဆုံးအချက်ကိုလည်း မေးစမ်းကြည့်ရအောင်'' ဟုဆိုကာ သေသူဦးမာယ၏ ကျန်ရစ်သူအိမ်သားများအား ဦးမာယအသတ်မခံရမီ ထူးခြားသောအသံတစ်ခု ကြားမကြား မေးမြန်းလိုက်လေရာ ဦးမာယ၏တူမဆိုသူမိန်းကလေးက သူမ အိပ်မပျော်မီ ထူးခြားသောအသံတစ်ခုကို ကြားရကြောင်းဖြေလေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

www.burmeseclassic.com

www.burmeseclassic.com



"မဲန်းကလေးကြားရတာ ဘယ်လိုအသံမျိုးလဲ မိန်းကလေး" ဟု မေးမြန်းလိုက်လေရာ ဦးမာဃ၏တူမလေးက ခေတ္တမျှစဉ်းစား၍. . .

"ဘယ်လိုအသံမျိုးကြီးမှန်းမသိဘူးရှင့်၊ ပလွေသံလိုလို လေချွန်သံလိုမျိုးပဲ၊ ဒါပေမဲ့ အဲဒီအသံကြီးက တစ်မျိုးကြီးပဲ၊ စိတ်ထဲမှာတောင် ကတုန်ကရင်ကြီးခံစားရတယ်" ဟု ဖြေလေ၏။

ထိုအချိန်၌ပင် . . .

"သေချာပါတယ် ဒို ပီ၊ မေးမနေပါနဲ့တော့၊ သူကြားလိုက်ရတဲ့အသံဟာ မနေ့ညက ကျွန်တော်တို့ကြားခဲ့ကြတဲ့ စိတ်ကိုချောက်ချားစေတဲ့အသံမျိုးကြီးပဲ၊ ဒါဟာ အနောက်တိုင်းဂီတသံစဉ်တွေထဲက မရှာတွေ့သေးဘူးဆိုတဲ့ သီချင်းသံစဉ်တစ်ခုပဲဗျ" ဟူသော အသံနှင့်အတူ အိုင်အိုမြတ်နှင်းသည် ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က ၎င်းအား ဦးခင်မောင်တင့်ပြောပြသည့်အချက်များကို ပြောပြလိုက်လေရာ အိုင်အိုမြတ်နှင်း၏မျက်နှာမှာ ထူးခြားသောအသွင်အပြင်မျိုး ဖြစ်၍သွားလေတော့၏။ ထို့နောက်မှ တစ်စုံတစ်ခုအား လေးနက်စွာစဉ်းစားလိုက်ပြီးမှ . . .

"ဆန်းကြယ်တာတော့ အတော့်ကိုဆန်းကြယ်တဲ့အမှုပဲ အိုင်ပီ၊ အခုအတိုင်းဆိုရင် အမှုအခြေအနေကတော့ မယုံကြည်နိုင်လောက်အောင်ကို ထူးဆန်းနေတယ်ဗျ၊ ကျွန်တော့်အနေနဲ့တောင် ဘယ်လို



ယူဆရမှန်းအသိနိုင်အောင်ပါပဲ၊ ဒါပေမဲ့ ဘယ်လိုအမှုမျိုးမဆို နောက်ဆုံးတော့ အဖြေတစ်ခုရှိလာမှာပါ၊ အခုလောလောဆယ်တော့ ကျွန်တော်တို့အနေနဲ့ လုပ်စရာတစ်ခုပဲရှိတော့တယ်၊ အဲဒါကတော့ ဦးမာဃအလောင်းကို ခေးရှုံပို့ဖို့ပါပဲ" ဟုပြောဆိုကာ အိမ်ကြီးအပေါ်ထပ်မှ အောက်သို့ဆင်းသွားလေတော့ရာ ကျွန်ုပ်နှင့်ဦးခင်မောင်တင့်တို့နှင့်ဦးမှာလည်း ရာဇဝတ်အုပ်ကိုစိန်မြင့်အား အလောင်းကို ခေးရှုံသို့ပို့၍ရပြီဖြစ်ကြောင်း ပြောဆိုကာ အောက်ထပ်သို့ဆင်းခဲ့ကြရလေတော့သတည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



အခင်းဖြစ်ပွားရာနေအိမ်ကြီးမှ ပြန်ခဲ့ကြသောအချိန်၌မူ အိုင်အိုမြတ်နှင်းသည် ကားပေါ်၌ တစ်စုံတစ်ခုကို စဉ်းစားနေသောအမူအယာမျိုးဖြင့် မျက်မှောင်ကြီးကုတ်၍ လက်ငိုက်ကာ လိုက်ပါလာခဲ့ပေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်း၏မျက်နှာအား အကဲခတ်ကြည့်ရှု၍ . . .

"ဘယ်လိုလဲ အိုင်ဆေးကိုမြတ်နှင်း" ဟု မေးမြန်းလိုက်လေရာ ၎င်းက ကျွန်ုပ်၏မျက်နှာအား တစ်ချက်ကြည့်၍ . . .

"လွန်ခဲ့တဲ့(၁၅)နှစ်လောက်က သေသွားပြီးခဲ့တဲ့လူတစ်ယောက်ရဲ့လက်ချက်လို့ပြောရင် အိုင်ပီ ဘယ်လိုယူဆမလဲ အိုင်ပီ" ဟု ကျွန်ုပ်အား ပြန်၍ မေးခွန်းထုတ်လိုက်လေ၏။



"မဖြစ်နိုင်တာပဲဗျာ၊ ဒါဟာ ဘယ်လိုမှ သဘာဝမကျတဲ့ကိစ္စပဲ၊ ကျုပ်ကတော့ ဒါကို လုံးဝလက်မခံနိုင်ဘူး" ဟု ကျွန်ုပ်ကပြောလိုက်လေ၏။ အိုင်အိုမြတ်နှင်းကမူ ထူးဆန်းသောအပြုံးကိုပြုံးလေ၏။ ထိုသို့ပြုံးပြီးမှ . . .

"လောလောဆယ် အခြေအနေမှာတော့ လူသတ်သမားဟာ ဘယ်လိုမှ ခန့်မှန်းလို့မရတဲ့လူမျိုးဖြစ်နေတယ်၊ ဘာဖြစ်လို့ ကျွန်တော် ဒီလိုပြောရသလဲဆိုရင် ကျွန်တော်တို့ ဆဝ်ကျောင်းမှာ သင်ခဲ့ကြဖူးတဲ့ စုံထောက်ဆောင်ပုဒ်ကို အိုင်ပီ မှတ်မိသလားမသိဘူး။

(၁) ရာဇဝတ်မှုကျူးလွန်သူများသည် တစ်နည်းမဟုတ်တစ်နည်း သက်သေခံ သဲလွန်စများ ထားခဲ့လေ့ရှိသည်။

(၂) မည်သည့်အမှုမျိုးမဆို သက်သေခံအထောက်အထားရှိစမြဲ။ ဆံချည်မျှင်ကဲ့သို့ အသေးအဖွဲသဲလွန်စလေးသည် အမှုတစ်ခုကို ပေါ်ပေါက်စေနိုင်သည်။

၃။ အရာဝတ္ထုကိုတွေ့တိုင်း ထိတွေ့ကြောင်း အမှတ်အသားများ ကျန်ရစ်ခဲ့တတ်သည်။

၄။ အရာဝတ္ထုတစ်ခုသည် အခြားတစ်ခုနှင့် မည်သည့်နည်းနှင့်မျှ ထပ်တူထပ်မျှမရှိနိုင်။

၅။ လူတစ်ယောက်သည် အလုပ်တစ်ခုကိုလုပ်ကိုင်ရာ၌ ယင်းလုပ်ကိုင်လေ့ရှိသည့်အတိုင်းပင် လုပ်တတ်မြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ရာဇဝတ်မှု ကျူးလွန်သူများသည် သက်ရှိလူသတ္တဝါများသာ ဖြစ်သည်။ တန်ခိုးသိဒ္ဓိရှင်များမဟုတ်ကြ။

၇။ အဖြစ်အပျက်တစ်ခုကို မည်သူမှ တိကျမှန်ကန်စွာ ပြန်လည် ပြောဆိုနိုင်ခြင်းမရှိကြဆိုတာလေဗျာ''

ဟု ဆိုကာ စုံထောက်ဆောင်ပုဒ်များကို ရွတ်ပြလေ၏။ထိုသို့ ရွတ်ပြပြီးမှ . . .

"အခု ဒီအမှုမှာက စုံထောက်ဆောင်ပုဒ်ထဲက အချက်အလက်တွေနဲ့ လုံးဝဆန့်ကျင်နေတဲ့အချက်တွေရှိနေတယ်ဗျ။ ဥပမာ ခြေရာလက်ရာ ဘာသဲလွန်စမှမရှိတဲ့အချက်တစ်ခုတည်းနဲ့တင် အမှုဟာ အတော့်ကိုထူးဆန်းနေပြီ၊ လူသတ်သမားဟာ တန်ခိုးရှင် သိဒ္ဓိရှင် မဟုတ်ဘူးလို့ဆိုတယ်၊ ဒါဖြင့် ဘာဖြစ်လို့ ခြေရာလက်ရာလေးတောင် မကျန်ရစ်ခဲ့ရတာလဲ၊ အဲဒီမှာ လူသတ်သမားဟာ အိမ်ပေါ်မတက်ဘဲ အောက်ကနေ ဝရံတာက လူကို သေနတ်နဲ့လှမ်းပစ်သွားနိုင်သလားလို့ ကျွန်တော်စဉ်းစားကြည့်မိပြန်တော့လည်း ဘယ်လိုမှ မဖြစ်နိုင်ဘူးဗျ၊ အောက်ကနေ ပက်လက်ကုလားထိုင်နဲ့ထိုင်နေတဲ့လူတစ်ယောက်ရဲ့ နှလုံးသားတည့်တည့် ရင်ဘတ်နေရာကို သေနတ်နဲ့ပစ်နိုင်ဖို့ ဘယ်လိုဖြစ်နိုင်မှာလဲ၊ နောက် သစ်ပင့်လို အမြင့်ပေါ်ကတက်ပြီး ချောင်းမြောင်းပစ်ရအောင်ကလည်း အိုင်ပီသိတဲ့အတိုင်း ဦးမာဃရဲ့အိမ်ရှေ့မှာ ကြီးကြီးမားမားသစ်ပင်မပြောနဲ့၊ လက်မောင်းလုံးလောက်တုတ်တဲ့ သစ်ပင်ကိုမရှိတာ၊ ဒါပေမဲ့ လူသတ်သမားကတော့ ဦးမာဃကို သတ်သွားတာအမှန်ပဲလေ၊ သတ်တာတောင် နှလုံးသားနေရာကိုမှ ကျကျနန သေနတ်နဲ့ပစ်ပြီး နဖူးမှာ သွေးနဲ့ 'မ'အက္ခရာတောင် ရေးသွားလိုက်သေးတယ်ဆိုတော့ တော်တော့်ကို ထူးဆန်းနေတာပေါ့ဗျာ၊ နောက်တစ်ခုကဗျာ၊ အိုင်ပီ အမှတ်(၅)အချက်မှာ လူတစ်ယောက်ဟာ အလုပ်တစ်ခုကိုလုပ်ကိုင်ရာ၌ ယခင်လုပ်ကိုင်လေ့ရှိသည့်အတိုင်းပင် လုပ်တတ်မြဲဖြစ်သည်ဆိုတဲ့အချက်နဲ့ကြည့်ပြန်တော့ အခု လူသတ်မှုရဲ့ လက်ရှိအခြေအနေအားလုံးဟာ ဦးခင်မောင်တင့်ပြောတဲ့ လူဆိုးကြီးမိုးမှောင် အမှုကျူးလွန်ပုံနဲ့ တစ်ထပ်တည်းဖြစ်နေပြန်တယ်၊ ဒီတော့ အိုင်ပီရာ၊ အိုင်ပီပြောသလို သေတဲ့လူက ပြန်ရှင်လာဖို့ဆိုတာတော့ အဓိပ္ပါယ်မရှိဘူးပေါ့ဗျာ၊ ဒါပေမဲ့ အခုအမှုက အဲဒီအဓိပ္ပါယ်မရှိတဲ့အဖြေကပဲ အနီးစပ်ဆုံးရှိတယ်'' ဟု ပြောဆိုလိုက်ရာ ကျွန်ုပ်မှာ ၎င်း၏မျက်နှာအား အံ့သြစွာ ကြည့်လိုက်မိလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌မူ အိုင်အိုမြတ်နှင်းသည် ကျွန်ုပ်အားခေါ်၍ မြို့ပြင်ရှိ သရဲခြောက်သည်ဟူသော တိုက်အိုကြီးကိုသွားရောက်ကြည့်ရှုခဲ့လေ၏။ ကျွန်ုပ်မှာ ရိုးပြတ်တောကြီးအတွင်း ထီးတည်းကြီးရှိနေသော ခြောက်ကပ်ကပ်နိုင်လှသည့် တိုက်အိုဖြူကြီးအား မြင်တွေ့လိုက်ရသည်နှင့်ပင် ကျောရိုးတစ်လျှောက် စိမ့်အေးသွားသကဲ့သို့ ခံစားလိုက်ရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က . . .

"အိုင်ဆေးကိုမြတ်နှင်း ဒီဟာကြီးက သရဲတကယ်ခြောက်မခြောက်တော့မသိဘူး၊ မြင်ရတာနဲ့ကို ကျုပ်တော့ ကျောချမ်းသလိုကြီးဖြစ်သွားတယ်ဗျ" ဟုဆိုလိုက်လေရာ အိုင်အိုမြတ်နှင်းက အိမ်ကြီးဆီသို့ သွက်လက်စွာ လျှောက်ရင်းမှပြုံး၍ . . .



"အိုင်ပီပဲ တစ္ဆေသရဲတွေကို အယုံအကြည်မရှိဘူးဆိုဗျ" ဟု ကျွန်ုပ်အားစလေ၏။ ကျွန်ုပ်လည်း တမင်တကာဇက်ကလေးပုပြုံ၍ ၄င်းနောက်မှ ခပ်သွက်သွက်လိုက်ပါလိုက်ရလေ၏။ တိုက်အိုကြီးမှာ အတော်ပင် အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော်လည်း ရှေးခေတ်လက်ရာ ထုထည်ကြီးမားစွာ တည်ဆောက်ထားခြင်းဖြစ်၍ အရုပ်ဆိုးလောက်အောင် ပျက်စီးနေခြင်းမရှိပါလေ။ ကျွန်ုပ်တို့သည် ရွှဲစောင်းလျက်ရှိသော ခြံတံခါးကြီးအားတွန်းဖွင့်၍ ခြံဝန်းကြီးထဲသို့ဝင်ခဲ့ကြလေ၏။ ထိုအခါ ခြံဝန်းကြီးထဲ၌လည်း သစ်ပင်ကြီးများချုံနွယ်ပိတ်ပေါင်းများဖြင့် တောထနေကာ တိတ်ဆိတ်ငြိမ်သက်နေပေ၏။ အိုင်အိုမြတ်နှင်းသည် အဖြူရောင်တိုက်အိုကြီးအား တစ်ချက်မျှ အကဲခတ်ကြည့်၍ အုတ်ကျိုးခင်းလမ်းလေးအတိုင်း လျှောက်ဝင်သွားလေ၏။ ကျွန်ုပ်လည်း ၄င်းနောက်မှ လိုက်ပါရပြန်လေ၏။ ထိုအခိုက်တွင်ပင် . . .

"ဝရော. . . ဖလပ်. . . ဖလပ်"

"အမလေး"

ချုံတစ်ခုအတွင်းမှ ရုတ်တရက်ထပျံသွားသော ငှက်တစ်ကောင်ကြောင့် ကျွန်ုပ်မှာ လန့်ဖျန့်သွားရလေတော့၏။ အိုင်အိုမြတ်နှင်းက ကျွန်ုပ်အားလှည့်ကြည့်ကာ ပြုံး၍ . . .

"မြေဝပ်ငှက်ပါအိုင်ပီရဲ့" ဟုပြောလေ၏။ ကျွန်ုပ်လည်း ရှယ်ရယ်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ. . . ရှုတ်. . . ရှုတ်တရက်ဆိုတော့ လန့်သွားတာပေါ့ဗျာ" ဟု ပြောလိုက်ရလေ၏။ ထို့နောက်မှ အိုင်အိုမြုတ်နှင်းသည် စေ့ထားသောအိမ်တံခါးပေါက်ကြီးအား တွန်းဖွင့်လိုက်လေ၏။ သံချေးကိုက်လျှက်ရှိသော ပတ္တာများကြောင့် တံခါးပေါက်ကြီးမှာ တကျွီကျွီအသံပြုပြီး ပွင့်ဟသွားလေ၏။ အိမ်ကြီးအတွင်း၌ အလင်းရောင်အားနည်းကာ ခပ်မှောင်မှောင်ဖြစ်နေလေ၏။ အိုင်အိုမြုတ်နှင်းသည် အိမ်ကြီးအတွင်းရှိ ကြမ်းခင်းအား တစ်ဒေါက်ဒေါက်နင်းလျှောက်၍ အထဲသို့ဝင်သွားလေ၏။ ကျွန်ုပ်လည်း ၎င်းနောက်မှလျှောက်ဝင်ရန် ဟန်ပြင်လိုက်၏။ သို့ရာတွင် ထိုသို့မဝင်မီ ဘာရယ်မဟုတ် အပြင်ဘက်သို့ တစ်ချက်မျှ လည်ပြန်ကြည့်မိလိုက်လေရာ ရှုတ်တရက် ခြံတစ်ခု၏နောက်ကွယ်မှ ရိပ်ခနဲလှုပ်ရှားသွားသောအရာတစ်ခုကို တွေ့မြင်လိုက်ရကား ကျွန်ုပ်၏ပါးစပ်မှ အလိုလိုပင် "ဟာ. . . အိုင်ဆေးကိုမြုတ်နှင်း" ဟု အသံထွက်သွားရလေတော့၏။ ကျွန်ုပ်၏အသံကြောင့် အိုင်အိုမြုတ်နှင်းကလှည့်ကြည့်၍ . . .

"ဘာလဲ အိုင်ပီ၊ ဘာတွေ့လိုက်ရပြန်လို့လဲ" ဟု မေးကာ ကျွန်ုပ်ဆီသို့ပြန်လျှောက်လာလေ၏။ ကျွန်ုပ်လည်း အပြင်ဘက်မှ မမြင်လိုက်ရသောချုံအား သေချာစွာကြည့်ရှု၍ . . .

"ရိပ်ခနဲတစ်ခုခုကို မြင်. . . မြင်လိုက်ရသလိုရှိလို့ဗျ"ဟု ပြောလိုက်လေလျှင် အိုင်အိုမြုတ်နှင်းကပြုံး၍ . . .



"ကဲ. . . လာပါအိုင်ပီရ ၊ ခုနကလို ငှက်တစ်ကောင်ကောင်ပဲဖြစ်မှာပေါ့" ဟုဆိုကာ ကျွန်ုပ်၏လက်ကိုဆွဲ၍ ခေါ်လိုက်လေ၏။ ကျွန်ုပ်လည်း ဇဝေဇဝါဖြစ်လျှက် ၎င်းနောက်သို့ လိုက်ပါခဲ့ရလေတော့၏။ ထို့နောက်မှာ ကျွန်ုပ်တို့သည် အိမ်ကြီးအတွင်းသို့ လျှောက်ကြည့်လျှက် အိုင်အိုမြုတ်နှင်းမှ . . .

"အပေါ်ထပ်ပါတက်ကြည့်ရအောင် အိုင်ပီ" ဟု ဆိုကာ အပေါ်ထပ်သို့ တက်ကြည့်ပြန်လေ၏။ အိမ်ကြီးတစ်ခုလုံးအတွင်း၌ မသင်္ကာစရာဟူ၍ ဘာတစ်ခုမှမရှိပါပေ။ ထို့ကြောင့် ကျွန်ုပ်က . . .

"ပရိဘောဂ ပစ္စည်းအကျိုးအပဲ့တွေကလွဲပြီး ဘာမှလည်းမရှိပါလားအိုင်ဆေး"ဟုဆိုလိုက်လေရာ အိုင်အိုမြုတ်နှင်းက ပြုံး၍. . .

"ဒီလောက်ဆိုရပြီ၊ ပြန်ကြရအောင် အိုင်ပီ" ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်တို့လည်း အိမ်ကြီးအတွင်းမှပြန်ထွက်ကာ ဦးခင်မောင်တင့်၏နေအိမ်သို့ ပြန်ခဲ့ကြလေတော့၏။ အပြန်တွင်မူ ကျွန်ုပ်က ထုံးစံအတိုင်း . . .

"ဘယ်လိုလဲ အိုင်ဆေးကိုမြုတ်နှင်း" ဟု မေးမြန်းလိုက်လေရာ . . .

"ဘာကိုမေးတာလဲဗျ အိုင်ပီရ" ဟု အိုင်အိုမြုတ်နှင်းက ကျွန်ုပ်အားပြန်မေးလေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

"အခု ကျုပ်တို့ကြည့်ခဲ့ကြတဲ့ အိမ်ကြီးအခြေအနေကိုမေး

www.burmeseclassic.com

www.burmeseclassic.com



တာလေဗျာ၊ သရဲခြောက်တယ်ဆိုတာဖြစ်နိုင်ပါ့မလား၊ ကျုပ်အမြင်နဲ့ကတော့ ဘာမှမထူးခြားသလိုပဲဗျ'' ဟု ဆိုလိုက်လေရာ . . .

''ကျွန်တော့်အနေနဲ့ကတော့ တစ်ခုထူးခြားခဲ့တယ်ဗျ'' ဟု အိုင်အိုမြတ်နှင်းက ပြောလေ၏။

''တစ်ခုထူးခြားတယ်ဟုတ်လား၊ အိုင်ဆေး ဘာဖြစ်ခဲ့လို့လဲ'' ဟု ကျွန်ုပ်ကမေးလိုက်လေလျှင် အိုင်အိုမြတ်နှင်းက . . .

''ဒီလောက် လူမနေတာကြာပြီဖြစ်တဲ့အိမ်ကြီးထဲမှာ ဖုန်တွေဘာတွေရှိမနေတဲ့အချက်ပဲအိုင်ပီ၊ ဒီအိမ်ကြီးထဲကို တစ်စုံတစ်ယောက်ဝင်ထွက်သွားလာရှိနေတယ်၊ လပြည့်ညက ကျွန်တော်တို့ကြားခဲ့ကြတဲ့အသံတွေဟာလည်း ဒီလူရဲ့ပရောဂပဲဖြစ်မယ်၊ နောက်ပြီး အခုဖြစ်သွားတဲ့လူသတ်မှုနဲ့ ဒီလူဟာ ပတ်သက်နေတယ်ဗျ၊ ဒါပေမဲ့ ဒီလူဟာ ဘယ်သူလဲဆိုတာကိုတော့ ပြောဖို့ခက်နေတယ်၊ ဒီလူကို မိအောင်ဖမ်းနိုင်ရင်တော့ လူသတ်မှုရဲ့အဖြေကို သိရမှာပဲ'' ဟု ပြောလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်က . . .

''ဒီလိုဆိုလည်း အိုင်ဆေးကိုမြတ်နှင်းရယ်၊ ဘာခက်တာမှတ်လို့၊ အဲဒီလူကို ကျုပ်တို့ ချောင်းပြီးဖမ်းလိုက်ရုံပေါ့'' ဟု ဆိုလိုက်လေရာ အိုင်အိုမြတ်နှင်းက ပြုံး၍ . . .

''ကျွန်တော်တို့အနေနဲ့ ချောင်းဖမ်းလို့မဖြစ်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်မှပဲ ကျွန်တော်တို့ခွင့်ရက်ကစေ့နေပြီ၊ ပြီးတော့



လည်း ဒီလူဟာ ကျွန်တော့်အထင်ပြောရရင် လပြည့်ညလိုရက်မျိုးမှာပဲ ဒီအိမ်ကြီးကိုရောက်လာပုံရတယ်၊ လပြည့်ညလိုရက်မျိုးမှာပဲ ဒီအိမ်ကြီးက ကျွဲချိုမှုတ်သံတွေနဲ့ ခွေးအူသံတွေကြားရတာမဟုတ်လားအိုင်ပီ၊ ဒီလိုဆိုတော့ လပြည့်ညတစ်ညကလွဲလို့ အခြားရက်တွေမှာ ဒီလူ့ကိုချောင်းဖမ်းလို့ မဖြစ်နိုင်ဘူးပေါ့ဗျာ''

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

''ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ နောက်လပြည့်ညကျမှပဲ ဒီလူကို လာပြီးစောင့်ဖမ်းကြမလား'' ဟု မေးလိုက်ပြန်လေရာ. . .

''မလိုပါဘူးအိုင်ပီရယ်၊ ဒီကိစ္စကို ရာဇဝတ်အုပ်ကိုစိန်မြင့်တို့အဖွဲ့ကိုပဲ တာဝန်ပေးခဲ့ပြီး လောလောဆယ် ကျွန်တော်တို့ကတော့ စီအိုင်ဒီကိုပြန်ကြတာပေါ့၊ ဒီကြားထဲမှာ ကျွန်တော့်အတွက် လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်၊ ဒါပေမဲ့ မပူပါနဲ့အိုင်ပီရယ်၊ လာမယ့်လပြည့်နေ့ရောက်ရင်တော့ ထူးခြားတဲ့အဖြေတစ်ခုကို ကျွန်တော်တို့ရကြမှာပါဗျာ'' ဟု အိုင်အိုမြတ်နှင်းက ပြောလိုက်လေတော့သတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်တို့သည် နောက်တစ်နေ့ရောက်လေလျှင် ဝန်ထောက်မင်းဦးခင်မောင်တင့်နှင့်ပင် ရာဇဝတ်အုပ်ကိုစိန်မြင့်အား မှာကြားရမည့်ကိစ္စများကို သေချာစွာပြောဆိုမှာကြားထားခဲ့ကာ ၎င်းအားနှုတ်ဆက်၍ စီအိုင်ဒီသို့ ပြန်ခဲ့ကြလေတော့၏။ ထိုအချိန်ထိ ဦးခင်မောင်တင့်ကမူ လူသတ်မှုတရားခံမှာ သေဆုံးသွားခဲ့သူ လူဆိုးကြီးမဟူရာမိုးမှောင်၏လက်ချက်ပင်ဖြစ်ကြောင်း အခိုင်အမာပြောဆို လျှက်ရှိသေးပေတော့၏။ ကျွန်ုပ်တို့မှာမူ ၎င်း၏ထင်မြင်ချက်အား မည်သို့မှဖျေပခြင်းမပြုခဲ့ကြတော့ဘဲ ဆိုခဲ့သည့်အတိုင်း စီအိုင်ဒီသို့ ပြန်ခဲ့ကြလေ၏။ စီအိုင်ဒီသို့ပြန်ရောက်လေလျှင် ဘာမထီဦးအောင်ကြီး မှ . . .



"ဘယ့်နှယ့် ဦးအောင်မင်းတို့ ခွင့်တစ်ပတ်တင်ပြီး ပဲခူးမှာ ဘာတွေသွားလုပ်ကြတာတုန်း" ဟုမေးမြန်းနှုတ်ဆက်လာလာရာ ကျွန်ုပ်မှ . . .

"မပြောချင်ဘူး ဦးအောင်ကြီးရေ" ဟု အစချီလျှက် ဦးမာဃ အသတ်ခံရပုံနှင့် လူဆိုးကြီးမိုးမှောင်အကြောင်းများကို စီကာပတ်ကုံး ပြောပြလိုက်လေတော့၏။ ထိုအခါ ဘာမထီဦးအောင်ကြီးမှာ လွန်စွာ မှ အံ့သြသွားသောမျက်နှာမျိုးဖြင့် နားထောင်နေလျှက်မှ . . .

"နားရှိလို့သာကြားရတယ်ဗျာ၊ ခင်ဗျားပြောသလိုဆိုရင် ဒီ လူသတ်မှုက အတော့်ကိုဆန်းကြယ်တဲ့လူသတ်မှုပဲ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က သေပြီးသွားတဲ့လူတစ်ယောက်က အခုမှပေါ်လာပြီး လူသတ်မှုကျူးလွန်တယ်ဆိုတာကြီးက သဘာဝမကျလှဘူးဗျာ၊ ခင်ဗျား တို့မိတ်ဆွေ ဝန်ထောက်မင်းဦးခင်မောင်တင့်ပြောသလို လူဆိုးကြီးမိုး မှောင်ရဲ့ဝိညာဉ်က သတ်တယ်ဆိုတာမျိုးက ပိုပြီးတောင်မဖြစ်နိုင်သေး၊ ကျုပ်အထင်ပြောရရင်တော့ လူဆိုးကြီးမိုးမှောင် တကယ်မသေဘဲ အခုမှပြန်ပေါ်လာပြီး လူသတ်မှုကျူးလွန်တာပဲဖြစ်လိမ့်မယ်ဗျ၊ ဒါမှ မဟုတ်ရင်လည်း အခြားလူတစ်ယောက်ကနေ လူဆိုးကြီးမိုးမှောင်အမှု ကျူးလွန်တတ်တဲ့ပုံစံမျိုးအတိုင်း အမှုကျူးလွန်ပြီး ပုလိပ်ဘက်က လှည့်စားတာပဲဗျ၊ ဒီနှစ်ခုတည်းကတော့ တစ်ခုခုပဲ" ဟုပြောလေ၏။ ကျွန်ုပ်မှာလည်း ၎င်းပြောသည်မှာ သဘာဝကျနေသဖြင့် ပြန်၍ မပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်အောင်ရှိရလေ၏။ ထို့နောက်မှ . . .

"ဒါပေမဲ့ လပြည့်ညတိုင်း မဟူရာမိုးမှောင်ရဲ့အိမ်ကြီးဆီက ကျွဲချိုမှုတ်သံကြီးနဲ့ ခွေးအူသံကြီးကြားရတဲ့ကိစ္စကလည်း ရှိသေးတယ်ဗျ။ ဒါကို ကျုပ်တို့ကိုယ်တိုင် နားနဲ့ဆက်ဆက်ကြားခဲ့ကြရတာနော်" ဟု ဆိုလိုက်ပြန်ရာ . . .

"ဒါလည်း လှည့်စားလို့ရတဲ့အလုပ်တွေပါဗျာ။ တကယ်ဆို အဲဒီက ပုလိပ်တွေအနေနဲ့ အဲဒီအိမ်ကြီးကိုသွားပြီး ချောင်းဖမ်းသင့်တယ်ဗျ" ဟု ဘာမထိဦးအောင်ကြီးက ပြောပြန်လေ၏။ သို့ဖြစ်ရာ ကျွန်ုပ်မှလည်း . . .

"ကျုပ်တို့လည်း ရာဇဝတ်အုပ်ကိုစိန်မြင့်တို့ကို မှာခဲ့ပါတယ်ဗျာ" ဟုဆိုလိုက်စဉ်ပင် . . .

"ဘာတွေပြောနေကြတာတုန်းဗျ" ဟူသောအသံနှင့်အတူ ကျွန်ုပ်တို့ရှိရာရုံးခန်းအတွင်းသို့ ထိပ်ပြောင်ကိုမြဦးနှင့် သခေါ်အောင်ကျော် ဟူသော စုံထောက်နှစ်ယောက်သည် ဝင်ရောက်လာကြပြန်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်းတို့အား ပဲခူးမှဦးဘာဃအသတ်ခံရပုံနှင့် လူဆိုးကြီးမိုးမှောင်အကြောင်းကို ပြောပြလိုက်ရပြန်လေတော့၏။ ထိုအခါ ၎င်းတို့နှစ်ယောက်မှလည်း ဘာမထိဦးအောင်ကြီးပြောသလိုပင် ပြောဆိုကြလျက် ထိပ်ပြောင်ကိုမြဦးမှ . . .

"လူဆိုးကြီးမိုးမှောင်အကြောင်းကို ရာဇဝတ်အုပ်ဘာခနဲ့ ပင်စင်



ယူခဲ့တဲ့ ကျုပ်ယောက္ခမကြီးပြောပြဖူးလို့ ကျုပ် ကောင်းကောင်းကြားဖူးတယ်ဗျ၊ တကယ်လို့သာ ဒီလိုလူမျိုးပြန်ပေါ်လာရင်တော့ ကျုပ်တို့ပုလိပ်အဖွဲ့တွေကံဆိုးပြီဗျို့" ဟုပြောဆိုလေ၏။ ထိုအခါ သခေါ်အောင်ကျော်ဆိုသူ စုံထောက်ကလည်း . . .

"ဟုတ်တယ်၊ ကျုပ်လည်း ဒီလူ့အကြောင်းကိုကြားဖူးတယ်၊ အဲဒီတုန်းက သူ့ကို တစ္ဆေလူသတ်သမားလို့တောင် ပြောခဲ့ကြတယ်ဆိုပဲ၊ တစ္ဆေစီးသူဥ်တစ်ကောင်လို အဖမ်းရခက်လွန်းလို့ဆိုတာကိုးဗျ" ဟုပြောပြန်လေရာ ဘာမထိဦးအောင်ကြီးမှ . . .

"ကျုပ်ကတော့ ဒီလိုလူမျိုးပြန်ပေါ်လာလည်း မကြောက်သေး၊ ဘာဖြစ်လို့လည်းဆိုရင် အခုချိန်မှာ တစ္ဆေစီးသူဥ်မကလို့ ဘီလူးသဘက်လို အစွမ်းထက်တဲ့တရားခံမျိုးတွေဖြစ်ပါစေ အမိဖမ်းပြီး စက်တိုင်အရောက်ပို့ပေးမယ့် ကျုပ်တို့လူကြီး အိုင်အိုမြတ်နှင်းလိုလူတစ်ယောက်လုံး ဒီအိုင်ဒီမှာရှိနေမှပဲ၊ ဘာမှုစရာရှိလို့တုန်းဗျ" ဟု ပြောဆိုကာရယ်မောလိုက်လေတော့၏။ ထိုအခါမှ ကျွန်ုပ်မှာ အိုင်အိုမြတ်နှင်းအား သတိရသွားလျက် . . .

"ဦးအောင်ကြီးပြောမှ ဒီလူ မင်းကြီးကိုသတင်းပို့ပြီးကတည်းက ထွက်သွားတာ ခုထိပြန်မပေါ်လာတော့ဘူးဗျ၊ ဘယ်များသွားသလဲမသိဘူး" ဟု ဆိုလိုက်စဉ်မှာပင် . . .

"ဘယ်မှမသွားပါဘူး အိုင်ပီရယ်၊ ရုံးရှေ့က လက်ဖက်ရည်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာ လူတစ်ယောက်နဲ့တွေ့ဖို့မှာထားလို့ စောင့်နေတာပါ'' ဟူသော အသံနှင့်အတူ အိုင်အိုမြတ်နှင်းသည် ကျွန်ုပ်တို့ရှိရာ ရုံးခန်းအတွင်းသို့ ဝင်ရောက်လာလေတော့၏။

ထို့နောက်မှ အိုင်အိုမြတ်နှင်းက . . .

''ကဲ. . . လုပ်ဗျာအိုင်ပီ၊ ကျွန်တော်တို့ ဘောက်တော်ဘက်က လူတစ်ယောက် အိမ်ကိုခဏသွားကြရအောင်'' ဟုဆိုသဖြင့် ကျွန်ုပ်လည်း ၎င်းနှင့်အတူ ဘောက်ထော်ဘက်သို့လိုက်ပါခဲ့ရလေတော့၏။ အိုင်အိုမြတ်နှင်းသည် ဘောက်ထော်ဘက်ရှိ နေအိမ်တစ်အိမ်သို့သွားရောက်ကာ လူတစ်ယောက်နှင့်တွေ့လေ၏။ ထိုမှ သဃ်န်းကျွန်းဘက်သွားရအောင်ဆိုပြန်သဖြင့် သဃ်န်းကျွန်းဘက်သို့ သွားရောက်ကြပြန်ကာ ဘူတာရုံအနီးရှိ လူတစ်ယောက်နှင့် တွေ့ဆုံပြန်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက . . .

''အိုင်ပီရေ. . . ကားကို ဒီမှာပဲခဏထားခဲ့ဗျာ'' ဆိုကာ ထိုလူနှင့်အတူ မြင်းလှည်းတစ်စီးကိုငှားရမ်း၍ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ရောက်လေလျှင် ဦးပဉ္စင်းတစ်ပါးနှင့် အတန်ကြာစကားများပြောဆိုလျှက် သဃ်န်းကျွန်းဘူတာရုံအနီးရှိ ကျွန်ုပ်တို့ကားထားခဲ့သောနေအိမ်သို့ ပြန်ခဲ့ကြပြန်လေ၏။ ထိုမှ အိုင်အိုမြတ်နှင်းက ကျွန်ုပ်တို့နှင့်အတူ လိုက်ပါခဲ့သောလူအား ပိုက်ဆံအချို့ကိုပေးကာ . . .

''ကျေးဇူးပဲ ကိုမြမောင်ရေ၊ ကျုပ်တို့ကို ခွင့်ပြုဦးဗျာ'' ဟု



ပြောဆိုနှုတ်ဆက်ကာ ပြန်ခဲ့ကြလေလျှင် ကျွန်ုပ်မှ . . .

''ဘာတွေလုပ်နေတာတုန်းဗျ အိုင်ဆေးကိုမြတ်နှင်း၊ ကျုပ်ကိုလည်းရှင်းပြပါဦးဗျ'' ဟု မေးလိုက်ရလေတော့၏။ ထိုအခါမှ အိုင်အိုမြတ်နှင်းက ကားကို ကျွမ်းကျင်စွာမောင်းနေရင်းမှ . . .

''ပဲခူးမှာအသတ်ခံလိုက်ရတဲ့ ဦးမာဃနောက်ကြောင်းလေး ည်းနည်းပါးပါး စုံစမ်းနေတာပါဗျာ၊ အရင်တုန်းက ဒီလူကြီးက ရန်ကုန်မှာနေသွားခဲ့တာဗျ၊ နောက်မှ ပဲခူးမှာ အခြေချနေတာ၊ အခု ိုင်းဆိုရင်တော့ အသတ်ခံလိုက်ရတဲ့ သူ့ကိစ္စက တော်တော်လေး ဖြေပေါ်သွားပြီဗျ'' ဟု ဆိုလိုက်သဖြင့် ကျွန်ုပ်မှာ အံ့ဩစွာ ငှ် . . .

''ဘယ်လိုအဖြေပေါ်တာတုန်းဗျ'' ဟု မေးလိုက်လေ၏။

''ဒီလိုဗျ၊ ဦးမာဃဟာ အရင်တုန်းကနာမည်ကြီးခဲ့တဲ့ 'ကြောင် က်''ဂိုဏ်းဆိုတဲ့ လူဆိုးဂိုဏ်းတစ်ဂိုဏ်းက လူဆိုးကြီးတစ်ယောက်ပဲ အဲဒီကြောင်နက်ဂိုဏ်းဆိုတာလည်း အခြားမဟုတ်ဘူး၊ လူဆိုးကြီး ှောင်ကို ပုလိပ်အဖွဲ့နဲ့ပေါင်းပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ ဂိုဏ်းတစ် ်းပဲ၊ အခုတော့ အဲဒီဂိုဏ်းကမရှိတော့ဘူး၊ ခုနက ကျွန်တော်မေး ဦးပဉ္စင်းကြီးဟာလည်း အရင်တုန်းက ဒီဂိုဏ်းဝင်တစ်ယောက် ျား၊ ကျွန်တော် ဒီကိုမလာခင် လက်ဖက်ရည်ဆိုင်မှာတွေ့ခဲ့တဲ့ ိုတာ အခြားမဟုတ်ဘူးဗျ၊ ဝန်ထောက်မင်းဦးခင်မောင်ထင့်ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ သူ့သူငယ်ချင်းဦးဘရင်ဆိုတဲ့ အဘိုးကြီးပဲ၊ သူလည်း ဝန်ထောက်မင်းဟောင်းကြီးပါပဲ၊ ဒါပေမဲ့ ဒီအဘိုးကြီးက ဦးခင်မောင်တင့်တို့လိုမဟုတ်ဘူး၊ မြင်းပွဲတွေနှိပ်စက်လို့ ရှိတဲ့ပစ္စည်းတွေပြောင်ပြီး ယစ်ထုပ်ကြီးဘဝရောက်နေတယ်၊ သူ့အံပေါင်းအသင်းတွေကိုလည်း မျက်နှာမပြရဲတော့ ဒီရန်ကုန်မှာ ခေတ်မြှုပ်ပြီးနေနေတဲ့အဘိုးကြီးဆိုပါတော့ဗျာ၊ သူနဲ့ကျွန်တော် ရင်းနှီးတာကြာပါပြီ၊ ဦးခင်မောင်တင့်ပြောလိုက်ကတည်းက သူဆိုတာကျုပ်သိလိုက်တယ်၊ ဒီအဘိုးကြီးက သူ့အကြောင်းတွေကို ကျွန်တော့်ကိုပြောပြထားဖူးတာကို အိုင်ပီရဲ့ အခု လူဆိုးကြီးမိုးမှောင်အကြောင်းကိုလည်း သူ့ဆီကမေးခဲ့တယ်၊ ဟုတ်တယ်ဗျ၊ ဦးခင်မောင်တင့်ပြောသလိုပဲ၊ သူတို့ပုလိပ်အဖွဲ့တွေနဲ့ ကြောင်နက်ဂိုဏ်းသားတွေပေါင်းပြီး လူဆိုးကြီးမိုးမှောင်ကို အသေဖမ်းမိခဲ့တဲ့အကြောင်းတွေ ကျွန်တော့်ကို အပြည့်အစုံပြောပြလိုက်တယ်၊ ပြီးတော့ သူက သူတို့ပုလိပ်အဖွဲ့နဲ့ပူးပေါင်းခဲ့ကြတဲ့ ကြောင်နက်ဂိုဏ်းသားအချို့ကိုပါမှတ်မိနေတော့ သူပြောပြတဲ့နာမည်တစ်ခုကြောင့် အခုလိုလိုက်ပြီး စုံစမ်းကြည့်ရတာပဲဗျ၊ သူပြောပြလိုက်တာ ခုနကကျွန်တော်တို့ တွေ့ခဲ့တဲ့ ဦးပဥ္စင်းကြီးနာမည်လေဗျာ၊ ဘောက်ထော်တက်မှာနေတယ်လို့ လိပ်စာပေးလိုက်လို့ သူ့အိမ်ကိုလိုက်သွားရတာ ဟိုရောက်တော့ သူ့သားမက်ဆိုတဲ့လူနဲ့ပဲတွေ့ရပြီး သယ်နီးကျွန်းကဘုန်းကြီးကျောင်းမှာ အပြီးအပိုင် သင်္ကန်းဝတ်သွားတဲ့အကြောင်းပြောလို့ တစ်ခါ သယ်နီး



ကျွန်းဘက်ကိုလိုက်ရတာပဲဗျ၊ ဟိုရောက်မှပြောလိုက်တဲ့ ဘုန်းကြီးကျောင်းနာမည်လိုက်ရှာနေရင် ကြာနေမှာစိုးလို့ ကျုပ်နဲ့ရင်းနှီးနေတဲ့ လက်သမားဆရာ ကိုမြမောင်အိမ် အရင်ဝင်ပြီးစုံစမ်းလိုက်ဖို့ခိုင်းရတာပဲဗျ၊ အဲဒီမှာ ဦးပဥ္စင်းကြီးနဲ့တွေ့မှ သူမှတ်မိတဲ့ဂိုဏ်းသားနာမည်တွေ မေးကြည့်တော့ ဦးမာဃနာမည်ပါနေတာတွေ့ရတာနဲ့ ဦးမာဃအကြောင်းဆက်မေးကြည့်တော့ ခုနက ကျွန်တော်ပြောခဲ့သလို ဦးမာဃအကြောင်းတွေကိုသိခဲ့ရတာပဲ၊ အဲဒီမှာထူးခြားတာ ဦးမာဃအသတ်ခံလိုက်ရတဲ့အကြောင်းနဲ့ အသတ်ခံလိုက်ရတဲ့ပုံစံကိုပြောပြလိုက်တော့ ဦးပဥ္စင်းကြီး တော်တော်မျက်နှာပျက်သွားတယ်ဗျ၊ ပြီးမှ အေးပေါ့ ဒကာ၊ အဲဒီတုန်းက လူဆိုးကြီးမိုးမှောင်ကို ပထမဦးဆုံးသေနတ်နဲ့ ပစ်ခတ်တဲ့လူဟာ ဒကာမာဃပဲ၊ နောက်မှ ပုလိပ်တွေဝိုင်းပစ်ကြတာ၊ တကယ်လို့ လူဆိုးကြီးမိုးမှောင်အနေနဲ့ ပြန်ပြီးလက်စားချေမယ်ဆိုရင် သူဟာ ပထမဆုံးချေရမည့်လူပဲ၊ ဒါပေမဲ့ ပုလိပ်တွေဝိုင်းပစ်လို့ ကျည်ဆံရာဗလပွနဲ့ သေခဲ့ရတဲ့လူဆိုးကြီးမိုးမှောင်ကတော့ ဘယ်နည်းနဲ့မှအသက်ပြန်ရှင်လာနိုင်စရာမရှိပါဘူး၊ သူ့အလောင်းကို သင်္ဂြိုဟ်တာတောင် ဦးပဥ္စင်းတို့ဝိုင်းကြည့်ခဲ့ကြသေးတာပဲ၊ အေးလေ လောကကြီးမှာ ဆန်းကြယ်တဲ့အရာတွေအများကြီးရှိနေတာပဲ၊ နာကြည်းချက်နဲ့သေခဲ့ရတဲ့လူဆိုးကြီးမိုးမှောင်ရဲ့ ဝိညာဉ်ဟာ ခုထက်ထိ မလွတ်မကျွတ်ဘဲရှိချင်လည်းရှိနိုင်တာပေါ့၊ ဦးပဥ္စင်းတို့ကတော့ သူ့ကို ဝိုင်းပစ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ထဲမှာလည်းမပါဘူး။ အခုလည်း ကိုယ်ဆိုးခဲ့နိုက်ခဲ့မိတဲ့အပြစ်တွေကို တရားရေနဲ့ဆေးကြောနေတယ်၊ သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့ ဒကာရယ်လို့ပြောတယ်ဗျ။

ဒီလိုဆိုတော့ ကျွန်တော်တို့အနေနဲ့လည်း အတော့်ကိုတွေးရခက်ရတာပေါ့ဗျာ၊ အခြားလူတစ်ယောက်အနေနဲ့ကလည်း အမိဗျိုယ်မရှိ လူဆိုးကြီးမိုးမှောင်ပုံစံမျိုးနဲ့ အရှုံးသာပြီးသတ်ရအောင်လည်း မဖြစ်နိုင်ဘူး၊ နောက်ဆုံးဖြစ်ဦးတော့ ဦးမာဃမဟုတ်ဘဲ အခြားတစ်ယောက်ဆိုရင်တောင် ကျွန်တော်တို့အနေနဲ့ နည်းနည်းစဉ်းစားပေးလို့ဖြစ်နိုင်သေးတယ်၊ အခုဟာ လူဆိုးကြီးမိုးမှောင်ကို လုပ်ကြံခဲ့တဲ့ ဂိုဏ်းဝင်တစ်ယောက်၊ ပြီးတော့လည်း လူဆိုးကြီးမိုးမှောင်ကို ပထမဆုံး သေနတ်နဲ့ပစ်ခဲ့တဲ့လူဆိုတော့ဗျာ'' ဟုဆိုကာ အိုင်အိုမြတ်နှင်းက ရှည်လျားလွန်းစွာပြော၍ ၎င်း၏စကားကို ထိုနေရာအရောက် ရပ်နားလိုက်လေ၏။ ထို့နောက်မှ . . .

''တစ်ခုတော့ရှိတယ်ဗျာ၊ အခု ဦးပဥ္စင်းကြီးပြောပြလိုက်တဲ့ထဲမှာ လူဆိုးကြီးမိုးမှောင်ကို ပုလိပ်တွေနဲ့အတူ ဝိုင်းပစ်ခဲ့ကြတဲ့လူတွေရဲ့နာမည်အချို့ပါတယ်ဗျ၊ အဲဒီထဲမှာ အချို့ကလည်းမရှိတော့ဘူး၊ အချို့လည်း ခုထိရှိသေးတယ်လို့ပြောတယ်၊ ကျွန်တော် ဒီနာမည်တွေကို သေသေချာချာမှတ်လာခဲ့တယ် ဒါပေမဲ့ နာမည်ရော အခုနေတဲ့နေရပ်လိပ်စာပါသိခဲ့ရတာတော့ နှစ်ဦးပဲရှိတယ်၊ အဲဒီလူတွေကတော့



အခုပဲခူးမှာပဲရှိနေတဲ့ ဦးသိန်းဖံဆိုတဲ့လူနဲ့ ဒီရန်ကုန်က မင်္ဂလာဒုံဘက်မှာနေနေတဲ့ ဦးဘကျော်ဆိုတဲ့လူတွေပဲ၊ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ လာမယ့်လပြည့်ညမှာတော့ ဒီလူနှစ်ယောက်ရဲ့အခြေအနေကို ကျွန်တော်တို့ သတိထားပြီးကြည့်ကြည့်ရမှာပဲ'' ဟုပြောဆိုလိုက်လေရာ ထိုအချိန် အိုင်အိုမြတ်နှင်း၏မျက်နှာမှာ အမည်ဖော်ပြခြင်းမှာ ပေတတ်သာသော ထူးခြားသည့်အရိပ်အယောင်များ ယှက်သန်းလျက်ရှိနေသည်ကို ကျွန်ုပ်မှာ အံ့သြစွာ သတိထားလိုက်မိလေတော့သတည်း။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီးနောက် ရက်(၂၀)ခန့်
လေလျှင် ကျွန်ုပ်နှင့်အိုင်အိုမြတ်နှင်းတို့နှစ်ဦးမှာ စုံထောက်မင်းကြ
မစ္စတာအိုဝင်စမစ်ထံ ခွင့်တစ်ပတ်စီတင်ကာ ပဲခူးသို့သွားရောက်ရ
ပြင်ဆင်ခဲ့ကြရပြန်လေ၏။ ထိုအခါ စုံထောက်မင်းကြီးမစ္စတာအိုဝင်စ
မှ ကျွန်ုပ်တို့အား အင်္ဂလိပ်ဘာသာစကားဖြင့် . . .

"လူကလေးတို့နှစ်ယောက် အရင်လကပဲ ကျွန်ုပ်ဆီ ခွင့်တ
ပတ်စီတင်ခဲ့ကြပြီးပြီ၊ ယခုလည်း တင်ပြန်ပြီ၊ လူကလေးတို့ ဘာ
အလုပ်ရှုပ်နေကြသလဲ" ဟု မေးမြန်းလာလေရာ အိုင်အိုမြတ်နှင
လည်း အင်္ဂလိပ်ဘာသာစကားနှင့်ပင် . . .

"ပဲခူးမှာဖြစ်သွားတဲ့ အလွန်အင်မတန်မှုစိတ်ဝင်စားစရာကော



တဲ့ လူသတ်မှုတစ်ခုကြောင့်ပါ မစ္စတာအိုဝင်စမစ်" ဟု ဖြေလိုက်လေ၏။ ထိုအခါ စုံထောက်မင်းကြီးမှာ အံ့သြသွားသောမျက်နှာမျိုးဖြင့် . . .

"အို . . . ပဲခူးမှာလူသတ်မှုဖြစ်သလား၊ ဘယ်လောက်တောင်စိတ်ဝင်စားစရာကောင်းတဲ့ လူသတ်မှုမျိုးလဲ အိုင်အိုမြတ်နှင်း" ဟု မေးမြန်းလေရာ အိုင်အိုမြတ်နှင်းက . . .

"ဘယ်လောက်တောင် စိတ်ဝင်စားစရာကောင်းတဲ့အမှုမျိုးလဲဆိုရင် အခု ခင်ဗျားအနေနဲ့ ခွင့်မပေးရင်တောင် ကျုပ်က အလုပ်ပြုတ်ခံပြီး ဒီအမှုကို သွားပြီးစုံစမ်းဖော်ထုတ်ဖို့ ဆုံးဖြတ်ထားတဲ့အထိပဲ မစ္စတာအိုဝင်စမစ်" ဟု ဖြေလိုက်လေ၏။

ထိုအခါ စုံထောက်မင်းကြီးအိုဝင်စမစ်က ပြုံးပြုံးပျာပျာဖြစ်သွားသော အမူအယာမျိုးဖြင့် . . .

"အို . . . အိုင်အိုမြတ်နှင်းအတွက် အလုပ်ပြုတ်ခံဖို့မလိုပါဘူး၊ သွားပါ၊ သွားပါ . . . ကျွန်ုပ်ခွင့်ပေးပါ့မယ်" ဟုပြောဆိုကာ ကျွန်ုပ်တို့အား တစ်ပါတ်စီခွင့်ပေးလိုက်ကြောင်း ခွင့်တိုင်ဖောင်တွင် လက်မှတ်ရေးထိုးပေးလိုက်လေတော့၏။

ထို့ကြောင့် မင်းကြီးရုံးခန်းကထွက်လာလေလျှင် ကျွန်ုပ်က . . .

"မစ္စတာအိုဝင်စမစ်တို့များ ခင်ဗျားလို မာမာကြောတတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ကျတော့လည်း ပျာနေတာပါပဲလားဗျာ၊ ကျုပ်တို့များဆို ချိုးတုံး ခွေးနိုင်သလို နိုင်နေတဲ့လူဗျ. . . ဟဲဟဲ'' ဟု ဖမ်းသားအားရ ပြောလိုက်လေရာ အိုင်အိုမြတ်နှင်းက ပြုံး၍ . . .

''လူတစ်ယောက်ရဲ့တန်ဖိုးကို သူကောင်းကောင်းသိထားလို့ပါ အိုင်ပီရယ်'' ဟု ရယ်မောကာပြောလေ၏။

ထို့နောက်မှ ကျွန်ုပ်တို့လည်း အိမ်သို့ပြန်ကာ ပြင်ဆင်စရာရှိသည်များ ပြင်ဆင်၍ ညနေဖက်ရထားဖြင့် ပဲခူးမြို့သို့ လိုက်ပါခဲ့ကြလေတော့၏။ ပဲခူးသို့ရောက်လေလျှင် ဘူတာမှမြင်းလှည်းတစ်စီးကို ငှား၍ ယခင်အခေါက်ကတည်းခိုခဲ့ကြသည့် အငြိမ်းစားဝန်ထောက်မင်း ဦးခင်မောင်တင့်၏နေအိမ်သို့ သွားရောက်ခဲ့ကြလေ၏၊ ဦးခင်မောင်တင့်၏နေအိမ်သို့ရောက်သောအခါ၌မူ ဦးခင်မောင်တင့်မှ ကျွန်ုပ်တို့နှစ်ဦးအား ဝမ်းသားအားရဆီးကြိုလျှက် . . .

''လာမယ်ဆိုလည်း ကြိုတင်ပြီး အကြောင်းလေးဘာလေးများ ကြားရောပေါ့ဗျာ၊ ကျုပ် ဘူတာမှာ-လာကြိုနေမှာပေါ့'' ဟု ပြောဆိုလေရာ ကျွန်ုပ်မှ . . .

''ရပါတယ်၊ ဦးခင်မောင်တင့်ရယ် လူပျိုကြီးကို ဒုက္ခမပေးချင်လို့ပါဗျာ'' ဟု ရယ်သွမ်းသွေးကာ ပြောလိုက်လေ၏။ ဦးခင်မောင်တင့်ကလည်း သဘောကျစွာရယ်မော၍ . . .

''ဟား. . . ဟား. . . မဆိုးဖိုလူပျိုကြီးလားဗျ ဦးအောင်မင်း''



ဟု ပြောဆိုလေ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့မှာ ဦးခင်မောင်တင့်၏နေအိမ်သို့ ရောက်ရှိခဲ့ကြပြီး နောက်တစ်နေ့အရောက်တွင်မှ အိုင်အိုမြတ်နှင်းက ဦးခင်မောင်တင့်အား အကျိုးအကြောင်းပြောပြ၍ . . .

''သဘက်ခါဆို လပြည့်နေ့ရောက်ပြီမဟုတ်လား ဦးခင်မောင်တင့်ရဲ့၊ ဒီအတောအတွင်း ကျွန်တော်တို့အတွက် အဖြေတစ်ခုခုရအောင်လုပ်ရမှာပဲ၊ ဒီတော့ ရာဇဝတ်အုပ် ကိုစိန်မြင့်တို့နဲ့ပါတိုင်ပင်ပြီး ကျွန်တော်ပြောတဲ့အစီအစဉ်ကို လုပ်ထားကြမှဖြစ်မယ်'' ဟု ဆိုလိုက်လေရာ ဦးခင်မောင်တင့်ကလည်း . . .

''ကိုသိန်းဇံဆိုတဲ့လူကို ကျုပ်ကောင်းကောင်းသိပါတယ်၊ အခုဒီလူ ဆန်ပွဲစားလုပ်နေတယ်၊ သူလည်း ဦးမာယအသတ်ခံရတဲ့သတင်းတွေကြားပြီးတော့ ကျုပ်တို့အစီအစဉ်ကို လက်ခံမှာပါဗျာ'' ဟု ပြောလေ၏။ ထို့နောက်မှ ကျွန်ုပ်တို့လည်း ဂါတ်တဲသို့သွားရောက်ကာ ရာဇဝတ်အုပ်ကိုစိန်မြင့်နှင့် တွေ့ရပြန်လေ၏။ ၎င်းအားလည်း ကျွန်ုပ်တို့အစီအစဉ်ကို တိုင်ပင်ဆွေးနွေးရပြန်လေ၏။ ထိုအခါ ရာဇဝတ်အုပ်ကိုစိန်မြင့်မှလည်း စိတ်ပါလက်ပါဖြင့် . . .

''ဆရာဦးအောင်မင်းတို့ ကိုမြတ်နှင်းတို့ အခုလိုအကူအညီပေးတာကိုပဲ ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်လှပါပြီ၊ ဆရာတို့ လိုအပ်တာကို ကျွန်တော်တို့ဘက်က ဖြည့်ဆည်းပေးဖို့အဆင်သင့်ပါပဲခင်ဗျာ၊ ဦးသိန်းဇံကိုလည်း ကျွန်တော်တို့အကြောင်းကြားပြီး ပြောထားပေး

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်'' ဟု ပြောဆိုလေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက . . .

''အဲဒီ့နေ့ကျရင် အဓိကအရေးကြီးတာနစ်ခုက ဟိုဘိုက်အိမ်ကြီး အသံတွေဖန်တီးနေတဲ့လူကို မိအောင်ဖမ်းနိုင်ဖို့နဲ့ ဦးသိန်းဖံအိမ်မှာ အစောင့်အနေကောင်းကောင်းချထားဖို့ပဲ၊ ကျွန်ုပ်နဲ့အိုင်ပီကတော့ တိုက်အိမ်ကြီးမှာစောင့်ဖမ်းမယ့်အဖွဲ့နဲ့ရှိနေကြတာပေါ့'' ဟုပြောဆိုကာ အစီအစဉ်များအား စနစ်တကျပြောဆိုတိုင်ပင်အကွက်ချကာ ဂါတ်တဲမှ ပြန်ခဲ့ကြလေတော့၏။

နောက်တစ်နေ့နံနက်တွင်မူ ကျွန်ုပ်တို့သည် ရာဇဝတ်အုပ် ကိုစိန်မြင့်နှင့်အတူ ပဲခူးမြို့ မြို့မဈေးအနီးရှိ ဦးသိန်းဖံ၏အိမ်သို့ သွားရောက်ခဲ့ကြလေ၏။ ဦးသိန်းဖံမှာ အသက်(၅၀)ခန့်ကျော်ခန့်ရှိပြီး မည်းမည်းတုတ်တုတ်လူကြီးတစ်ဦးဖြစ်လေ၏။ လာရင်းအကြောင်းကို သိနေပြီးဖြစ်သော ၎င်းက ကျွန်ုပ်တို့အား တောင်းမွန်စွာဧည့်ခံ၍ . . .

''ကိုမာဃအသတ်ခံရတဲ့အကြောင်းကို ကျုပ်လည်းကြားပါတယ်၊ လူဆိုးကြီးမိုးမှောင်သတ်သွားတဲ့ပုံစံမျိုးဆိုလို့ ကျုပ်မှာလည်း အံ့သြနေရတာ၊ အခုဆို လူတွေကလည်း လူဆိုးကြီးမိုးမှောင်ဝိညာဉ်က လူသတ်သွားတယ်လို့ပြောနေကြတာ တစ်မြို့လုံးလိုလိုပါပဲဗျာ၊ အခုလို အရာရှိမင်းတွေက ကျုပ်အတွက် ဂရုစိုက်ပေးတော့ အားရှိတာပေါ့ဗျာ၊ နို့မို့ဆို ကျုပ်လည်း တထိတ်ထိတ်ခင်ဗျ၊ အခုပုံစံမျိုးအတိုင်းဆို ပြောလို့ရတာမဟုတ်ဘူး၊ လူဆိုးကြီးမိုးမှောင်သေတုန်းက ကြည့်သွားခဲ့ကဲ့အကြည့်ကြီးကို ကျုပ် ခုထက်ထိမမေ့သေးဘူး၊ ဒီလူသေတာတောင် မျက်စိမှိတ်သွားတာမဟုတ်ဘူးဗျ၊ အံကြိတ်ကြိတ်ပြီး မျက်လုံးပြူးကြီးနဲ့ အသက်ထွက်သွားတာ၊ သူ့မျက်လုံးကြီးက သူ့ကိုသတ်ခဲ့ကြတဲ့ကျုပ်တို့ကို ကြုံးဝါးသွားသလိုမျိုးကြီး၊ ဘာပဲဖြစ်ဖြစ် ကျုပ်မှာလည်း လပြည့်ညရောက်မှာကို ကြောက်နေရတာ၊ အခုလိုဆိုတော့ အရာရှိမင်းတို့ကို ကျေးဇူးတင်လိုက်တာဗျာ'' ဟု ပြောဆိုလေရာ ကျွန်ုပ်မှာ ဦးသိန်းဖံလို တစ်ချိန်က ကြောင်နက်ဂိုဏ်းဝင် လူဆိုးဟောင်းကြီးတစ်ဦးက ထိုကဲ့သို့စကားမျိုးပြောသဖြင့် အံ့သြရသေးတော့၏။ ထို့နောက် အိုင်အိုမြတ်နှင်းမှ ဦးသိန်းဖံအား မနက်ဖြန်လပြည့်နေ့တွင် ဂါတ်တဲမှ ပုလိပ်သားအစောင့်အရှောက်များ ချပေးထားမည်ဖြစ်ကြောင်း စိတ်အေးအေးထားပါရန်အကြောင်းများကို ပြောဆိုအားပေးခဲ့လေ၏။



ထို့နောက်တွင်မှ ကျွန်ုပ်တို့လည်း ဦးသိန်းဖံအိမ်မှပြန်ခဲ့ကြပြီးလျှင် ဂါတ်တဲသို့ဝင်ရောက်ကာ မနက်ဖြန်ရောက်လာတော့မည့် လပြည့်နေ့အတွက် စီစဉ်စရာရှိသည်များကို ကြိုတင်စီမံ ဖြစ်ခဲ့ကြလေ၏။ သို့ဖြစ်ရာ ညနေဘက်သို့ရောက်လျှင်ပင် ရာဇဝတ်အုပ် ကိုစိန်မြင့်မှ ပုလိပ်သားအစောင့်နှစ်ဦးအား ဦးသိန်းဖံအိမ်သို့လွှတ်ကာ ကြိုတင်စောင့်ခိုင်းထားခဲ့လေတော့၏။

ဤသို့ဖြင့် နောက်တစ်နေ့ လပြည့်နေ့သို့ရောက်လေလျှင် ဂါတ်တဲမှပုလိပ်သား(၈)ယောက်နှင့်အတူ ကျွန်ုပ်တို့သည် ဦးသိန်းဖံ

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့သွားရောက်ကာ လုံခြုံရေးအတွက် နေရာချထားခဲ့ကြလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် ညပိုင်း၌ အထူးကင်းပုန်းဝပ်ကာ တိုက်အိုဖြူကြီးဆီသို့လာရောက်မည့် တရားခံအား စောင့်ဖမ်းကြမည်ဖြစ်ရာ အိုင်အိုမြတ်နှင်းမှ . . .

''ကျွန်တော်တို့ ည(၉)နာရီတိတိမှာ ဒီကနေထွက်ကြမယ်၊ ကိုစိန်မြင့်တို့အဖွဲ့က ဒီမှာ အစောင့်(၄)ယောက်လောက်ထားခဲ့ပြီး ကျွန်တော်တို့နဲ့အတူပါမယ်၊ အဓိကထွက်ပေါက်နေရာတွေအားလုံးမှာ ကျွန်တော်တို့လူတွေရှိနေဖို့ပဲ၊ အဲဒီမှာ ကျွန်တော် အထူးမှာချင်တာကတော့ တရားခံကို သေနတ်နဲ့မပစ်မိစေဖို့ပဲ၊ ခြောက်လှန့်ပစ်တာမျိုးတော့ လုပ်လို့ရပါတယ်၊ ဒါပေမဲ့ အဖြစ်နိုင်ဆုံးကတော့ သေနတ်သံမထွက်ရင် အကောင်းဆုံးပဲဗျာ၊ ဘာဖြစ်လို့လဲဆိုရင် သေနတ်သံကြောင့် အနီးနားရွာထဲကလူတွေ အထိတ်တလန့်ဖြစ်ကုန်ပြီး မလိုလားအပ်တဲ့ပြဿနာတွေ ရှုပ်ထွေးကုန်မှာစိုးလို့ပါ၊ အဲဒီမှာ တကယ်လို့ လူကိုတွေ့ရင် ကျွန်တော်တစ်ယောက်တည်းပဲဝင်ဖမ်းပါ့မယ်၊ နောက်မှ အခြေအနေအရ သေနတ်သုံးသင့်တယ်ဆိုရင် ကျွန်တော် အချက်ပြမယ်၊ ကိုစိန်မြင့်တို့အနေနဲ့က ကျွန်တော့်အခြေအနေကို ကြည့်ပြီး ထွက်ပေါက်မရှိအောင် ပိတ်ထားပေးဖို့ပါပဲ၊ ကျွန်တော်ပြောတာကို သဘောပေါက်ကြသလားမသိဘူး'' ဟု ဆိုလိုက်လေရာ ကျွန်ုပ်တို့အားလုံးမှ သဘောပေါက်ကြောင်း ပြိုင်တူပင်ခေါင်းညိတ်ပြ



လိုက်ကြပြီးလျှင် ရာဇဝတ်အုပ်ကိုစိန်မြင့်က . . .

''ဒီလိုဆို ကျွန်တော့်တပည့် စာသင်ဘအေးနဲ့ လူ(၃)ယောက် ဒီမှာအစောင့်ထားရစ်ခဲ့ပါ့မယ်'' ဟု ပြောလေ၏။ ထိုစဉ် ဝန်ထောက်မင်းဟောင်း ဦးခင်မောင်တင့်က . . .

''ကျုပ်လည်း ခင်ဗျားတို့အဖွဲ့နဲ့လိုက်ချင်တယ်၊ အလုပ်ကထွက်ပြီးကတည်းက ဒီလို လှုပ်လှုပ်ရှားရှားအလုပ်လေးတွေ မလုပ်ရတာကြာပြီဗျ'' ဟုဆိုလေရာ အိုင်အိုမြတ်နှင်းက ပြုံး၍ . . .

''လိုက်ခဲ့ပါဗျာ၊ ဒါပေမဲ့ လိုင်စင်နဲ့ကိုင်တဲ့ခြောက်လုံးပြူးလေးတော့ ပါအောင်ယူခဲ့ဖို့မမေ့နဲ့ဗျို့'' ဟု ပြောလိုက်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ညရောက်လာမည့်အချိန်ကို စိတ်စောစွာစောင့်မျှော်နေကြလျှက် အတန်ပင် မိုးချုပ်သည်ရှိသော် ရာဇဝတ်အုပ်ကိုစိန်မြင့်မှ စာသင်ဘအေးအပါအဝင် လက်နက်အပြည့်အစုံနှင့် ပုလိပ်သား(၄)ယောက်အား . . .

''မင်းတို့အားလုံး သတိဝီရိယရှိရှိနဲ့စောင့်ကြပါ၊ အခုချိန်ကစပြီး ခြံထဲကို ဘယ်လိုလူမျိုးမှအဝင်မခံကြပါနဲ့၊ ဦးသိန်းဖေကိုလည်း ငါမှာပြီးပြီ၊ သူ့တပည့်(၃)ယောက်လည်း မင်းတို့နဲ့အတူရှိလိမ့်မယ်'' ဟု ပြောဆိုမှာကြားကာ ထိုနေ့ညအတွက် ညစာအား ဦးသိန်းဖေအိမ်တွင်ပင် စားသောက်ခဲ့ကြလေတော့၏။ ထိုအခါ ဦးသိန်းဖေနှင့်၎င်း၏လူများကလည်း ကျွန်ုပ်တို့အား ဖွယ်ဖွယ်ရာရာပင် ကျွေးမွေးဧည့်ခံ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြလေ၏။ ဦးသိန်းဖုံက . . .

"အရာရှိမင်းတို့ ဒီကနေ(၉)နာရီမှထွက်ကြမှာမဟုတ်လား၊ ဒီကြားထဲ နားနားနေနေပေါ့ခင်ဗျာ" ဟုဆိုကာ လက်ဖက်သုပ်၊ ကိတ်မုန့်များအပြင် ဟိုဟူးကြော် ပူပူနွေးနွေးများဖြင့်ပါ အလျှံပယ် ကျွေးမွေးဧည့်ခံပြန်လေ၏။

ကျွန်ုပ်တို့လည်း ဦးသိန်းဖုံကျွေးမွေးသည့် အစားအသောက်များကို စားသောက်ရင်း စကားပြောကြရင်းနှင့်ပင် ည(၈)နာရီခွဲသို့ ရောက်ရှိလာခဲ့ကြလေတော့၏။

ထိုအချိန် အပြင်ဘက်မှ လမင်းကြီးမှာလည်း ထိန်ထိန်သာလျှက်ရှိနေပြီဖြစ်၏။ ထိုအခါ အိုင်အိုမြတ်နှင်းက ၎င်းလက်မှနာရီကို တစ်ချက်ကြည့်၍ . . .

"ကဲ. . . အားလုံး အသင့်ပြင်ထားကြတော့ဗျာ၊ ကိုးနာရီထိုးတာနဲ့ ကျွန်တော်တို့ ဒီကနေထွက်ကြမယ်" ဟုပြောဆိုကာ (၉)နာရီထိုးသည်နှင့် ကျွန်ုပ်တို့အဖွဲ့သည် မြို့ပြင်ရှိတိုက်အိမ်ကြီးဆီသို့ ချီတက်ခဲ့ကြလေတော့၏။ တိုက်အိမ်အိုကြီးအနီးသို့ရောက်လေလျှင် ကားများကို ကားလမ်းတစ်ဘက်ရှိ တောတန်းလေးတစ်ခုအတွင်း ရပ်နားကာ ထိုနေရာမှပင် လူခွဲ၍ အခြေအနေကိုစောင့်မျှော်ကြည့်ရှုနေခဲ့ကြလေ၏။ ကျွန်ုပ်တို့နေရာမှနေ၍ လမ်းတစ်ဘက်ရှိ ရှုံးပြုတ်တောကြီးအလယ်မှ တိုက်အိုဖြူကြီးအား လရောင်အောက်တွင်



ကောင်းစွာမြင်တွေ့နေရလေ၏။ တစ်ဟူးဟူးတိုက်နေသော ကွင်းလေများကြောင့် ချိုးပြုတ်တောကြီးမှ တရှဲရှဲအသံများထွက်ပေါ်နေလေ၏။ ထိုအသံများမှအပ ဝန်းကျင်အားလုံးမှာမူ ချောက်ချားဖွယ်တိတ်ဆိတ်ငြိမ်သက်နေလေ၏။ လရောက်အောက် ချုံနွယ်ပိတ်ပေါင်းများအလယ်တွင် တစ္ဆေဖြူကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေဘိသကဲ့သို့ အရုပ်ဆိုးအကျည်းတန်လှသော တိုက်အိုဖြူကြီးကိုကြည့်ရှု၍ ရာဇဝင်အုပ်ကိုစိန်မြင့်က လေသံတိုးတိုးဖြင့် . . .

"ဒီအိမ်ကြီးက သရဲခြောက်တယ်လို့သတင်းကြီးနေတာ ကြာပြီဗျ။ အခုမှ ကောင်းကောင်းမြင်ဖူးတော့တယ်၊ ဟုတ်ပ၊ ကျွန်တော်ငယ်ငယ်တုန်းကကြည့်ခဲ့ဖူးတဲ့ 'ဒရက်ကူလာ' ဆိုတဲ့ရုပ်ရှင်ကားထဲက အိမ်ကြီးအတိုင်းပဲ" ဟုပြောသည်နှင့် ကျွန်ုပ်မှလည်း . . .

"ဟုတ်ပ. . . မောင်ရင်ပြောမှအမှတ်ရတယ်၊ မင်းသား 'ဗီလာလူဂိုစီ'ပါတဲ့ ဇာတ်ကားမဟုတ်လား၊ ဒီဇာတ်ကားက တော်တော်လှုံ့ကြိုက်များတဲ့ဇာတ်ကားပဲ" ဟု ပြန်၍ပြောလိုက်လေ၏။

ကျွန်ုပ်တို့လည်း အိမ်ကြီးအားစောင့်ကြည့်ရင်းဖြင့် (၁၀)နာရီခွဲ၍ သွားလေ၏၊ အိမ်ကြီးဝန်းကျင်တစ်ဝိုက်ကား တစ်စုံတစ်ရာ ထူးခြားမှုမရှိသေးပါချေ။ ထိုစဉ် အိုင်အိုမြတ်နှင်းက . . .

"ကဲ. . . ကျွန်တော်တို့အဖွဲ့ လေးဖွဲ့ဖွဲ့ပြီး အိမ်ကြီးလေးဘက်လေးတန်မှာ နေရာယူကြမယ်၊ ကျွန်တော်တို့အားလုံး (၁၂)ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သုံးယောက်တစ်ဖွဲ့စီပေါ့ဗျာ၊ ကိုစိန်မြင့်က အရှေ့ဘက်၊ အိုင်ပီကတောင်ဘက်၊ ဝန်ထောက်မင်းကမြောက်ဘက်ကနေရာယူကြဗျာ၊ ကျွန်တော်ကတော့ အနောက်ဘက်ကပတ်ပြီး နေရာယူမယ်၊ အားလုံး ရိုးပြတ်တောထဲ မိကျောင်းတွားတက်ပြီး အနီးဆုံးရောက်အောင်နေရာယူရမှာပဲ၊ ကျန်တာကတော့ ကျွန်ုပ်ဘော်မှာထားတဲ့အတိုင်းပေါ့ဗျာ'' ဟု ပြောဆို၍ ကျွန်ုပ်တို့လည်း ၎င်းပြောသည့်အတိုင်း အဖွဲ့လေးဖွဲ့ခွဲ၍ ရိုးပြတ်တောကြီးအတွင်းသို့ ချဉ်းကပ်ခဲ့ကြလေတော့၏။ ကျွန်ုပ်မှာ ပုလိပ်သားလေးနှစ်ဦးနှင့်အတူ အိမ်ကြီး၏တောင်ဘက် ရိုးပြတ်တောအတွင်း မိကျောင်းတွားတက်၍ အိမ်ကြီးနှင့် အနီးဆုံးနေရာတစ်ခုတွင် နေရာယူလိုက်ကြလေ၏။ ထိုအခါ ကျွန်ုပ်နှင့်အတူပါလာသည့် ပုလိပ်သားလေးနှစ်ယောက်၏ မျက်နှာများမှာ အိမ်ကြီးအားကြည့်ရှု၍ ထိတ်လန့်တုန်လှုပ်နေဟန်ရှိလေ၏၊ ကျွန်ုပ်လည်း ၎င်းတို့ မကြောက်ရွံ့စေရန် အားပေးရလေ၏။ ထိုအခါ မောင်ပုခိုသူ ပုလိပ်သားလေးက . . .

"ဆရာကတော့ မကြောက်အောင်အားပေးတာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ဒီအိမ်ကြီးအကြောင်းသိနေတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲခင်ဗျ'' ဟု ဆိုလေရာ . . .

"ဘာဖြစ်လို့တုန်းကွ'' ဟု ကျွန်ုပ်ကမေးလိုက်လေ၏။

"ဘာဖြစ်ရမလဲ ဆရာရဲ့၊ ဒီအိမ်ကြီးက တကယ်မကောင်းဆိုးဝါး



အိမ်ကြီးခင်ဗျ၊ အခုလို လပြည့်ညတိုင်း ကြားကြားနေရတဲ့ ကျွဲချိုမှုတ်သံကြီးနဲ့ ခွေးအူသံကြီးဆိုတာလည်း တကယ်မကောင်းဆိုးဝါးတွေ ခေါ်တဲ့ မရဏအသံကြီးပဲ၊ ဒါကို ကျွန်တော်လည်း အစကတော့မယုံဘူး၊ ဒါပေမဲ့ တကယ်ကိုယ်တွေ့မြင်ပြီးမှယုံသွားတာ'' ဟု ပုလိပ်သားမောင်ပုကပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

"မင်းက ဘယ်သိုကိုယ်တွေ့မြင်ရလို့တုန်းကွ'' ဟု မေးမြန်းလေလျှင် . . .

"တစ်ခါက ဒီလိုလပြည့်ညတစ်ညမှာပေါ့ဆရာရယ်၊ ကျွန်တော် ပတ္တရောင်လှည့်ကျရင်း ဒီဘက်ကိုရောက်ခဲ့တာ၊ အဲဒီ့တုန်းက ဒါတွေကို မယုံတဲ့လူဆိုတော့ဆရာရယ် ဒီအိမ်ကြီးဘက်ရောက်တုန်း နည်းနည်းစနည်းနာကြည့်ဦးမယ်ဆိုပြီး စက်ဘီးကိုလမ်းမဘေးထောက်ပြီး ခြံဝန်းထဲဝင်ခဲ့တယ်ခင်ဗျ၊ ဒါပေမဲ့ ပေါ်ဟိုခြံတံခါးပျက်ကြီးရှေ့လည်း ရောက်ရော တိုက်ကြီးထဲကနေ ကျွဲချိုမှုတ်သံကြီး စကြားလိုက်ရတော့တာပဲ၊ ဘယ်လိုအသံကြီးမှန်းမသိပါဘူးဆရာရယ်၊ တစ်ကိုယ်လုံးကို တုန်သွားတော့တာပဲ၊ ဒါပေမဲ့ အခု ဆရာတို့လိုပဲ ဒါ တစ်ယောက်ယောက်က ခြောက်လှန့်နေတာပဲဖြစ်မယ်ဆိုတဲ့ အတွေးမျိုးနဲ့ စိတ်ကိုတင်းပြီး ခြံဝန်းထဲဝင်ခဲ့လိုက်တယ်၊ အဲဒီမှာ ကျွန်တော် စတွေ့လိုက်ရတော့တာပဲ'' ဟု ပြောကာ ပုလိပ်သားမောင်ပုက ၎င်း၏အားငိုရပ်လေ၏။ ကျွန်ုပ်ကလည်း သိချင်သည့်စိတ်စောလျက် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာစတွေ့ပြကာလဲကွ" ဟု မေးလိုက်မိလေ၏။

"လူမည်းကြီးနဲ့ ရောမခွေးမည်းကြီးတစ်ကောင်ပေါ့ ဆရာရယ်၊ ကျွန်တော့်ကိုလည်းမြင်ရော ခွေးမည်းကြီးက ကြောက်စရာအသံကြီးနဲ့ မာန်ဖီပြီးလိုက်တော့တာ၊ ဘယ်ပြောကောင်းမလဲ၊ ကျွန်တော့်မှာ ပြေးလိုက်ရတာဆိုတာ ဂိတ်တဲကို ဘယ်လိုပြန်ရောက်လို့ရောက်လာမှန်းတောင်မသိတော့ဘူး၊ စက်ဘီးလည်း အဲဒီမှာပဲ ကျန်ခဲ့တော့တာ၊ မနက်မှ မြအောင်ဆိုတဲ့ကောင်သွားယူပေးလို့ ဆရာရေ၊ အဲဒီကတည်းက နောက်ဆို ဒီအိမ်ကြီးနား ဘယ်တော့မှ ကျွန်တော်မသွားတော့ဘူး၊ အခုဟာတောင် ဆရာတို့အမိန့်ကြောင့် မဖြစ်မနေမို့သာ လိုက်လာရတာ၊ စိတ်ထဲမှာတော့ ခပ်လန့်လန့်ကြီးပဲ ဆရာရဲ့" ဟု မောင်ပုက ပြောလိုက်စဉ်ပင် ရုတ်တရက်ထွက်ပေါ်လာသော အသံကြီးတစ်ခုကြောင့် ကျွန်ုပ်တို့အားလုံးမှာ ဆတ်ခနဲခန္ဓာကိုယ်များ တုန်လှုပ်သွားရလေတော့၏။ ထိုအခါ ပုလိပ်သားမောင်ပုမှ အထိတ်တလန့်အသံကြီးဖြင့် . . .

"ဟာ. . . ဒါ. . . ဒါ. . . မကောင်းဆိုးဝါးကြီး ကျွဲချိုမှုတ်လိုက်တဲ့အသံကြီး ဆ. . . ဆရာ" ဟု တုန်လှုပ်စွာပြောလိုက်လေ၏။

အမှန်ပင် အသံကြီးမှာ ကြက်သီးထဖွယ်ကောင်းလှသည်။ ယခု ကျွန်ုပ်တို့ကြားခဲ့သော ကျွဲချိုမှုတ်သံကြီးပင်ဖြစ်ပေ၏။ ယခုအကြိမ်၌မူ နီးကပ်စွာကြားလိုက်ရခြင်းဖြစ်၍ ပိုမိုတုန်လှုပ်ဖွယ်ကောင်းလှပေ



တော့၏။ ပုလိပ်သားမောင်ပုနှင့် ကျန်ပုလိပ်သားလေးတို့နှစ်ဦး မျက်နှာများမှာကား သွေးမရှိတော့သကဲ့သို့ပင်လျှင် ဖြူဖတ်ဖြူရော်ဖြစ်နေကြလေတော့၏။

ကျွန်ုပ်လည်း ၄င်းတို့အား မကြောက်ရန် လက်ဟန်ခြေဟန်ဖြင့်ပြ၍ လရောင်အောက်မှမြင်နေရသော အိမ်ကြီးဆီသို့ လှမ်းမျှော်၍ကြည့်လိုက်လေ၏။ အိုင်အိုမြတ်နှင်းမှ မှာကြားထားသည့်အတိုင်းပင်ဆိုသော အခြေအနေမျိုးရှိစေ ကျွန်ုပ်တို့အဖွဲ့သည် ဤနေရာမှနေ၍ ထွက်လာသော တစ်စုံတစ်ယောက်ကို စောင့်၍ဖမ်းကြရမည်ဖြစ်သော၏။ အခြားအရှေ့ဘက်နှင့် မြောက်ဘက်တွင်ရှိသော ရာဇဝတ်အုပ်ကိုစိန်မြင့်နှင့် ဝန်ထောက်မင်းဟောင်းကြီး ဦးခင်မောင်တင့်တို့အဖွဲ့(၂)ဖွဲ့သည်လည်း ကျွန်ုပ်တို့အဖွဲ့နည်းတူပင်ရှိချေမည်။ ထိုအခါ အနောက်ဘက်အရပ်ရှိ အိုင်အိုမြတ်နှင်းတို့အဖွဲ့ကား ပုလိပ်သား(၂) ယောက်ကိုထားရစ်၍ အိုင်အိုမြတ်နှင်းသည် အိမ်ကြီးဆီသို့ ချဉ်းကပ်ကောင်းချဉ်းကပ်နေလေပြီဟု ကျွန်ုပ်တွေးလိုက်မိလေ၏။

ထိုခဏ၌ပင်လျှင် အိမ်ကြီးဘက်ဆီမှ ရုတ်တရက် ခွေးဟူသံကြီးတစ်ခုသည် ဆွဲဆွဲငင်ငင်ပေါ်ထွက်လာပြန်လေတော့၏။ ထိုအခါ ပုလိပ်သားမောင်ပုဆီမှ . . .

"ဟော. . . ကျွန်. . . ကျွန်တော်ပြောတဲ့ခွေးကြီးအသံ. . . ဆရာ" ဟု တုန်တုန်ရီရီအသံထွက်လာလေရာ ကျွန်ုပ်မှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကြီးလဲဘာဖြစ်လဲကွ၊ မင်းတို့လက်ထဲမှာ ကိုင်ထားကြတာတွေဟာ ဒုတ်ချောင်းတွေလား" ဟု ဟောက်လိုက်ရလေ၏။

ထို့နောက်မှ ကျွန်ုပ်က သေနတ်များကိုအသင့်ပြင်ထားရန် အမိန့်ပေးလိုက်ပြီး ကျွန်ုပ်ကိုယ်တိုင်လည်း လက်ထဲမှခြောက်လုံးပြူးကို မောင်းတင်ထားလိုက်လေ၏။ ထိုစဉ် ဆွဲဆွဲငင်ငင်အူနေသော ခွေးအူသံကြီးမှာ ရုတ်တရက်တိခနဲရပ်တန့်သွားလျှင် တစ်စုံတစ်ယောက်၏ အော်ဟစ်အမိန့်ပေးသံတစ်ခုကို အိမ်ကြီးဘက်ဆီမှ ကြားလိုက်ကြရလေတော့၏။ ထိုမှ ခဏမျှကြာပြန်လေလျှင် သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြီးလျှင် အိမ်ကြီးဆီမှ မည်းမည်းသဏ္ဍာန်နှစ်ခုသည် ကျွန်ုပ်တို့ရှိရာဘက်သို့ ဦးတည်၍ ပြေးလာကြသည်ကို တွေ့မြင်လိုက်ကြရလေ၏။

ကျွန်ုပ်သည် ထိုအရာနှစ်ခုအား သေချာစွာကြည့်လိုက်မိလေ၏။ ထိုအခါ ထိန်ထိန်သာလျက်ရှိသော လရောင်ကြောင့် ၎င်းတို့မှာ အနက်ရောင်ဦးထုပ်နှင့် အနက်ရောင်လောင်းကုတ်ရှည်ကြီးကို ဝတ်ဆင်ထားသည့် လူတစ်ယောက်နှင့် ရောမခွေးမည်းကြီးတစ်ကောင် ဖြစ်ကြောင်း ကောင်းစွာမြင်တွေ့လိုက်လေရာ ကျွန်ုပ်မှာ ပါးစပ်ဟ၍ သွားရလေတော့၏။ ထို့နောက်မှ သတိဝင်လာကာ ကျွန်ုပ်တို့ရှိရာ ရိုးပြတ်တောထဲသို့ ရှေးရှုပြေးဆင်းလာသောလူကို ချိန်ရွယ်၍ လက် ထဲမှသေနတ်ဖြင့် ပစ်လိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်၏နံဘေးမှ



မောင်ပုတို့ပုလိပ်သားနှစ်ယောက်မှလည်း ၎င်းတို့လက်ထဲမှ ရိုင်ဖယ်သေနတ်ရှည်များဖြင့် တဒိုင်းဒိုင်းပစ်ခတ်ကြလေတော့ရာ သေနတ်သံများ ဆူညံသွားလေတော့၏။ အနက်ရောင်လောင်းကုတ်ရှည်ကြီးနှင့် ရောမခွေးမည်းကြီးကား ရိုးပြတ်တောအတွင်း လဲကျသွားသည်ကို မြင်တွေ့လိုက်ရလေ၏။ ထိုအခါ ကျွန်ုပ်က မောင်ပုတို့နှစ်ယောက်အား အမိန့်ပေးကာ ၎င်းတို့လဲကျသွားရာဆီသို့ ပြေးသွားလိုက်ကြလေတော့၏။ ထိုအခါ တိုက်အိမ်ကြီးဘက်ဆီမှ ပြေးဆင်းလာသော အိုင်အိုမြတ်နှင်းအားလည်း မြင်တွေ့လိုက်ရသကဲ့သို့ အရှေ့ဘက်နှင့် မြောက်ဘက်မှ သေနတ်ကိုယ်စီဖြင့် ပြေးတက်လာကြသော ဦးခင်မောင်တင့်တို့ အဖွဲ့(၂)ဖွဲ့ကိုပါ မြင်တွေ့လိုက်ရလေတော့၏။

ကျွန်ုပ်တို့လည်း အနက်ရောင်လူနှင့် ခွေးမည်းကြီးတို့လဲကျသွားသောနေရာသို့ ပြိုင်တူလိုလိုပင် ရောက်ရှိသွားကြလေတော့၏။ ထိုအခါ ရိုးပြတ်များကြား၌ လဲကျနေသည့် မည်းမည်းသဏ္ဍာန်တစ်ခုကို မြင်တွေ့လိုက်ကြလေလျှင် ကျွန်ုပ်တို့အားလုံးလိုလိုပင် သေနတ်များကို အသင့်ချိန်ရွယ်၍ ထိုအရာအနီးသို့ တဖြည်းဖြည်းချင်း တိုးကပ်သွားကြလေ၏။ သို့ရာ၌ အနီးသို့ရောက်၍လဲကျနေသော အရာအား ကောင်းစွာမြင်တွေ့လိုက်ရသောအခါမူ ကျွန်ုပ်တို့ပါးစပ်များမှ 'ဟာ' 'ဟင်' ဟူသော အာမေဍိတ်အသံကြီးများ ထွက်ပေါ်သွားကြရလေကုန်တော့၏။ ကျွန်ုပ်တို့သေနတ်များဖြင့် ဝိုင်းချိန်ထားကြသော

www.burmeseclassic.com

www.burmeseclassic.com



အရာကား အနက်ရောင်လောင်းကုတ်အင်္ကျီကြီးတစ်ထည်သာလျှင် ဖြစ်နေခြင်းကြောင့် ပါပေတည်း။ ကျွန်ုပ်တို့သည် ပြူငါတူသင် အေးဘိဝဲယာအား ရှာဖွေကြည့်လိုက်မိကြပြန်၏။ ထိုစဉ် အိုင်အိုမြတ်နှင်းက. . . .

"ရှာမနေကြပါတော့နဲ့ဗျာ၊ ဒီကောင်တွေ လွတ်သွားကြပါပြီ" ဟုဆိုကာ လောင်းကုတ်အင်္ကျီနက်ကြီးဆီသွားရောက်၍ လက်ထဲမှ သေနတ်ပြောင်းဖြင့်ထိုးကော်ကာ သေချာစွာကြည့်ရှုနေလေ၏၊ ထို့နောက် တစ်စုံတစ်ခုအား တွေ့မြင်လိုက်ရလေလျှင် အိုင်အိုမြတ်နှင်း၏မျက်နှာမှာ မျက်မှောက်ကြီးကုတ်၍သွားသေတော့၏။ ၄င်းမြင်တွေ့လိုက်ရသောအရာကား လောက်ကုတ်အင်္ကျီကြီး၏ ကျောလည်တည့်တည့်နေရာတွင် သွေးများဖြင့်စွန်းပေနေသည့် ကျည်ဆန်ပေါက်ရာကြီးတစ်ခုပင် ဖြစ်ပေတော့၏။ ကျွန်ုပ်တို့အားလုံးမှာလည်း ထိုအရာအား မြင်တွေ့လိုက်ကြရလေလျှင် တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်မိလိုက်ကြလေ၏။ ထိုစဉ် အိုင်အိုမြတ်နှင်းသည် ကျည်ဆန်ပေါက်ရာကြီးအား သေချာစွာကြည့်ရှု၍ . . .

"အံ့သြစရာပဲဗျာ၊ ဒီနေရာဟာ သာမန်လူတစ်ယောက်အတွက် ဒီတစ်ချက်တည်းနဲ့ကို သေနိုင်တဲ့နေရာဗျ" ဟုဆိုကာ အင်္ကျီနက်ကြီးအား ကောက်ယူကာ ရပ်လိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ် ကိုစိန်မြင့်မှ . . .



"လူတွေပြောနေကြသလိုများ ဖြစ် . . . ဖြစ်နေပြီလားမသိဘူး ကိုမြတ်နှင်း။ ဒီလောက်သေနတ်နဲ့ပိုင်းပစ်တဲ့ကြားက ပျောက်သွားတာ သွေးရှိုးသားရှိုးတော့မဟုတ်နိုင်ဘူးဗျ" ဟုဆိုလိုက်လေရာ ဝန်ထောက်မင်းပေါင်းကြီး ဦးခင်မောင်တင့်က ကတုန်ကရင်အသံဖြင့် . . .

"သေ . . . သေချာပါပြီဗျာ၊ ဒါ . . . ဒါ ဝိညာဉ်တွေမို့ ပျောက်ပျောက်သွားကြတာပေါ့ဗျာ . . . ဘုရား . . . ဘုရား" ဟု ရေရွတ်လိုက်လေတော့၏။ ၄င်း၏အပြောကြောင့် ကျန်ပုလိပ်သားများ၏မျက်နှာများမှာလည်း ထိတ်လန့်နေကြဟန်ဖြင့်ရှိကြလေ၏။ ထိုအချိန် အိုင်အိုမြတ်နှင်းကမူ ဘာစကားတစ်ခွန်းမှမပြောတော့ဘဲ နေရာမှ ချာခနဲလှည့်၍ ထွက်ခွာသွားလေတော့ရာ ကျွန်ုပ်တို့အုပ်စုမှာလည်း ၄င်းနောက်မှ လိုက်ပါခဲ့ကြရသည်ရှိသော် ကျွန်ုပ်၏စိတ်ထဲ၌လည်း ကျွန်ုပ်တို့ ဤမျှ သေနတ်များဖြင့် ပိုင်းပစ်ကြသည့်ကြားမှ ထူးဆန်းလွန်းစွာ ပျောက်ကွယ်သွားသော အနက်ရောင်လူနှင့် ခွေးမည်းကြီးအား ပြန်လည်မြင်ယောင်မိကာ ကြက်သီးမွေးညှင်းများပင် ထ၍သွားရလေတော့သတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ထူးဆန်းစွာပျောက်ကွယ်သွားကြသော အနက်ရောင်လူနှင့် ခွေးမည်းကြီးကြောင့် အတွေးရခက်တုန်လှုပ်အံ့ဩကာ ပြန်ခဲ့ကြရသော ကျွန်ုပ်တို့သည် ဦးသိန်းဖံအိမ်သို့ ပြန်ရောက်သောအချိန်၌မူ ပို၍ အံ့ဩထိတ်လန့်ဖွယ်အဖြစ်များဖြင့် ကြုံတွေ့ခဲ့ကြရပြန်လေတော့၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ရောက်သည်နှင့် အိမ်ထဲမှ ရာဇဝတ်အုပ်ကိုစိန်မြင့်၏တပည့် စာသင်ဘအေးဆိုသူသည် အမောတကောဖြင့်ပြေးထွက်လာလျက် . . .

"ဦး . . . ဦးသိန်းဖံတစ်ယောက်တော့ သွား . . . သွားပြီ . . . ဆရာတို့" ဟု ကပျာကယာမေးလိုက်လေ၏။ ထိုအခါ စာသင်ဘအေးက တုန်ရင်နေသောအသံဖြင့် . . .



"အိမ်ပေါ်မှာ ဦးသိန်းဖံတစ်ယောက် အ . . . အသတ်ခံလိုက်ရပြီဆရာ" ဟု ဆိုလိုက်လေရာ ကျွန်ုပ်တို့ပါးစပ်များမှ 'ဘာ' ဟူသော အသံများသည် ပြိုင်တူပင်ထွက်ပေါ်သွားကြရလေတော့၏။ ထို့နောက် တွင်မူ အိုင်အိုမြတ်နှင်းက အံ့ဩနေသောမျက်နှာမျိုးဖြင့် "ဘယ်လို အသတ်ခံလိုက်ရတာလဲ၊ ဘယ်အချိန်ဖြစ်သွားတာလဲ၊ သေသေချာချာ ပြောပြစမ်း ကိုဘအေး" ဟု မေးလိုက်လေရာ စာသင်ဘအေးက အောက်ပါအတိုင်း ပြောပြလေတော့၏။

"ဆရာတို့ ထွက်သွားပြီး (၁)နာရီလောက်ရှိတော့ ဦးသိန်းဖံ ဟာ ကျွန်တော်တို့အတွက် သုပ်ပေးထားတဲ့လက်ဖက်သုပ်တွေလာ ားရှင်း ကျွန်တော်တို့နဲ့ စကားတွေပြောနေသေးပါတယ်၊ နောက် ိုက်နာတယ်ဆိုပြီး အိမ်သာသွားတက်ပါတယ်၊ ပြန်လာတော့ သူ့မှာ လရောဂါရှိတဲ့အကြောင်း လက်ဖက်သုပ်ကို ကြိုက်လွန်းလို့သာ ားမိကြောင်းတွေပြောပြီး သိပ်မကြာပါဘူး၊ ဆေးသောက်ပြီး အပေါ် ထပ်က သူ့အိပ်ခန်းထဲဝင်သွားပါတယ်၊ အဲဒီလိုမဝင်ခင် သူ့လူ(၃) ယောက်ကိုလည်း သေသေချာချာစောင့်ဖို့ မှာသွားသေးပါတယ်၊ အဲ့ဒီနောက် ဦးသိန်းဖံဟာ ပြန်မဆင်းလာတော့ဘူး၊ ကျွန်တော်တို့ ည်း အိမ်ရှေ့မှာထွက်ပြီး သူ့လူ(၃)ယောက်နဲ့အတူ လက်ဖက်သုပ် ားရင်း စကားတွေဆက်ပြောနေကြပါတယ်၊ ကျွန်တော်တို့လူ ြင့် လည်း ကျွန်တော်မှာထားလို့ (၁၅)မိနစ်တစ်ကြိမ်လောက် အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ပြီးကြည့်ပါတယ်၊ အဲဒီ့အချိန်ထိ အေးအေးဆေးဆေးပါပဲ ဆရာ၊ ဘာမှလဲထူးခြားတာမရှိပါဘူး။ ကျွန်တော်တို့မှာလည်း လူ (၇)ယောက်တောင်ဆိုတော့ စိတ်ထဲမှာလည်း ခပ်အေးအေးပေါ့ဆရာရယ်၊ နောက်မှ အဲ (၁၁)နာရီခွဲကျော်ကျော်လောက်အချိန်မှာမှ ကျွန်တော်တို့အားလုံး ခြံရှေ့ဘက်ကလိုလို ခြံအပြင်ဘက်ကလိုလို ထူးဆန်းတဲ့အသံတစ်ခုကို စကြားလိုက်ကြရတော့တယ်၊ အဲဒီမှာ ဆရာတို့မှာထားလို့ ဒီအသံလည်းကြားရော ကျွန်တော်တို့အားလုံး သေနတ်တွေဆွဲပြီး အသံထွက်ပေါ်လာတဲ့ဘက်ကို လိုက်ကြပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့လည်း ခြံအပြင်ဘက်ရောက်ရော အိမ်အပေါ်ထပ်က သေနတ်သံတစ်ချက်ကြားလိုက်ရတော့တာပဲ၊ အဲဒီ့အခါမှ ကျွန်တော်တို့လည်း အိမ်ဆီပြန်ပြေးခဲ့ကြပြီး အပြင်ဘက်ကပိုင်းတဲ့လှူပိုင်း အိမ်အပေါ်ထပ် ပြေးတက်တဲ့လှူပြေးတက် လုပ်ခဲ့ကြပါတယ်၊ ဒါပေမဲ့ အပေါ်ထပ်တက်တဲ့ အိမ်တံခါးက တော်တော်နဲ့ဖွင့်မရဘူး၊ အတွင်းက ချက်ချထားတာကိုး ဆရာရဲ့၊ နောက်မှ လူနှစ်ယောက် တစ်ပြိုင်နက် ကိုယ်စောင်းတိုက်ဖွင့်ပြီး အပေါ်ထပ်ပြေးတက် ဦးသိန်းဖံအိပ်ခန်းပြေးကြည့်ကြတယ်၊ အဲဒီ့မှာ ဦးသိန်းဖံရဲ့အိပ်ခန်းတံခါးဟာလည်း ပိတ်လျှက်ပဲဆရာ၊ ဒါနဲ့ အထဲကိုခေါ်ကြည့်ပြီး အသံမကြားရမှ ကိုယ်စောင်းတိုက်ပြီး တစ်ခါ ဖွင့်ဝင်ရပြန်တယ်၊ အထဲလည်းရောက်ရော ကုတင်ပေါ်မှာ သေနတ်ဒဏ်ရာကြီးနဲ့သေနေ



တဲ့ ဦးသိန်းဖံအလောင်းကို တွေ့လိုက်ရတော့တာပါပဲ၊ သေနတ်ဒဏ်ရာကလည်း ဘယ်ဘက်ရင်အုပ်အောက် နှလုံးသားနေရာတည့်တည့်မှာပဲ၊ နဖူးမှာလည်း သွေးနဲ့(မ)အက္ခရာကြီးရေးထားတယ်၊ လူသတ်သမား ဘယ်လိုကနေဘယ်လိုဝင်လာပြီး သတ်သွားတယ်ဆိုတာစဉ်းစားလို့ မရအောင်ပါပဲ၊ အိပ်ခန်းထဲကတံခါးတွေ အကုန်လုံးလည်း ချက်ချပြီး ပိတ်လျှက်တွေချည့်ပါပဲခင်ဗျာ၊ ကျွန်တော်တို့ဖြင့် ဘယ်လိုမှမတွေးတတ်အောင်ပါပဲ''

ကျုပ်တို့မှာ စာသင်ဘအေး၏စကားကိုနားထောင်ပြီး ပါးစပ်ဟောင်းလောင်းများဖြင့် ရှိနေကြရလေတော့၏။ ထို့နောက်တွင်မှ အပေါ်ထပ်အိပ်ခန်းရှိ ဦးသိန်းဖံ၏အလောင်းကို ဝင်ရောက်ကြည့်ရှု ကြရာ စာသင်ဘအေးပြောသည့်အတိုင်းပင် တွေ့ရှိကြပြန်လေတော့၏။ အိုင်အိုမြတ်နှင်းပင်လျှင် အလောင်းကြီးနှင့် အိပ်ခန်းအနှံ့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ အတွေးရခက်သောအမူအယာမျိုးဖြင့် မျက်မှောင်ကြီးကုတ်ကာရှိနေလေ၏။ အတန်ကြာမှ အိုင်အိုမြတ်နှင်းသည် အိပ်ခန်းအပေါ်ရှိ သွပ်အမိုးကိုမော့၍ကြည့်ရှုကာ ၎င်း၏မျက်လုံးများသည် မှေး၍သွားလေ၏။

ထိုအမူအယာသည် ၎င်းလေးနက်စူးနစ်စွာစဉ်းစားတိုင်းဖြစ်ပေါ်လေ့ရှိသော အမူအယာမျိုးဖြစ်ကြောင်း ကျွန်ုပ်မှာ ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



သိရှိနေပေ၏။ ခဏကြာလျှင် အိုင်အိုမြတ်နှင်းသည် ကုတင်ပေါ်မှ တဆင့် အိပ်ခန်းခေါင်းရင်းရှိဗီရိုကြီးပေါ်သို့ မျောက်တစ်ကောင်ကဲ့သို့ ပေါ့ပါးဖျတ်လတ်စွာ တက်၍သွားလေ၏။ ကျွန်ုပ်တို့မှာလည်း ၎င်းအား အံ့ဩနားမလည်နိုင်စွာ ငေးကြည့်မိကြလေ၏။ အိုင်အိုမြတ်နှင်းကမူ ဗီရိုပေါ်သို့ရောက်သည်နှင့် မတ်တပ်ရပ်ကာ ခေါင်းအပေါ်ရှိ သွပ်မိုးများကို လက်ဖြင့်တွန်း၍ ကြည့်နေလေ၏။ တစ်နေရာအရောက်တွင်မူ သွပ်မိုးတစ်ချပ်မှာ သံချက်များပြုတ်နေ၍ အပေါ်သို့ပါတက်သွားသည်ကို တွေ့မြင်လိုက်ရသော အိုင်အိုမြတ်နှင်းသည် မြားဒိုင်းသစ်သားတန်းတစ်ခုကိုခိုတွဲ၍ ပြုပြလျှက်ရှိသော သွပ်မိုးပေါက်မှ အပေါ်သို့ တက်ရောက်သွားလေတော့၏။

ကျွန်ုပ်တို့အားလုံးမှာ ၎င်းအားမော့ကြည့်ရင်း ပါးစပ်ဟောင်းလောင်းများဖြင့် ရှိနေကြရလေတော့၏။ ခဏအကြာ၌မူ အိုင်အိုမြတ်နှင်းသည် သွပ်မိုးပေါက်မှပင် ပေါ့ပါးစွာ ခိုတွဲလျှက် အောက်သို့တစ်ဆင့်ချင်းဆင်းလာလျှက် . . .

"လူသတ်သမားဟာ ခေါင်မိုးပေါ်ကတဆင့် သွပ်မိုးကိုလှန်ဝင်ပြီး ဦးသိန်းဖံကိုသတ်သွားတာဗျ" ဟု ပြောလိုက်လေ၏။ ထိုမှ တဆက်တည်း . . .

"ဒါပေမဲ့ ဒီလူခေါင်မိုးပေါ်ကို ဘယ်လိုနည်းနဲ့တက်လာသလဲ



ဆိုတာ ကျွန်တော် စဉ်းစားမရဖြစ်နေတယ်၊ အောက်မှာလည်း ကိုဘအေးတို့အဖွဲ့တွေ ရှိနေကြတယ်ဗျာ၊ အပင်တွေဘာတွေကလည်း ခိုတွဲတက်လာရအောင် ဘာအပင်မှမရှိဘူး၊ ဒီတစ်ချက်ဟာ တော်တော်ဦးနှောက်စားစရာအချက်ပဲ" ဟုလည်းပြောလိုက်လေ၏။ ကျွန်ုပ်တို့မှာ ယခုအချိန်ထိ ၎င်းအား ငေး၍ကြည့်နေမိကြဆဲရှိလေ၏။ ထို့နောက်တွင်မှ ပထမဦးဆုံး ကျွန်ုပ်က . . .

"အ. . . အခုသတ်သွားတဲ့ပုံစံကလည်း ဦးမာဃအသတ်ခံလိုက်ရတဲ့ပုံစံမျိုး ဖြစ်နေပါလားဗျာ" ဟု တုန်လှုပ်စွာပြောလိုက်လေရာ. . .

"လူသတ်သမားက တစ်ယောက်တည်းပဲကို အိုင်ပီရဲ၊ ဒီလူဟာ တော်တော်တော့ထူးဆန်းတဲ့လူတစ်ယောက်ပဲ၊ ကျွန်တော်တို့ကိုတောင် ဒီလူ တစ်ပတ်ရိုက်သွားနိုင်တဲ့လူဆိုတော့ အတော့်ကို ပါးရည်နပ်ရည်ရှိတဲ့လူပဲ၊ သူ့ကို ကူညီပေးနေတဲ့လူတစ်ယောက်လည်း ရှိလိမ့်မယ်ဗျ။ အဲဒီလူကတော့ ဟိုအိမ်ကြီးမှာ ခွေးမည်းကြီးနဲ့လျှောက်သွားတဲ့လူပဲ၊ ဒါပေမဲ့ ဒီလူတွေဟာ၊ သာမန်လူတွေတော့မဟုတ်ဘူး" ဟု အိုင်အိုမြတ်နှင်းက ပြောလေ၏။

ထိုအခါ ဝန်ထောက်မင်းဟောင်းကြီး ဦးခင်မောင်တင့်က . . .

"သာမန်လူတွေမဟုတ်ဘူးဆိုတော့ သေ. . . သေချာပါတယ်နော်၊ ဒီလူတွေဟာ တစ္ဆေ သရဲ ဝိညာဉ်တွေပဲ၊ အနောက်နိုင်ငံတွေမှာလည်း ဒီလို တစ္ဆေ သရဲ ဝိညာဉ်တွေက ကလဲ့စားချေသတ်ဖြတ်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတဲ့အဖြစ်အပျက်အကြောင်းတွေ အများကြီးရှိတာပဲ၊ အခု လည်း ကျုပ်တို့ဆီမှာမရှိနိုင်ဘူးလို့ပြောနိုင်မလား၊ အခုဖြစ်နေတဲ့လူသတ်မှု နှစ်ခုစလုံးဟာ သေသွားတဲ့လူဆိုးကြီးမိုးမှောင်ရဲ့ လက်ရာမျိုးတွေချည်း ဖြစ်နေတာ သက်သေပဲလေဗျာ'' ဟု ပြောလိုက်လေလျှင် အိုင်အို မြတ်နှင်းကပြုံး၍ . . .

''ဒီလိုလည်းမဟုတ်ဘူး ဦးခင်မောင်တင့်ရဲ့၊ လူသတ်သမားဟာ သာမန်လူမဟုတ်တဲ့ ထူးဆန်းတဲ့လူတစ်ယောက်ဖြစ်တာတော့ အမှန် ပဲ၊ ဒါပေမဲ့ ဦးခင်မောင်တင့်ပြောသလို တစ္ဆေ သရဲ ပိညာဥ်တစ်ခုတော့ မဟုတ်ဘူး၊ ဒါကိုတော့ ကျွန်တော်ပြောရဲတယ်၊ ဘာဖြစ်လို့လဲဆိုရင် အခုလို သွပ်မိုးကဖောက်ဝင်တဲ့အချက်နဲ့ ဟိုလောင်းကုတ်အင်္ကျီကြီး မှာ တွေ့ရတဲ့သွေးတွေကြောင့်ပဲ၊ တကယ် တစ္ဆေ ပိညာဥ်တွေသာဖြစ် မယ်ဆိုရင် ဒါတွေဟာ ရှိမနေသင့်ဘူးလေ၊ ဒါပေမဲ့ ဦးခင်မောင်တင့် ရေ အခုလူသတ်သမားဟာ ခင်ဗျားပြောတဲ့ တစ္ဆေ သရဲ ပိညာဥ်တွေ ထက်ကို အံ့ဩစရာကောင်း ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်နေတာတော့ အသေအချာပဲ၊ အခုချိန်မှာ သူဟာ ဘယ်လို လူမျိုး လဲဆိုတာတောင် တွေးဖို့ခက်လှတဲ့လူမျိုးပါပဲဗျာ'' ဟု ထူးဆန်းစွာ ပြောကာ အခန်းထဲမှထွက်ခွာသွားလေတော့သတည်း။

❂ ❂ ❂



ကျွန်ုပ်တို့လည်း သေသူဦးသိန်းဖံ၏အလောင်းကို စစ်ဆေးကြည့် ရှု၍ ဆေးရုံသို့ပို့ရန် စီစဉ်ကြရလေ၏။ ဆေးရုံမှ ကားရောက်လာသော အခါ နံနက်(၅)နာရီပင်ရှိပြီဖြစ်၏။ ကျွန်ုပ်မှာ တစ်ညလုံး ဇာစ်ရေးမှပင် ပအိပ်စက်ခဲ့ရသည်ဖြစ်၍ နုံးခွေခွေဖြစ်နေလေ၏။ အိုင်အိုမြတ်နှင်းမှာ မူ ရာဇဝတ်အုပ်ကိုစိန်မြင့်နှင့် စကားများပြောဆိုကာရှိလေ၏။ ထို အချိန် ဝန်ထောက်မင်းဟောင်းကြီး ဦးခင်မောင်တင့်မှာ မရှိတော့ပေ။ ညကတည်းက ၎င်း၏အိမ်သို့ ပြန်သွားခြင်းဖြစ်၏။ သို့ရာ၌ ဦးသိန်းဖံ ၏အလောင်းအားသယ်ယူပြီး ဆေးရုံကားထွက်သွားသောအချိန်နှင့် မရှုမနှောင်းပင်လျှင် ဦးခင်မောင်တင့်မှာ ၎င်း၏ကားဖြင့် ပြန်ရောက် လာလေ၏။ ထိုအခါ ကားပေါ်မှဆင်းသည်နှင့် ဦးခင်မောင်တင့်က

www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးအမှုအယာမျိုးဖြင့် . . .

"ဦးအောင်မင်းနဲ့ကိုမြတ်နှင်းတို့ရေ ခင်ဗျားတို့ဗိုလ်ဒိုင်ဒီက အခုပဲ တယ်လီဖုန်းလှမ်းဆက်တယ်ဗျို့၊ ခင်ဗျားတို့ ရန်ကုန်က မင်္ဂလာဒုံဘက်မှာ ညက လူသတ်မှုတစ်ခုဖြစ်သွားလို့ အမြန်ဆုံးပြန်လာခဲ့ကြပါတဲ့" ဟု ပြောလိုက်လေရာ အိုင်အိုမြတ်နှင်း၏ပါးစပ်မှ 'ဟိုက်'ခနဲ အသံထွက်သွားလေတော့၏။ ကျွန်ုပ်မှာ လူသတ်မှုဆိုလိုက်သဖြင့် ဤမျှဖြစ်သွားသော အိုင်အိုမြတ်နှင်းကို အံ့သြစွာကြည့်လိုက်မိလေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက . . .

"သွားပြီ အိုင်ပီရေ၊ ကျွန်တော်ပြောခဲ့တဲ့ မင်္ဂလာဒုံဘက်က ဦးဘကျော်ဆိုတဲ့လူပဲဖြစ်မယ်ဗျ၊ ကြောင်နက်ကိုဖားဝင်တစ်ယောက်ဆိုတာလေဗျာ" ဟုဆိုလိုက်လေရာ ထိုအခါမှ ကျွန်ုပ်မှာလည်း အမှတ်ရသွားလျှက် ပါးစပ်ဟ၍သွားရလေတော့၏။ ၎င်းနောက်တွင်ကား ကျွန်ုပ်တို့လည်း ဦးခင်မောင်တင့်ကားကိုပင် ချောခွဲ၍ ရန်ကုန်ဘက်သို့ အလျင်အမြန်ပြန်ခဲ့ကြရလေတော့၏။ အိုင်အိုမြတ်နှင်းသည် လိပ်စာသိထားသော မင်္ဂလာဒုံဘက်ရှိ ဦးဘကျော်နေအိမ်သို့ပင် ကားကိုဒါရိုက်မောင်းလာခဲ့လေ၏။ ရောက်သောအခါ ကျွန်ုပ်တို့ထင်သည့်အတိုင်းပင် ဦးဘကျော်မှာလည်း ဦးသိန်းဇံနည်းနှယ် တစ်ပုံစံတည်း အသတ်ခံရခြင်းဖြစ်ကြောင်းကို အံ့သြမယုံကြည်နိုင်ဖွယ် တွေ့မြင်ခဲ့ကြရလေတော့ရာ ထိုအချိန်မှအစပြု၍ ပဲခူးမြို့၊ ရန်ကုန်မြို့တစ်မြို့လုံး



သာလျှင်မက ကျွန်ုပ်တို့ပုလိပ်လောကကြီးတစ်ခုလုံးကိုပါ ဖိန့်ဖိန့်တုန်လှုပ်စေခဲ့ရသော ဂမ္ဘီရဝိညာဉ်လူသတ်မှုများ ပေါ်ထွက်လာခြင်း၏ အစနိဒါန်းပင်ဖြစ်ပေတော့သတည်း။

ထိုအခါ နေရာတိုင်း လူတိုင်း၏ပါးစပ်များများတွင်လည်းကောင်း၊ သတင်းစာအသီးသီး၌လည်းကောင်း၊ ထူးဆန်းလှသော လူသတ်မှုသတင်းများကို ပြောဆိုရေးသားဖော်ပြကြလျှက် ၎င်းတို့အားလုံးမှ တစ်ညီတစ်ညွတ်တည်းပင် လူသတ်တရားခံမှာ သေရွာပြန်လူဆိုးကြီး ဖိုးမှောင်ပင်ဖြစ်ကြောင်း ပြောဆိုရေးသားကြကုန်၏။ လူဆိုးကြီးဖိုးမှောင်မှာ ယခင်ကလည်း တစ္ဆေလူသတ်သမားကြီးဟု လူတိုင်းမှ ခေါ်ဝေါ်ခဲ့ကြကြောင်း၊ လူကုံထန်သူဌေးကြီးများနှင့် အရာရှိကြီးများကိုသာရွေး၍ ထူးဆန်းစွာသတ်ဖြတ်ခဲ့ကြောင်း၊ သတ်သည့်အခါ၌လည်း လပြည့်ညတစ်ညတည်းသာလျှင်သတ်၍ နှလုံးသားတည့်တည့်နေရာကို သေနတ်ဖြင့်ပစ်၍ နဖူးနေရာတွင် 'မ'အက္ခရာကို သွေးဖြင့်ရေးသွားလေ့ရှိကြောင်း၊ ၎င်းမှာ သားရေဦးထုပ် အနက်ကြီးနှင့် လောင်းကုတ်အင်္ကျီအနက်ကြီးကို အမြဲတမ်းဝတ်ဆင်လေ့ရှိကြောင်း၊ အထူးဆန်းဆုံးမှာ ၎င်း၏ဘေး၌ လွန်စွာမှကြီးမားလွန်းလှသော ရောမခွေးမည်းကြီးတစ်ကောင်ပါလေ့ရှိကြောင်း အစရှိသော လူဆိုးကြီးဖိုးမှောင်၏ ရာဇဝင်များကိုလည်း ပြောဆိုရေးသားဖော်ပြကြကုန်၏။ ထိုမှတဖန် လူဆိုးကြီးဖိုးမှောင်မှာ လွန်ခဲ့သော(၁၅)နှစ်ခန့်က ပုလိပ်ဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



အသေဖမ်းမိခဲ့သည်ဟူသောသတင်းနှင့်အတူ ၄င်း၏ခေါင်းလစ်မှာ အဆုံးသတ်သွားခဲ့ရသော်လည်း ယခုဖြစ်ပေါ်လျက်ရှိသော အခြေအနေများအရ ထိုသတင်းမှာ မမှန်ကန်ဟု မိမိတို့အနေဖြင့် ယူဆပါကြောင်း အမှန်အားဖြင့် လူဆိုးကြီးမိုးမှောင်မှာ သေဆုံးခဲ့ခြင်းမရှိဘဲ ယခုမှ တဖန် ပြန်ပေါ်လာလျက် ဤကဲ့သို့ လူသတ်မှုများကို ပြန်လည်ကျူးလွန်ခြင်းဖြစ်ဟန်တူကြောင်း သို့တည်းမဟုတ် သေဆုံးသွားသူ တစ္ဆေလူသတ်သမားကြီးမိုးမှောင်၏ ဝိညာဉ်သည် သေရွာမှ ပြန်လည်ရှင်သန်ထမြောက်လာကာ လူသတ်မှုများကို ကျူးလွန်ခြင်းဖြစ်နိုင်ကြောင်း အစရှိသော ၄င်းတို့ထင်ရာမြင်ရာ သတင်းများကိုလည်း ပြောဆိုရေးသားကြကုန်လေတော့၏။

ထိုအခါ ၄င်းတို့ပြောဆိုရေးသားကြသကဲ့သို့လည်း လပြည့်ညသို့ရောက်တိုင်း ပဲခူးမြို့နှင့် ရန်ကုန်မြို့အတွင်း တစ်နေရာမဟုတ်တစ်နေရာ၌ လူသတ်မှုတစ်ခုသည် အမြဲပင်ဖြစ်ပွားနေလေတော့၏။ ဖြစ်ပွားတိုင်းလည်း အသတ်ခံရသူများမှာ ပထမဆုံး အသတ်ခံခဲ့ကြရသည့် ဦးမာဃ၊ ဦးသိန်းဖုံနှင့် ဦးဘကျော်တို့ အသတ်ခံရသည့်ပုံစံများအတိုင်းပင်ဖြစ်လျက် ထူးခြားဆုံးမှာလည်း အသတ်ခံရသည့်လူတိုင်းမှာ တစ်ချိန်က ကြောင်နက်ဂိုဏ်းဝင်များဖြစ်နေကြခြင်းပင် ဖြစ်လေတော့၏။

ကျွန်ုပ်တို့မှာကား လပြည့်ညသို့ရောက်တိုင်း တစ်နေရာမဟုတ်



တစ်နေရာတွင် လူသတ်မှုများ အမြဲဖြစ်ပေါ်နေခြင်းကြောင့် များစွာစိတ်ညစ်နေကြရလေတော့၏။ ထိုအခါ ကျွန်ုပ်တို့၏စုံထောက်မင်းကြီးမှတစ်ဆင့် ဆက်သွယ်လာ၍မဟုတ် ရန်ကုန်ပုလိပ်မင်းကြီး ဂျွန်အာသာ ဆက်သွယ်လျှင် ကျွန်ုပ်တို့စီအိုင်ဒီစုံထောက်ဌာနနှင့် ပုလိပ်ဌာနများအားလုံးအား နေ့တစ်ရက် ဆူပူကြိမ်းမောင်းလျက်ရှိချေတော့၏။

ကျွန်ုပ်တို့မှာလည်း လပြည့်နေ့သို့ရောက်လာတိုင်း နေရာအနှံ့၌ ပုလိပ်အဖွဲ့များကိုချကာ လူသတ်မှုမဖြစ်အောင် တတ်နိုင်သမျှကာကွယ်မှုများပြုလုပ်ကြသော်လည်း လူသတ်မှုများမှာ ဖြစ်ပွားမြဲဖြစ်ပွားနေလေတော့၏။ သို့ဖြစ်ရာ နောက်ဆုံး၌ ကျွန်ုပ်တို့ကိုယ်တိုင်ပင် လူဆိုးကြီးမဟူရာမိုးမှောင်၏ ရာဇဝင်ဟောင်းကို ပြန်၍လိုက်ရလေတော့၏၊ ထိုအခါ ပဲခူးဂါတ်ရှိ ၄င်း၏အမှုတွဲဟောင်းများမှာ မီးကြီးအတွင်း ပျက်စီးပျောက်ဆုံးသွားခဲ့ကြကြောင်း သိရှိခဲ့ကြရလေ၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ဝန်ထောက်မင်းဟောင်း ဦးဘရင်ကဲ့သို့သော လူဆိုးကြီးမိုးမှောင်အား ပစ်ခတ်ဖမ်းဆီးခဲ့စဉ် ပါဝင်ခဲ့သော ပုလိပ်အမှုထမ်းဟောင်းကြီးများကို ရှာဖွေ၍ မေးမြန်းခြင်းများပြုလုပ်ကာ လူဆိုးကြီးမိုးမှောင်၏အလောင်းအား မြှုပ်နှံသင်္ဂြိုဟ်ခဲ့သော သုဿာန်အတိအကျကို စုံစမ်းခဲ့ကြရပြန်လေ၏။ ထိုမှ နေရာကိုသိလေလျှင် လူဆိုးကြီးမိုးမှောင်၏ ရုပ်ကြွင်းအား တူးဖော်ရှာဖွေ၍ စစ်ဆေးခြင်းများပြုလုပ်ခဲ့ကြသည့်ရှိသော် ထူးဆန်းသောအဖြစ်တစ်ခုကို တွေ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရလေတော့၏။ ၄င်းမှာ ဆွေးမြေ့လျှက်ရှိပြီဖြစ်သော အခေါင်းတလားကြီးအတွင်း၌ ကျည်ဆံပေါက်ရာများဗလပွနှင့် သားရေလောင်းကုတ်အင်္ကျီဆွေးကြီးတစ်ခုနှင့် ဘောင်းဘီတစ်ထည် ဦးထုပ်နက်ကြီးတစ်လုံးကိုသာလျှင် ရရှိခဲ့ကြပြီး လူဆိုးကြီးမိုးမှောင်၏ ရုပ်ကြွင်းအရိုးစုများမှာ ထူးဆန်းစွာ ပျောက်ဆုံးနေခြင်းပင်ဖြစ်ပေတော့သတည်း။

❂❂❂



လူသတ်မှုသတင်းများနှင့် လူဆိုးကြီး မဟူရာမိုးမှောင်၏သတင်းများကြောင့် ရန်ကုန်တစ်မြို့လုံးရှိလူများမှာ ထိတ်ထိတ်လန့်လန့်ဖြင့်ရှိနေကြကုန်၏။ ထိုအခါ ၄င်းတို့အားလုံးထက် ထိတ်လန့်တုန်လှုပ်လျှက်ရှိသော လူတစ်ဦးသည်ရှိနေလေ၏။ ၄င်းမှာ ရန်ကုန်မြို့ ကုက္ကိုင်းလမ်းရှိ သူဌေးကြီးဦးတိုက်စိုးဆိုသူပင် ဖြစ်လေတော့၏။ သူဌေးကြီးဦးတိုက်စိုးမှာ အသက်(၅၀)ကျော်အရွယ် အသားညိုညို ထောင်ထောင်မောင်းမောင်းကြီးဖြစ်လေ၏။ မျက်လုံးပြူးပြူး နှုတ်ခမ်းမွေးကားကားကြီးဖြင့် လေးတောင့်စပ်စပ် မျက်နှာမျိုးဖြစ်ကာ ထူထဲလှသော မျက်ခုံးကြီးများသည်လည်းရှိလေ၏။

၄င်းသည် ကုမ္ပဏီကြီး(၃)ခုကို တစ်ဦးတည်းပိုင်ဆိုင်သောလွန်

www.burmeseclassic.com

www.burmeseclassic.com



စွာမှချမ်းသာသည့် သူဌေးကြီးကစ်ဦးပင်ဖြစ်လေ၏။ ထို့ပြင်လည်း သူဌေးကြီးဦးတိုက်စိုးသည် တစ်ချိန်က လွန်စွာမှနာမည်ကြီးလှသော လူဆိုးဂိုဏ်းကြီးတစ်ခု၏ ဂိုဏ်းခေါင်းဆောင်လူဆိုးကြီးတစ်ဦးလည်း ဖြစ်လေ၏။ ၄င်း၏ဂိုဏ်းမှာ ကြောင်နက်ဂိုဏ်းဟူ၍ဖြစ်ကာ ယခုအချိန်၌မူ ဦးတိုက်စိုးသည် စစ်ကြီးပြီး၍ ပြောင်းလဲသွားသော အုပ်ချုပ်ရေးများအောက်၌ ကုမ္ပဏီပိုင်ရှင်သူဌေးကြီးတစ်ဦးအဖြစ် အသွင်ပြောင်းကာ နေထိုင်နေခြင်းပင်ဖြစ်ပေတော့၏။ ၄င်းအနေဖြင့် ဤကဲ့သို့ ဘဝအား အေးချမ်းစွာအခြေချနေသည့်အချိန်မှ ရုတ်တရက် မုန်တိုင်းတစ်ခုနှယ် မွှေနှောက်လာသော လူသတ်မှုသတင်းများနှင့် လူဆိုးကြီးမိုးမှောင်၏သတင်းများကြောင့် များစွာတုန်လှုပ်ချောက်ချားနေရလေတော့၏။ စင်စစ်အားဖြင့် လွန်ခဲ့သော(၁၅)နှစ်ခန့်က ပုလိပ်များလက်အတွင်း ရုပ်ပျက်ဆင်းပျက်ဖြင့် သေဆုံးခဲ့ရသော လူဆိုးကြီးမိုးမှောင်နှင့် သူသည် လွန်စွာမှရင်းနှီးသော လူတစ်ဦးဖြစ်ခဲ့လေ၏။ သို့သော် တစ်ချိန်တွင်မူ သူနှင့် လူဆိုးကြီးမိုးမှောင်တို့မှာ တစ်စုံတစ်ခုသော အကြောင်းကိစ္စတစ်ခုဖြင့် ရန်သူများအဖြစ်သို့ ရောက်ရှိခဲ့ရလေ၏။ ထိုအခါ လူဆိုးကြီးမိုးမှောင်သည် သူ၏ ကြောင်နက်ဂိုဏ်းကိုပင် ပြန်လှန်၍ဒုက္ခပေးခဲ့လေ၏။

ထို့အတွက် သူကလည်း လူဆိုးကြီးမိုးမှောင်ကို အနိုင်ရရန် နည်းမျိုးစုံဖြင့်ကြိုးစားခဲ့ရလေ၏။ နောက်ဆုံးတွင်မူ သူသည် လူဆိုးကြီးမိုးမှောင်အား မသမာသောနည်းဖြင့် အနိုင်ရရှိခဲ့လေ၏။ ၄င်းမှာ အခြားမဟုတ်ပေ။ သူသည် ပုလိပ်အဖွဲ့များအား တစ်ဘက်လှည့်ကာ သတင်းပေး၍ လူဆိုးကြီးမိုးမှောင်ကို မိမိ၏ကြောင်နက်ဂိုဏ်းသားများနှင့် ပုလိပ်အဖွဲ့ပူပေါင်းကာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းပင် ဖြစ်ပေတော့၏။



ယခုအချိန်၌မူ ဦးတိုက်စိုးသည် ထွက်ပေါ်နေသောသတင်းများကြောင့် လွန်စွာမှ စိတ်အနှောက်အယှက်ဖြစ် တုန်လှုပ်နေရလေတော့၏။ လူဆိုးကြီးမိုးမှောင်အကြောင်းကို သူ့ထက်ပိုသိသူ ဤလောကတွင် မရှိတော့။ မဟူရာမိုးမှောင်ဟူသော လူသားသည် လွန်စွာမှ ကြောက်မက်ဖွယ်ကောင်းလှသော စေတန်နတ်ဆိုးတစ်ကောင်ပင်ဖြစ်လေ၏။ တစ္ဆေလူသတ်သမားဟူ၍ တင်စားခေါ်ဝေါ်ခဲ့ကြရအောင် ဂမ္ဘီရဆန်ဆန် ထူးဆန်းသော ကြေးစားလူသတ်သမားတစ်ဦးလည်း ဖြစ်ခဲ့လေ၏။

ထို့အတူပင် ဤမျှနာမည်ကြီးခဲ့သော မဟူရာမိုးမှောင်အား သူမှလွဲ၍ အခြားလူများမှာ ကောင်းစွာမြင်ဖူးတွေ့ဖူးခြင်းပင်မရှိခဲ့ကြ။ သူသည် ဤကဲ့သို့ ထူးဆန်းလွန်း၊ လျှို့ဝှက်လွန်း၊ ကြောက်မက်ဖွယ်ကောင်းလွန်းလှသော မဟူရာမိုးမှောင်ကို သူ၏တပည့်ပေါင်းများစွာ အသက်နှင့် မြောက်မြားလှစွာသော သွေးကြွေးများအဆုံးရှုံးခံ ကျခံကာ လုပ်ကြံသတ်ဖြတ်၍ အနိုင်ယူခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် အုံ့ဩကြောက်မက်ဖွယ်ကောင်းလွန်းလှသော မဟူရာမိုးမှောင်၏အစွမ်းအစများကို သိရှိထားသောသူသည် ပုလိပ်များလက်၌ အသေမိပြီဟူသောသတင်းကိုပင် မယုံရဲသေး။ သူကိုယ်တိုင် မဟူရာမိုးမှောင်၏ ကျည်ဆံရာဗလပွနှင့် အလောင်းကိုမြင်ရပြီးမှသာလျှင် သက်ပြင်းချနိုင်ခဲ့သည့်အဖြစ်ကို သူ ကောင်းစွာမမေ့သေး။ ထိုစဉ်က မဟူရာမိုးမှောင်၏အလောင်းကိုကြည့်ရှု၍ သူ၏ တပည့်တစ်ယောက်မှ ပြောခဲ့သော စကားတစ်ခွန်းကိုလည်း ကောင်းစွာ အမှတ်ရနေသေးပေ၏။ ထိုတပည့်၏စကားကို ထိုစဉ်က သူ ရယ်မောနိုင်ခဲ့သော်လည်း ယခုအချိန်တွင်မူ ထိုစကားကို အမှတ်ရကာ သူ့မှာ ပိုပိုတုန်လှုပ်နေရလေတော့၏။ ထိုအခါ အံကြိတ်ကြိတ်၍ မျက်လုံးအပြူးသားကြီးဖြင့် အသက်ထွက်နေပြီဖြစ်သော မဟူရာမိုးမှောင်၏အလောင်းကြီးကိုကြည့်ရှု၍ သူ၏တပည့်တစ်ယောက်ပြောခဲ့သော စကားမှာကား . . .

“ဆရာကြီး ဒီလူ့ပုံစံကြီးက ကျွန်တော်တို့အဖွဲ့ကို အခဲမကျေတဲ့ပုံစံမျိုးကြီးဗျ။ တော်တော်ကြာ ဝိညာဉ်ဘဝနဲ့ပြန်လာပြီး ကလဲ့စားချေနေဦးမယ်၊ ညညဆို သတိထားဗျ. . . ဟဲဟဲ” ဟူ၍ဖြစ်ပေ၏။ ယခုမူ ထိုစကားကို ဦးတိုက်စိုး မရယ်နိုင်တော့။

သူဌေးကြီးဦးတိုက်စိုးသည် သက်ပြင်းမောကြီးတစ်ခုကို ဟင်းခနဲ ချလိုက်မိလေ၏။ နဖူးမှချွေးစေးများကိုလည်း လက်ဖြင့်သပ်ချလိုက်လေ၏။ ပြီးလျှင် အာခြောက်ကာ ရေငတ်သလိုရှိလာသဖြင့် ၄င်း၏



တပည့် တစ်ယောက်ကို အော်၍ခေါ်လိုက်လေ၏။

“လှမောင်. . . ဟေ့ လှမောင်”

“ဗျာ. . . လာ. . . လာပါပြီဆရာကြီး”

ထူးသံတစ်ခုနှင့်အတူ အသားမည်းမည်း သေးညှပ်ညှပ် လူတစ်ယောက်သည် အပြေးရောက်ရှိလာလေ၏။

“ဟေ့ကောင် အအေးသေတ္တာထဲက ရေခဲရေတစ်ခွက်ယူခဲ့စမ်း” ဟု သူဌေးကြီးဦးတိုက်စိုးက ခိုင်းလိုက်လေ၏။

“ဟုတ်ကဲ့ ဆရာကြီး” ဟုဆိုကာ လှမောင်ဆိုသူက အအေးသေတ္တာထဲမှ ရေဘူးကိုထုတ်ယူကာ ဖန်ခွက်တစ်ခွက်အတွင်း လောင်းငှဲ့၍ သူဌေးကြီးဦးတိုက်စိုးထံ ယူဆောင်သွားလိုက်၏။ သူဌေးကြီးဦးတိုက်စိုးက လှမောင်ရှိသေစွာကမ်းပေးသော ရေခဲရေဖန်ခွက်ကို တစ်ငွပ်ငွပ်မော့သောက်လိုက်ပြီးလျှင် . . .

“လှမောင် ဒီနေ့ဘာနေ့လဲကွ” ဟု မေးလေ၏။

“ဒီနေ့ တနင်္ဂနွေနေ့လေ ဆရာကြီး” ဟု လှမောင်က ဖြေလေ၏။

“ဟိတ်ကောင်. . . တနင်္ဂနွေနေ့မှန်းတော့ ငါသိတာပေါ့၊ အဲဒါကို မေးတာမဟုတ်ဘူး” ဟု သူဌေးကြီးဦးတိုက်စိုးက ဟောက်လိုက်လေမှ လျှင် . . .

“ဪ. . . နေ့ရက်ကိုမေးတာလားဆရာကြီး၊ ဒီနေ့ (၂၉)ရက်

www.burmeseclassic.com

www.burmeseclassic.com



နေ့လေ ဆရာကြီး၊ မနက်ဖြန်ဆို လကုန်ပြီ'' ဟု လှမောင်က ဆိုလိုက်ပြန်လေ၏။ သူဌေးကြီးဦးတိုက်စိုးကမူ လှမောင်အား ဒေါသထွက်နေသောမျက်လုံးများဖြင့် ကြည့်ရှု၍ . . .

''ဟေ့ကောင်'' ဟု အော်ဟစ်လိုက်လေ၏။

''ခင်. . . ခင်ဗျာ. . . ဆရာကြီး ဘာဖြစ်လို့တုန်း'' ဟု လှမောင်က ပြုံးကြောင်ကြောင်ဖြင့် ပြန်မေးပြန်လျှင် သူဌေးကြီးဦးတိုက်စိုးက ဒေါနှင့်မောနှင့် . . .

''ဟေ့ကောင်. . . မင်းကိုငါမေးနေတာ အဲဒါတွေ တစ်ခုမှမဟုတ်ဘူးကွ၊ ဒီကနေ့ မြန်မာလို ဘယ်နှစ်ရက်လဲဆိုတာသိချင်လို့မေးနေတာကွ ငတုံးရ'' ဟု ပြောလိုက်လေတော့၏။ ထိုအခါမှ လှမောင်က ညှော်ခန်းနံရံတွင်ချိတ်ဆွဲထားသော ပြက္ခဒိန်တစ်ခုကို ပြေး၍လှန်လှော ကြည့်ရှုလိုက်ပြီးလျှင် . . .

''ဒီနေ့ တော်သလင်းလဆန်း(၁၃)ရက် ဆရာကြီး'' ဟု အော်၍ပြောလိုက်လေ၏။

''ဘာ. . . လဆန်း(၁၃)ရက်ဟုတ်လား၊ ဒါဖြင့် သ. . . သဘက်ခါ လပြည့်နေ့ပေါ့ဟုတ်လား. . . ဘုရာ. . . ဘုရား'' ဟု သူဌေးကြီးဦးတိုက်စိုးက မျက်နှာအပျက်ပျက်နှင့် ငြီးညူလိုက်လေတော့၏။ ထိုအခါ လှမောင်က သူဌေးကြီးဦးတိုက်စိုးမျက်နှာကြီးကို ကြည့်ရှု၍ . . .

''ဘာ. . . ဘာဖြစ်လို့လဲဆရာကြီး'' ဟု မေးမြန်းလိုက်လေ



ရာ. . .

''မင်း မြို့ထဲကသတင်းတွေကိုမကြားဘူးလား၊ လပြည့်ညရောက်တိုင်း၊ တို့မြို့မှာ ဘာတွေဖြစ်တတ်သလဲ'' ဟု သူဌေးကြီးဦးတိုက်စိုးက ဒေါသတကြီးပြန်၍မေးလိုက်လေ၏။ ထိုအခါ လှမောင်က . . .

''ဟုတ်သားပဲ၊ ကျွန်တော် မေ့. . . မေ့သွားလို့ဆရာကြီး၊ လပြည့်ညဆို လူသတ်မှုတွေဖြစ်တတ်တယ်၊ အသတ်ခံရတဲ့လူတွေဟာ လူကုံတန်သူဌေးတွေချည့်ပဲ၊ ပြီး. . . ပြီးတော့ လူသတ်သမားဟာ. . .'' ဟု ဆိုလိုက်စဉ်ပင် သူဌေးကြီးဦးတိုက်စိုးက . . .

''ဟိတ်ကောင် တော်တော့၊ မင်း အခုသွားစမ်း၊ ငှက်ကြီးတို့အဖွဲ့ကို ငါခေါ်နေတယ်လို့ အမြန်ဆုံးသွားပြော. . . သွား'' ဟု အော်ဟစ်အမိန့်ပေးလိုက်လေတော့၏။

ထို့ကြောင့် လှမောင်လည်း သူဌေးကြီးဦးတိုက်စိုး၏ရှေ့မှ လှစ်ခနဲပျောက်ကွယ်သွားကာ မျှားမကြာမီ လူတစ်စုနှင့်အတူ ပြန်ရောက်လာလေတော့၏။ ထိုအခါ လှမောင်ခေါ်လာသော လူ(၄)ယောက်မှာ တောင့်တင်းခိုင်မာသော ခန္ဓာကိုယ်များရှိကြလေ၏။ ၎င်းတို့၏ရုပ်ရည်များမှာလည်း မြင်ရရုံမျှနှင့် သေရဲသတ်ရဲသော လက်မရွံ့လူမိုက်များဖြစ်ကြောင်း သိသာလေ၏။ ၎င်းတို့(၄)ယောက်အနက် (၁)ယောက်မှာ အရပ်ရှည်၍ ကျန်(၃)ယောက်မှာ ဂင်တိုတို တုတ်ခိုင်ခိုင်များဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ရှည်သောလူမှာ ငှက်နှုတ်သီးကဲ့သို့ချွန်ထက်သော နှာခေါင်းကြီး ရှိကာ မျက်လုံးများမှာလည်း စွေစောင်းစောင်းရှိလေ၏။

၄င်းမှာ ငှက်ကြီးဆိုသူပင်ဖြစ်လေ၏။ ဦးတိုက်စိုးမှ လက်သပ်မွေးထားသည့် လူမိုက်ခေါင်းဆောင်တစ်ဦးလည်းဖြစ်လေ၏။ လူသတ်မှုများစွာနှင့် ထောင်အကြိမ်ကြိမ်ကျဖူးသူလည်းဖြစ်လေ၏။ လက်ရဲဇက်ရဲနိုင်ကာ သွေးအေးရက်စက်တတ်သောလူလည်းဖြစ်လေ၏။ ကျန်လူ (၃)ယောက်၏အမည်များမှာ သာဒင်၊ လှအေးနှင့် ရှမ်းကြီးဟူ၍ဖြစ်လေ၏။ ၄င်းတို့မှာလည်း ထောင်ထွက်လူမိုက်များပင်ဖြစ်လေ၏။ ၄င်းတို့ (၄)ယောက်ရောက်လာကြသည်နှင့် သူဌေးကြီးဦးတိုက်စိုးက . . .

"ငှက်ကြီး. . . မင်းတို့လေးယောက် ဒီရက်ပိုင်းအတွင်း ငါ့အနီးနားမှာ အမြဲရှိပါစေ၊ ဘယ်တော့မှ အပြင်ထွက်တာမျိုး ငါမလိုချင်ဘူး၊ ကျန်တဲ့ကောင်တွေအားလုံးကိုလည်း တစ်ခါတည်းပြောထားလိုက်ကြ၊ (၂၄)နာရီအပြည့် ခြံထဲမှာအမြဲရှိနေပါစေလို့" ဟု ဆိုလိုက်လေရာ ငှက်ကြီးက "ကောင်းပါပြီဆရာကြီး၊ နောက် ဘာများပြောစရာ ရှိသေးပါသလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ သူဌေးကြီးဦးတိုက်စိုးက ခေတ္တစဉ်းစားဟန်ပြု၍. . .

"အေး. . . နောက်ပြီး ဒီကြားထဲမှာ ဘယ်လိုလူမျိုးနဲ့မှ ငါ မတွေ့ချင်ဘူး၊ ဒီရက်ပိုင်းအတွင်း ကုမ္ပဏီကလူတွေအားလုံးကိုလည်း အကြောင်းကြားထားလိုက်ကြ၊ အထူးသဖြင့် အခုလာမယ့်လပြည့်ညမှာ



မင်းတို့အားလုံး ငါ့နံဘေးကနေ ဘယ်မှမခွာကြဖို့ အရေးကြီးတယ်၊ နားလည်ကြရဲ့လား" ဟု ပြောဆိုလိုက်ပြန်လေရာ ငှက်ကြီးတို့လူစုသည်တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိကြလေ၏။ ထို့နောက်တွင်မှ သာဒင်ဆိုသူ ကတုံးဆံတောက်နှင့်လူက . . .

"လက်စသတ်တော့ ဆရာကြီးက မြို့ထဲကကောလဟာလသတင်းတွေကြောင့် စိတ်ပူနေတာကိုး ဟဲဟဲ၊ မပူပါနဲ့ ဆရာကြီးရယ်" ဟု ဆိုလိုက်လေလျှင် . . .

"တိတ်စမ်း သာဒင်၊ မင်းဘာမှမသိဘဲနဲ့ ဖြုတ်ဦးနှောက်လောက်ရှိတဲ့ခေါင်းလေးနဲ့ မိကျောင်းမင်းရေခင်းပြမနေနဲ့၊ ငါပြောတဲ့အတိုင်းသာလုပ်" ဟု သူဌေးကြီးဦးတိုက်စိုးက ဟောက်လိုက်လေ၏။ သာဒင်ဆိုသူမှာ ငြိမ်သွားလေ၏။ ထိုအခါ ငှက်ကြီးက သာဒင်အား တစ်ချက်ကြည့်၍ . . .

"မင်း တော်တော်လျှာရှည်တဲ့ကောင်ပဲ သာဒင်" ဟု ပြောကာ "စိတ်ချပါဆရာကြီး၊ ဆရာကြီးဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေ့မယ်" ဟု သူဌေးကြီးဦးတိုက်စိုးကို ပြောလိုက်လေတော့၏။

ဤသို့ဖြင့် လပြည့်ညရောက်သောအချိန်၌ကား ငှက်ကြီးတို့လူစုမှာ သူဌေးကြီးဦးတိုက်စိုး၏တိုက်အိမ်ကြီးအတွင်း၌ စောင့်ကြပ်လျက်ရှိလေတော့၏။ ထိုအခါ သူဌေးကြီးဦးတိုက်စိုး၏ခြံဝင်းကြီးတစ်ခုလုံးအတွင်း၌ လျှပ်စစ်မီးများကိုလည်း လင်းထိန်စွာထွန်းထား

www.burmeseclassic.com

www.burmeseclassic.com



ကြလေကုန်၏။ တိုက်အိမ်ကြီးအတွင်းသံလျှင်မကာ ခြံဝန်းကြီး၏နေရာတိုင်း၌လည်း သူဌေးကြီးဦးတိုက်စိုး၏တပည့်တပန်းများသည် နေရာမလပ်စောင့်ကြပ်လျှက်ရှိကြလေကုန်၏။ သို့ရာ၌ ည(၁၂)နာရီကျော်ခန့်ရှိသောအချိန်၌မူ ရုတ်တရက် မီးပုံးပျံတစ်လုံးကိုစီးခွဲလျှက် လူတစ်ယောက်သည် သူဌေးကြီးဦးတိုက်စိုး၏ တိုက်အိမ်ခေါင်မိုးထက်ဆီသို့ရောက်ရှိလာလေတော့၏။ ၎င်းသည် အနက်ရောင်သားရေဦးထုပ်ကြီးတစ်လုံးနှင့် အနက်ရောင်သားရေလောင်းကုတ်ရှည်ကြီးတစ်ထည်ကို ဝတ်ဆင်ထားလေ၏။

ထိုအခါ ၎င်းစီးဆွဲစီးလာသောအရာကြီးမှာ မီးပုံးပျံဟုဆိုခြင်းထက်ဓါတ်ငွေ့ပူပေါင်းပျံကြီးတစ်လုံးဟု ဆိုလျှင် ပို၍မှန်ပေမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ထိုအရာကြီးမှာ လေထီးမိုးကာစများဖြင့်ချုပ်လုပ်ထားပြီး အတွင်းမှ ဓါတ်ငွေ့များဖြည့်တင်း၍ ပျံတက်စေသောကိရိယာဆန်းကြီးတစ်ခု ဖြစ်နေခြင်းကြောင့်ပင်ဖြစ်လေ၏။ ထိုအချိန်တိုက်အိမ်ကြီးအောက်ဘက်ရှိ သူဌေးကြီးဦးတိုက်စိုး၏တပည့်များမှာထိုအချင်းအရာကို ရိပ်မိသိရှိကြခြင်းမရှိကြချေ။ ဓာတ်ငွေ့ပူပေါင်းပျံကြီးဖြင့် ရောက်ရှိလာသောလူမှာလည်း တိုက်အိမ်ခေါင်မိုးပေါ်သို့ခြေချမိလိုက်သည်နှင့် ၎င်း၏ပူပေါင်းကြီးအား ဓါတ်ငွေ့များကိုလျှော့ချလိုက်ကာ သွက်လက်စွာခေါက်သိမ်းလိုက်လေ၏။ ထို့မှ ကြောင်တစ်ကောင်၏ပေါ့ပါးခြင်းမျိုးဖြင့် တိုက်အိမ်ကြီးခေါင်မိုးပေါ်မှတဆင့် စီတွဲ၍ဆင်းကာ အပေါ်ထပ်ရှိဖွင့်ထားသော ပြူတင်းပေါက်တစ်ခုမှ အတွင်းသို့ဝင်ရောက်သွားလေတော့၏။ ထိုအခါ တိုက်အိမ်ကြီး၏ပိုင်ရှင်ဖြစ်သူသူဌေးကြီးဦးတိုက်စိုးမှာ အောက်ထပ်ရှိ ၎င်း၏တပည့်များနှင့် စကားများပြောဆိုလျှက်ရှိပေ၏။ ထို့နောက်မှ အတန်ကြာလေလျှင် သူဌေးကြီးဦးတိုက်စိုးက ညွှန်ခန်းနံရံတိုင်ကပ်နာရီကြီးကို တစ်ချက်လှမ်း၍ကြည့်လိုက်ပြီး . . .



"(၁၂) နာရီတောင်ကျော်သွားပြီပဲကွ၊ ငါ အပေါ်ထပ်ကိုတက်တော့မယ်၊ ငှက်ကြီးနဲ့သာဒင် မင်းတို့နှစ်ယောက် ငါနဲ့လိုက်ခဲ့ကြ၊ ဒီနေ့ည မင်းတို့နှစ်ယောက် အပေါ်ထပ်ကအခန်းမှာပဲ အိပ်ကြရမယ်" ဟု ပြောဆိုကာ ၎င်း၏တပည့်နှစ်ယောက်နှင့်အတူ အပေါ်ထပ်သို့တက်ရောက်သွားလေတော့၏။ အပေါ်ထပ်သို့ရောက်လေလျှင် သူဌေးကြီးဦးတိုက်စိုးက ငှက်ကြီးနှင့်သာဒင်တို့နှစ်ဦးအား ၎င်း၏အိပ်ခန်းနှင့်ကပ်လျက်အခန်းတစ်ခန်းကို ညွှန်ပြ၍ . . .

"မင်းတို့အိပ်ချင်ရင် ဒီအခန်းထဲမှာပဲအိပ်ကျ၊ ဒါပေမဲ့ နှစ်ယောက်စလုံး အိပ်လို့တော့မဖြစ်ဘူးနော်၊ တစ်ယောက်တစ်လဲချိန်းပြီး အိပ်ကြရမယ်၊ တစ်ယောက်ကတော့ အစောင့်အဖြစ် ရှိနေဦးမှဖြစ်မယ်ကွ" ဟု ဆိုလိုက်လေရာ ငှက်ကြီးက . . .

"စိတ်ချပါဆရာကြီးရယ်၊ ကျွန်တော်တို့နှစ်ယောက်စလုံး ဘယ်သူမှမအိပ်ကြပါဘူး၊ ဒီနေ့ည ဆရာကြီးအတွက် စောင့်ပေးရမှာပေါ့၊ ဟုတ်ဘူးလား သာဒင်" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ. . . ဒါပေါ့ ငှက်ကြီးရယ်၊ တို့ဆရာကြီးအတွက် စောင့်ဖပေးရမှာပေါ့ ဟဲဟဲ" ဟု သာဒင်ကလည်း ပြောလိုက်လေလျှင် သူဌေးကြီးဦးတိုက်စိုးက ၎င်း၏တပည့်နှစ်ဦးကို ကျေနပ်သောအမူအယာမျိုးဖြင့် ကြည့်၍ . . .

"ကောင်းတယ်ကွာ၊ မနက်မှ မင်းတို့ကို ဘောက်ဆူးပေးရဦးမယ်၊ အခုရော ဘာလိုအပ်တာရှိသေးလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ ငှက်ကြီးနှင့်သာဒင်တို့နှစ်ဦးစလုံးမှ . . .

"မ. . . မရှိတော့ပါဘူး ဆရာကြီး၊ အားလုံးပြည့်စုံပါတယ်၊ ကျွန်တော်တို့အားလုံး ဒီနေ့ည ဆရာကြီးကို တစ်ညလုံးစောင့်ပေးကြမှာပါ" ဟု ပြောဆိုလိုက်ကြလေ၏။ ထိုအခါ သူဌေးကြီးဦးတိုက်စိုးပြုံး၍ . . .

"ကောင်းပြီ၊ ဒါဆိုလည်း ငါ ခဏအနားယူလိုက်ဦးမယ်ကွာ၊ မင်းတို့သိပ်တော်တယ်" ဟုပြော၍ ၎င်း၏အခန်းတွင်းသို့ ဒယိမ်းဒယိုင်ဖြင့် ဝင်ရောက်သွားလေတော့၏။ အမှန်အားဖြင့် ၎င်းတို့အားလုံးလိုလိုမှာ ရေချိန်ကိုက်နေကြပြီဖြစ်၏။ သူဌေးကြီးဦးတိုက်စိုး အခန်းထဲသို့ဝင်သွားလေလျှင် သာဒင်က ငှက်ကြီးအား . . .

"ငှက်ကြီး ငါ အောက်က လက်ကျန်နည်းနည်းသွားယူလိုက်ဦးမယ်၊ မင်း ချဉ်းမှာမဟုတ်လား" ဟု ပြောလိုက်လေ၏။ ထိုအခါ ငှက်ကြီးကလည်း . . .



"ဟဲဟဲ. . . ချဉ်းမှာပေါ့ကွ၊ ခေါက်ဆွဲကြော်ပန်းကန်တွေပါ ယူခဲ့ကွာ၊ အပေါ်မှာ မင်းနဲ့ငါနဲ့ အေးအေးဆေးဆေးပေါ့ကွာ" ဟု ပြောလိုက်လေရာ သာဒင်က ငှက်ကြီးအား လက်မတစ်ချောင်းထောင်ပြ၍ အောက်ထပ်သို့ ပြန်၍ဆင်းသွားလေတော့၏။ ထိုအချိန် အိပ်ခန်းအတွင်းရောက်ရှိသွားသော သူဌေးကြီးဦးတိုက်စိုးမှာလည်း တစ်ခြံလုံး တစ်အိမ်လုံး စောင့်လျှက်ရှိသော မိမိ၏တပည့်များအပေါ် အားရကျေနပ်လျှက် ကုတင်ပေါ်သို့ ပက်လက်လှန်ကာ လဲလျောင်းလိုက်လေ၏။ ထိုခဏတွင်ပင် ကုတင်အောက်မှလူတစ်ယောက်သည် ရုတ်တရက်ထွက်လာကာ ၎င်းအား ခြောက်လုံးပြူးတစ်လက်ဖြင့် ချိန်ရွယ်လိုက်လေတော့၏။ သူဌေးကြီးဦးတိုက်စိုးမှာ မိမိအား သေနတ်ဖြင့်ချိန်ရွယ်ထားသောလူကို မြင်တွေ့လိုက်ရလေလျှင် အံ့ဩလွန်းသဖြင့် ပါးစပ်ကြီးဟ၍သွားရလေတော့၏။ ၎င်းမြင်တွေ့လိုက်ရသောလူမှာကား အနက်ရောင်သားရေမျက်နှာဖုံးတစ်ခုကို စွပ်ထားသည့် လူဆိုးကြီးမိုးမှောင်ဖြစ်နေခြင်းကြောင့်ပေတည်း။ ထိုအခိုက်တွင်ပင် လူဆိုးကြီးမိုးမှောင်က ၎င်း၏ပါးစပ်အတွင်းသို့ သေနတ်ပြောင်းကို ရုတ်တရက်ထိုးထည့်လိုက်လျှက် . . .

"ဟဲ. . . ဟဲ. . . သိပ်အံ့ဩနေလား ဦးတိုက်စိုး၊ ဟင်းဟင်း၊ ကျုပ်ကိုမှတ်မိပြီလား" ဟု ပြောလိုက်လေ၏။ သူဌေးကြီးဦးတိုက်စိုးက ခေါင်းကို အနည်းငယ်ညိတ်ပြလေ၏။ ထိုအခါ လူဆိုးကြီးမိုးမှောင်

www.burmeseclassic.com

www.burmeseclassic.com



က . . .

"ဘယ်လိုလဲ ဦးတိုက်စိုး၊ မဟူရာမိုးမှောင်ဆိုတဲ့လူဟာ ဘယ်တော့မှမသေတဲ့လူတစ်ယောက်ဆိုတာ ခင်ဗျားမသိဘူးလား၊ အခုခင်ဗျားကတော့ သေရတော့မယ်၊ သေရမှာပေါ့၊ ခင်ဗျားဟာ ကျုပ်ကိုသစ္စာဖောက် ညစ်ပတ်ပြီး အသေသတ်ခဲ့တဲ့လူပဲ၊ ကျု... ပေါ် ယုတ်မာခဲ့ကြတဲ့ခင်ဗျားတို့အဖွဲ့သားအားလုံးကို မရအောင်ပြည်မှိုရှာ ကျုပ်တာဝန်ပဲလေ ဟဲဟဲ" ဟုပြောဆိုရယ်မောလျှက် ရှုတ်တရက် ဖါးစပ်ထဲမှသေနတ်ကို ဆွဲထုတ်လိုက်ကာ ဦးတိုက်စိုး၏ နှလုံးသားနေရာတည့်တည့်ကို အနီးကပ်ချိန်ရွယ်၍ သေနတ်မောင်းခလုတ်ကို ညှစ်ချလိုက်လေတော့၏။

ထိုအခါ ဒိုင်းခနဲထွက်ပေါ်လာသော သေနတ်သံနှင့်အတူ သူဌေးကြီးဦးတိုက်စိုးမှာ တစ်ချက်မျှသာ တွန့်ခနဲလူးလျှက် အသက်ထွက်သွားလေတော့၏။ လူဆိုးကြီးမိုးမှောင်သည် သူဌေးကြီးဦးတိုက်စိုး အသက်ထွက်သွားသည်နှင့် ရင်ဘတ်ဒဏ်ရာမှထွက်လာသောသွေးများကို လက်ညှိုးဖြင့်တို့ယူကာ အလောင်း၏နဖူးထက်၌ 'မ'အက္ခရာကို ရေးဆွဲလိုက်လေ၏။

ထိုအချိန် အခန်းအပြင်ဘက်တွင်ရှိနေသော ငှက်ကြီးမှာလည်း ရုတ်တရက် မိမိတို့ဆရာကြီး၏အိပ်ခန်းထဲမှ သေနတ်သံတစ်ချက် ...က်ပေါ်လာခြင်းကြောင့် မေးစင်းလျှက်ရှိသောမျက်လုံးများသင် ပြူး၍



...သွားရလေတော့၏။ ထိုမှ သတိဝင်လာ...ျက် "ဆရာကြီး" ဟု ...ဟစ်ကာ အိပ်ခန်းဆီသို့ ပြေးခဲ့လေတော့၏။

သို့ရာ၌ အိပ်ခန်းတံခါးမှာ အတွင်းမှချက်ချထားခြင်းကြောင့် ...က်ဝတ်နှင့်ဖွင့်မရဘဲရှိနေစဉ် သေနတ်သံကြောင့် သာဒင်နှင့်အခြား ...များသည်လည်း ၄င်းရှိနေရာ အိမ်အပေါ်ထပ်ဆီသို့ ပြေးတက်၍ ...ကြကုန်လေ၏။ ထိုအချိန်၌ပင်လျှင် အတွင်းမှလူဆိုးကြီးမိုးမှောင် ...း ပွင့်လျှက်ရှိသော တံခါးမှတဆင့် အပြင်ဘက်သို့ ကြောင်တစ် ...ကောင်၏ လျှင်မြန်မှုမျိုးဖြင့်ထွက်လျှင် တံခါးချက်ကို အတည့်တိုင်း ...လှုပ်ပြီးလျှင် ခြေထောက်ဖြင့်ကန်ပိတ်ကာ လာလမ်းအတိုင်း ...ိုင်မိုးပေါ်သို့တက်ရောက်သွားပြီဖြစ်ပေ၏။ ငှက်ကြီးတို့လူစုမှာကား ...ိပ်ခန်းတံခါးကို လူအားဖြင့် တွန်းဖွင့်ကြလျှက် တံခါးပွင့်သွားသော ...၌မူ ကုတင်ပေါ်၌ သေနတ်ဒဏ်ရာကြီးဖြင့် သေဆုံးနေပြီဖြစ်သော ...ဌေးကြီးဦးတိုက်စိုး၏အလောင်းကြီးကို တွေ့မြင်လိုက်ကြလျှင် ...ကသေသာရှုက်၍ သွားကြလေတော့၏။

ထိုအချိန် တိုက်ခေါင်မိုးပေါ်ရှိ လူဆိုးကြီးမိုးမှောင်ကား ၄င်း၏ ...ငွေပူပေါင်းကြီးကို ဓါတ်ငွေ့များဖြည့်သွင်းလျှက် များမကြာမီတွင် ... လာခဲ့သည့်အတိုင်း ကောင်းကင်သို့ပျံတက်ကာ တိုက်အိမ်ကြီး ...မှ ထွက်ခွာသွားပြီဖြစ်ပေတော့သတည်း။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စီအိုင်ဒီစုံထောက်ကျော်တစ်စုမှာ လပြည့်ညရော တိုင်းဖြစ်နေသော လူသတ်မှုများကြောင့် လွန်စွာမှ စိတ်ညစ်နေကြ လေတော့၏။ ထိုအခါ နောက်ဆုံးဖြစ်ပွားသွားသော ကုက္ကိုင်းလမ်း သူဌေးကြီးဦးတိုက်စိုး အသတ်ခံရမှုမှာ (၇)ကြိမ်မြောက် လူသတ် ပင်ဖြစ်နေပြီဖြစ်၏။ ထို့ကြောင့်လည်း စုံထောက်မင်းကြီး မစ္စတ အိုဝင်စမစ်က . . .

"ဘယ်လိုလဲ ငရဲကောင်တွေ၊ သင်တို့အားလုံး လူသတ် တရားခံကို မဖမ်းပေးနိုင်ကြတော့ဘူးလား၊ ဒီအတိုင်းဆို ကျွန်ုပ်ကို တိုင်ထွက်စာတင်ပြီး အင်္ဂလန်ကိုပြန်ရတော့မယ်ထင်တယ်" ဟု တစ်မျိုး. . .



"အသုံးမကျတဲ့မြည်းသတ္တဝါတွေ၊ တကယ်ဆို လပြည့်ည လူသတ်ကောင်ဟာ ဟိုလူတွေအစား သင်တို့အားလုံးကို သတ်သွားဖို့ ကောင်းတာ" ဟူ၍တစ်လီ ကျွန်ုပ်တို့အား အမျိုးမျိုးအဖုံဖုံ ဆူပူ ကြိမ်းမဲနေလေတော့၏။ သို့ဖြစ်ရာ တစ်ရက်တွင် ကျွန်ုပ်က ဘာမထိ ဦးအောင်ကြီးအား . . .

"ဒုက္ခပါပဲဗျာ၊ ဒီဝိညာဉ်လိုလို တစ္ဆေလိုလို လူသတ်သမားနဲ့ တော့ ကျုပ်တို့ အလုပ်ပြုတ်တော့မှာကျိန်းသေနေပြီ၊ ကျုပ်တို့ မင်းကြီးလည်း ဒေါသထွက်တာမပြောနဲ့၊ အခုချိန်ထိ ကျုပ်တို့ဘက် ကလည်းဘာတစ်ခုလေးမှကို လုပ်မပေးနိုင်ကြတာကိုးဗျ" ဟု ပြော ပြီးညည်းညူလိုက်လေရာ ဘာမထိဦးအောင်ကြီးမှလည်း . . .

"ဟုတ်ပါ့ဗျာ၊ ဒီတစ်ခါတော့ ကျုပ်တို့လူ ကိုမြတ်နှင်းကြီးလည်း ဘာမှမတတ်နိုင်တော့ဘူးနဲ့တူတယ်၊ ရုံးမှာတောင် သူ့မျက်နှာကို မြင်ရတာ အတော်ကြာပြီ" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ် က. . .

"မမြင်ဆို ဒီလူလည်း ရန်ကုန်နဲ့ပဲခူး သွားလိုက်ပြန်လိုက်နဲ့ ဘာတွေအလုပ်ရှုပ်နေမှန်းကို မသိဘူးဗျို့၊ ဟိုတစ်နေ့ကတော့ မင်းကြီးကလည်း သူ့ကိုမေးတယ်ဗျ" ဟု ပြောလိုက်လေလျှင် . . .

"ဘာတွေမေးတုန်းဗျ" ဟု ဘာမထိဦးအောင်ကြီးက ကျွန်ုပ် ကိုမေးလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း အောက်ပါအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်လေ၏။

"ဘာမေးလဲဆိုတော့ ဂစ်ဖတက် အိုင်အိုမြတ်နှင်းတဲ့၊ လပြည့် ညတိုင်းဖြစ်နေတဲ့ လူသတ်မှုတွေကို သင်ရော ဘာမှမတတ်နိုင်တော့ ဘူးလားလို့ မင်းကြီးကမေးတယ်ဗျ"

"ဟုတ်လား. . . ဒီတော့ ကိုမြတ်နှင်းကရော ဘာပြန်ပြောလဲ ဗျ"

"အဲဒီတော့ အိုင်အိုမြတ်နှင်းက "ကျုပ် ဘာမှမတတ်နိုင်ဘူး ဆိုတာ ဘာမှမရှိဘူး၊ မကြာခင် ဒီလူသတ်မှုတွေရဲ့တရားခံကို အားလုံးအမြင်ရှင်းလင်းသွားအောင် ကျုပ် ဖော်ထုတ်ပေးပါ့မယ်လို့ ပြန်ပြောတယ်ဗျ"

"အင်း. . . ဒီတစ်ခါတော့ ကိုမြတ်နှင်းစကားက အဆန်းပါ လားဗျ၊ အရင်တုန်းကဆို တရားခံကို အမိဖမ်းပေးမယ်ဆိုတာမျိုး ပြောတာ၊ အခု ဘယ်လိုဖြစ်တာလဲဗျ"

"ကျုပ်လည်း အဲဒါပြောမလို့ပဲဗျ၊ ကျုပ်တို့လူ ကိုမြတ်နှင်းက မင်းကြီးကို အဲသလိုပြောပြီးထွက်သွားတာ အခုထိ သူ့မျက်နှာကို ကျုပ်မတွေ့ရတော့တာ၊ ဒီတစ်ခါ လူသတ်မှုတွေက ထူးဆန်းသလို အိုင်အိုမြတ်နှင်း ပြောပုံလုပ်နေပုံတွေကလည်း ထူးခြားနေတယ်ဗျို့"

ကျွန်ုပ်နှင့် ဘာမထီဦးအောင်ကြီးကို့သည် အထက်ပါအတိုင်း စကား များပြောဆိုကြလျက် စီအိုင်ဒီရုံးရှေ့ရှိ လက်ဖက်ရည်ဆိုင်ဘက်သို့



ထွက်လာခဲ့ကြလေ၏။ ထိုအချိန်၌ပင် ရုံးဝန်းထဲသို့ အရှိန်ပြင်းစွာ ချိုးကွေ့ဝင်လာသော ဂျစ်ကားတစ်စီးကို တွေ့မြင်လိုက်ကြရလေရာ ကျွန်ုပ်တို့မှာ လမ်းဘေးသို့ ကပျာကယာ ရှောင်တိမ်းပေးလိုက်ကြ ရလေ၏။

ဂျစ်ကားမှာ ကျွန်ုပ်တို့ဘေးမှ ဝူးခနဲဖြတ်ကျော်သွားလျှက် စီ အိုင်ဒီရုံးရှေ့တွင် ရပ်တန့်သွားလေ၏။ ကျွန်ုပ်တို့လည်း ဂျစ်ကားမောင်း လာသူကို မကျေမနပ်ဖြင့် လှမ်း၍ကြည့်လိုက်မိကြလေ၏။ ထိုအခါ ဂျစ်ကားမောင်းလာသူမှာ ကျွန်ုပ်တို့၏မိတ်ဆွေကြီး အိုင်အိုမြတ်နှင်း ဖြစ်နေကြောင်း အံ့သြဖွယ် တွေ့မြင်လိုက်ရလေရာ ကျွန်ုပ်တို့မှာ လက်ဖက်ရည်ဆိုင်ဘက်သို့လှမ်းနေကြသည့်ခြေလှမ်းများ ရပ်တန့် သွားကြရလေတော့၏။ ကျွန်ုပ်တို့လည်း ဝမ်းသာအားရဖြင့် ဂျစ်ကား ဆီသို့ ပြန်ပြေးခဲ့ကြရလေ၏။ ထိုအချိန် အိုင်အိုမြတ်နှင်းသည် ဂျစ်ကားပေါ်မှ လူတစ်ယောက်နှင့်အတူ ဆင်းလာလေ၏။ ကျွန်ုပ်တို့ လည်း ၎င်းတို့ရှိရာသို့ အပြေးအလွှားသွားရောက်၍ "ဗျို့ အိုင်ဆေး ကိုမြတ်နှင်း" ဟု နှုတ်ဆက်လိုက်ကြလေ၏။

ထိုအခါ အိုင်အိုမြတ်နှင်းနှင့်အတူဆင်းလာသော လူကိုလည်း ကျွန်ုပ်တို့မှ အကဲခတ်ကြည့်ရှုလိုက်ကြသည်ဖြစ်ရာ ထိုလူမှာ ရုပ်ဆိုးစွာ ပုအကြည့်ရဆိုးသည့် လူကြီးတစ်ယောက်ဖြစ်မှန်း အံ့သြစွာတွေ့မြင် လိုက်ကြရလေတော့၏။ ၎င်းလူမှာ ဖျော၌ ဘုကြီးတစ်လုံးရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သော ခါးကုန်းကြီးတစ်ယောက်ဖြစ်သည့်အပြင် ဘီလူးသဘက်တမျှ ဆိုးရွားလှသော ရုပ်ရည်မျိုးသည်လည်းရှိလေ၏။ ထိုစဉ် အိုင်အို မြတ်နှင်းက ကျွန်ုပ်တို့နှစ်ယောက်အား . . .

"အိုင်ပီနဲ့ ဦးအောင်ကြီးတို့ရေ ဟောဒီမှာ ကျွဲချိုပိုင်ရှင်ကြီး ကတော့ ကျွန်တော်နဲ့အတူပါလာပြီဗျို့၊ ပဲခူးက ဟိုအိမ်ကြီးမှာ လပြည့်ညတိုင်းကြားကြားနေရတဲ့ ကျွဲချိုမှုတ်သံကြီးဟာ သူ့လက်ချက်ပေါ့၊ ဒီပုဂ္ဂိုလ်ကြီးနာမည်က ဦးတာနောလို့ခေါ်တယ်" ဟု ပြောလိုက်လေ၏။ ဦးတာနောဟူသော ခါးကုန်းကြီးက အိုင်အိုမြတ်နှင်းအား မကျေမချမ်းဖြင့် ကြည့်ရှုနေလေ၏။ ကျွန်ုပ်တို့မှာမူ အိုင်အိုမြတ်နှင်း၏စကားကြောင့် အံ့ဩသွားကြလေကုန်၏။ ထို့နောက်တွင်မှ အိုင်အိုမြတ်နှင်းက ဦးတာနောဟူသည့် ခါးကုန်းကြီးအား စုံထောက်မင်းကြီးရုံးခန်းဆီသို့ ခေါ်ဆောင်သွားပြီးလျှင် စုံထောက်မင်းကြီး မစ္စတာအိုဝင်စမစ်အား အောက်ပါအဓိပ္ပါယ်ရသော အင်္ဂလိပ်စကားဖြင့်ပြောလိုက်လေ၏။

"အိုင်အိုမြတ်နှင်းရာဇဝင်မှာ မလုပ်နိုင်ဘူးဆိုတာ ဘာမှမရှိပါဘူး၊ ဟောဒီလူကတော့ ဦးတာနောလို့ခေါ်ပါတယ်၊ ပဲခူးမြို့ မြို့ပြင်က သရဲခြောက်တယ်လို့နာမည်ကြီးနေတဲ့အိမ်ကြီးမှာ လပြည့်ညတိုင်း ခွေးမည်းကြီးတစ်ကောင်နဲ့အတူ အလွန်ပဲ တုန်လှုပ်စရာကောင်း လွန်းလှတဲ့ ကျွဲချိုမှုတ်သံကြီးကို ဖန်တီးနေတဲ့လူပဲ၊ သူဟာ အ



လူသတ်မှုတွေရဲ့ တရားခံဖြစ်ခဲ့တဲ့ လူဆိုးကြီးမိုးမှောင်နဲ့ နှစ်ပေါင်းများစွာ အတူနေထိုင်ခဲ့တဲ့လူဖြစ်သလို အခု လူသတ်မှုတွေမှာလည်း လူဆိုးကြီးမိုးမှောင်ကို တစ်ဘက်ကနေ ကူညီပေးနေတဲ့လူလည်း ဖြစ်ပါတယ်" ဟူ၍ဖြစ်ပေ၏။ အိုင်အိုမြတ်နှင်း၏စကားကြောင့် စုံထောက်မင်းကြီး မစ္စတာအိုဝင်စမစ်မှာ ပါးစပ်ကြီးဟ၍သွားလေ၏။ ပြီးမှ . . .

"အိုးဂေါ့ဒ် . . . ဒီလိုမျိုး အခုလူသတ်မှုတရားခံဟာ လူတွေပြောနေကြတဲ့ လူဆိုးကြီးမိုးမှောင်ဆိုတဲ့လူ အမှန်ပဲဖြစ်နေပြီပေါ့၊ အိုးမိုင်ဂေါ့ဒ် မယုံကြည်နိုင်စရာပါပဲလား၊ ဒါဆို သူဟာ သေရာကနေ ပြန်ပြီးအသက်ဝင်လာခဲ့တဲ့ မိစ္ဆာဝိညာဉ်ကောင်တစ်ကောင်ပေါ့" ဟု ဆိုလိုက်လေရာ . . .

"မဟုတ်ပါဘူး မစ္စတာအိုဝင်စမစ်၊ လောကမှာ သေပြီးမှပြန်ရှင်လာတဲ့လူဆိုတာ မရှိပါဘူး၊ ဒါဟာ အတော့်ကို အဓိပ္ပါယ်မဲ့တဲ့ စကားတွေပါ" ဟု အိုင်အိုမြတ်နှင်းက ပြောလိုက်စဉ်ပင် ငြိမ်သက်စွာနားထောင်လျက်ရှိသော ခါးကုန်းကြီးဦးတာနောထံမှ ကျက်သရေကင်းမဲ့လှသော ရယ်သံကြီးတစ်ခုထွက်ပေါ်လာလျက် . . .

"ဟား . . . ဟား . . . ဟီး . . . ဟီး . . . သေရာကနေပြန်ရှင်လာဘူးလို့ ဘယ်သူပြောသလဲ၊ ကျုပ်ဆရာ မဟူရာမိုးမှောင်ဟာ သေရာကနေ ပြန်ရှင်လာတဲ့လူအစစ်ပဲ၊ မယုံရင်တော့ ပုံပြင်သာ

www.burmeseclassic.com

www.burmeseclassic.com



မှတ်လိုက်ကြပေ့ါ၊ ဟား. . . ဟား. . . ဟား. . . ဟား. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး'' ဟု အသံပြာကြီးဖြင့် ပြောဆိုရယ်မောလိုက်ပြန်လေ၏။ မစ္စတာအိုဝင်စမစ်က ဦးတာနောကြီးအား အံ့သြစွာကြည့်ရှု၍. . .

"သူ ဘာတွေပြောနေသလဲ အိုင်အိုမြတ်နှင်း'' ဟု မေးမြန်းလိုက်လေရာ အိုင်အိုမြတ်နှင်းက . . .

"အလကားပါ မစ္စတာအိုဝင်စမစ်၊ သူဟာ သနားစရာကောင်းတဲ့ လူတစ်ယောက်ပါ၊ ဒီအကြောင်းတွေကို ပြီးမှ ကျုပ်ပြောပြပါ့မယ်'' ဟု ပြောဆို၍ ဦးတာနောကြီးအား မင်းကြီးရုံးခန်းအတွင်းမှ ခေါ်ထုတ်သွားခဲ့လေတော့၏။ ထို့မှ အိုင်အိုမြတ်နှင်း၏ စေခိုင်းချက်အရ ခါးကုန်းကြီးဦးတာနောအား စီအိုင်ဒီအချုပ်ခန်းထဲတွင်ပင် ချုပ်ထားလိုက်ပြီးလျှင် အိုင်အိုမြတ်နှင်းက . . .

"ကဲ. . . အိုင်ပီရေ ဆိုင်တစ်ဆိုင်သွားပြီး တစ်ခုခုသွားစားကြရအောင်ဗျာ၊ မနက်ကတည်းက ကျွန်တော် ဘာမှမစားခဲ့ရသေးလို့ ဗိုက်ထဲမှာ ဆာနေတာပဲ'' ဟုဆိုသဖြင့် ကျွန်ုပ်တို့လည်း ၄င်းနှင့်အတူ စီအိုင်ဒီမှထွက်ခဲ့ကြလေ၏။ ကျွန်ုပ်တို့သည် မအူကုန်းဂျစ်တီးထမင်းဆိုင်သို့သွားရောက်၍ ထမင်းများစားသောက်ခဲ့ကြလေ၏။ ထိုအခါမှ ကျွန်ုပ်နှင့် ဘာမထိဦးအောင်ကြီးတို့မှ . . .

"အိုင်ဆေး ကိုမြတ်နှင်း ကျုပ်တို့တော့ ဘာမှနားမလည်



တော့ဘူးဗျို့ ရှင်းပြပါဦး'' ဟု ပြောဆိုမေးမြန်းလိုက်လေရာ အိုင်အိုမြတ်နှင်းက အောက်ပါအတိုင်း ရှင်းပြလေတော့၏။

"ဒီလိုဗျ အိုင်ပီတို့ရ၊ ကျွန်တော်တို့ ပဲခူးက ဟိုအိမ်ကြီးကို ရာဇဝတ်အုပ်ကိုစိန်မြင့်နဲ့အတူ သွားဖမ်းကြတုန်းက ကျည်ဆံပေါက်ရာတစ်ခုနဲ့ လောင်းကုတ်အကျႌကြီးတစ်ထည် ရခဲ့ကြတယ်မဟုတ်လား၊ အဲဒီတုန်းက ကျွန်တော်လည်း တော်တော်တော့ အံ့သြခဲ့ရတယ်၊ ကျည်ဆံပေါက်ရာကြီးက ကျောလည်တည့်တည့်မှာပဲ၊ ဒါကို ဒီလူမသေဘဲ ထွက်ပြေးလွတ်မြောက်သွားတယ်ဆိုတော့ စဉ်းစားလို့တောင်မရဘူး၊ ဒါပေမဲ့ ဘာပဲပြောပြော ဒီလူဟာ လောလောဆယ် အသက်ပြင်းလို့မသေပေမယ့် တစ်နေ့ရာရာရောက်ရင်တော့ သေမှာပဲလို့ အဲဒီတုန်းက ကျွန်တော်က တွက်လိုက်မိတာကိုး၊ ဒါကြောင့်လည်း အဲဒီတုန်းက ကျွန်တော် အိုင်ပီတို့ကို လိုက်မရှာကြဖို့ပြောခဲ့တာပဲ၊ နောက် ကျွန်တော်တို့ပြန်ခဲ့ကြတော့ ဟိုမှာက ဦးသိန်းဇံ အသတ်ခံနေရပြီလေဗျာ၊ အဲဒီ့မှာ လူသတ်သမားဟာ စောစောကဒဏ်ရာရသွားတဲ့လူမဟုတ်ဘဲ အခြားတစ်ယောက်ဆိုတာ ကျွန်တော်သိလိုက်ပြီ၊ ဒီလူဟာ ကျွန်တော်တို့ပစ်လိုက်တဲ့ လူကို အိမ်ကြီးဆီမှာအရောင်ပြထားပြီး နောက်ပိုင်းကနေဝင်သတ်သွားတာဗျ၊ ဒီလိုဆိုတော့ လူသတ်သမားနဲ့ ဒဏ်ရာရသွားတဲ့လူဟာအဆက်စပ်ရှိကိုရှိပြီဆိုတာ ကျွန်တော်သိရပြန်တယ်၊ နောက် ဒဏ်ရာရသွား

www.burmeseclassic.com

www.burmeseclassic.com



တဲ့လူဟာ ကျွန်တော်တို့ ဒီလောက်ဝိုင်းထားတဲ့ကြားက လွတ်အောင် ထွက်ပြေးသွားနိုင်တာကိုကြည့်ပြီး ဒီလူဟာ ရိုးပြတ်တောကြီးပတ်ဝန်းကျင်မှာ ကျင်လည်ကျွမ်းကျင်နေတဲ့လူတစ်ယောက်ပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော်တွေးမိတယ်၊ အဲဒီနောက်တော့ ကျွန်တော်တို့ ရန်ကုန်ကို ပြန်ခဲ့ကြရတယ်မဟုတ်လား။ အဲဒီမှာ မင်္ဂလာဒုံဘက်က ဦးဘကျော်ဟာလည်းပဲ ဦးသိန်းဖေအသတ်ခံလိုက်ရတဲ့ လပြည့်ညတစ်ညတည်းမှာ အသတ်ခံလိုက်ရတာပဲမဟုတ်လား၊ အိုင်ပီရဲ့၊ လူသတ်သမားဟာ ဦးသိန်းဖေကိုသတ်ပြီး တစ်ခါတည်း ရန်ကုန်ဆင်းလာပြီး ဦးဘကျော်ကိုသတ်သွားတာလေဗျာ၊ ဒီတစ်ချက်ကလည်း လူသတ်သမားဟာ ဒဏ်ရာရသွားတဲ့လူမဟုတ်ဘူးဆိုတာ ပိုပြီးခိုင်မာသွားရတာပေါ့၊ ဒဏ်ရာကြီးနဲ့လူတစ်ယောက်ဟာ ချက်ချင်းကြီး နောက်ထပ်လူတစ်ယောက် သတ်နိုင်ဖို့ဆိုတာ လုံးဝမှမဖြစ်နိုင်တဲ့ကိစ္စပဲ အိုင်ပီတို့ရဲ့၊ နောက်တော့ လပြည့်ညတိုင်း လူသတ်မှုတွေဆက်ဖြစ်တယ်ဗျာ၊ ဖြစ်တဲ့ပုံစံတွေကလည်း တစ်ပုံစံတည်းပဲ၊ နောက်ပြီး အသတ်ခံရတဲ့လူတိုင်းဟာ အရင်တုန်းက ကြောင်နက်ဂိုဏ်းသားဟောင်းတွေချည်းပဲဖြစ်နေတယ် မဟုတ်လား၊ အဲဒီမှာ အခြားပုလိပ်အဖွဲ့တွေနဲ့ အိုင်ပီတို့က သေသွားတဲ့ လူဆိုးကြီးမိုးမှောင်ရဲ့ရာဇဝင်ဟောင်းကို လိုက်ကြတယ်၊ သူ့အလောင်းကိုတောင် ရှာဖွေပြီးတူးကြည့်ခဲ့ကြတာမဟုတ်လား၊ အဲဒီအချိန် ကျွန်တော်က ဒဏ်ရာရသွားတဲ့လူနောက်လိုက်နေတာ၊ ပထမ



ကျွန်တော်က ဒီလူသေမှာပဲလို့ထင်ပြီး အနီးနားကပတ်ဝန်းကျင်ရွာတွေမှာ လိုက်စုံစမ်းရင်းနဲ့ အဲဒီမှာ အချိန်တွေကြာသွားတာ၊ အဲဒီလိုဖြစ်ရတာကလည်း ကျွန်တော် နည်းနည်းပေါ့လျော့သွားလို့ဗျ၊ ကျွန်တော့်ခေါင်းထဲမှာ အဲဒီညတုန်းက သူနဲ့အတူပါတဲ့ ခွေးမည်းကြီးကို မေ့ထားခဲ့တာလေဗျာ၊ တကယ်ဆို ဒါဟာ အရေးကြီးတဲ့ ထူးခြားချက်တစ်ခုဖြစ်နေမှာပဲ၊ ပြီးမှ အဲဒါကို ကျွန်တော် သွားပြီးအမှတ်ရခဲ့တာ၊ ကျွန်တော်အမှတ်ရလိုက်တဲ့အချိန်ဟာ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကျွန်တော်ရုပ်ဖျက်ပြီးတည်းနေတဲ့အချိန်ဗျ၊ ဖြစ်ချင်တော့ အခု ကျွန်တော်ဖမ်းလာခဲ့တဲ့ဦးတာနောကြီးဟာ အဲဒီဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးလုပ်နေတာဗျ၊ ဒါပေမဲ့ အဲဒီအချိန်ထိ သူ့ကို ကျွန်တော် သံသယမဖြစ်မိသေးဘူးဗျ၊ ဒါပေမဲ့ တစ်နေ့ ဆွမ်းစားအပြီးမှာ ဦးပဥ္ဇင်းတစ်ပါးက ပိုတဲ့ဆွမ်းထမင်းအကျန်တွေကို ခွေးတွေကျွေးရင်း ဦးတာနောကြီးကို . . .

"တာနောကြီးရေ ငါတော့ ခွေးတွေကိုကျွေးတိုင်း မည်းကြီးကိုသိပ်သတိရတော့ပဲ" လို့ ပြောတာကိုးဗျ၊ ဒါနဲ့ ကျွန်တော်က အဲဒီဦးပဥ္ဇင်းကို . . .

"မည်းကြီးဆိုတာ ဘယ်သူလဲဘုရား" လို့မေးမိလိုက်တယ်၊ အဲဒီမှာ ဦးပဥ္ဇင်းက . . .

"မည်းကြီးဆိုတာ ဦးပဥ္ဇင်းတို့ကျောင်းက ခွေးကြီးပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်လိမ္မာတဲ့ကောင်ကြီးဒကာရဲ့'' လို့ဆိုပြီး ဦးတာနောကြီးနဲ့ အတူ ပါလာခဲ့တဲ့ခွေးကြီးဖြစ်ကြောင်း လူကြီးတစ်ယောက်နီးပါး အသိဉာဏ်ရှိ အကင်းပါးတဲ့အကြောင်းတွေပြောပြပြီး ပြီးခဲ့တဲ့သုံးလေးလလောက်ကမှ သေသွားခဲ့ရတဲ့အကြောင်းပါ ပြောပြတာကို၊ အဲဒီတော့မှ ကျွန်တော်လည်း မျှော်လင့်ချက်ကလေးပေါက်ခနဲဖြစ်သွားပြီး မည်းကြီး ဘယ်လိုသေသွားတဲ့အကြောင်းမေးတော့ ဦးပဉ္ဇင်းက . . .

''အဲဒီတုန်းက ဦးပဉ္ဇင်းတို့လည်းစဉ်းစားမရဖြစ်ခဲ့ကြရတာ၊ ဘယ့်နှယ့် ဒီလောက်လိမ္မာတဲ့ခွေးကြီးကို လယ်လိုလူမျိုးက သတ်သွားသလဲမသိပါဘူး၊ မနက်လင်းတော့ မည်းကြီးကို ဒဏ်ရာကြီးတစ်ခုနဲ့ သေနေတာတွေ့ရတာပဲ၊ ဦးပဉ္ဇင်းလည်း ငယ်ငယ်တုန်းက မုဆိုးအလုပ်တွေလုပ်ခဲ့ဖူးတော့ မည်းကြီးဒဏ်ရာဟာ သေနတ်ဒဏ်ရာဆိုတာသိတာပေါ့၊ ဒါပေမဲ့ ကျောင်းထိုင်ဆရာတော်ကြီးနဲ့ ကျန်ကိုယ်တော်တွေအားလုံးကပါ သေနတ်နဲ့ပစ်သွားရင် သေနတ်သံကြားရမှာပေါ့၊ မဖြစ်နိုင်ဘူး၊ ဒါ ဝါးချွန်နဲ့ထိုးသွားတဲ့ဒဏ်ရာလို့ ဝိုင်းပြောကြတော့ ဦးပဉ္ဇင်းလည်း ဘာမှမပြောတော့ဘူး၊ ဖြစ်ချင်တော့ အဲဒီညက ဒီတာနောကြီးကလည်း ကိုယ်တွေ့ပူအဖျားတွေတက်ပြီး သူ ဘာမှမသိလိုက်ဘူးလေ'' လို့ပြောတယ်ဗျ၊ အဲဒီတော့မှ ကျွန်တော်လည်း မျက်စိထဲမှာ ပေါင်းကုဘ်အင်္ဂလိပ်ကျောင်းဘည်တည့်က ကျည်ဆန်ပေါက်ရာရယ်၊ ဦးတာနောကျောက်ဘူကြီးရယ်၊ သေနတ်ဒဏ်ရာနဲ့သေသွား



တယ်ဆိုတဲ့ ခွေးမည်းမည်းကြီးရယ် တစ်ခုချင်းမြင်လာပြီး သေချာအောင်လို့ အဲဒီ ဦးပဉ္ဇင်းကို . . .

''မည်းကြီးအသတ်ခံလိုက်ရတဲ့ညက လပြည့်ညမဟုတ်လားဘုရား''လို့ မေးလိုက်တယ်ဗျ၊ ဒီတော့ ဦးပဉ္ဇင်းကလည်း စဉ်းစားပြီး . . .

''ဟုတ်တယ်၊ လပြည့်ညပဲ၊ ဦးပဉ္ဇင်း ကောင်းကောင်းမှတ်မိတယ်၊ ဒါနဲ့ ဒကာကြီးက လပြည့်ညမှန်း ဘယ်လိုလုပ်သိနေတာတုန်း'' လို့လဲမေးရော . . .

''ကျွန်တော် ဦးတာနောကြီးကို သေနတ်နဲ့ချိန်ပြီး သူ့အကျီကိုချွတ်ခိုင်းလိုက်တော့တာပဲ၊ အဲဒီမှာ ထင်တဲ့အတိုင်းပဲ၊ သူ့ကျောကုန်းကဘူကြီးမှာ သေနတ်ဒဏ်ရာ အနာရွတ်ကြီး တွေ့ရတော့တာပဲ၊ အဲဒီတော့မှ ကျွန်တော်လည်း ဦးပဉ္ဇင်းနဲ့ ကျောင်းထိုင်ဆရာတော်ကြီးကို အကျိုးအကြောင်းအဖြစ်မှန်အတိုင်းလျှောက်ပြီး ဦးတာနောကြီးကို ဖမ်းခေါ်လာခဲ့တော့တာပဲ အိုင်ပီရေ၊ ဒါပေမဲ့ ဦးတာနောကြီးက ကျပ်မပြည့်တဲ့လူကြီးဗျ၊ သူ့ဆီက ကျွဲချိုကြီးလည်းတွေ့ရတယ်၊ ပြီးတော့ အိုင်ပီတို့မြင်တဲ့အတိုင်းပဲ၊ သူဟာ လူဆိုးကြီးပိုးမှာင်ဟာ သေရာကနေပြန်ရှင်လာပြီး သူ့ဆီကို ပြန်ရောက်လာတဲ့အကြောင်းတွေ၊ သူဟာ လပြည့်ညတိုင်း သူ့ဆရာရဲ့ဝိညာဉ်ကိုရှာတေးသွားလို့ခေါ်တဲ့ ကျွဲချိုမှုတ်သံကြီးမှုတ်ပြီး ပြန်လာဖို့ခေါ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ သူနဲ့အတူ ခွေးမည်းကြီးတို့ဟာ လပြည့်ညတိုင်း သူ့ဆရာ လူဆိုးကြီးမိုးမှောင်ရဲ့အိမ်ကြီးကိုသွားရောက်ပြီး မရဏတေးသံကို သီကျူးခဲ့ကြတဲ့အကြောင်းတွေကို ပြောပြတော့တာပဲ၊ ကျွန်တော့်အထင်တော့ လူသတ်သမားဟာ သူ့ကို နည်းတစ်ခုခုနဲ့ ချုပ်ကိုင်ထားတာပဲ ဖြစ်မယ်လို့ထင်တယ်ဗျ၊ သူကတော့ အခု လူသတ်မှုတွေအားလုံးဟာ သူ့ဆရာ လူဆိုးကြီးမိုးမှောင်ဟာ သေရွာကနေပြန်လာပြီး လက်စားချေတာဖြစ်တဲ့အကြောင်း ခိုင်အမာပြောနေတယ်၊ ဒီပြင်တော့ သူဘာမှသိပုံမရဘူးဗျ၊ ဆိုလိုတာကဗျာ သူ့ဆရာ လူဆိုးကြီးမိုးမှောင်လို့ သူယုံကြည်နေတဲ့လူသတ်သမားဟာ ဘယ်မှာနေတယ်၊ ဘယ်မှာရှိတယ်ဆိုတာကို သူလည်း အတိအကျမပြောနိုင်ဘူး၊ ပြီးတော့ နဂိုကတည်းက ကျပ်မပြည့်တဲ့လူဆိုတော့ ပိုဂိုးတာပေါ့ဗျာ'' ဟုပြောကာ အိုင်အိုမြတ်နှင်းက ရှည်လျားစွာပြောပြလျှက် စကားကို အဆုံးသတ်လိုက်လေတော့၏။ ထိုအခါ ဘာမထိဦးအောင်ကြီးက . . .

''ဒီလိုဆို လူသတ်သမားကိုဖမ်းမိဖို့ မလွယ်သေးဘူးပေါ့ဟုတ်လား ကိုမြတ်နှင်း'' ဟု မေးမြန်းလိုက်လေရာ အိုင်အိုမြတ်နှင်းက . . .

''လောလောဆယ်တော့ ဒီလိုပဲ ပြောရမလိုဖြစ်နေတာပေါ့ဗျာ၊ ဒါပေမဲ့ ဦးတာနေ့ာကြီး ကျွန်တော်တို့လက်ထဲရောက်လာပြီဆိုတော့




အခြေအနေတစ်ခုခုတော့ ထူးခြားလာပါလိမ့်မယ်ဗျာ'' ဟုပြော၍ ကျွန်ုပ်တို့မှာ ထမင်းဆိုင်မှ ပြန်ခဲ့ကြရလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ပဏ္ဏာမဝန်ခံချက်နိဒါန်း





အိုင်အိုမြတ်နှင်းပြောခဲ့သည့်အတိုင်းပင် အခြေအနေများမှာ ထူးခြားလာသည်ဟု ဆိုနိုင်ပေတော့၏။ အဘယ့်ကြောင့်ဆိုသော် လပြည့်ညတိုင်းဖြစ်ပေါ်နေသော လူသတ်မှုများသည် ဦးတာနောကြီးအား ဖမ်းမိပြီးသည့်အချိန်မှစ၍ ထူးဆန်းစွာ ရပ်တန့်သွားခြင်းကြောင့်ပင် ဖြစ်ပေတော့၏။ ထိုမှ လပြည့်(၂)ပတ်ကျော်သည်အထိ နောက်ထပ် လူသတ်မှုများဖြစ်ပေါ်ခြင်းမရှိတော့ဘဲ နောက်ပိုင်း၌မူ လုံးဝ အေးချမ်းသွားလေတော့ရာ ကျွန်ုပ်တို့ပုလိပ်အဖွဲ့များမှာ အံ့သြဝမ်းသာလျက် ရှိနေကြလေတော့၏။

သို့ရာ၌ ထိုအချိန်တွင်ပင် လူတစ်ယောက်သည် ကျွန်ုပ်တို့ စီအိုင်ဒီသို့ရောက်ရှိလာလျက် လပြည့်ညတိုင်း ကြောက်မက်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုများကိုကျူးလွန်နေသည့် လူသတ်တရားခံအား ဖွင့်ဟဖော်ထုတ်လာခဲ့လေတော့၏။ ၎င်း၏ဖွင့်ဟဝန်ခံချက်များကြောင့် ကျွန်ုပ်တို့ ပုလိပ်အဖွဲ့များမှာ အံ့ဩတုန်လှုပ်သွားကြရလေကုန်၏။ ထိုအခါ ၎င်း၏ ဖွင့်ဟဝန်ခံချက်များမှာ လွန်စွာမှ တုန်လှုပ်ဖွယ်ကောင်းလှပေတော့၏၊ လွန်စွာမှလည်း ထူးဆန်း၍ အံ့ဩစရာကောင်းလွန်းလှပေ၏။ ထိုမှ သာမန်အဖြစ်အပျက်များထက် ထူးခြားဆန်းကြယ်၍ ထိတ်လန့်မယုံကြည်နိုင်ဖွယ် အဖြစ်အပျက်ကြီးတစ်ခုလည်း ဖြစ်၍နေလေတော့ရာ စင်စစ်အားဖြင့် ထိုအကြောင်းအရာများသည်သာလျှင် ယခု ကျွန်ုပ်ရေးသားဖော်ပြလျက်ရှိသော အိုင်အိုမြတ်နှင်းနှင့်တစ္ဆေလူသတ်ကောင်အမည်ရှိ ဝတ္ထုကြီး၏ အသက်သွေးကြောအရင်းအမြစ်တစ်ခုပင်ဖြစ်ပါကြောင်းနှင့် ဤသည်ပင်လျှင် အံ့ဩဖွယ် ထိတ်လန့်ဖွယ်၊ သံဝေဂရဖွယ် ဆွတ်ပျံ့ကြည်နူးဖွယ်၊ ကရုဏာဖြစ်ဖွယ်၊ နာကြည်းမုန်းတီးဖွယ်၊ အတုယူအားကျဖွယ်၊ စက်ဆုပ်ရွံမုန်းဖွယ် အစရှိသော အကြောင်းအရာများဖြင့် ပြည့်နှက်နေသော လူဆိုးကြီးမိုးမှောင်အမည်ရှိ လွန်စွာမှ အံ့ဩဖွယ်ကောင်းလှသော လူသားတစ်ဦး၏အဖြစ်အပျက်အကြောင်းအရာတစ်ခုပင်ဖြစ်ပါကြောင်း ပထမဦးစွာ ရေးသားဝန်ခံလိုက်ရပါပေတော့သတည်း။

ထိုအခါ ကျွန်ုပ်သည် ထိုအကြောင်းရာများအား မဖော်ပြမီ ပထမဦးစွာ လူသတ်မှုတရားခံနှင့် လူဆိုးကြီးမိုးမှောင်အကြောင်းများ



အား ဖွင့်ဟဖော်ထုတ်လာသူ၏အကြောင်းကို အနည်းငယ်မျှ ဖော်ပြရန်ရှိပေ၏။ ထိုသူသည် ကျွန်ုပ်တို့စီအိုင်ဒီသို့ ရောက်ရှိလာလျက် အထက်ပါအကြောင်းအရာများအား ဖွင့်ဟဖော်ထုတ် ဝန်ခံခဲ့သည်ဟု ကျွန်ုပ်ဆိုခဲ့ခြင်းဖြစ်ရာ အမှန်စင်စစ်အားဖြင့် ထိုသူဖွင့်ဟဖော်ထုတ်ဝန်ခံပုံမှာ လူတစ်ယောက်၏သေခါနီးဆဲဆဲ ဖွင့်ဟဖော်ထုတ်ဝန်ခံခဲ့သည့် စာရှည်ကြီးတစ်စောင် (ဝါ) နောင်တရဝန်ခံရေးသားသွားခဲ့သော ဒိုင်ယာရီစာအုပ်တစ်အုပ်အား ကျွန်ုပ်တို့ထံသို့ အပ်နှံ၍ ၎င်းပတ်သက်ခဲ့ရသောအကြောင်းအရာများကိုပါ ဖွင့်ဟပြောဆိုခဲ့ခြင်းပင်ဖြစ်ပေ၏။ ထိုသူမှာ "မူရှတ်ခန်" ဆိုသူ ပဌာန်ကုလားလူမျိုး အဘိုးကြီးတစ်ယောက်ပင်ဖြစ်လျက် ၎င်းယူဆောင်လာသော ဒိုင်ယာရီစာအုပ်ကြီးမှာ ဒေါက်တာဆိုသူ အိန္ဒိယအင်္ဂလိပ်ကပြားဆရာဝန်ကြီးတစ်ဦး၏ မသေခင် ရေးသားဝန်ခံသွားသောအကြောင်းအရာများပင် ဖြစ်ပေတော့၏။

သို့ဖြစ်ရာ အမှန်စင်စစ်အားဖြင့် လူသတ်တရားခံနှင့် လူဆိုးကြီးမိုးမှောင်အကြောင်းအား တကယ်တမ်း ဖွင့်ဟဝန်ခံဖော်ထုတ်သွားသည့် အစိတ်ပုဂ္ဂိုလ်ကြီးမှာ ဒေါက်တာမဆင်းနားဆိုသူ ကပြားဆရာဝန်ကြီးပင်ဖြစ်ပေတော့၏။ ထိုအခါ မူရှတ်ခန်ဆိုသူ ပဌာန်ကုလားအဘိုးကြီးမှာ ၎င်း၏လူယုံတပည့်တစ်ဦးဖြစ်ပြီးလျှင် ဒေါက်တာမဆင်းနားနှင့် နှစ်ပေါင်းများစွာ အတူနေထိုင်ခဲ့သူတစ်ဦးပင် ဖြစ်ပေ၏။

သို့ဖြစ်ရာ ကျွန်ုပ်သည် စီအိုင်ဒီ၌ ပဌာန်ကုလားအဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



မှုရှုတ်ခန်ပြောပြခဲ့သည့် အကြောင်းအရာများအပါအဝင် ဒေါက်တာမဆင်းနား ရေးသားသွားခဲ့သော ဒိုင်ယာရီစာအုပ်ပါ ဝန်ခံချက်များအားလုံးအားပေါင်းစပ်လျှက် ကျွန်ုပ် ပဏာမ နိဒါန်းပျိုးခဲ့ပြီးဖြစ်သော ထူးဆန်းအံ့ဩဖွယ် အကြောင်းအရာများအား ဝတ္ထုတစ်ပုဒ် ဇာတ်လမ်းတစ်ပုဒ်သဖွယ် အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ရပါပေတော့သတည်း။

❂❂❂



အခန်း (၂)

ဇာတ်ပန္နက်ချရန်နိဒါန်း

သို့တည်းမဟုတ်

ထူးဆန်းသော ဂမ္ဘီရဗိဇ္ဇာဥ်လူသတ်သမား လူဆိုးကြီးမိုးမှောင်

www.burmeseclassic.com

www.burmeseclassic.com



သည်ရောက်လာကာ . . .

"နေ့သင့်နံသင့် မစိန်မေလို့နာမည်ပေးတာ မပြောလိုပါဘူး၊ ဒါပေမဲ့ နာမည်ပေးတဲ့နေရာမှာ တက်ကျွမ်းနားလည်တဲ့လူတွေနဲ့တိုင်ပင်ပြီး ပေးတဲ့နာမည်ဟာ ပိုကောင်းတယ်ဗျ" ဟုဆိုသဖြင့် မောင်မြသာတို့လင်မယားမှာ သမီးလေးအား မည်သည့်နာမည်မျိုးပေးလျှင်ကောင်းမည်ကို ထိုဆရာအား မေးကြလေကုန်၏။ ထိုဆရာ၏နာမည်မှာ ဆရာဝါဖိတ်ဟူ၍ဖြစ်လေ၏။ ထိုအခါ ဆရာဝါဖိတ်က . . .

"အဟမ်း. . . ရှေးကတော့ နာမည်ပေးရင် အကြောင်းတရား (၄)မျိုးနဲ့ယှဉ်ပြီး ပေးလေ့ရှိသဗျ၊ အနွတ္တအမည်ဆိုတဲ့အကြောင်းတရားနဲ့ မှည့်တဲ့နာမည် ရှဒဋ္ဌီအမည်ဆိုတဲ့ အကျိုးတရားနဲ့မှည့်တဲ့နာမည် သညာအမည်လို့ခေါ်တဲ့ ခေါ်ရရုံသက်သက်မှည့်တဲ့နာမည်မျိုးနဲ့ သညီအမည်ဆိုတဲ့ နံနိမိတ်ပြီးမှည့်တဲ့နာမည်တွေပေါ့ဗျာ၊ အဲ. . . ဒီဘက်မှာတော့ ဆရာတွေက နည်းအမျိုးမျိုးတွေနဲ့မှည့်ကြတာပါပဲ၊ ကျုပ်ကတော့ ကျုပ်လေ့လာထားသမျှထဲက အကောင်းတကာ့ နေသင့်နံသင့်ကျမှာ မဟုတ် ဘူး၊ ဒါပေမဲ့လို့ နာမည်ရဲ့အကျိုးတရားကတော့ သိသိသာသာကို ခံစားရမယ်ဗျို့" ဟု ဆိုလေရာ . . .

"လုပ်စမ်းပါဆရာရယ်၊ ကျုပ်တို့သမီးလေးနာမည်ကို ဘယ်လိုများမှည့်ရင်ကောင်းမလဲ" ဟု မောင်မြသာက မေးလိုက်လေ၏။

"ကျုပ်နည်းကတော့ ပဉ္စပွတ်နဲ့စတယ်ဗျာ၊ ဆပွတ်ကိုအလယ်



မှာ ထားတယ်ဗျာ၊ အညွန့်နဲ့ပိတ်တယ်ဗျာ၊ ကောင်းမကောင်းတော့ စမ်းကြည့်ပေါ့" ဟု ဆရာဝါဖိတ်က ပြောလေ၏။

"ဟုတ်ပါပြီဆရာရယ်၊ ဆရာ့ ပဉ္စပွတ်တွေ ဆပွတ်တွေ အညွန့်တွေအတက်တွေဆိုတာ ကျုပ်တို့ နားမလည်ပါဘူး၊ အဂါသမီးဖြစ်တဲ့ ကျုပ်သမီးလေးကိုသာ အကောင်းဆုံးနာမည်တစ်ခုရွေးပေးပါ၊ ဆရာ့ကို ထိုက်ထိုက်တန်တန်ကန်တော့ပါ့မယ်" ဟု မောင်မြသာက ပြောလိုက်ပြန်လေလျှင် . . .

"ဟဲဟဲ. . . ဒီလိုဆိုလည်း ကန်တော့တာ မကန်တော့တာခင်ဗျားတို့အပိုင်း၊ ပြောရမှာတော့ ကျုပ်အပိုင်းပေါ့ဗျာ" ဟု ဆိုလျှက် ဆရာဝါဖိတ်က ချောင်းကိုမဆိုးချင့်ဘဲနဲ့ဆိုးကာ လည်ချောင်းကို ရှင်းလိုက်ပြီးနောက် . . .

"အဟမ်း. . . အဟမ်း. . . ပဉ္စပွတ်ဆိုတာ ကိုယ့်နေ့နံကစပြီး ရေတွက်လို့ ငါးခုမြောက်နံကိုဆိုလိုတာဗျ၊ ဥပမာ တနင်္ဂနွေသားဆိုရင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး ပေါ့ဗျာ၊ ကြာသပတေးဟာ တနင်္ဂနွေရဲ့ (၅)ခုမြောက်ပဉ္စပွတ်ပေါ့၊ အဲဆပွတ်ဆိုတာကလည်း (၆)ခုမြောက်နံပေါ့ဗျာ၊ တနင်္ဂနွေအတွက်ဆိုရင် သောကြာဟာ (၆)ခုမြောက်ဆပွတ်ပေါ့၊ အညွန့်ဆိုတာကျတော့လည်း လွယ်လွယ်လေးပါပဲ၊ ကိုယ့်နောက်ကနံဟာ အညွန့်နံပဲ၊ တနင်္ဂနွေဆိုတနင်္လာဟာအညွန့်ပေါ့၊ တနင်္လာဆိုရင် အင်္ဂါဟာ အညွန့်ပဲဗျ၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အင်္ဂါသမီးဖြစ်တဲ့ ခင်ဗျားတို့သမီး ကျုပ်နည်းနဲ့နာမည်ပေးရ မယ်ဆိုရင် အင်္ဂါနံရဲ့ ပဉ္စမတ်နဲ့စ ဆပ္တတ်ကို အလယ်မှာထား၊ အညွှန့်နဲ့ အဆုံးသတ်ရမှာဆိုတော့ အင်္ဂါနံရဲ့ ပဉ္စမတ်ဖြစ်တဲ့ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ (၅)ခုမြောက် စနေနံနဲ့စမယ်ဗျာ စနေနံ တထဒဓနနဲ့ စမယ်ပေါ့ဗျာ၊ ဥပမာ တင်တို့ ထွေးတို့ နန်း တို့ပေါ့ဗျာ၊ အလယ်မှာကျတော့ အင်္ဂါနံရဲ့ ဆပ္တတ် တနင်္ဂနွေနံ 'အ ဥ၊ ဧ' ထားရမယ်၊ ဥပမာ အိတို့ အုန်းတို့ ဥတို့ ဧတို့ပေါ့ဗျာ အဆုံးကိုတော့ အညွှန့်နဲ့ပိတ်မှာမို့ အင်္ဂါနံရဲ့အညွှန့်၊ ဗုဒ္ဓဟူးနံတွေ ကို ဂဏန်းတွေနဲ့ပြောရမယ်ဆိုရင် တနင်္ဂနွေသားသမီးအတွက်က ၅၆၂ ပေါ့ဗျာ၊ (၅)ဆိုတာ ကြာသပတေး (၆)ဆိုတာ သောကြာ၊ (၂)ဆိုတာ တနင်္လာ၊ ဒါတော့သိမှာပေါ့၊ ဟုတ်ပြီလား၊ ဒါဆိုတော့ . . .

| | |
|---|---|
| တနင်္လာသားသမီးအတွက် | ၆၇၃ |
| အင်္ဂါသားသမီးအတွက်က | ၇၁၄ |
| ဗုဒ္ဓဟူးသားသမီးအတွက်က | ၁၂၅ |
| ကြာသပတေးသားသမီးအတွက် | ၂၄၆ |
| သောကြာသားသမီးအတွက် | ၃၄၇ |
| စနေသားသမီးအတွက် | ၄၅၁ ပေါ့ဗျာ။ |

ခင်ဗျားသမီးလေးက အင်္ဂါသမီးဖြစ်တဲ့အတွက် (ရ၁၄)နဲ့ပေးရ မယ်လေဗျာ၊ ဒီလိုဆိုတော့ အင်း 'နန်းအိဝေ'ဟုတ်ပြီ၊ ဒီနာမည်လေး



ကောင်းတယ်၊ ဟုတ်တယ် 'နန်းအိဝေ'လို့ပေးမယ်ဗျာ'' ဟု ပြောဆို လိုက်လေရာ . . .

'' 'နန်းအိဝေ'ဟုတ်လား၊ သိပ်လှတဲ့နာမည်လေးပဲ၊ ပေးမယ် ဗျာ'' ဟု မောင်မြသာက ဝမ်းသားအားရပြောလိုက်လေ၏။

ထို့နောက်မှ ဆရာဝါဖိတ်အားလည်း ငွေတစ်ရာအားကန်တော့ ၍ . . .

"ဒါနဲ့ ဆရာဝါဖိတ်နာမည်ကျတော့ ဒီနည်းနဲ့ မပေးပါလားဗျ'' ဟု မောင်မြသာက ပြောလိုက်လေရာ ဆရာဝါဖိတ်က . . .

''ကျုပ်နာမည်က ဒီနည်းထက်ကောင်းတယ်ဗျ၊ ဝါဖိတ်ဆိုတာ သိလား၊ ဗိဿာသို့ပြောတာဗျ'' ဟုဆိုကာ ထွက်ခွာသွားလေတော့၏။ မောင်မြသာမှာမူ ဆရာဝါဖိတ်အား အံ့သြစွာကြည့်ရင်း ကျန်ရစ်ခဲ့ ရှာလေ၏။

သို့ရာ၌ သမီးလေး၏နာမည်ကိုမူ ဆရာဝါဖိတ်ပေးခဲ့သည့်အတိုင်း 'နန်းအိဝေ'ဟူ၍ ပေးလိုက်လေတော့၏။ ဤသို့ဖြင့် 'နန်အိဝေ'လေး (၂)နှစ်သမီးအရွယ်သို့ ရောက်ရှိသောအချိန်၌မူ မောင်မြသာတို့နေထိုင် သော ရွာကလေးမှာ ဂြိုဟ်ဆိုးဝင်ခဲ့လေတော့၏။

အကြောင်းမှာ မောင်မြသာတို့ရွာကလေးရှိရာ နယ်တစ်လျှောက် တွင် သောင်းကျန်းမင်းမူလျက်ရှိသော ဓါးပြသောင်းကျန်းသူအစုစု သည် မောင်မြသာတို့ရွာကလေးကို အစိုးရအဖွဲ့အား သတင်းပေးသည်

www.burmeseclassic.com

www.burmeseclassic.com



ဟူစွပ်စွဲကာ သူကြီးကို ရက်စက်စွာသတ်ဖြတ်၍ တစ်ရွာလုံးကို မီးဘင်ရှို့လေ၏။

တွေ့သမျှရွာသားများကိုလည်း လက်လှမ်းမှီသမျှ သတ်ဖြတ်ကြလေ၏။ ထိုအခါ ရွာသားအများစုမှာ ဓါးပြလူဆိုးတို့၏လက်ချက်ဖြင့် သေဆုံးကုန်သည်ဖြစ်ရာ ထိုအထဲ၌ မောင်မြသာ၏ယောကျ်ားမ မိသားစုများနှင့် မောင်မြသာ၏ဇနီးမှာ ပါသွားရရှာလေ၏။ မောင်မြသာမှာမူ ပါးနပ်ဖျတ်လတ်လှသူတစ်ဦးဖြစ်၍ (၂)နှစ်အရွယ် သမီးလေးဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့လေ၏။ ထိုအချိန် (၅)နှစ်အရွယ်ရှိပြီဖြစ်သော သားအကြီးလေး မောင်မိုးမောင်ကား ငရဲပွက်တမျှ ပွက်ကလောရိုက်လျှက်ရှိသော မီးရှို့လူသတ်ပွဲကြီးအတွင်း ပျောက်ဆုံးကာ ကျန်ရစ်ခဲ့ရှာလေ၏။

မောင်မြသာမှာလည်း သမီးငယ်လေးအား ပွေ့ပိုက်ကာ ရွာနှင့်ဝေးရာအရပ်ဆီသို့ အသက်လုကာပြေးရင်း သားကြီးလေး မောင်မိုးမောင်မှာလည်း ဓါးပြလူဆိုးများလက်ချက်ဖြင့်သေရှာပြီဟူ မှတ်ယူမိလိုက်လေတော့၏။

ထိုအချိန် မောင်မိုးမောင်ကလေးကား ပြာပုံအတိပြီးသော မီးလောင်ပြင်အလယ်၌ အတုံးအရုံး သေဆုံးလျှက်ရှိသော အလောင်းများကြား ကြောက်လန့်တကြားဖြင့် ဟိုမှသည်မှ ပြေးလွှားလျှက်ရှိပေ၏။ ထိုအချိန်၌ပင်လျှင် ရွာမှထွက်ခွာရန် ဟန်ပြင်နေကြသော မြင်းစီး



ဓါးပြလူဆိုးတို့သည် မောင်မိုးမောင်လေးအား မြင်တွေ့သွားကြလျှင် တစ်ယောက်သောဓါးပြတစ်ယောက်မှ မောင်မိုးမောင်လေးအား ပစ်ခတ်ရန် သေနတ်ကိုချိန်ရွယ်လိုက်လေ၏။

ထိုအချိန်တွင်ပင် ၎င်းအနီးရှိ ဓါးပြခေါင်းဆောင်က သေနတ်ကို ပုတ်ချလိုက်ကာ . . .

"ရပ်စမ်း တုတ်ကြီး၊ အဲဒီကောင်လေးကို ဖမ်းပြီးခေါ်လာခဲ့ကွာ" ဟု အမိန့်ပေးကာ ၎င်း၏မြင်းနက်ကြီးအား ဖနောင့်ဖြင့် တစ်ချက်တို့ကာ ဦးဆောင်ထွက်ခွာသွားလေတော့၏။ ထိုအခါ ကျန်ဓါးပြသားများသည်လည်း အသံသေးအသံကြောင်များဖြင့် အော်ဟစ်ကြလျှက် ၎င်းတို့၏မြင်းများကို ကဆုန်စိုင်းကာ ဓါးပြခေါင်းဆောင်နောက်သို့ လိုက်ပါသွားကြလေတော့၏။ တုတ်ကြီးဆိုသူဓါးပြမှာကား မိမိ၏ခေါင်းဆောင်အမိန့်အတိုင်း ကြောက်လန့်တကြား ပြေးလွှားငိုယိုလျှက်ရှိ မောင်မိုးမောင်ကလေးအား ကြမ်းတမ်းစွာ ဖမ်းဆီးခေါ်ဆောင်ပြီးမှ ၎င်း၏မြင်းပေါ်သို့တက်ရောက်ကာ နောက်ဆုံးမှ လိုက်ပါသွားရသည်ရှိသော် မောင်မိုးမောင်လေးမှာကား ၎င်း၏လက်အတွင်း အော်ဟစ်ငိုယိုရုန်းကန်လျှက် သနားစဖွယ် ပါသွားခဲ့ရှာလေတော့သတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီးနှစ်ပေါင်း(၂၀)ခန့်ရှိသော အချိန်တွင်ဖြစ်ပေ၏။ တစ်နေ့သ၌ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ကမ်းနား ဘက်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးအပေါ်၌ လူတစ်စုသည် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေကြသည့်ဟန်ပန်မျိုးဖြင့် ရှိနေကြ ကုန်၏။ ထိုအခါ ၄င်းတို့အားလုံးမှာ (၅)ယောက်တိတိရှိ၍ ခေါင်းဆောင် ဖြစ်ဟန်တူသည့်လူကြီးသည် ကျွန်းစားပွဲကြီးနောက်ဘက်ရှိ ကုလား ထိုင်ကြီးတစ်လုံးပေါ်တွင် ထိုင်လျက်ရှိနေကာ လူမိုက်ပုံပေါက်နေကြ သော ကျန်လူ(၄)ယောက်သည် ၄င်းနောက်မှ လက်ပိုက်ကာရပ်လျက် ရှိနေလေ၏။ ခေါင်းဆောင်လူကြီးသည် ကျွန်းစားပွဲကြီးအား လက်ညှိုးဖြင့်တစ်ခေါက်ခေါက်ခေါက်နေရင်းမှ ၄င်း၏လူများအား . . .



"ဘယ်လိုလဲကွ၊ မင်းတို့လူ ပစ္စည်းတွေနဲ့ လစ်များသွားပြီလား မသိဘူး" ဟုဆိုလိုက်လေရာ လူ(၄)ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး တစ်ယောက်သောလူမှ . . .

"ဒီကောင် ဒီလိုတော့မလုပ်လောက်ပါဘူး ဆရာကြီး၊ ကျွန်တော် တို့အဖွဲ့အကြောင်းလည်း သူသိနေမှပဲ၊ လာတော့လာပါလိမ့်မယ် ဆရာကြီး၊ ခဏလောက်စောင့်ကြည့်ပါဦး" ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ပင်လျှင် . . .

"စောင့်ကြည့်ဖို့မလိုပါဘူး၊ ကျုပ်ရောက်လာပြီ" ဟူသောအသံ နှင့်အတူ လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်ရောက်လာလေ တော့၏။ ထိုလူသည် စက်ကျောပိုးအိတ်တစ်လုံးကိုလွယ်ပိုးလာလျက် ၄င်းတို့ရှိရာသို့ တစ်ဒေါက်ဒေါက်လျှောက်ဝင်လာလေ၏။ ၄င်းမှာ ဆောင်းကုတ်အင်္ကျီအနက်ကြီးတစ်ထည်ကို ဝတ်ဆင်ထားလျက် အရပ် မြင့်မောင်း လွန်စွာမှကောင်းလေ၏။ အသားမှာ ကြေးနီရောင်ရှိ၏။ မျက်ခုံးမျက်လုံး နှာတံ စသည်တို့မှာ စူးရှထက်မြက်ဟန်ရှိလေ၏။ အသက်မှာမူ အစိတ်ဝန်းကျင်မျှ လူရွယ်တစ်ဦးဖြစ်ကြောင်း ၄င်း၏ နုပျိုချောမောသောမျက်နှာကို ကြည့်၍သိသာလေ၏။ လူရွယ်က ၄င်း လွယ်ပိုးလာသောကျောပိုးအိတ်ကို စားပွဲခုံကြီးပေါ်သို့ ဘုန်းခနဲ ပစ် ချပေးလိုက်လေ၏။ ၄င်း၏ရဲတင်းလှသော အပြုအမူကြောင့် ခေါင်း ဆောင်လူကြီး၏မျက်နှာမှာ နီညိုရောင်သန်းသွားလေ၏။ ထိုစဉ် လူရွယ်

www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းဆောင်လူကြီးအား . . .

"အဲဒီမှာ ခင်ဗျားလိုချင်တဲ့ပစ္စည်း ဟုတ်မဟုတ် သေသေချာချာ ကြည့်လိုက်ဦး၊ ပြီးတော့ စကားပြောရင် နောက်ဆို ဆင်ဆင်ခြင်ခြင် ပြောပါ၊ မဟူရာမိုးမှောင်ဆိုတဲ့ကောင်ဟာ ခင်ဗျားတို့ပစ္စည်းလောက်ကို စာမဖွဲ့ဘူး၊ အဲဒါကို ခင်ဗျား မြဲမြဲမှတ်ထားပါ" ဟု ပြောလိုက်လေရာ ခေါင်းဆောင်လူကြီး၏မျက်နှာမှာ ဒေါသကြောင့် တင်းမာသွားလျက် စားပွဲပေါ်တင်ထားသော လက်များမှာလည်း လက်သီးဆုပ်များအဖြစ်ပြောင်းလဲသွားလေတော့၏။ ထိုစဉ်ပင် ၎င်း၏နောက်မှလူတစ်ယောက်က မဟူရာမိုးမှောင်ဆိုသောလူရွယ်အား ဒေါသဖြင့်ကြည့်ရှု၍ . . .

"ဟေ့ကောင် . . . မင်းလည်း စကားပြောရင် ဆင်ဆင်ခြင်ခြင်ပြော၊ အခု မင်းရောက်နေတာ ဘယ်နေရာလဲဆိုတာသိရဲ့လား၊ တို့ဆရာကြီးကို ဘာအောက်မေ့လို့လဲ" ဟု ကြိမ်းဝါးလိုက်လေရာ မဟူရာမိုးမှောင်က ထိုလူအား မခိုးမခန့်ပြန်လည်ကြည့်ရှု၍ . . .

"မဟူရာမိုးမှောင်ဆိုတဲ့ကောင်ကလည်း နယ်မရွေးဘူးဗျ၊ ခင်ဗျားတို့ဆရာကြီးဆိုတာလည်း ဘာကြီးဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ဘူး" ဟုပြောလိုက်လေ၏။ ၎င်း၏စကားကြောင့် ကျန်လူများပါ ဒေါသဖြစ်သွားကြလျက် ရှူးရှူးရှားရှားဖြစ်သွားကြလေကုန်၏။

ထိုခဏတွင်ပင် ဆရာကြီးဆိုသူက ၎င်း၏လူများကို လက်ကာ



ကားစီးလိုက်ပြီး . . .

"နေပါဦးကွာ၊ မင်းတို့လည်း ကိုယ့်ဆီလာတဲ့ဧည့်သည်ကို ဒီလိုဆက်ဆံရဘူးလို့ ငါ ဘယ်နှစ်ခါပြောထားရမလဲ၊ ဟင်းဟင်း၊ ဒီကပုဂ္ဂိုလ်လေးက တော်တော်စိတ်ကြီးပုံရတယ်၊ ဟင်းဟင်း . . . ကဲကဲကျော်ကြီး ပစ္စည်းဟုတ်မဟုတ်စစ်ကြည့်စမ်း" ဟု အမိန့်ပေးလိုက်လေရာကျော်ကြီးဆိုသူက မဟူရာမိုးမှောင်အား မကျေမနပ်ဖြင့်တစ်ချက်ကြည့်၍ စားပွဲပေါ်မှ ကျောပိုးအိတ်ကိုဆွဲပ[illegible] ဖွင့်၍ ကြည့်ရှုလိုက်လေ၏။ ထို့နောက်တွင်မှ ၎င်း၏ဆရာကြီးအား တစ်ချက်ကြည့်၍ [illegible]းခေါင်းကို ညိတ်ပြလိုက်လေလျှင် ဆရာကြီးဆိုသူက မဟူရာမိုးမှောင်အား ပြုံးကြည့်၍ . . .

"ပစ္စည်းတွေကတော့ ဟုတ်ပါပြီ၊ ပိုင်ရှင်ကိုရော ကျုပ်ပြောတဲ့အတိုင်း စိတ်ချရအောင်လုပ်ခဲ့ရဲ့လား" ဟုမေးလိုက်လေရာ . . .

"အဲဒါကိုတော့ ငြိမ်ပြည်လိုက်ပြီး ခင်ဗျားသွားမေးကြည့်ပေတော့၊ မဟူရာမိုးမှောင်ဆိုတာ မပိုင်ရင်ခြင်တောင်မရိုက်ဘူး၊ အလုပ်မပြီပြင်ဘဲနဲ့လည်း သူများဆီကပိုက်ဆံကိုညာပြီး မယူတတ်ဘူး၊ ကဲ ကြာမယ်ဗျာ၊ စရံပေးပြီး ကျန်တဲ့ငွေတစ်ဝက်ကို ကျုပ်လိုချင်တယ်" ဟု မဟူရာမိုးမှောင်က ပြောလိုက်လေ၏။ ထိုအခါ ဆရာကြီးဆိုသူက [illegible]တရက်ထွက်လာသောဒေါသကို အပြုံးတုတစ်ခုဖြင့် ဖုံးကွယ်[illegible] စားပွဲအံဆွဲအတွင်းမှ ငွေစက္ကူတစ်ထုပ်ကိုနုတ်ယူကာ စား[illegible]ပွဲပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



တင်ပေးလိုက်လေ၏။ ထိုသို့ တင်ပေးလိုက်ရင်းမှ . . .

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . ဒီလိုပေါ့လေ၊ ကျား ကိုက်မခံဖူးသေးတော့လည်း ကျားဘယ်ကြောက်တတ်ဦးပါ့မလဲ. . . ဟင်း. . . ဟင်း" ဟု ပြောလိုက်လေ၏။ မဟူရာမိုးမှောင်ကမူ ၎င်းအား ဘာမှမပြောတော့ဘဲ ငွေထုပ်ကိုကောက်ယူလိုက်ကာ စူးရဲစွာ တစ်ချက် ကြည့်ပြီး အခန်းတွင်းမှ ချာခနဲလှည့်၍ ထွက်ခွာသွားလေတော့၏။ ထိုအခါ ဆရာကြီးဆိုသူက ၎င်း၏လူများကို ခေါင်းတစ်ချက်ဆတ်ကာ အချက်ပြလိုက်လေတော့၏။ ၎င်းတို့၏ဆရာကြီး အချက်ပြလိုက်သည် နှင့် လူ(၄)ယောက်ကလည်း ထွက်ခွာသွားသော မဟူရာမိုးမှောင်နောက် သို့ တစ်ဟုန်ထိုးပြေးလိုက်ကာ တိုက်ခိုက်လိုက်ကြလေတော့၏။

မဟူရာမိုးမှောင်ကလည်း ထိုကဲ့သို့ဖြစ်လာမည်ကို ကြိုတင်တွက် ဆထားပြီးဖြစ်သည်နှင့်အညီ လူ(၄)ယောက်အား လှည့်ကြိုကာ ပြန်လှ တိုက်ခိုက်လေ၏။ လူ(၄)ယောက်မှာ အသတ်ပုတ်ကျွမ်းကျင်သူများဖြ ၍ မဟူရာမိုးမှောင်အား လေးဘက်လေးတန်မှညှပ်ကာ တိုက်ခိုက်လေ မဟူရာမိုးမှောင်ကလည်း ညှပ်ပူးညှပ်ပိတ်မခံဘဲ အနီးဆုံးလူအ တိုက်ခိုက်ကာ ဖောက်ထွက်လေ၏။ တစ်ချိန်တွင်မူ ကျော်ကြီးဆို လူမိုက်က ရှေ့မှလူကို တိုက်ခိုက်နေသည့် မဟူရာမိုးမှောင်၏ခါးသ နေရာကို နောက်မှ အခွင့်ကောင်းယူကာ ခြေစောင်းဖြင့်ကန်လိုက်လေ သို့ရာ၌ မဟူရာမိုးမှောင်၏ ခါးကို ရုတ်တရက်နွဲ့ကာရှောင်



လိုက်ရင်း တစ်ဆက်တည်း ကိုယ်ကိုတစ်ပတ်လှည့်ကာ ဝိုက်ခြေဖြင့် ကျော်ကြီး၏ပါးချိပ်အား ဖြောင်းခနဲကန်ချလိုက်လေတော့၏။ ကျော်ကြီး မှာ မဟူရာမိုးမှောင်၏ ပြင်းထန်၍ အားပါလွန်းလှသောဝိုက်ခြေ ကန်ချက်ထိကာ တစ်ပတ်ဂွမ်းလည်၍ ပစ်ကျသွားလေ၏။ ထိုအခါ မဟူရာမိုးမှောင်သည် ကျော်ကြီးပစ်ကျသွားသည်ကို ရုတ်တရက်ငေး ကြည့်လိုက်မိသော ညာဘက်မှ လူ၏ အရှိက်နေရာတည့်တည့်ကို ဖနောင့်ဖြင့် ခုန်၍ပေါက်လိုက်ကာ တစ်ဆက်တည်း ရှေ့မှလူ၏မေးရိုး ကိုလည်း လက်သီးတစ်လုံးဖြင့် ကော်သတ်ကာပင့်၍ထိုးချလိုက်ပြန် လေ၏။

ထို့ကြောင့် လူနှစ်ယောက်မှာလည်း အသံတစ်ယောက်တစ်မျိုး စီဖြင့် အော်ညည်းကာ မြေပြင်ပေါ်သို့လဲကျသွားကြရပြန်လေတော့၏။ ထိုအခါမှ ကျန်လူတစ်ယောက်သည် လှျပ်တစ်ပြက်ဖြင့် မိမိ၏ လူ(၃)ယောက်အား လှဲသိပ်လိုက်သော မဟူရာမိုးမှောင်ကို ကမူးရှူးထိုး ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်ပြန်လေ၏။ ထိုသူကထိုး၏။ မဟူရာ မိုးမှောင်က ကာ၏။ ထိုလူက ခြေထောက်ဖြင့်ဝိုက်၍ကန်၏။ မဟူရာ မိုးမှောင်က ငုံ့၍ရှောင်၏။ ထိုကဲ့သို့ ငုံ့ရှောင်ရင်းမှ ထိုလူ၏ ကျန် ရှိနေသောခြေတစ်ဘက်ကို အောက်မှဖြတ်၍ကန်လိုက်လေ၏။ ထိုလူမှာ အရင်းမှအဖြတ်ခံလိုက်ရသော ငှက်ပျောပင်ကဲ့သို့ မြေပြင်၌ ဘုန်းကနဲ ပြုတ်ကျသွားရလေတော့၏။ ထိုအခါ မဟူရာမိုးမှောင်သည် ထိုလူ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မထနိုင်မီပင် ရင်ဝနေရာအား ဖနောင့်ဖြင့်ပေါက်ချလိုက်ပြန်လေလျှင် ထိုလူမှာ အော်မျှပင်မအော်နိုင်တော့ဘဲ သတိလစ်မေ့မြောသွားရလေတော့၏။ ထိုခဏ၌ပင်လျှင် မဟူရာမိုးမှောင်၏နောက်စေ့နေရာအား အေးစက်မာကျောသော သေနတ်ပြောင်းပတစ်ခုသည် ထောက်လာလေ၏။ ထိုမှ . . .

"ဟင်း. . . ဟင်း. . . တိုက်ရည်ခိုက်ရည်ကတော့ အလားကြီးပါလားကွ၊ ကဲ. . . မင်းလက်နှစ်ဖက်ကို မြှောက်" ဟူသော အသံမဆုံးမီပင် မဟူရာမိုးမှောင်သည် ဆတ်ခနဲလှည့်၍ သေနတ်ကိုင်လက်ကို လိမ်ချိုးလိုက်ကာ သေနတ်ကို လုယူလိုက်လေတော့၏။ မျက်တောင်တစ်ခတ်အတွင်း သေနတ်သည် မဟူရာမိုးမှောင်လက်အတွင်းသို့ ပါသွားလေတော့၏။ ထိုအခါမှ မဟူရာမိုးမှောင်သည် ထိတ်လန့်ကြောင်အမ်းနေသော ဆရာကြီးဆိုသူ၏ နှလုံးသားနေရာတည့်တည့်ကို သေနတ်ဖြင့် အနီးကပ်တော့ကာ ချိန်ရွယ်လိုက်ပြီးလျှင် . . .

"မဟူရာမိုးမှောင်ကို ဒီလိုလာမစမ်းနဲ့ ပင့်ကူကြီး၊ မရဘူး၊ ဂါခင်ဗျားကစပြီး သစ္စာဖောက်ခဲ့တာဆိုတော့ ကျုပ်လည်းမတတ်နိုင်တော့ဘူး" ဟုပြောကာ သေနတ်မောင်းကို ချောက်ခနဲတင်လိုက်လေတော့၏။ ထိုအခါ ဆရာကြီးဆိုသူ ပင့်ကူနက်လူဆိုးဂိုဏ်းခေါင်းဆောင်ကြီးမှာ ထိပ်လန့်တုန်လှုပ်စွာဖြင့် မဟူရာမိုးမှောင်အား တောင်းပန်ရှိကြိုးစားလိုက်လေ၏။



သို့ရာ၌ ငှင်းပါးစပ်မှ စကားသံမထွက်လာနိုင်မီပင် မဟူရာမိုးမှောင်၏လက်မှာ သေနတ်မောင်းခလုတ်အား ဆွဲညှစ်ပြီးဖြစ်လေရာ 'ဒိုင်း' ဟူသောသေနတ်သံနှင့်အတူ နောက်ပြန်လန်ကျကာ အသက်ထွက်သွားရလေတော့၏။ထိုအခါမှ မဟူရာမိုးမှောင်သည် ပင့်ကူကြီး၏အလောင်းအား ကျေနပ်စွာတစ်ချက်ကြည့်၍ ရင်ဘတ်ဒဏ်ရာမှသွေးများကို လက်ညှိုးတစ်ချောင်းဖြင့်တို့ယူလိုက်ကာ နဖူးပေါ်၌ 'မ'အက္ခရာတစ်ခုကို ရေးလိုက်လေ၏။ ထို့နောက်တွင်မှ မဟူရာမိုးမှောင်သည် ပင့်ကူကြီးအလောင်း၏အိတ်ကပ်များအကြွင်းနှိုက်ကာ ရှာဖွေ၍ သော့တွဲတစ်ခုကို နှုတ်ယူလိုက်လေ၏။ ပြီးလျှင် အခန်းလယ်ရှိ ဗီရိုကြီးဆီသို့ လျှောက်သွားကာ ဗီရိုသော့ကိုဖွင့်၍ အထဲမှ ငွေစက္ကူထုပ်များကို ထုတ်ယူ၍ . . .

"မတတ်နိုင်ဘူး ပင့်ကူကြီးရယ်၊ ခင်ဗျားက ကျုပ်ကိုစပြီး ညစ်ပတ်ခဲ့တာဆိုတော့ ကျုပ်ကလည်း ခင်ဗျားပစ္စည်းတွေကို အစီအစဉ်မရှိဘဲ ယူရဦးတော့မယ်၊ ဟဲဟဲ၊ စိတ်မကောင်းဘူးဗျာ" ဟု ပြောဆိုရေရွတ်လျှက် သဘောကျစွာ အားပါးတရ ရယ်မောလိုက်လေတော့သတည်း။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ တောင်ပေါ်မြို့လေးတစ်မြို့အနီးရှိ ယာခင်းတစ်ခု ကြား၌ သေနတ်ဒဏ်ရာကြီးတစ်ခုဖြင့် လူတစ်ယောက်သည် လဲကျကာ သတိမေ့မြောလျှက်ရှိလေ၏။ ၎င်းအား ပေါက်တူးတစ်လက်ဖြင့် ယာခင်း အတွင်းဆင်းလာသော ယာခင်းရှင်တွေ့လေလျှင် အံ့ဩထိတ်လန့်စွာ ဖြင့် စမ်းသပ်ကြည့်ရှု၍ . . .

"ဒဏ်ရာကြီးနဲ့ပါလား၊ သေတော့မသေသေးဘူး" ဟု ပြောဆို ရေရွတ်ကာ မနိုင့်တနိုင်ဖြင့်ပွေ့ယူ၍ ယာခင်းအတွင်းရှိ တဲအိမ်ကလေး အတွင်းသို့ ခေါ်ဆောင်သွားလေတော့၏။ ယာခင်းရှင်လူကြီးမှာ အသက်(၅၀)ဝန်းကျင်ခန့်ရှိ ရှမ်းပ[illegible]စပ်အမျိုးသားကြီးတစ်ဦးဖြစ်က[illegible] နာမည်မှာ ဦးစိုင်းလုံဟူ၍ ဖြစ်ပေ၏။ ဦးစိုင်းလုံသည် ဒဏ်ရာ[illegible]



သတိ မေ့မြောနေသူအား ခေါင်းရင်းခန်းရှိအိပ်ရာထက်တွင် ညင် သာစွာချကာ စောင်တစ်ထည်ဖြင့် လွှမ်းခြုံပေးခဲ့ပြီး ဆေးဆရာ တစ်ဦးအား ပြေး၍ခေါ်လေ၏။ ဆေးဆရာရောက်လာလျှင် ဒဏ်ရာနှင့် သတိမေ့မြောနေသူအား စမ်းသပ်ကြည့်ရှုစစ်ဆေး၍ လက်မောင်းမှ ဒဏ်ရာအား ရေနွေးဖြင့် ဆေးကြောကာဆေးထည့်ခြင်း၊ ဒဏ်ရာရှိန်ဖြင့် အဖျားတက်၍ သတိမေ့မြောနေသောလူနာအား ဆေးတစ်ခွက်တိုက်ခြင်း အစရှိသည်များကို ပြုလုပ်လေ၏။ ပြီးလျှင် ဦးစိုင်းလုံအား ရှမ်းသံ ဝဲသောလေသံဖြင့် . . .

"မကြာခင် သူသတိရလာပါလိမ့်မယ်၊ အဲဒီအခါကျရင် ဆန်ပြုတ် ပူပူတစ်ခွက်လောက်နဲ့ ဆေးတစ်ခွက်စာထပ်ပြီးတိုက်ပါ၊ အနာရှိန် သက်သာပြီး နေသာထိုင်သာရှိသွားပါလိမ့်မယ်" ဟုပြောကာ ၎င်း၏ ရှမ်းလွယ်အိတ်ကြီးအတွင်းမှ တိုက်ရန်ဆေးထုပ်များကို ဦးစိုင်းလုံအား ပေးလေ၏။ ထို့နောက် ဆေးဆရာသည် ဦးစိုင်းလုံနှင့် အတန်ကြာအောင် စကားများပြောဆိုလျှက် မီးဖိုနောက်ဖေးသို့ဝင်ကာ မီးမွှေးလေ၏။ ပြီးလျှင် မြေအိုးတစ်လုံးအတွင်း ဆန်အနည်းငယ်ကိုထည့်ကာ ဆန်ပြုတ်ကျို လေ၏။

ဆန်ပြုတ်ကျက်သောအခါ ကြပ်ခိုးစင်ပေါ်တွင် တံစို့ဖြင့်သီထား သော အသားခြောက်များမှ အသားခြောက်မြောင်းနှစ်[illegible]ကို မီးဖို အတွင်းထည့်ကာဖုတ်ပြန်၏။ မကြာမီ မီးဖိုအတွင်းမှ[illegible]အသားခြောက်

www.burmeseclassic.com

www.burmeseclassic.com



များမှာ တွန့်လိမ်ကောက်ကွေး၍ အဆီများတရွှဲရွှဲထွက်လာကာ မွှေးကြိုင်လာ၏။ ထိုအခါ အသားခြောက်များကို မီးဖိုအတွင်းမှထုတ်ယူကာ ငရုတ်ဆုံတစ်ခုနှုတ်ခမ်းတွင်တင်ကာ ငရုတ်ကျည်ပွေ့ဖြင့်ထုလေ၏။ ထိုအချိန်၌ပင်လျှင် ခေါင်းရင်းခန်းမှ လူနာသည် လူးလွန့်လျှက် သတိရလာလေ၏။ ၎င်းသည် သတိရလာသည်နှင့် မိမိရောက်နေသည့် ဝန်းကျင်ကို ပြူးကြောင်စွာအကဲခတ်ကြည့်ရှု၍ ရုတ်တရက် လူးလဲကာထလိုက်လေတော့၏။ ထိုသို့ထရင်းမှလည်း ၎င်း၏လက်သည် ခါးကြားမှတစ်စုံတစ်ရာကို စမ်းသပ်ကာ မျက်လုံးပြူးမျက်ဆံပြူး ဖြစ်၍ သွားလေ၏။ ထိုအခိုက်တွင်ပင် နောက်ဖေးမီးဖိုခန်းထဲမှ ဦးစိုင်းလုံသည် ထွက်လာလျှက် . . .

"မောင်ရင့်သေနတ်ကို ကျုပ်သိမ်းထားပါတယ်၊ ဒီနေရာမှာ မောင်ရင့်ကို အန္တရာယ်ပြုမယ့်သူ ဘယ်သူမှမရှိပါဘူး၊ ဒဏ်ရာကြီးနဲ့ သက်သက်သာသာပြန်လှဲနေပါ မောင်ရင်ရယ်" ဟု ပြောလိုက်လေ၏၊ ထိုအခါ လူနာသည် ဦးစိုင်းလုံအား မယုံကြည်သောမျက်လုံးများဖြင့် ကြည့်ရှု၍ . . .

"ခင် . . . ခင်ဗျား . . . ဘယ်သူလဲ ကျုပ် . . . ကျုပ်ဘယ်နေ ့ ကို ရောက်နေတာလဲ" ဟု မေးလိုက်လေရာ . . .

"ကျုပ်က မောင်ရင့်ကို ကယ်ထားတဲ့လူပေါ့။ အခု မောင်ရင် ရောက်နေတာကျုပ်အိမ်ပဲ၊ ဟင်း . . . ဟင်း . . . မောင်ရင့်ကြည့်ရတာ



နဲ့ထက်ထိ သေတ်လန့်မှုတွေ မပြေသေးဘူးနဲ့တူတယ်၊ ကဲပါ မောင်ရင်ရယ်၊ ကျုပ်ကိုယုံပါ၊ ဒီနေရာမှာ မောင်ရင့်အတွက် ဘယ်လို အန္တရာယ်မျိုးမှ မရှိတော့ပါဘူး" ဟု ဦးစိုင်းလုံက ပြောလိုက်လေ၏။ ထိုအခါမှ လူနာသည် ဦးစိုင်းလုံ၏ရုပ်ရည်နှင့် လေသံအမူအယာကို အကဲခတ်ကြည့်ရှုကာ ယုံကြည်သွားဟန်ဖြင့် . . .

"ကျုပ်ကို အခုလိုကူညီထားတာ ကျေးဇူးပါပဲဗျာ၊ လောကကြီးမှာ ခင်ဗျားလိုလူမျိုးတွေလည်း ရှိသေးတာပဲနော်" ဟု ရေရွတ်သကဲ့သို့ ပြောဆိုရင်း မျက်နှာရှုံ့မဲ့သွားလေ၏။

"မောင်ရင့်လက်မောင်းကဒဏ်ရာက မသက်သာသေးဘူး၊ ပြန်လှဲနေလိုက်ပါ မောင်ရင်" ဟု ဦးစိုင်းလုံက ပြောလေ၏။ ထိုအခါ လူနာကလည်း မိမိလက်မောင်းမှ ပတ်တီးစည်းပေးထားသောဒဏ်ရာကို သတိပြုမိသွားလျှက် ဦးစိုင်းလုံအား ကျေးဇူးတင်သောမျက်လုံးများဖြင့် ကြည့်ရှုကာ အိပ်ရာပေါ်သို့ဖြည်းညင်းစွာပြန်လှဲလိုက်လေ၏။ ဦးစိုင်းလုံက ပြုံး၍ မီးဖိုနောက်ဖေးသို့ ပြန်ဝင်သွားလေ၏။ ထို့နောက် ပြန်ထွက်လာသောအခါ အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ပန်းကန်လုံးတစ်လုံးကို မ,ယူလာလျှက် လဲလျောင်းနေသောလူနာအား . . .

"ကဲ . . . မောင်ရင် . . . ဆန်ပြုတ်ပူပူလေးသောက်လိုက်ဦး" ဟုပြောဆိုကာ လူနာအား ကြင်နာစွာပွေ့ထူ၍ ဆန်ပြုတ်တိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဆာလောင်နေဟန်ရှိသော လူနာသည်လည်း ဆန်ပြုတ်ကို အငမ်းမရသောက်လေ၏။ ခဏအကြာ၌ပင်လျှင် ဆန်ပြုတ်တစ်ပန်းကန်လုံးမှာ တက်တက်ပြောင်သွားလေ၏။ ထိုအခါ ဦးစိုင်းလုံမှ လူနာအား ဆေးဆရာမှာခဲ့သည့်ဆေးတစ်ထုပ်ကိုတိုက်၍ . . .

"ကဲ မောင်ရင်အားရှိအောင် အိပ်လိုက်ဦး၊ မကြာခင် သက်သာသွားမှာပါ" ဟုပြောဆိုအားပေးကာ လူနာ၏ကိုယ်ပေါ်သို့ စောင်တစ်ထည်ကို လွှမ်းခြုံပေးလိုက်လေ၏။ များမကြာမီ လူနာမှာလည်း မိုက်ပြည့်သောအရှိန် ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာအိပ်မောကျသွားပြန်လေတော့၏။ ထိုအခါ ဦးစိုင်းလုံသည် နှစ်ခြိုက်စွာ အိပ်မောကျနေသော လူနာကိုကြည့်ရှုကာ . . .

"အင်း ရုပ်ရည်လေးကြည့်ရတာ သနားကမားနဲ့ အသက်ကလေးကလည်း ဘာမှရှိမှာမဟုတ်သေးဘူး။ ဒီအသက်အရွယ် ဒီရုပ်ရည်လေးနဲ့မမျှအောင် မင်းဟာ ဘယ်လိုလူမျိုးတစ်ယောက်ဖြစ်နေသလဲ၊ ကောင်လေးရယ်၊ အင်း. . . ဒုက္ခ. . . ဒုက္ခ" ဟုငြီးညူလျက် တဲအိမ်လေးတံခါးကိုပိတ်ခဲ့ကာ ယာခင်းဘက်သို့ ထွက်ခွာသွားလေတော့သတည်း။

❂❂❂



နောက်တစ်ရက်သို့ရောက်လေလျှင် လူနာမှာ လက်မောင်းမှ ဒဏ်ရာအတော်အတန်သက်သာ၍ အနည်းငယ်လန်းလန်းဆန်းဆန်း ရှိသွားပြီဖြစ်၏၊ ထိုအခါမှ ဦးစိုင်းလုံက လူနာအား . . .

"မောင်ရင့်နာမည် ဘယ်လိုခေါ်လဲကွ၊ မင်းကြည့်ရတာ အမှောင်လောကက လူတစ်ယောက်ပဲဖြစ်လိမ့်မယ်ထင်တယ်" ဟု မေးမြန်းလိုက်လေရာ လူနာက ပြုံး၍ . . .

"ဟုတ်ပါတယ်၊ ဦးလေးတွေးတာမမှားပါဘူး၊ ကျုပ်ဟာ လူဆိုးတစ်ယောက်ပါ၊ နံမည်က မဟူရာမိုးမှောင်လို့ခေါ်ပါတယ်၊ ဘယ်လိုလဲ ဦးလေး ကျွန်တော့်အကြောင်းသိလို့ ပုလိပ်ဘက်ကို သတင်းပေးဖို့ စဉ်းစားနေပြီလား" ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ ဦးစိုင်းလုံက

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောအပြုံးတစ်ခုကိုပြုံး၍ . . .

"သြော်. . . မင်းက မဟူရာမိုးမှောင်ဆိုတဲ့ လူကိုး၊ ငါက မဟူရာမိုးမှောင်ဆိုတာ အသက်လေးဆယ်အရွယ်လောက် အရုပ်ဆိုးဆိုး ကြမ်းကြမ်းတမ်းတမ်း လူဆိုးကြီးတစ်ယောက်လို့ထင်နေတာ၊ ပုလိပ်ကို သတင်းပေးဖို့ဆိုတာတော့ မစဉ်းစားပါဘူးကွာ. ဒီရွာလေးမှာလည်း ဘယ်ပုလိပ်မှမရှိပါဘူး၊ ဒါနဲ့နေပါဦး၊ ငါကြားတာ မင်းဟာ ကြေးစားလူသတ်သမားတစ်ယောက်ဆို၊ လူသတ်သမားဆိုတာအောင် အုစရိုက်လူဆိုးဂိုဏ်းတွေကကောင် ဖိနှိပ်ဖိနှိပ်တုန်အောင်ကြောက်ရွံ့ကြတဲ့ လူဆိုးတစ်ယောက်ဆိုကွ၊ အခု ဘယ်လိုဖြစ်ပြီး သေနတ်ဒဏ်ရာကြီးနဲ့ ဒီကိုရောက်လာရတာတုန်း" ဟု မေးမြန်းလိုက်ပြန်လေလျှင် . . .

"ဟုတ်ပါတယ်၊ ကျုပ်ကို လူဆိုးဂိုဏ်းတွေအကုန်လုံးက ရွံ့ကြပါတယ်၊ သူတို့ရှံ့မလောက်အောင်လည်း ကျုပ်ကမိုက်တာကိုးဗျ၊ အခုလည်း လူဆိုးဂိုဏ်းတစ်ဂိုဏ်းကကောင်တွေနဲ့ ကျုပ်တိုက်ပွဲဖြစ်ပြီး ဒဏ်ရာရလာခဲ့ရတာပဲ၊ ဒီကောင်တွေကလည်း ကျုပ်ကို အသည်းအသန်လိုက်ပြီးသတ်ခဲ့ကြတာ၊ နောက်ဆုံး ကျုပ်လက်မောင်းကို သေနတ်မှန်ပြီး တောင်ကျချောင်းတစ်ခုထဲကို ပြုတ်ကျသွားခဲ့ရတယ်၊ အဲဒီချောင်းအတိုင်းမျောပါရင်းနဲ့ ကျုပ် ဒီကိုရောက်လာခဲ့တာပါ၊ ဒါပေမဲ့ ကမ်းပေါ်တက်ပြီး ဦးလေးယာခင်းကိုအဖြတ် သတိလစ်သွားတော့တာပဲ၊ ကံကောင်းလို့ ဦးလေးလိုလူမျိုးနဲ့လာတွေ့ပြီး အခုလို ကျုပ်



အသက်ဆက်ပြီး ရှင်နေရတာပေါ့ဗျာ" ဟု မဟူရာမိုးမှောင်က ပြောပြလိုက်လေ၏။ ၎င်းအံစကားဆုံးလေလျှင် ဦးစိုင်းလုံက သဘောကျစွာ ဟက်ဟက်ပက်ပက်ရယ်မောလေတော့၏။ သို့ဖြစ်ရာ မဟူရာမိုးမှောင်က. . .

"ဘာရယ်တာလဲဗျ" ဟု အံ့သြစွာမေးလိုက်လေလျှင် . . .

"ဟား. . . ဟား. . . မင်းအဖြစ်က ရယ်စရာကောင်းလွန်းလို့ပါကွာ၊ သူများအသက်တွေကိုကျတော့ သတ်ချင်သလိုသတ်ပြီး ကိုယ့်အသက်ကလေးကိုကျတော့ သေမှာကြောက်လို့ ထွက်ပြေးခဲ့ရတာဟာ ဘယ်လောက်များရယ်စရာကောင်းလိုက်သလဲ" ဟု ဦးစိုင်းလုံက ပြောလိုက်လေ၏။

"ဒါကတော့ ဦးလေးရာ သူများအသက်တွေ ဘယ်လောက်သတ်သတ် ကိုယ့်အသက်ကိုတော့ သေမှာကြောက်ကြတဲ့လူတွေချည်းပဲ၊ ဒါက ရယ်စရာမှမဟုတ်တာ၊ ပြီးတော့ ကျုပ်ဘဝကလည်း သူများအသက်တွေကို သတ်ချင်လို့သတ်နေရတာမဟုတ်ပါဘူး" ဟု မဟူရာမိုးမှောင်က ပြောလေ၏။

"ဘယ်လိုကွ၊ သူများအသက်တွေကို သတ်ချင်လို့သတ်နေတာ မဟုတ်ဘူးဟုတ်လား၊ မင်းစကားက အဆန်းပါလား၊ ဒါဖြင့် ဘာကြောင့် သတ်နေရတာတုန်း" ဟု ဦးစိုင်းလုံက မေးလိုက်လေရာ မဟူရာမိုးမှောင်က သက်ပြင်းတစ်ချက်ကို လေးတွဲစွာချ၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေကို အကုန်လုံးပြောပြရရင် မိုးလင်းသွားလိမ့်မယ် ဦးလေး၊ ကျုပ်ဘဝရဲ့အခြေအနေအရ မသတ်မဖြစ်လို့ကိုသတ်ခဲ့ရတာလို့ပဲ ပြောပါရစေတော့ဗျာ၊ တကယ်တမ်းလည်း ကျုပ်ဘဝကိုက ကိုယ်က မသတ်ရင် သူများကသတ်မယ့်ဘဝပဲ၊ တစ်ခါတစ်ခါကျတော့လည်း အဲဒါကြီးကိုတွေးမိတိုင်း လောကကြီးကို ကျုပ်စိတ်နာမိတယ်၊ ဘာလို့များ ကံကြမ္မာဆိုတာကြီးက ကျုပ်ကို ဒီလိုဘဝမျိုးကြီးနဲ့ လောကကြီးထဲကို ပို့လိုက်သလဲမသိပါဘူးဗျာ" ဟု ပြောလိုက်လေ၏။

မဟူရာမိုးမှောင်၏ ခံစားချက်အပြည့်ဖြင့် ပြောလိုက်သောလေသံကြောင့် ဦးစိုင်းလုံမှာ အံ့သြသွားသကဲ့သို့ရှိလေ၏၊ ထို့နောက်တွင်မူ မဟူရာမိုးမှောင်၏မျက်နှာကို ကြည့်ရှု၍ . . .

"ဟင်း . . . ဟင်း . . . ကျုပ်ထင်တာမမှားဘူးဆိုရင် မောင်ရင့်မှာ ရင်နာစရာဇာတ်လမ်းတစ်ခုခု ရှိခဲ့ဖူးတယ်နဲ့တူတယ်" ဟု ဆိုလိုက်လေရာ မဟူရာမိုးမှောင်က ခပ်မဲ့မဲ့တစ်ချက်ပြုံး၍ . . .

"ထားလိုက်ပါတော့ဗျာ၊ လူတိုင်းမှာ ဘဝဇာတ်ကြောင်း အခံလေးတွေဆိုတာ ရှိကြစမြဲပါ၊ အခုလောလောဆယ်တော့ ကျုပ်အသက်ကိုကယ်ထားတဲ့ ဦးလေးရဲ့ကျေးဇူးကို ကျုပ်မမေ့ပါဘူး၊ တစ်နေ့မှာ ဦးလေးကျေးဇူးကို ကျုပ်ပြန်ဆပ်ပါ့မယ်" ဟု ပြောလိုက်လေ၏၊ ထိုအခါ ဦးစိုင်းလုံက . . .

"မလိုပါဘူး၊ ငါ မင်းကိုကယ်ဆယ်ခဲ့တာ ဒုက္ခရောက်နေတဲ့



လူတစ်ယောက်ကို လူသားချင်းစာနာတဲ့စိတ်ကစ်ခုတည်းနဲ့ ကယ်ဆယ်ခဲ့တာပါ၊ ဒီနေရာမှာ မင်းမဟုတ်ဘဲ အခြားတစ်ယောက်ဆိုရင်လည်း ငါဟာ ဒီလိုပဲကယ်ဆယ်ရမှာပဲ၊ ဒါဟာ ကျေးဇူးတင်စရာမဟုတ်ပါဘူး၊ တကယ်ဆို မင်းကိုတောင် ငါက ကျေးဇူးပြန်တင်ရဦးမှာပါ" ဟု ပြောလိုက်လေရာ မဟူရာမိုးမှောင်မှာ အံ့သြနားမလည်နိုင်သလို ဖြစ်သွားရလျှက် . . .

"ဘယ်လိုဦးလေး၊ ဘာကြောင့် ကျုပ်ကို ဦးလေးက ကျေးဇူးပြန်တင်နေရမှာလဲ" ဟု မေးလိုက်မိလေတော့၏။ ထိုအခါ ဦးစိုင်းလုံက ထူးဆန်းစွာပြုံး၍ . . .

"ဘာကြောင့်လဲဆိုရင် ငါဟာ မဟူရာမိုးမှောင်ဆိုတဲ့မင်းလိုလူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ချင်နေတဲ့လူတစ်ယောက် ဖြစ်နေလို့ပေါ့ကွာ" ဟု ပြော၍ ရုတ်တရက် ခေါင်းတွင်ပတ်ထားသော ပဘက်ကြီးနှင့် မျက်နှာမှ အတုအပပစ္စည်းများကို ချွတ်ချလိုက်လေရာ အသက်(၄၀)ခန့်အရွယ် မျက်လုံးပြူးပြူး အသားညိုညို လူတစ်ယောက်၏မျက်နှာတစ်ခုသည် ထူးဆန်းစွာပေါ်ထွက်လာလေတော့၏။ ထိုအခါ မဟူရာမိုးမှောင်မှာလည်း လွန်စွာမှ အံ့သြသွားလျှက် . . .

"ခင် . . . ခင်ဗျား . . . ဘယ်သူလဲ" ဟု မေးမြန်းလိုက်လေရာ ထိုလူက "ငါ့နာမည် တိုက်စိုးလို့ခေါ်တယ် မဟူရာမိုးမှောင်၊ အရင်ဆုံးပြောရရင် မင်းသိပြီးသားဖြစ်တဲ့ ကြောင်နက်ဂိုဏ်းရဲ့ ဂိုဏ်းခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆိုပါတော့၊ ငါတို့ဂိုဏ်းနဲ့ မင်းဟာ အခုချိန်ထိ ဘာမှပြဿနာ မရှိခဲ့ဖူးသေးတာတော့ မင်းအသိဆုံးပါ၊ ဒါပေမဲ့ ကြေးစားလူသတ်သမား ဖြစ်နေတဲ့ မင်းအနေနဲ့ တစ်ချိန်ချိန်မှာ ငါဟာ မင်းရဲ့ပစ်မှတ်တစ်ခု ဖြစ်ချင်လည်းဖြစ်သွားနိုင်တယ်ဆိုတာမျိုးကိုတော့ ငါသဘောပေါက် နေတယ်၊ တကယ်တမ်းပြောရရင် ငါဟာ မင်းလိုလူမျိုးနဲ့ ပြဿနာ မဖြစ်ချင်ဘူး၊ ဖြစ်နိုင်ရင်ဗျာ မိတ်ဆွေပဲဖွဲ့ချင်တာ၊ အဲဒါ ဘာဖြစ်လို့ လဲလို့မေးရင်လည်း အဖြေကရှင်းရှင်းလေးပဲ၊ ငါက မင်းနဲ့ရန်သူဖြစ် ရမှာကို မလိုလားဆုံးဖြစ်နေလို့ပဲ၊ ဟုတ်တယ် မဟူရာမိုးမှောင်၊ အခုချိန်မှာ ငါ့အတွက် အလွန်အင်မတန်မှအရေးကြီးတဲ့ ကိစ္စကြီး တစ်ခုရှိနေတယ်၊ အဲဒီ့ကိစ္စကြီးကို အောင်မြင်အောင်ဆောင်ရွက်နိုင် မယ်ဆိုရင် ကမ္ဘာပေါ်မှာ အချမ်းသာဆုံးလူတစ်ယောက်ဖြစ်သွားနိုင် တယ်၊ အဲဒီ့ကိစ္စကြီးကို အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့အတွက် လည်း ငါ့အတွက် လူတစ်ယောက်လိုနေတယ်၊ အဲဒီ့လူဟာ ငါ့အမြင် မှာတော့ မင်းကလွဲပြီး ဘယ်သူမှမရှိတော့ဘူး၊ ဒီ့အတွက် မင်းနဲ့ ငါဟာ ရန်သူဖြစ်လို့လုံးဝမဖြစ်ဘူး၊ အ. . . အခုတော့ မမျှော်လင့်ဘဲနဲ့ မင်းနဲ့ငါဟာ ငါတောင်းတမျှော်လင့်ထားခဲ့သလို မိတ်ဆွေတွေဖြစ်သွား ခဲ့ကြပြီ၊ ငါ သိပ်. . . သိပ်ပြီးဝမ်းသာတယ် မဟူရာမိုးမှောင်၊ အမှန် တိုင်းဝန်ခံရရင်လည်း မင်းကိုကယ်ခဲ့တုန်းက ငါဟာ မင်းမှန်းလုံးဝ မသိခဲ့ဘူး၊ မဟူရာမိုးမှောင်ဆိုတဲ့မင်းကိုလည်း လူတိုင်းမှမမြင်ဘူးကြတာ



ပဲ" ဟု ပြောဆိုလိုက်လေလျှင် မဟူရာမိုးမှောင်ကလည်း အံ့ဩစွာ နားထောင်နေရင်းမှ . . .

"ဒါပေမဲ့ ကြောင်နက်ဂိုဏ်းက ဘယ်လိုဖြစ်ပြီး ဒီနေရာမှာ ဒီလိုပုံစံမျိုးနဲ့ ရောက်နေရတာလဲ" ဟု ရုတ်တရက်မေးမြန်းလိုက်လေ ၏။ ထိုအခါ ကြောင်နက်ဂိုဏ်းခေါင်းဆောင် ကိုတိုက်စိုးက . . .

"ဒါလည်း အမှန်တိုင်းဝန်ခံရရင် မင်း ဒီနယ်ဘက်မှာရောက်နေ တယ်ဆိုတဲ့သတင်းကြားလို့ အခုလိုရုပ်ဖျက်ပြီး ရောက်နေရတာပဲ၊ ဒီနယ်ဟာ ငါ့ရဲ့နယ်လေကွာ၊ ငါရည်ရွယ်တာက တကယ်လို့ မင်းနဲ့ တွေ့ရင် ဟစ်နည်းနည်းနဲ့ မိတ်ဆွေဖြစ်အောင် မိတ်ဖွဲ့မယ်ဆိုပါတော့ ကွာ၊ အခုတော့ ငါ့ရည်ရွယ်ချက်တွေဟာ မမျှော်လင့်ဘဲနဲ့ လိုအပ်တာ ထက်တောင် ပြည့်ဝသွားပါပေါ့လား မဟူရာမိုးမှောင်ရယ်" ဟု ပြော ဆိုကာ အားပါးတရ ရယ်မောလိုက်လေတော့၏။

ထိုအခါ မဟူရာမိုးမှောင်က . . .

"နေစမ်းပါဦး ကြောင်နက်ကြီးရယ်၊ ခင်ဗျားက ကျုပ်ကလွဲပြီး ခင်ဗျားကိစ္စကို ဆောင်ရွက်ပေးနိုင်မယ့်လူမရှိတော့ဘူးဆိုတော့ ခင်ဗျား ကိစ္စက ဘာကိစ္စကြီးမို့လို့လဲ၊ ပြီးတော့ ကျုပ်ကရော ခင်ဗျားလိုချင် တဲ့ ပုံစံအတိုင်း ဆောင်ရွက်ပေးနိုင်ပါ့မလား" ဟု မေးမြန်းလိုက်ရာ ကြောင်နက်ဂိုဏ်းခေါင်းဆောင် ကိုတိုက်စိုးက သဘောကျစွာ ရယ်မော၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မခေါင်ရွက်ပေးနိုင်ရမှာလဲ မဟူရာမိုးမှောင်ရယ်၊ မင်းအနေနဲ့ဆိုရင် ပင့်ကူကြီးတို့ ကျားကြီးတို့ နဂါးကြီးတို့လို လူဆိုးဂိုဏ်းခေါင်းဆောင်ကြီးတွေကို သတ်ခဲ့ရသလောက်တောင် မခက်လှပါဘူး၊ မင်းနဲ့ငါ အတူပူးပေါင်းပြီး အချိန်နည်းနည်းလောက်ယူပြီး လှုပ်ရှားလိုက်ကြမယ်ဆိုရင် တာဝတိံသာနတ်ပြည်က သကြားမင်းရဲ့ ဝရဇိန်လက်နက်တောင် ရအောင်ယူနိုင်တယ်လို့ ငါပြောရဲတယ်၊ ကဲ အခုလောလောဆယ်တော့ မင်းလက်ကဒဏ်ရာပျောက်တဲ့အထိ ဒီမှာပဲ အေးအေးဆေးဆေးနဲ့အနားယူလိုက်ဦး၊ ပြီးမှ ဖြည်းဖြည်းချင်းတို့လုပ်ရမယ့်အစီအစဉ်တွေကို ပြောပြမယ်၊ ငါတို့အစီအစဉ်သာ အောင်မြင်လို့ကတော့" ဟု ဆိုကာ လက်ဖျစ်တစ်ချက်ကို ဖျောက်ခနဲ တီး၊ လိုက်ပြီးမှ . . .

"ဒီမှာ မဟူရာမိုးမှောင် မင်းနဲ့ငါနဲ့လောက်ချမ်းသာတဲ့လူ ဒီ ကမ္ဘာပေါ်မှာ မရှိတော့ဘူးဆိုတာ မှတ်ထားလိုက်ပေတော့" ဟု ဆက်လက်ပြောဆိုကာ အားပါးတရ ရယ်မောလိုက်လေတော့သတည်း။

❁❁❁



အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး (၁)နှစ်ခန့်ရှိသောအချိန်တွင် ဖြစ်ပေ၏။ တစ်ညသ၌ ဦးထုပ်အနက်လောင်းကုတ်အင်္ကျီအနက်ရှည်ကြီးကို ဝတ်ဆင်ထားသော လူထွားကြီးတစ်ယောက်သည် ရောမ ခွေးမည်းကြီးတစ်ကောင်အား ကိုင်ဆွဲလျှက် လူသူပြတ်လတ်လှသော ခြံဝန်းကျယ်ကြီးတစ်ခုအတွင်းသို့ ဝင်ရောက်သွားလေတော့၏။ ၎င်း ဝင်ရောက်သွားသောခြံဝန်းကျယ်ကြီးမှာ စင်စစ်အားဖြင့် တရုတ်သင်္ချိုင်းဝန်းကြီးတစ်ခုပင်ဖြစ်ပေရာ များမကြာမီအချိန်တွင်ပင် အုတ်ဂူဖြူကြီးတစ်လုံးအကွယ်မှ လူတစ်ယောက်သည် ထွက်လာလျှက် . . .

"ရောက်လာပြီလား မဟူရာမိုးမှောင်" ဟု ခွေးမည်းကြီးနှင့် လူအား နှုတ်ဆက်လိုက်လေတော့၏။ ထိုအခါ ခွေးမည်းကြီးနှင့် မဟူ

www.burmeseclassic.com

www.burmeseclassic.com



ရာမိုးမှောင်ကလည်း ထိုလူအား ...

"ကြောင်နက်ကြီးကတွေ့ချင်တယ်ဆိုတော့လည်း လာခဲ့ရတော့တာပေါ့ ကြောင်နက်ကြီးရယ်၊ ဒါနဲ့ ကျုပ်ကို အရေးတကြီးချိန်းလိုက်ပုံထောက်တော့ သတင်းတစ်ခုခုတော့ ထူးပြီနဲ့တူရဲ့" ဟု ပြန်၍ပြောလိုက်လေလျှင် ...

"သိပ်ဟုတ်တာပေါ့ မဟူရာမိုးမှောင်ရယ်၊ အခုချိန်မှာ မင်းရဲ့ထူးခြားပြောင်မြောက်မှုတွေကြောင့် ပုလိပ်ဘက်ကလူတွေ ဘိလူးချောင်းသရဲချောင်း ချောင်းနေကြတဲ့ကြားထဲက အခုငါနိုင်ခေါ်တွေ့လိုက်ရတယ်ဆိုမှဖြင့် ထူးပြီပေါ့မောင်ရာ၊ အခု ငါသတင်းအတိအကျရထားပြီးပြီ တို့လိုချင်တဲ့ပစ္စည်းဟာ သူဌေးကြီးဦးကျော်စံသာဆိုတဲ့ လူကြီးတစ်ယောက်ဆီမှာရှိနေတာ သေချာသွားပြီ၊ ဒီတော့ မင်း အခုချိန်ကစပြီ ပစ်မှတ်ကို သူဌေးကြီးဦးကျော်စံသာဆီကို ရွှေ့ရလိမ့်မယ်" ဟု ကြော နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးက ပြောလိုက်လေ၏။ ထိုအခါ မဟူရ မိုးမှောင်က ...

"ဒီတစ်ခါတော့ ခင်ဗျားသတင်းသေချာပါစေလို့ ဆုတောင်း တော့မှာပဲ ကြောင်နက်ကြီး၊ ကောင်းပြီလေ၊ အခု ခင်ဗျားပြော သူဌေးကြီးဦးကျော်စံသာဆိုတဲ့လူကြီးက ဘယ်မှာနေတာလဲ" ဟု လိုက်လေရာ ဦးတိုက်စိုးက မဟူရာမိုးမှောင်ထံသို့ အိတ်အနက် လုံးကိုလှမ်းပေးလိုက်ပြီး ...



"ဒီအထဲမှာ သူဌေးကြီးဦးကျော်စံသာရဲ့ အချက်အလက်တွေ အကုန်ပါတယ် မဟူရာမိုးမှောင်၊ မင်းအနေနဲ့လုပ်ရမယ့်အတိုင်းအတာကိုတော့ အဲဒီအထဲမှာ ဖော်ပြပေးထားတယ်၊ ဒီတစ်ခါတော့ တို့ရည်ရွယ်ချက်တွေ အကုန်လုံးအောင်မြင်တော့မှာပါကွာ၊ ကဲ အခုချိန်မှာ အရာရာဟာ သိပ်ပြီးစိတ်မချရဘူး၊ ကိုယ်ရောင်ဖျောက်ကြစို့ရဲ့" ဟု ပြောဆိုကာ အုတ်ဂူကြီးကြားရှိ အမှောင်ရိပ်အတွင်း တိုးဝင်ကာ ပျောက်ကွယ်သွားလေတော့၏။ ထိုအခါ လူဆိုးကြီးမိုးမှောင်မှာလည်း ဦးတိုက်စိုးပေးခဲ့သော အိတ်အနက်လေးကိုပြုံးကာ တစ်ချက်ကြည့်၍ ၎င်း၏ခွေးကြီးအား ...

"ကဲ မည်းကြီးရေ၊ ကြောင်နက်ကြီးကတော့ ကိုယ်ရောင်ဖျောက်သွားပြီ၊ မင်းနဲ့ငါနဲ့ပဲကျန်တော့တယ်" ဟုပြောဆိုကာ ခွေးမည်းကြီးနှင့်အတူ အမှောင်ရိပ်အတွင်းသို့ တိုးဝင်ကာ ပျောက်ကွယ်သွားပြန်လေတော့သတည်း။

❁❁❁

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အဖြစ်အပျက်အကြောင်းအရာများအားလုံးသည် ကြောင်နက်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးတိုက်စိုးမှ ကျွန်ုပ် ဒေါက်တာမဆင်းနားအား ပြောပြခဲ့သည့်အကြောင်းအရာများပင် ဖြစ်ပေ၏။ ထိုအချိန်၌ ကျွန်ုပ်သည် ၎င်းပြောပြခဲ့သော လူဆိုးကြီး မဟူရာမိုးမှောင်ဆိုသူအား ကိုယ်တိုင်မြင်တွေ့ဖူးခြင်းမရှိပါပေ။ သို့ရာ၌ ထိုအချိန် ပုလိပ်လောကတစ်ခုလုံးသာမက လူတိုင်း၏နှုတ်များတွင် ပြောကြားနေကြသော လူဆိုးကြီးမဟူရာမိုးမှောင်၏သတင်းများကိုကား နေ့တစဉ်ကြားသိနေရလေရာ ၎င်းအား လွန်စွာမှစိတ်ဝင်စားခဲ့ရပေ၏။

ဤနေရာ၌ ကျွန်ုပ်ကဲ့သို့သော ဆေးပညာရှင် ဒေါက်တာတစ်ယောက်နှင့် ဦးတိုက်စိုး မဟူရာမိုးမှောင် ထိုကဲ့သို့သော လူဆိုး



ဂိုဏ်းခေါင်းဆောင်များနှင့် ပက်သက်ဆက်နွယ်ခဲ့ရသောအကြောင်းကို ဖော်ပြရန်ရှိပေရာ ဦးစွာပထမ ကျွန်ုပ်၏အကြောင်းကို ရှေးဦးစွာ ဖော်ပြရမည်ဖြစ်ပေ၏။

ကျွန်ုပ် ဒေါက်တာမဆင်းနားသည် ဇီဝကမ္မနှင့်ခန္ဓာဗေဒ အထူးပြုဖြင့် ဆေးပညာဒေါက်တာဘွဲ့ကို အင်္ဂလန်နိုင်ငံ၌ရယူခဲ့ပေ၏။ ကျွန်ုပ်သည် ဆေးပညာအား ငယ်စဉ်ကတည်းကပင် လွန်စွာဝါသနာပါခဲ့သူတစ်ဦးဖြစ်ပေရာ ဆေးကျောင်းတက်စဉ်ကပင် ဆေးပညာနှင့် ပတ်သက်သည့် ဆန်းစစ်မှုများ တီထွင်လေ့လာခြင်းများဖြင့်သာ အချိန်ကုန်ခဲ့လေ၏။ အင်္ဂလန်မှ ဒေါက်တာဘွဲ့ရယူပြီးသောအချိန်၌မူ ကျွန်ုပ်၏ဘဝ ကျွန်ုပ်၏အချိန်တိုင်းသည် ဇီဝကမ္မနှင့် ခန္ဓာဗေဒဆိုင်ရာ စမ်းသပ်မှု လေ့လာတီထွင်မှုများထဲတွင်သာ မြုပ်လျှက်ရှိနေပေတော့၏။ ကျွန်ုပ်သည် မိဘများထံမှ အမွေရခဲ့သော ငွေကြေးများဖြင့် ကိုယ်ပိုင်ဓါတ်ခွဲခန်းကြီးတစ်ခုကို တည်ထောင်ကာ စမ်းသပ်မှုများစွာကို ပြုလုပ်ခဲ့လေ၏။

ထိုအခါ ကျွန်ုပ်သည် သတ္တဝါတို့၏ ဦးနှောက်ပိုင်းဆိုင်ရာ လေ့လာမှုများကို အထူးစိတ်ဝင်စားလျှက် အမျိုးမျိုးသော သတ္တဝါတို့၏ ဦးနှောက်ဖွဲ့စည်းပုံများကို အသေးစိတ်မှအစ လေ့လာခဲ့လေ၏။ စမ်းသပ်မှုများစွာကိုလည်း ပြုလုပ်ခဲ့ပေ၏။ ထိုအခါ ကျွန်ုပ်သည် အမျိုး အစားမတူသော သတ္တဝါနှစ်ကောင်၏ ဦးနှောက်များကို လဲလှယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲကြည့်ရန် ထူးဆန်းသောစိတ်ကူးမျိုး ပေါ်ပေါက်ခဲ့လေ၏။ ထို့အတွက် ကျွန်ုပ်သည် ထိုစမ်းသပ်ချက်ကို အပြင်းအထန်စမ်းသပ်လေ့လာခဲ့လေရာ တစ်ချိန်တွင် မမျှော်လင့်ဘဲ ကျွန်ုပ်၏စမ်းသပ်မှုမှာ အောင်မြင်သွားခဲ့လေတော့၏။ ထိုအခါ ကျွန်ုပ်သည် ယုန်တစ်ကောင်၏ဦးနှောက်အစုံအား ခွေးတစ်ကောင်၏ဦးခေါင်းထဲသို့လည်းကောင်း၊ ခွေး၏ဦးနှောက်ကိုမူ ယုန်၏ဦးခေါင်းထဲသို့လည်းကောင်း ပြောင်းလဲထည့်ပေးခြင်း၊ ကြွက်ဦးနှောက်နှင့် ငှက်တစ်ကောင်၏ဦးနှောက်အားအစားထိုးလဲလှယ်ပေးခြင်း အစရှိသော စမ်းသပ်ချက်တို့ကို ပြုလုပ်ခဲ့လေ၏။

သို့ဖြစ်ရာ ကျွန်ုပ်၏ဓါတ်ခွဲခန်း လှောင်အိမ်များအတွင်း၌ သတ္တဝါဆန်းများဖြင့် ပြည့်လျှက်ရှိလေတော့၏။ ကျွန်ုပ်မှာ ကျွန်ုပ်ခွဲစိတ်ဖန်တီးပြုပြင်ထားခဲ့သော ယုန်ဦးနှောက်နှင့် ခွေးများ၊ ခွေးဦးနှောက်နှင့်ယုန်များ ငှက်ဦးနှောက်နှင့်ကြွက်များ၊ ကြွက်ဦးနှောက်နှင့်ငှက်များ၊ ကြောင်ဦးနှောက်နှင့်ပူးကောင်များ၊ ပူးဦးနှောက်နှင့် ကြောင်များ အစရှိသော သတ္တဝါများကိုကြည့်ရှု၍ လွန်စွာမှ ကျေနပ်အားရ ပီတိများဖြစ်နေခဲ့ရလေ၏။

ထိုမှ ကျွန်ုပ်သည် ကျွန်ုပ်၏အောင်မြင်မှုအား ဖော်ထုတ်ပြသရန်အတွက် ကျွန်ုပ်ဖန်တီးခဲ့သော သတ္တဝါများကို ကမ္ဘာ့ဆေးကောင်စီကို တင်ပြခဲ့လေ၏။ ထိုအချက်သည် ကျွန်ုပ်၏ ကြီးစွာသောအမှားကြီး



တစ်ခုပင် ဖြစ်၍သွားခဲ့ရလေတော့၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်၏အောင်မြင်မှုကြီးအား ဆေးပညာရှင်များအဖွဲ့မှ အံ့သြဘနန်းဖြင့် ချီးကျူးဂုဏ်ပြုကြလိမ့်မည်ဟု ယူဆခဲ့မိသော ကျွန်ုပ်၏အထင်နှင့် တက်တက်စင်လွဲမှားကာ ကမ္ဘာ့ဆေးကောင်စီရှိ ဆေးပညာရှင်အဖွဲ့မှ ကျွန်ုပ်၏လုပ်ရပ်အား ပြင်းထန်စွာ ဝေဖန်ရှုပ်ချခဲ့ခြင်းကြောင့်ပင် ဖြစ်ပေတော့၏။

ထိုအခါ ၄င်းတို့မှ ကျွန်ုပ်အား သဘာဝတရားနှင့်ဆန့်ကျင်သည့် မလျှော်ကန်သောစမ်းသပ်မှုများကို စမ်းသပ်ခဲ့သည်ဟူသောစွဲချက်ဖြင့် ကျွန်ုပ်၏ ဆေးပညာကောလိပ်ဘွဲ့ကိုပင် ရုပ်သိမ်းခဲ့ကြလေရာ ကျွန်ုပ်မှာ လွန်စွာမှ ဒေါသထွက်လျှက် ၄င်းတို့အား အတိုက်အခံပြုခဲ့လေ၏။ သို့ရာ၌ နောက်ဆုံးတွင် ကျွန်ုပ်သည် ဆေးပညာဒေါက်တာဘွဲ့ကို ဆုံးရှုံးရသည့်အပြင် ကမ္ဘာ့ဆေးကောင်စီမှ ဥပဒေဖြင့် ထိမ်းသိမ်းခြင်းများကိုပါ ခံခဲ့ရလေတော့၏။ ကျွန်ုပ်သည် ခံပြင်းဒေါသထွက်ခြင်း၊ နာကြည်းခြင်း၊ ဆုံးရှုံးကြေကွဲခြင်းများဖြင့် အင်္ဂလန်ပြေပေါ်မှ ထွက်ခွာခဲ့ကာ ကျွန်ုပ်၏မိခင်ကြီး၏ဇာတိဖြစ်သော အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ရလေ၏။ ကျွန်ုပ်သည် အိန္ဒိယတွင် (၅)နှစ်ခန့်နေထိုင်၍ ထိုအတောအတွင်း၌ပင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ သမီးတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့လေတော့၏။ ထိုမှ သမီးကလေးတစ်ယောက် ရရှိသောအခါ ကျွန်ုပ်၏ယောက္ခမကြီးသည် ကွယ်လွန်လျှက် ၄င်း၏ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှုများအားလုံးအား ကျွန်ုပ်တို့လင်မယားမှ လက်ခံရရှိခဲ့ကြလေ၏။ ထိုမှ သမီးလေး (၇)နှစ်သမီးအရွယ်သို့ရောက်သောအခါ၌မူ ကျွန်ုပ်၏ ဇနီးမှာ ကွယ်လွန်သွားခဲ့ပြန်လေ၏။

ထိုအခါ ကျွန်ုပ်သည် ဇနီးကွယ်လွန်ခဲ့ခြင်းကြောင့် များစွာ စိတ်ထိခိုက်ရသကဲ့သို့ ဇနီးသည်မရှိတော့သည့်အခါ ကျန်ရှိနေခဲ့သော စီးပွားရေးလုပ်ငန်းများအား စိတ်ပါဝင်စားခြင်းမရှိတော့ဘဲ ငြီးငွေ့သကဲ့သို့ဖြစ်လာခဲ့ရလေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်၏သမီးလေးအရွယ်ရောက်၍ စောစီးစွာ အိမ်ထောင်ကျသွားခဲ့ရသောအခါ၌မူ ကျွန်ုပ်၏လုပ်ငန်းအားလုံးအား သမက်ဖြစ်သူအား လွှဲပြောင်းလုပ်ကိုင်စေလျက် ကျွန်ုပ်ကိုယ်တိုင်မူ ကျွန်ုပ်ဝါသနာရှိရာ ဆေးပညာအလုပ်များကို လျှို့ဝှက်စွာ ပြန်လည်လုပ်ကိုင်ခဲ့လေတော့၏။ ထိုအခါ ကျွန်ုပ်လိုအပ်သမျှသော အခေမ်းသည်ခံ သတ္တဝါများအား ကျွန်ုပ်၏တပည့်ဖြစ်သူ မူရွတ်ခန်ဆိုသူမှ ရှာဖွေပေးခဲ့လေ၏။ မူရွတ်ခန်မှာ ကျွန်ုပ် အိန္ဒိယသို့ရောက်ပြီး အိမ်ထောင်မကျမီကတည်းက တွေ့ရှိရင်းနှီးကာ ကျွန်ုပ်နှင့်အတူနေထိုင်ခဲ့သော ပဌာန်လူမျိုးတစ်ယောက်ပင် ဖြစ်လေ၏။

ကျွန်ုပ်သည် မူရွတ်ခန်နှင့်အတူ ကျွန်ုပ်၏ဆေးသုတေသီလုပ်ငန်းများကို လုပ်ကိုင်နေစဉ် မူရွတ်ခန်ထံမှ မြန်မာပြည်နှင့်ပတ်သက်သော အကြောင်းအရာများနှင့်အတူ မြန်မာစကားကိုပင် လေ့လာသင်ယူခွင့်



ရခဲ့လေ၏၊ အဘယ်ကြောင့်ဆိုသော် မူရွတ်ခန်မှာ မြန်မာပြည်၌ နှစ်ပေါင်းများစွာနေထိုင်လာခဲ့သော မြန်မာပြည်ဖွား ပဌာန်ကုလားတစ်ဦးဖြစ်နေခြင်းကြောင့်ပါပေတည်း။

ဤကဲ့သို့နေထိုင်လာခဲ့စဉ် တစ်နေ့သ၌မူ ကျွန်ုပ်အတွက် လွန်စွာမှစိတ်မချမ်းမြေ့ဖွယ်ကောင်းသော အဖြစ်အပျက်ကြီးတစ်ခုသည် ဖြစ်၍လာလေ၏။ အကြောင်းမှာ ကျွန်ုပ်၏သမက်ဖြစ်သူ အလီ၏မိုက်မဲမှုကြောင့် စီးပွားရေးလုပ်ငန်းများမှာ တစ်စထက်တစ်စကျဆင်းလာကာ နောက်ဆုံး၌ စီးပွားရေးလုပ်ငန်းအားလုံးအား ကြွေးမြီရှင်များထံထိုးအပ်လိုက်ရသောအဖြစ်ဖြင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရခြင်းကြောင့်ပင်ဖြစ်ပေ၏။ ကျွန်ုပ်သည် မိုက်မဲလှသော 'အလီ'၏လက်သို့ စီးပွားရေးလုပ်ငန်းများ လွှဲပြောင်းပေးမိသောအဖြစ်ကို များစွာနောင်တရမိလေ၏။

ထို့ပြင်လည်း 'အလီ'မှာ မင်းသားခေါင်းဆောင်းထားသော ဘီလူးတစ်ကောင်ဖြစ်ကြောင်း အချိန်များစွာနောက်ကျပြီးမှ ကျွန်ုပ်သိခွင့်ရခဲ့လေ၏။ ကျွန်ုပ်သိသောအချိန်၌ အလီသည် ကျွန်ုပ်၏ယောက္ခမကြီးလက်ထက်ကတည်းက ထူထောင်ကြိုးစားလုပ်ကိုင်လာခဲ့သောစီးပွားရေးလုပ်ငန်းအားလုံးအား ပျက်စီးစေခဲ့ပြီဖြစ်၏။ ထို့ထက် ဇာတိရုပ်ပေါ်လာသောအလီသည် အသောက်အစား အပျော်အပါးနှင့် အလောင်းအစားများကို ကျွန်ုပ်ရှေ့တွင်ပါမရှောင် လုပ်ကိုင်လာလေ၏။ အဆိုးဆုံးမှာကား ကျွန်ုပ် ပိုးမွေးသလိုမွေးမြူလာခဲ့သော ကျွန်ုပ်၏ ချစ်လှစွာသော

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအား နည်းအမျိုးမျိုးဖြင့် နှိပ်စက်အနိုင်ကျင့်လာခြင်းပင်ဖြစ်ရာ ကျွန်ုပ်မှာ အလီအား များစွာရွံ့မုန်းခဲ့ရလေတော့၏။ သို့ရာ၌ ကျွန်ုပ်၏သမီးကား ၎င်း၏ယောကျ်ား 'အလီ'အား များစွာချစ်လေ၏။

၎င်းနှိပ်စက်သမျှ အနိုင်ကျင့်သမျှအား ကျွန်ုပ်မသိအောင်ဖုံးဖိ၍ ခံလေ၏။ ကျွန်ုပ်မှာ သမီးဖြစ်သူ၏မျက်နှာဖြင့် အလီအား ရွံ့မုန်းသော်လည်း လက်ခံထားရလေတော့၏။ သို့ရာ၌ စီးပွားရေးလုပ်ငန်းများ မရှိတော့သည်ဖြစ်၍ ကျွန်ုပ်တို့ ...ဘားစုနေထိုင်စားသောက်ရေးမှာ အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရလေတော့ရာ ကျွန်ုပ်မှ အလီအား အလုပ်မလုပ်လျှင် အိမ်ပေါ်မှနှင်ချရမည်ဖြစ်ကြောင်း သမီးဖြစ်သူကို သတိပေးရလေတော့၏။ ထိုအခါ သမီးဖြစ်သူမှတဆင့် အလီသည် ကြားသိလေလျှင် ကျွန်ုပ်အား အလုပ်လုပ်ရန် ငွေအရင်းအနှီးလိုအပ်ကြောင်း ၎င်းအား ငွေအရင်းအနှီးထုတ်ပေးပါက အလုပ်လုပ်မည်ဖြစ်ကြောင်း ပြောဆိုလာလေ၏။

ထိုအခါ ကျွန်ုပ်မှ ၎င်းလိုစီးပွားရေးလုပ်ငန်းများအားလုံးကိုပင် ဖြုန်းတီးပျက်စီးစေခဲ့သောလူအား ငွေအရင်းအနှီးနောက်ထပ်ထုတ်ပေးလျှင် မိမိလောက်မိုက်တဲ့လူမရှိတော့ကြောင်း ဒေါသဖြစ်ဖြစ်ဖြင့် ပြောဆိုကာ စကားများခဲ့ကြလေတော့၏။ ထို့နောက်တွင်ကား ကျွန်ုပ်သည် ပိုင်ဆိုင်သောပစ္စည်းများနှင့်တကွ လက်ရှိနေထိုင်လျှက်ရှိသော အိမ်ကိုပါ ရောင်းချ၍ အင်္ဂလန်သို့ပြန်ရန် စီစဉ်ခဲ့လေတော့၏။ ကျွန်ုပ်သည်



ဤကဲ့သို့ပြုလုပ်ခြင်းမှာ စိတ်လိုက်မာန်ပါပြုလုပ်ခဲ့ခြင်းပင်ဖြစ်၏။ အကယ်စင်စစ်အားဖြင့် အင်္ဂလန်ကဲ့သို့သောနေရာတစ်ခု၌ အခြေစိုက်ပြန်လည်နေထိုင်နိုင်ရန် ကျွန်ုပ်လက်တွင်း၌ ငွေအလုံအလောက်မပြည့်မှီပါပေ။

သို့ရာ၌ ကျွန်ုပ်သည် ခေါင်းမာသူတစ်ယောက်ပီပီ အင်္ဂလန်ကျေးလက်တောရွာလေးတစ်ခုတွင်ပင် နေထိုင်ရထိုင်ရပြောင်းရွှေ့ကာ ဖြစ်သလိုစီစဉ်တော့မည်ဟု ဆုံးဖြတ်ခဲ့လေတော့၏။ ထိုအချိန်၌ပင်လျှင် ကျွန်ုပ်၏အခက်အခဲကိုသိရှိနေသော မူရွတ်ခန်မှ ကျွန်ုပ်အနေဖြင့် ယခုအချိန် ပြောင်းရွှေ့မည်ဆိုပါက မြန်မာပြည်အတွင်းသို့ ပြောင်းရွှေ့လျှင် အဆင်ပြေနိုင်ကြောင်း ယခုလက်ရှိရှိနေသောငွေကြေးဖြင့်ဆိုပါက မြန်မာပြည်ကဲ့သို့သောနေရာမျိုးတွင် အခြေမပျက် ဆက်လက်နေထိုင်နိုင်ကြောင်း ၎င်းအနေဖြင့် မြန်မာပြည်တွင် ကြီးပြင်းခဲ့ရသူတစ်ယောက်ဖြစ်၍လည်း အစစအရာရာ အကူအညီပေးနိုင်ကြောင်းများကို ကျွန်ုပ်သဘောကျလက်ခံလောက်သည်အထိ ပြောဆိုအကြံပေးခဲ့လေတော့၏။ ထို့ပြင်လည်း မူရွတ်ခန်မှ ယခုချိန် မြန်မာပြည်မှာ ဆေးပညာရပ်များ၌ ဖွံ့ဖြိုးမှုနည်းပါးလွန်းသည်ဖြစ်၍ ကျွန်ုပ်အနေဖြင့် ဆေးသုတေသီလုပ်ငန်းများကိုလည်း အနှောက်ယှက်ကင်းရှင်းစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းများကိုလည်း ပြောဆိုခဲ့လေရာ ထိုတစ်ချက်တည်းနှင့်ပင် ကျွန်ုပ်သည် မြန်မာပြည်တွင် အခြေချနေထိုင်ရန် ဆုံးဖြတ်ချက်ချခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်သည် မှူရွတ်ခန်၏ကောင်းမှုဖြင့် မြန်မာပြည်သို့ ရောက်ရှိလာခဲ့ရလေတော့၏။ ကျွန်ုပ်သည် ရန်ကုန်မြို့ မင်္ဂလာဒုံအရပ်၌ ခြံကျယ်ကြီးတစ်ခုပါသော တိုက်အိမ်ကြီးတစ်လုံးကို လေတပ်မှကပ္ပတိန်ဂျော့ဆိုသူ စစ်ဗိုလ်တစ်ယောက်၏အကူအညီဖြင့် ငှားယူနေထိုင်ခဲ့လေ၏။ ထို့ပြင်လည်း ကျွန်ုပ်ကိုယ်ကို သာမန်ဆရာဝန်တစ်ဦးအနေဖြင့်သာ ၎င်းတို့အားသိစေလျက် သိုသိပ်စွာနေထိုင်ခဲ့လေ၏။ ထိုအချိန်၌ ကျွန်ုပ်နှင့်အတူ သမီးဖြစ်သူမှာ ပါလာသော် ဂျက် အလီမှာမူ အိန္ဒိယတွင်ကျန်ရစ်ခဲ့ပြီ ဖြစ်ပေ၏။ ကျွန်ုပ်သည် ကပ္ပတိန်ဂျော့၏ အကူအညီနှင့်ပင် စစ်ဝင်မှ တစ်ဆင့် အစိုးရအုပ်ချုပ်သူများထံမှ ဆေးကုသခွင့်လက်မှတ်ကို ရယူခဲ့လေ၏။ ထိုကာလအချိန်မှာလည်း အနောက်နိုင်ငံများဘက်မှ စစ်သတင်းများကြောင့် အင်္ဂလိပ်အစိုးရမှာ အခြားကိစ္စရပ်များကို ထောင့်စေ့စွာ စီမံအုပ်ချုပ်ခြင်းမရှိတော့ဘဲ စစ်သတင်းများကိုသာ စိတ်ဝင်စားလျက် ရှိနေရာ ကျွန်ုပ်၏ကိစ္စမှာ ထင်သလောက်ခဲယဉ်းခြင်းပင်မရှိဘဲ လွယ်ကူစွာရရှိခဲ့ခြင်းဖြစ်ပေ၏။

ကျွန်ုပ်သည် ဆေးကုသခွင့်လက်မှတ်ရသည်နှင့် ကိုယ်ပိုင်ဆေးခန်း တစ်ခုဖွင့်လှစ်ကာ ဆေးကုသခြင်းအလုပ်အား လုပ်ကိုင်ခဲ့လေတော့၏။ ထိုအခါ ကျွန်ုပ်၏ကုသမှုကျွမ်းကျင်ခြင်းကြောင့် တစ်နှစ်ခန့်ရှိလျှင်ပင် ကျွန်ုပ်၏ဆေးခန်းမှာ များစွာအလုပ်ဖြစ်ခဲ့လေတော့၏။ ဆေးခန်း အလုပ်ဖြစ်သည်နှင့်အမျှ ကျွန်ုပ်၏စီးပွားရေးမှာလည်း ချောင်လည်လာရသည်



ဖြစ်ရာ ကျွန်ုပ်သည် တိုက်အိမ်ကြီးတွင်ပါလာသော မြေတိုက်ခန်းနေရာ၌ ဓါတ်ခွဲခန်းတစ်ခုကို လျှို့ဝှက်စွာ ပြန်လည်တည်ဆောက်နိုင်ခဲ့လေ၏။ ထိုမှ ကျွန်ုပ်၏တပည့်ဖြစ်သူ မှူရွတ်ခန်မှအပ မည်သူမှမသိစေဘဲ ကျွန်ုပ်၏ဆေးသုတေသီလုပ်ငန်းများကို ပြန်လည်အကောင်အထည်ဖော်နိုင်ခဲ့လေတော့၏။ ဤသို့ဖြင့် တစ်နေ့တွင်မူ ကျွန်ုပ်၏ဆန်းစစ်ချက်တစ်ခုအတွက် အခက်အခဲတစ်ခု ဖြစ်ပေါ်လာခဲ့လေရာ ၎င်းမှာ စမ်းသပ်ရာတွင်အသုံးပြုရမည့် ကိရိယာတန်ဆာပလာများဝယ်ယူရန် ငွေကြေးမြောက်မြားစွာ လိုအပ်ခြင်းပင်ဖြစ်ပေတော့၏။ သို့ဖြစ်ရာ ကျွန်ုပ်သည် ထိုစမ်းသပ်ချက်အား ခေတ္တရပ်ဆိုင်းထားခဲ့ရလေတော့၏။ ထိုအခါ ကျွန်ုပ်သည် စမ်းသပ်လေ့လာနေသော စမ်းသပ်ချက်မှာ သေဆုံးပြီး လူတစ်ယောက်၏ဦးနှောက်ထဲမှ အရေးကြီးသော အာရုံခံအစိတ်ပိုင်းတစ်ခုအား အခြားတစ်ဂုံတစ်ယောက်၏ဦးနှောက် မှတ်ဉာဏ်ထဲသို့ ထည့်သွင်းကာ ဖြစ်ပေါ်လာမည့်အကျိုးဆက်ကို စမ်းသပ်ရှာဖွေလျက်ရှိသော စမ်းသပ်ချက်တစ်ခုပင်ဖြစ်ပေတော့၏။ သို့ဖြစ်ရာ ကျွန်ုပ်အတွက် ဆေးရုံမှ သေဆုံးပြီးကာစ လူသေအလောင်းများအားလည်း ဝယ်ယူရမည်ဖြစ်ရာ စရိတ်စားခမှာ မသေးလှပါပေ။ ထိုကဲ့သို့သောအချိန်၌ပင် မှူရွတ်ခန်သည် ကျွန်ုပ်အတွက် ငွေအမြောက်အမြားကို လွယ်လွယ်ကူကူရနိုင်မည့်အလုပ်တစ်ခုကို ရှာဖွေပေးခဲ့လေတော့ရာ ၎င်းမှာ ရှေးဟောင်း ရတနာပစ္စည်းများအား ထုခွဲရောင်းချပေးရသောအလုပ်ပင်ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်သည် အိန္ဒိယ၌လည်းကောင်း၊ အင်္ဂလန်၌လည်းကောင်း မိတ်ဆွေကုန်သည်များစွာရှိခဲ့လေရာ ထိုအလုပ်မှာ ကျွန်ုပ်အတွက် များစွာခဲယဉ်းလှခြင်းမရှိပါပေ။ သို့ရာ၌ ထိုအလုပ်မှာ ဥပဒေနှင့်မလွတ်ကင်းသောအလုပ်ဖြစ်နေ၍ ကျွန်ုပ်မှာ များစွာစည်းစားခဲ့ရလေ၏။ သို့သော် နောက်ဆုံးတွင်မူ ကျွန်ုပ်သည် ကျွန်ုပ်၏စမ်းသပ်ချက်အားအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ထိုအလုပ်ကို စွန့်ကာလုပ်ကိုင်ခဲ့လေတော့၏။ ထိုအခါ အလုပ်နှင့်ပတ်သက်၍ ကုန်သည်ပွဲစားများစွာနှင့်သာလျှင်မက ဒုစရိုက်လောကတွင်းမှ လူများနှင့်ပါ ဆက်ဆံပေါင်းသင်းခဲ့ရတော့သည်ဖြစ်ရာ ထိုအချက်သည်ပင်လျှင် ကျွန်ုပ်နှင့် ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးတို့၏တွေ့ဆုံခင်မင်ခဲ့ရသည့် အကြောင်းရင်းပင် ဖြစ်ပေတော့သတည်း။

◌ ◌ ◌



ဤသို့ဖြင့် ကျွန်ုပ်သည် ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးနှင့်ရင်းနှီးခဲ့ပြီးလျှင် ၎င်းထံမှ ရှေးဟောင်းရတနာပစ္စည်းများစွာအား အိန္ဒိယနှင့် အင်္ဂလန်နိုင်ငံများသို့ ထုခွဲရောင်းချပေးခဲ့ရလေ၏။ ထို့အတွက် အကျိုးမြတ်များစွာကိုလည်း ကျွန်ုပ်ရရှိခဲ့လေ၏။ သို့ရာ၌ ၎င်းနှင့်အလုပ်လုပ်၍ (၆)လခန့်ရှိလေလျှင် ဦးတိုက်စိုးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာခြင်းမရှိတော့ဘဲ ကာလအတန်ကြာသည်အထိ အဆက်ပြတ်၍သွားခဲ့လေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏အလုပ်များဖြင့်သာ အချိန်ကုန်လျက်ရှိပြီးလျှင် တစ်နေ့သ၌မူ ကျွန်ုပ်ထံသို့ ဦးတိုက်စိုးသည် ရောက်ရှိလာခဲ့လေတော့၏။ ထိုအခါ ကျွန်ုပ်မှ . . .

"ဘယ်လိုလဲ ဦးတိုက်စိုး၊ ပျောက်လှချည့်လား၊ အလုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



အတော်ရှုပ်နေတယ်နဲ့တူတယ်'' ဟု နှုတ်ဆက်မေးမြန်းလိုက်လေလျှင် ဦးတိုက်စိုးမှာ မျက်နှာမသာမယာဖြင့် . . .

''ဆိုပါတော့ဒေါက်တာမဆင်းနား၊ ကျုပ်ကိစ္စတစ်ခုနဲ့ တော်တော်လေးအလုပ်ရှုပ်နေရတယ်၊ အခုလည်း အဲဒီကိစ္စအတွက် ခင်ဗျားဆီကို ရောက်လာခဲ့တာပဲ'' ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က ၄င်း၏ ကိစ္စကို မေးမြန်းလာလျှင် ဦးတိုက်စိုးက လွန်စွာမှ အရေးကြီးသော အမူအယာမျိုးဖြင့် . . .

''ခင်ဗျားနဲ့ ကျုပ် အေးအေးဆေးဆေး တိုင်ပင်စရာရှိတယ် ဒေါက်တာမဆင်းနား၊ ဒီကိစ္စဟာ ကျုပ်အတွက် အလွန်အင်မတန်မှ အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်သလို ခင်ဗျားအတွက်လည်း ဘဝပြောင်းသွားနိုင်လောက်အောင် အကျိုးရှိမယ့်ကိစ္စတစ်ခုပဲ၊ ဒီနေရာမှာ အေးအေးဆေးဆေးတိုင်ပင်လို့ရမလား'' ဟု လေသံတိုးတိုးဖြင့်မေးလိုက်လေရာ ကျွန်ုပ်မှာ ၄င်း၏အမူအယာကြောင့် အံ့သြသွားရလေ၏။ ထို့နောက်မှ ကျွန်ုပ်က . . .

''ဘာကိစ္စလဲ ဦးတိုက်စိုး၊ တိုင်ပင်လို့ရပါတယ်၊ ဒီနေရာဟာ ခင်ဗျားတို့ ကျုပ်တို့ အလုပ်ကိစ္စပြောကြတဲ့ သီးသန့်နေရာပဲလေ'' ဟု ပြောလိုက်လေရာ ဦးတိုက်စိုးမှ ရှေ့တွင်ဖော်ပြပြီးခဲ့သော မဟူရာမိုးမှောင်၏အကြောင်းများနှင့်တကွ အောက်ပါအကြောင်းအရာများကို ကျွန်ုပ်အား ပြောပြခဲ့လေတော့သတည်း။

❂ ❂ ❂



(ထိုနေရာ၌ ဒေါက်တာမဆင်းနား၏ဒိုင်ယာရီတွင် ရေးသားထားသည့် ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးမှပြောပြခဲ့သော လူဆိုးကြီးမဟူရာမိုးမှောင်၏အကြောင်းများမှာ လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းလွန်းလှသည်ဖြစ်၍ ကျွန်ုပ်သည် ၄င်းရေးသားထားသည့် ဦးတိုက်စိုးမှ ပြန်လည်ပြောပြသည့် စာအသွားအလာများအတိုင်း မဖော်ပြတော့ဘဲ ပထမအခန်းများနှယ် ဝတ္ထုဇာတ်လမ်းတစ်ခုသဖွယ် ပြင်ဆင်ရေးသား၍ ဖော်ပြလိုက်ပါသည်။ ဤသည်မှာ ကျွန်ုပ်၏စေတနာသာဖြစ်၍ ဒေါက်တာမဆင်းနား၏ ဒိုင်ယာရီပါအကြောင်းအရာများနှင့်လည်း ကွဲလွဲခြင်းမရှိပါကြောင်းနှင့် လူဆိုးကြီးမဟူရာမိုးမှောင်၏ ဘဝအကြောင်းများအားလည်း ပိုမိုထိရောက်စွာ ခံစားဖတ်ရှုနိုင်ပါမည့်အကြောင်းအား ရဲဝံ့စွာ အာမခံလိုက်ရပါပေသတည်း)

(စာရေးသူ)

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



တစ်ညသည်၌ ပဲခူးမြို့အစွန် မြောက်ဘက်ရှိ ရိုးပြတ်တောကြီးတစ်ခုအတွင်း ဆောက်လုပ်ထားသော တိုက်အိမ်ကြီးတစ်လုံးအတွင်း၌ အသက်(၃၀)အရွယ်ရှိ မွန်ရည်ခန့်ညားလှသော လူလတ်ပိုင်းတစ်ယောက်သည် စန္ဒာယားခုံကြီးတစ်ခုတွင်ထိုင်ကာ လွန်စွာမှစိတ်ချောက်ချားဖွယ်ကောင်းလွန်းလှသော တေးသွားတစ်ခုကို တီးခတ်လျက်ရှိလေ၏။ ထိုအချိန်တွင်ပင် ၎င်းအနီးသို့ လွန်စွာမှအရုပ်ဆိုး အကျည်းတန်လှသော ခါးကုန်းကြီးတစ်ယောက်သည် ရောက်ရှိလာကာ . . .

"ဆရာ ကြက်သားကင်သံပုရာဆမ်းနဲ့ ဘရန်ဒီယူခဲ့ရတော့မလား" ဟု မေးမြန်းလိုက်လေရာ စန္ဒယားတီးနေသောလူက တေးသွားကို ဖြည်းညင်းစွာအဆုံးသတ်လိုက်ပြီး . . .



"ဟား. . . ဟား. . . ခင်ဗျား တော်တော်အလိုက်သိတာပဲ ဦးတာနော၊ ယူခဲ့ဗျာ၊ ဒီညအတွက် ကျုပ်ဟာ အလုပ်လုပ်ရမယ်၊ အလုပ်ပလုပ်ခင် ဒါဟာ ကျုပ်အတွက် အကောင်းဆုံးအဖော်တစ်ခုပဲဗျ" ဟု ပြောလိုက်လေရာ ၎င်းမှာ လွန်စွာမှ ထူးဆန်းသကဲ့သို့ လွန်စွာမှလည်း ရက်စက်သော လူဆိုးကြီး မဟူရာမိုးမှောင်ပင်ဖြစ်ကြောင်း ရိပ်မိသိရှိလောက်ပေ၏။ ထိုအခါ ဦးတာနောဟူသော ခါးကုန်းကြီးမှာလည်း မဟူရာမိုးမှောင်မှ ကယ်ဆယ်ခေါ်ယူမွေးထားသည့် သနားစရာ လူကြီးတစ်ဦးပင်ဖြစ်ပေ၏။ ယခင်ကဦးတာနောကြီးမှာ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်ဘဝနှင့် စားရမဲ့သောက်ရမဲ့ ရွာစဉ်လှည့်ကာ နေထိုင်နေခဲ့ရသော သနားစဖွယ်လူကြီးဖြစ်လေ၏။ တစ်နေ့တွင်မူ မဟူရာမိုးမှောင်မှ တွေ့ရှိကာ ခေါ်ယူလာခဲ့ခြင်းဖြစ်ရာ ဦးတာနောကြီးသည် မဟူရာမိုးမှောင်အား ကျေးဇူးရှင်အရှင်သခင်တစ်ဦးအဖြစ် မှတ်ယူလျက် သစ္စာရှိအစေခံကြီးတစ်ဦးဖြစ်လာခဲ့ခြင်းပင်ဖြစ်၏။ ယခုအချိန်၌မူ ဦးတာနောကြီးသည် မိမိ၏ဆရာဖြစ်သူ မဟူရာမိုးမှောင်၏အမိန့်ရသည်နှင့် နေရာမှ သွက်လက်စွာထွက်ခွာသွားလျက် မျှားမကြာမီ ပျားအုံတံဆိပ် ဘရန်ဒီတစ်ပုလင်းနှင့် ကြက်သားကင်ပန်းကန်တစ်ချပ်ကို ယူဆောင်လာကာ အသင့်ပြင်ဆင်ပေးလိုက်လေ၏။ မဟူရာမိုးမှောင်ကလည်း မိမိရှေ့သို့ ကြက်သားကင်ပန်းကန်နှင့် ဘရန်ဒီပုလင်းရောက်ရှိလာသည်နှင့် အားပါးတရ စားသောက်လိုက်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဒီလိုညရောက်လာဝိုင်း ခင်ဗျားဟာ လိမ္မာတာပဲဦးတာနောကြီး" ဟု ချီးကျူးလိုက်လေရာ ဦးတာနောကြီးမှာ သဘောကျစွာ တဟီးဟီး ရယ်မောနေလေတော့၏။ ထို့နောက်မှ မဟူရာမိုးမှောင်က တစ်စုံတစ်ရာကိုသတိရလိုက်ဟန်မျိုးဖြင့် . . .

"ဟင်. . . ဒါနဲ့ ဦးတာနောကြီး၊ မည်းကြီးတစ်ကောင်ရော ဒီကောင်ကြီးကိုရော အစာကျွေးပြီးပြီလား" ဟု မေးလိုက်လေရာ ဦးတာနောကြီးက ဦးခေါင်းကို အကြိမ်ကြိမ်ညိတ်ပြလျက် . . .

"ကျွေး. . . ကျွေးပြီးပြီ၊ ဒီကောင်ကြီး တော်တော်အစားပုတ်တယ်၊ အမဲသားတွေကုန်ပြီ၊ ကျုပ်စားဖို့တောင်မချန်ဘူး" ဟု ပြောလိုက်လေ၏။ မဟူရာမိုးမှောင်က ၎င်းကိုကြည့်ကာ သဘောကျစွာရယ်မော၍ . . .

"ဟား. . . ဟား. . . ဟား. . . ဟား. . . ခင်ဗျားလည်း မည်းကြီးနဲ့အတူတူပဲ၊ အမဲသားသိပ်ကြိုက်တယ်၊ ဟုတ်လား ဦးတာနောကြီး" ဟု မေးလိုက်ပြန်လေလျှင် . . .

"ဟုတ်. . . ဟုတ်" ဟု ဦးတာနောကြီးကဖြေကာ သွားကြီးအဖြိုးသားဖြင့် တဟီးဟီးရယ်မောနေလေ၏။ ထိုအချိန်၌ပင်လျှင် ရော ခွေးမည်းကြီးတစ်ကောင်သည် ၎င်းတို့ရှိရာပြေးဝင်လာလျက် အဖြိုးတန့်နံ့ဖြင့် မဟူရာမိုးမှောင်၏ခြေထောက်များကို လျှာဖြင့်လျက်နေလေတော့၏။ မဟူရာမိုးမှောင်က ခွေးမည်းကြီး၏ခေါင်းကို ပွတ်သပ်ပေ



လိုက်ပြီးလျှင် နောက်ဆုံးလက်ကျန် ဘရန်ဒီခွက်ကို ငွပ်ခနဲမော့သောက်လိုက်ပြီး . . .

"ကိုင်း. . . မည်းကြီးနဲ့ဦးတာနောတို့ရေ အချိန်ကျပြီ၊ ကျုပ်သွားမှဖြစ်တော့မယ်၊ ဒီနေ့ညလုပ်ရမယ့်အလုပ်ဟာ အရင်အလုပ်တွေထက် အရေးကြီးတယ်ဗျို့၊ ဟဲဟဲ. . . ဒီအလုပ်အောင်မြင်ရင်တော့ ခင်ဗျားတို့နှစ်ယောက်ကို နေ့တိုင်း အမဲသားတွေအများကြီးကျွေးမယ်၊ ခင်ဗျားတို့နှစ်ယောက်အတွက် ဒီကမ္ဘာပေါ်မှာ အမက်ဆုံးအရာဟာ အစားအသောက်ပဲ မဟုတ်လားဗျာ. . . ဟား. . . ဟား. . . ဟား. . . ဟား" ဟု ပြောဆိုရယ်မောလျက် တိုက်အိမ်ကြီးအတွင်းမှ ထွက်ခွာသွားလေတော့၏။

လပြည့်ညဖြစ်သောကြောင့် အပြင်ဘက်ကောင်းကင်ယံတွင်ကားလမင်းကြီးမှာ ထိန်ထိန်သာလျက်ရှိနေ၏။ များမကြာမီ မဟူရာမိုးမှောင်သည် ၎င်း၏ အော်စတင်ကားအနက်ကြီးကိုမောင်းနှင်ကာ ပဲခူးမြို့လယ်ရှိ တိုက်အိမ်ကြီးတစ်အိမ်ဆီသို့ သွားရောက်လေ၏။ အချိန်မှာ ညတစ်နာရီကျော်ခန့်ရှိပြီဖြစ်၍ လမ်းတိုင်းမှာ လူသူတစ်ယောက်တစ်လေမှပင် မရှိတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ မဟူရာမိုးမှောင်သည် ကားကို တိုက်အိမ်ကြီးအနီး လမ်းချိုးကွေ့တစ်နေရာတွင် ရပ်ထားခဲ့ကာ ကားပေါ်မှဆင်းလေ၏။ ထိုမှ ခေါင်းကဦးထုပ်နက်ကြီးကို တစ်ချက်ဆွဲငိုက်၍ ခြေလှမ်းကြဲကြီးများဖြင့် တိုက်အိမ်ကြီးဆီသို့ လျှောက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်အိမ်ကြီးရှေ့သို့ရောက်လေလျှင် ခြံတံခါးအား ကြောင်တစ်ကောင်၏ပေါ့ပါးခြင်းမျိုးဖြင့် ကျော်ဝင်လျှက် ခြံဝန်းအတွင်းသို့ ဆင်းလေ၏။ ထိုမှ တရှူးရှူးအိပ်မောကျလျှက်ရှိသော ခြံစောင့်ဒရဝမ်ကို တစ်ချက်ကြည့်ကာ ကျေနပ်စွာပြုံးလိုက်လေ၏။ ဒရဝမ်အိပ်ပျော်နေခြင်းမှာ သွေးရိုးသားရိုးမဟုတ်ပေ။ လွန်ခဲ့သည့်(၂)ရက်ခန့်မှ စတင်၍ အကွက်ချစီမံထားခြင်းကြောင့် အိပ်ဆေးမိကာ အိပ်ပျော်နေခြင်းပင်ဖြစ်လေ၏။

ထိုအခါ ဒရဝမ်သာလျှင်မက တိုက်အိမ်ကြီးအတွင်းရှိ အခြားမာလီအလုပ်သမား အစေခံ အားလုံးတို့မှာလည်း စနစ်တကျ စီစဉ်ထားခဲ့သော အစီအစဉ်ကြောင့် နည်းအမျိုးမျိုးဖြင့်အိပ်ဆေးမိကာ အိပ်ပျော်နေကြပြီဖြစ်လေ၏။ မဟူရာမိုးမှောင်အဖို့ ထိုကဲ့သို့သောအလုပ်မှာ ငှက်ပျောသီးအခွံနွှာသလောက်ပင်မခက်လှပေ။ သူ ကျေနပ်စွာ ဒုတိယအကြိမ် ပြုံးလိုက်ပြီးနောက် တိုက်အိမ်ကြီးအတွင်း စိတ်ချလက်ချဝင်ရောက်သွားလေတော့၏။ ထိုအချိန် တိုက်အိမ်ကြီးအတွင်း ပိတ်ထားသော တံခါးများမှာလည်း မဟူရာမိုးမှောင်၏ မာစတာကီးခေါ် သော့တုတစ်ချောင်းတည်းနှင့်ပင် ကီစွပြီးရလေ၏။ မကြာမီ မဟူရာမိုးမှောင်သည် အပေါ်ထပ်ရှိ အိပ်ခန်းကြီးတစ်ခုဆီသို့ လွယ်ကူစွာ ရောက်ရှိသွားလေတော့၏။ မဟူရာမိုးမှောင်သည် ကျွန်းသားကနုတ်ဘောင် အိပ်ခန်းတံခါးကြီးကို တစ်ချက်မျှကြည့်ကာပြုံးပြန်၏။ အထဲတွင် ဤအိမ်ကြီး၏အရှင်သခင်ဖြစ်သူ သူဌေးကြီး ဦးကျော်စံသာကား နှစ်ခြိုက်စွာ



အိပ်မောကျနေပေလိမ့်မည်။ မဟူရာမိုးမှောင်သည် လက်ထဲမှ မာစတာကီးဖြင့် တံခါးလက်ကိုင်ဘုမှ သော့ကို ညင်သာစွာလှည့်၍ ဖွင့်လိုက်လေ၏။

အတွင်းမှ ချက်ပြုတ်သံ ချောက်ကနဲကြားလိုက်လေလျှင် တံခါးကို အသာအယာတွန်း၍ ဖွင့်လိုက်လေ၏။ ထိုအခါ ကျွန်းသားခုတင်ကြီးထက်တွင် အိပ်မောကျလျှက်ရှိနေသော သူဌေးကြီးဦးကျော်စံသာကို မြင်တွေ့လိုက်ရလေတော့၏။ မဟူရာမိုးမှောင်သည် ကြောင်တစ်ကောင်ကဲ့သို့ ခြေကိုဖော့ကာ ခုတင်ကြီးအနီးသို့ ကပ်သွားလိုက်လေ၏။ ထို့နောက်မှ အသင့်မောင်းတင်ထားသောသေနတ်ဖြင့် အိပ်ပျော်နေသော သူဌေးကြီးဦးကျော်စံသာကို ချိန်ရွယ်လိုက်လေ၏။ သူဌေးကြီးဦးကျော်စံသာကား မိမိ၏အန္တရာယ်ကိုမသိရှာဘဲ အပူပင်ကင်းမဲ့စွာ အိပ်မောကျနေဆဲဖြစ်လေ၏။ မဟူရာမိုးမှောင်သည် အိပ်ပျော်နေသော သူဌေးကြီးဦးကျော်စံသာ၏မျက်နှာကို သေချာစွာကြည့်ရှုလိုက်လေလျှင် စိတ်ထဲ၌တစ်ခါမှမဖြစ်ခဲ့ဖူးသော သနားစိတ်တစ်ခုသည် ထူးဆန်းစွာဖြစ်ပေါ်လာလေ၏။ ထိုမှ သူဌေးကြီးဦးကျော်စံသာ၏မျက်နှာကို သေချာစွာထပ်မံ၍ ကြည့်ရှုမိလိုက်ပြန်လေလျှင် ထိုမျက်နှာကို ရင်းနှီးဖူးသကဲ့သို့ အမျိုးအမည် မသိသောဝေဒနာတစ်ခုကို ခံစားလိုက်ရပြန်ရာ မဟူရာမိုးမှောင်မှ သေနတ်ကြီးဖြင့် ချိန်နေရင်းမှ ခပ်တွေတွေကြီးဖြစ်၍ သွားရလေ၏။ အမှန်အားဖြင့် သူသည် ကြောင်နက်ကြီး၏ညွှန်ကြားချက်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း သူဌေးကြီးဦးကျော်စံသာကို အချိန်မဆွဲဘဲပစ်သတ်ရမည်ဖြစ်၏။ ထိုမှ အိပ်ခန်းခေါင်းရင်း မီးခံသေတ္တာထဲမှ ရတနာမြေပုံကိုအရယူကာ လာခဲ့ သည့်လမ်းအတိုင်း အလျင်အမြန်ထွက်ခွာရမည်ဖြစ်လေရာ သူ့အတွက် အချိန်အများကြီးမရပါပေ။ သို့သော် ယခုမူ သူဌေးကြီးဦး ကျော်စံသာ၏မျက်နှာအား အနီးကပ်မြင်တွေ့လိုက်ရသောအခါ ထူးဆန်းလွန်း သောခံစားမှုများဖြစ်ပေါ်လျှက် သေနတ်မောင်းခလုတ်ကို ချက်ချင်းမညှစ်မိဘဲဖြစ်၍နေရလေ၏။

ထိုခဏတွင်ပင် အိပ်ပျော်လျှက်ရှိသော သူဌေးကြီးဦးကျော်စံသာသည် အိပ်ပျော်နေရာမှ တစ်ချက်လူးလွန့်ကာ ရုတ်တရက် အိပ်ပျော်နေရာမှ နိုး၍လာလေတော့၏။ ထိုအခါ မိမိအား သေနတ်တစ်လက်ဖြင့်ချိန်ရွယ်ထားသော ဦးထုပ်အနက် လောင်းကုတ်အနက်ကြီးဖြင့် မဟူရာမိုးမှောင်အား ထိတ်လန့်ဖွယ်မြင်တွေ့လိုက်ရလေလျှင် အိပ်ရာထက်မှ ငေါက်ခနဲထ၍ . . .

"မင်း. . . မင်း. . . ဘယ်သူလဲ၊ ငါ. . . ငါ့အခန်းထဲကို ဘယ်လိုလုပ်ရောက်နေတာလဲ" ဟု ထိတ်လန့်တကြားမေးလိုက်လေ၏။ ထိုအခါမှ မဟူရာမိုးမှောင်မှာလည်း သတိဝင်လာလျှက် သူဌေးကြီး ဦးကျော်စံသာ၏ နဖူးနေရာအား သေနတ်ဖြင့်အလျင်အမြန်ထောက်ချိန်လိုက်ကာ . . .

"အသံမထွက်နဲ့ ဦးကျော်စံသာ၊ ငြိမ်ငြိမ်လေးနေပါ၊ မဟုတ်ရင်



ကျုပ်ကျည်ဆံဟာ ခင်ဗျားရဲ့နဖူးကို ဖောက်ဝင်သွားလိမ့်မယ်" ဟု ပြောလိုက်လေ၏။

"မင်း. . . မင်း. . . ဘာလိုချင်လို့လဲ" ဟု သူဌေးကြီးဦးကျော်စံသာက မေးလိုက်ပြန်လေလျှင် မဟူရာမိုးမှောင်က . . .

"အမှန်တိုင်းပြောရရင် ခင်ဗျားကိုသတ်ပြီး ခင်ဗျားဆီက ရတနာမြေပုံကို ကျုပ်ယူဖို့ပဲ၊ ဒါပေမဲ့. . ." ဟုဆိုကာ စကားကို မည်သို့ဆက်၍ ပြောရမည်ကို ခေတ္တမျှစဉ်းစားလိုက်လေ၏။ ထိုစဉ် သူဌေးကြီးဦးကျော်စံသာက မဟူရာမိုးမှောင်၏မျက်နှာကို သေချာစွာ အကဲခတ်ကြည့်ရှုလိုက်ပြီး မျက်နှာမှာ အံ့သြဟန်ဖြစ်၍သွားလေတော့၏။ အဘယ့်ကြောင့်ဆိုသော် ၎င်း အနှစ်နှစ်အလလ ရင်ထဲ အသည်းနှလုံးထဲတွင် စွဲထင်အမှတ်ရနေသော လူတစ်ယောက်၏ မျက်နှာဖြင့် မဟူရာမိုးမှောင်၏မျက်နှာမှာ ခပ်ဆင်ဆင်တူနေခြင်းကြောင့်ပင်ဖြစ်ပေ၏။ ထို့အတွက် သူဌေးကြီးဦးကျော်စံသာက . . .

"မင်း. . . မင်းဘယ်သူလဲ. . . လူလေး" ဟု မေးလိုက်မိလေ၏။ ထိုအခါ သူဌေးကြီးဦးကျော်စံသာ ပြောလိုက်သော 'လူလေး'ဟူသည့် အသုံးအနှုန်းသည် မဟူရာမိုးမှောင်၏နားစည်မှတဆင့် နှလုံးသားထဲထိတိုင် ရိုက်ခတ်သွားသကဲ့သို့ခံစားလိုက်ရကာ ဆတ်ကနဲဖြစ်သွားရပေ၏။ ထိုမှ မဟူရာမိုးမှောင်၏အာရုံထဲ၌ နှစ်ပေါင်းများစွာက လူတစ်ယောက်၏အသံနှင့် ရုပ်ရည်ကို ခပ်ဝါးဝါး အမှတ်ရမိလိုက်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်၍သွားကာ သူဌေးကြီးဦးကျော်စံသာ၏ မျက်နှာကို အံ့သြစွာ ငေး၍ကြည့်နေမိလေ၏။ ထိုအချိန် သူဌေးကြီးဦးကျော်စံသာကလည်း ၎င်းနည်းတူ သူ၏မျက်နှာကို အံ့သြဟန်ဖြင့် ငေး၍ကြည့်ရှုနေရာမှ. . .

"လူလေး. . . မင်း. . . မင်းဟာ. . . ငါ့ရဲ့သားလေး မောင်မိုးမောင်များ ဖြစ် ဖြစ်နေသလား၊ မင်းရဲ့မျက်နှာဟာ ငါ့သားလေးမောင်မိုးမောင်နဲ့ သိပ်တူတာပဲ" ဟုဆိုလိုက်လေရာ မဟူရာမိုးမှောင်ကလည်း လွန်စွာမှအံ့သြသွားဟန်မျိုးဖြင့် . . .

"ကျုပ်စိတ်ထဲမှာလည်း ခင်ဗျားရဲ့မျက်နှာကို မြင်ဖူးနေသလိုပဲ၊ ခင်ဗျားဟာ ကျုပ်ရဲ့အဖေ ဦးမြသာများလား" ဟု ပြောလိုက်လေ၏။

ထိုအခါ သူဌေးကြီးဦးကျော်စံသာက ဝမ်းသာအားရဖြင့်. . .

"သိပ်ဟုတ်တာပေါ့၊ ငါ့နာမည်ရင်းက မြသာပဲ၊ ငါ့ဆရာ ကိုဝါဇိတ် နာမည်ပြောင်းခိုင်းလို့ ဦးကျော်စံသာဖြစ်သွားတာ၊ ဒါ. . . ဒါဆို မင်း. . . မင်း. . . ဟာ ငါ့သားလေးမောင်မိုးမောင်ပေါ့၊ ဟုတ်လား၊ ဝမ်းသာလိုက်တာ၊ ဟုတ်ပါတယ်၊ မင်းဟာ ငါ့သားလေး မောင်မိုးမောင်မှ မောင်မိုးမောင်အစစ်ပါပဲ၊ အဖေ့ရင်ထဲမှာ အနှစ်နှစ်အလလ မမေ့နိုင်တဲ့ မင်းရဲ့မျက်နှာလေးကို အဖေ ဘယ်တော့မှမမေ့ဘူး. . . သား. . . သား. . . လူလေး" ဟုဆိုကာ မဟူရာမိုးမှောင်ကို သိုင်း၍ဖက်လိုက်လေတော့၏။ မဟူရာမိုးမှောင်၏လက်ထဲမှသေနတ်သည်လည်း ကြမ်းပြင်ထက်သို့ ဒေါက်ခနဲ လွတ်ကျသွားရလေတော့၏။ ထိုမှ မဟူရာ



မိုးမှောင်ကလည်း သူဌေးကြီးဦးကျော်စံသာအား ပြန်လည်၍ ပွေ့ဖက်လိုက်ကာ . . .

"မှား. . . မှားတော့မလို့ အဖေ၊ ကျုပ်. . . ကျုပ်လည်း အဖေ့မျက်နှာကို မြင်လိုက်ရကတည်းက စိတ်ထဲမှာ တစ်မျိုးကြီးခံစားလိုက်ရတာ" ဟုဆိုလိုက်လေရာ . . .

"ဒါပေါ့လူလေးရယ်၊ သွေးကစကားပြောတာပေါ့၊ ငါ့သားလေးကို မသေဘဲ အခုလိုပြန်တွေ့ရတာ အဖေ. . . အဖေတော့ သိပ်ဝမ်းသာတာပဲလူလေးရယ်" ဟုပြောဆိုကာ နှစ်ပေါင်းများစွာကွဲကွာနေခဲ့သော သားအဖနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်ဖက်လျက် မျက်ရည်များ ဖြိုင်ဖြိုင်စီးကျလာကြလေတော့၏။ ထို့နောက်မှ သူဌေးကြီးဦးကျော်စံသာက ၎င်းတို့ရွာကလေးအား သောင်းကျန်းသူများမှ မီးရှို့ဖျက်ဆီးခဲ့စဉ် အကြောင်းများကို ပြန်လည်ပြောလျက် . . .

"အဲဒီအချိန်တုန်းက မင်းညီမလေး နန်းအိဝေကိုပဲ အဖေ အရကယ်ခဲ့နိုင်ပြီး ဒီပဲခူးဘက်ကို ရောက်လာခဲ့တယ်၊ လူလေးကို အဖေက သောင်းကျန်းသူတွေလက်ချက်နဲ့ သေပြီပဲမှတ်တာကိုး၊ အဲဒီနောက်တော့ အဖေဟာ မင်းညီမလေးနောင်ရေးအတွက် နောက်ထပ် အိမ်ထောင်တစ်ခုပြုခဲ့ရတယ်၊ သူကလည်း မင်းညီမလေးကို သမီးအရင်းလိုပဲချစ်ရှာပါတယ်၊ နောက်တော့ အဖေဟာ သူတို့သားအမိကို အိမ်မှာထားပြီး အထက်ဘက်ကို စီးပွားရှာထွက်ခဲ့တယ်၊ အဲချင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆိုပါတော့ကွယ်၊ အဲဒီမှာ မိတ်ဆွေနှစ်ယောက်နဲ့အတူ ကျောက်တွင်းတူးတဲ့အလုပ်တွေ လုပ်ကိုင်ရင်းနဲ့ ကျောက်တွင်းအောင်ပြီး ချမ်းသာလာခဲ့တော့တာပဲ၊ နောက် အဖေတို့ဟာ ရတနာဟွင်းတစ်ခုကို တွေ့ခဲ့ကြတယ်၊ ရတနာတွင်းဆိုတာ အမှန်တော့ ရှေးဟောင်းရတနာသိုက်တစ်ခုပါ၊ ဒါပေမဲ့ အဖေတို့ဟာ အဲဒီရတနာသိုက်ကြီးကို တူးဖော်ဖို့ အခွင့်အရေးမရခဲ့ကြဘူး။ ကျောက်တွင်းပိုင် အစိုးရအရာရှိတွေ သိသွားကြရင် အသိမ်းခံကြ ‌ လေ၊ ဒါနဲ့ အဖေတို့ဟာ တွေ့ခဲ့တဲ့ ရတနာသိုက်ကျောက်တွင်းကို နဂိုအတိုင်း မသိအောင် ပြန်ပြီးဖုံးထားခဲ့ကြပြီး မြေပုံအမှတ်အသားနဲ့ပဲ လျှို့ဝှက်ပြီးထားခဲ့ကြတယ်၊ နောင်ခေတ်အခြေအနေတွေပြောင်းသွားမှ အခြေအနေကြည့်ပြီး တူးဖော်ယူကြမယ်ပေါ့ကွယ်၊ ဒါပေမဲ့ အခုတော့ အဖေ့ရဲ့မိတ်ဆွေနှစ်ယောက်ဟာလည်း မရှိရှာတော့ဘူး၊ မြေပုံကတော့ အဖေ့လက်ထဲမှာကျန်နေခဲ့တယ်၊ အခု လူလေးကိုခိုင်းခဲ့တဲ့ ကြောင်နက်ဂိုဏ်းက လုချင်နေတာ အဲဒီမြေပုံပေါ့ကွယ်၊ သူတို့ဟာ ဒီမြေပုံအတွက်နဲ့ အဖေ့နောက်ကို နည်းအမျိုးမျိုးနဲ့ လိုက်နေကြတဲ့လူတွေပေါ့၊ ဒါနဲ့ လူလေးကရော ဘယ်လိုဖြစ်ပြီး ဒီအဖွဲ့နဲ့ ပတ်သက်နေတဲ့လူတစ်ယောက် ဖြစ်နေခဲ့ရတာလဲ လူလေးရယ်'' ဟု ပြောဆိုမေးမြန်းလိုက်လေရာ မဟူရာမိုးမှောင်ကလည်း ၎င်းအား သောင်းကျန်းသူခေါင်းဆောင်မှ မွေးစားခဲ့ကာ မဟူရာမိုးမှောင်ဟူသော ကြေးစားလူသတ်သမားတစ်ဦးဘဝသို့ ရောက်ရှိခဲ့ကြောင်း



ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်ဝံ့မှ ၎င်းအသက်ကိုကယ်ခဲ့ကာ ရင်းနှီးခဲ့ကြောင်း အခုအချိန်၌မူ ကြောင်နက်ကြီးမှ ရတနာမြေပုံကို အရယူပေးရန် စေခိုင်းခဲ့ကြောင်းများကို ပြောပြ၍ . . .

"ဒါပေမဲ့ အခုတော့ ဘာမှမပူတော့ပါနဲ့ အဖေရယ်၊ ကျုပ်တစ်ယောက်လုံးရှိနေမှတော့ ဒီလူတွေ အဖေ့ကိုလက်ဖျားလေးနဲ့တောင် တို့လို့မရတော့ဘူး၊ ဒါနဲ့ ညီ. . . ညီမလေးနန်းအိဝေရော အဖေ၊ သူ. . . သူရော အခုဘယ်မှာလဲ'' ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဦးကျော်စံသာက . . .

"မင်းညီမလေးရှိပါတယ် လူလေးရယ်၊ အခု သူ ရန်ကုန်မှာ ကျောင်းတက်နေလေရဲ့၊ ဒီနှစ် သူ စီနီယာတန်းနောက်ဆုံးနှစ်လေ၊ မကြာခင်ပြန်လာတော့မယ်၊ သမီးလေးလည်း သူ့အစ်ကိုမသေသေးဘူးဆိုတာသိရရင်ဘယ်လောက် ဝမ်းသာရှာမလဲမသိဘူး၊ ကဲ လူလေး အခုချိန် လူလေး ဘယ်ဘဝရောက်ရောက် အဖေတို့ညီမလေးတို့နဲ့ အတူနေတော့မယ်မဟုတ်လား'' ဟု ပြောဆိုမေးမြန်းလိုက်လေလျှင် မဟူရာမိုးမှောင်မှာ ငိုင်သွားလျှက် . . .

"အခုလောလောဆယ်တော့ အဖေတို့နဲ့ အတူနေဖို့မဖြစ်နိုင်သေးဘူးအဖေ၊ ကျုပ်မှာ အဖေတို့အတွက် လုပ်စရာတွေရှိသေးတယ်၊ ကြောင်နက်ဂိုဏ်းနဲ့လည်း ကျုပ် စာရင်းရှင်းရလိမ့်မယ်၊ ပြီးတော့ အခုချိန်မှာ အဖေရဲ့သားဟာ ပုလိပ်ဘက်ကလူတွေ ဆူဖွဲ့ထုတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မဟူရာမိုးမှောင်ဆိုတဲ့လူဆိုးကြီး ဖြစ်နေတာလည်း အဖေ သတိထားဦး။ ဘာပဲဖြစ်ဖြစ် နောက်တော့ ကျုပ်တို့မိသားစု(၃)ယောက် အတူနေနိုင်အောင် ကျုပ် ကျုပ် ကြိုးစားပါ့မယ်အဖေရယ်'' ဟု ပြောဆိုကာ ဖခင်ဖြစ်သူ သူဌေးကြီးဦးကျော်စံသာအား နှစ်သိမ့်လျှက် နူတ်ဆက်မှာကြားကာ အိပ်ခန်းအတွင်းမှ ပေါ့ပါးစွာ ထွက်ခွာလျှက် ပျောက်ကွယ်သွားလေတော့၏။ ထိုအချိန် သူဌေးကြီးဦးကျော်စံသာတစ်ဖြစ်လဲဦးမြသာက ကံကြမ္မာ၏ဆန်းကြယ်လွန်းပုံကြောင့် စကားမပြောနိုင်အောင်ပင်ဖြစ်၍ ကျန်ရစ်ခဲ့ရလေတော့၏။

မဟူရာမိုးမှောင်မှာလည်း မမျှော်လင့်သောအချိန်တွင်မှ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သော အဖေဖြစ်သူနှင့် ညီမလေးအား ရုတ်တရက် ပြန်လည်ဆုံတွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာဖြစ်ခဲ့ရသော် လည်း လက်ရှိအခြေအနေအရမူ ရှင်းရမည့်ပြဿနာများမှာ မလွယ်ကူလှကြောင်း စဉ်းစားမိလိုက်သဖြင့် သက်ပြင်းမောများကို အကြိမ်ကြိမ်ချနေမိလေတော့၏။

သို့ရာ၌ နောက်တစ်နေ့နံနက်တွင်မူ မဟူရာမိုးမှောင်သည် ကြောင်နက်ဂိုဏ်းခေါင်းဆောင်ဦးတိုက်စိုးထံသို့ စာတစ်စောင်ကို ရေးသား၍ လျှို့ဝှက်စွာပို့လိုက်လေတော့ရာ ၄င်း၏စာမှာ . . .



သို့

ကြောင်နက်ကြီးဦးကျော်စံသာနဲ့ ပတ်သက်သမျှကိစ္စအားလုံးကို အခုချိန်ကစပြီး မေ့ပစ်လိုက်ပါ၊ သူ့ကို လက်ဖျားနှင့်ပင် တို့ဖို့ မစဉ်းစားပါနဲ့၊ အကယ်၍ ကျုပ်ပြောသည့်အတိုင်း မလိုက်နာပါလျှင် မဟူရာမိုးမှောင်နှင့် ကြောင်နက်ဂိုဏ်းသည် ရန်သူများဖြစ်သွားပါလိမ့်မည်။

မဟူရာမိုးမှောင်

ဟူ၍ ဖြစ်ပေတော့သတည်း။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးမှ အထက်ပါအကြောင်းအရာများကို ကျွန်ုပ်အားပြောပြပြီးနောက် . . .

“တိုတိုပြောရရင် မဟူရာမိုးမှောင်ဟာ အဲဒီ့စာတစ်စောင်ကို ကျုပ်ဆီပို့ခဲ့ပြီးတဲ့နောက် ကျုပ်တို့နဲ့ ရန်သူဖြစ်သွားတော့တယ်၊ ကျုပ်လည်းအစကတော့ ဘယ်လိုမှနားမလည်ဘူး၊ နောက်မှ တိုက်တိုက်ဆိုင်ဆိုင်သူဌေးကြီးဦးကျော်စံသာဟာ မိုးမှောင်ရဲ့ ကွဲကွာနေတဲ့အဖေဆိုတာ သိရတာကိုး၊ ဘာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့ကလည်း အချိန်ရောငွေကြေးတွေရော အကုန်ကျခံပြီး လိုက်ခဲ့ရတဲ့ ရတနာမြေပုံကိစ္စကိုတော့ ဒီအတိုင်း လက်လွှတ်ခံလို့ဖြစ်မလား၊ ဒါနဲ့ နောက်ဆုံး ကျုပ်အဖွဲ့တွေနဲ့မဟူရာမိုးမှောင်ဟာ ဒီကိစ္စအတွက်နဲ့ တိုက်ခိုက်ခဲ့ကြတယ်၊ ဒါပေမဲ့



မဟူရာမိုးမှောင်ရဲ့အစွမ်းအစက သိတဲ့အတိုင်း အံ့ဩစရာကောင်းလွန်းလောက်အောင် ပြည့်ဝနေတော့ ကျုပ်လူတွေဟာ အမြဲတမ်းအရှုံးနဲ့ပဲရင်ဆိုင်ခဲ့ကြရတယ်၊ အမှန်အတိုင်းပြောရရင်လည်း ကျုပ်ကိုယ်တိုင်တောင် မဟူရာမိုးမှောင်ရဲ့အစွမ်းအစကို ရင်ဆိုင်ဖို့မဝံ့ပါဘူး၊ ဒါပေမဲ့ရတနာမြေပုံကိုသာရရင် ကျုပ်တို့အတွက် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးတွေဖြစ်သွားနိုင်တာဆိုတော့ မဟူရာမိုးမှောင်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့အနိုင်ယူပြီး သူ့အဖေ သူဌေးကြီးဦးကျော်စံသာလက်ထဲက ရတနာမြေပုံကို အရယူဖို့ ကျုပ်မှာ ကြံစည်ခဲ့ရတော့တယ်၊ အဲဒါကတော့ တစ်ဖက်လှည့်နဲ့ ပုလိပ်ဘက်ကို မဟူရာမိုးမှောင်ရဲ့သတင်းကိုပေးပြီး ကျုပ်တို့အဖွဲ့တွေနဲ့ပါပေါင်းပြီး ညှပ်ပူးညှပ်ပိတ်လုပ်ကြခဲ့တာပဲ၊ ကောက်ကျစ်တယ်ပဲဆိုဆို ယုတ်မာတယ်ပဲပြောပြော မတတ်နိုင်ဘူးလေ။ ဒါနဲ့တောင်မဟူရာမိုးမှောင်ကို လွယ်လွယ်နဲ့အနိုင်ရခဲ့တာမဟုတ်ဘူး၊ ရန်ကုန်မှာရှိနေတဲ့ သူ့ညီမ နန်းအိဝေကို ဓါးစာခံထောင်ချောက်ဆင်ပြီး ဖမ်းခဲ့မှသူဟာ သူ့ညီမနဲ့အဖေအတွက် ကျုပ်တို့အဖွဲ့တွေနဲ့ ပုလိပ်တွေလက်ထဲမှာ အသေခံသွားခဲ့တော့တာပဲ၊ အဲဒီ့မှာ သူသေသွားခဲ့ပေမယ့် ကျုပ်အတွက် အခက်အခဲတစ်ခုက ဖြစ်ကျန်ခဲ့ပြန်တယ်၊ အဲဒါကတော့ကျုပ်တို့နဲ့ မဟူရာမိုးမှောင်တို့ တိုက်ပွဲကြားမှာ သူဌေးဦးကျော်စံသာဟာလည်း သေနတ်ကျည်ဆံမှန်ပြီးသေသွားခဲ့တာပဲ၊ ဒီတော့ သူ့ဆီမှာရှိနေတဲ့ ရတနာမြေပုံကိစ္စဟာ အဲဒီ့မှာ လမ်းစပြတ်သွားရလို့ဖြစ်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တကယ်လို့သာ ရတနာမြေပုံကိုရခဲ့ရင် ကျုပ်တို့ဟာ ပြောခဲ့သလို ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတွေဖြစ်သွားမှာအမှန်ပဲ၊ အခု ကျုပ် ဒေါက်တာ့ဆီလာခဲ့တာ၊ အဲဒီ့ကိစ္စကို ဆွေးနွေးတိုင်ပင်ရအောင် လာခဲ့တာပဲ'' ဟု ပြောလေရာ ကျွန်ုပ်မှာ နားမလည်နိုင်စွာဖြင့် . . .

''အဲဒီ့ကိစ္စကို ကျုပ်အနေနဲ့ ဘယ်လိုကူညီနိုင်မှာမို့လဲ ဦးတိုက်စိုး'' ဟု မေးလိုက်လေ၏။ ထိုအခါ ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးက ထူးခြားသောအပြုံးတစ်ခုကိုပြုံး၍ . . .

''ကျုပ်ကတော့ ဒေါက်တာ့အနေနဲ့ ဒီကိစ္စကို ကူညီပေးနိုင်လိမ့်မယ်လို့ အများကြီးထင်ထားတယ်၊ ဘာဖြစ်လို့လဲဆိုရင် ဒေါက်တာဟာ လူတစ်ယောက်ရဲ့ဦးနှောက်ကို အခြားလူတစ်ယောက်ရဲ့ခေါင်းထဲကို ပြောင်းရွှေ့ထည့်ပေးတဲ့ စမ်းသပ်ချက်တစ်ခုကို စမ်းသပ်နေတာမဟုတ်လား၊ ကျုပ်အနေနဲ့ ဒေါက်တာရဲ့အကြောင်းတွေကိုလည်း အကုန်သိထားပြီးပါပြီ၊ ဒီတော့ ဒေါက်တာရယ် ကျုပ်စဉ်းစားမိတာ တကယ်လို့များ ရတနာမြေပုံ ဘယ်မှာရှိတယ်ဆိုတာကိုသိထားတဲ့ သူဌေးကြီး ဦးကျော်စံသာနဲ့ မဟူရာမိုးမှောင်တို့ဦးနှောက်တစ်ခုခုကို အခြားလူတစ်ယောက်ရဲ့ခေါင်းထဲကို ဒေါက်တာ့ပညာနဲ့ ထည့်ပေးနိုင်မယ်ဆိုရင် အဲဒီ့လူဟာ ရတနာမြေပုံရှိတဲ့နေရာကို သိနိုင်မှာပဲလို့ကျုပ်ထင်တယ်'' ဟု ဆိုလိုက်လေရာ ကျွန်ုပ်မှာ အံ့အားသင့်လျက် . . .

''ခင် . . . ခင်ဗျားက ကျုပ်အကြောင်းတွေကို ဘယ်လိုလုပ်သိ



နေတာလဲ'' ဟု မေးမြန်းလိုက်မိပြန်၏။

''အဲဒါတွေကို မေးမနေတော့နဲ့ ဒေါက်တာ၊ ကျုပ်အဖွဲ့တွေဟာ မြန်မာပြည်မှာတင်မကဘူး၊ အိန္ဒိယနဲ့ အင်္ဂလန်တွေမှာပါရှိတယ်၊ ဒါမျိုးဆိုရင် ဒေါက်တာသဘောပေါက်ပါ၊ အခုလောလောဆယ် ကျုပ်စဉ်းစားထားတဲ့အတိုင်း ဖြစ်နိုင်မဖြစ်နိုင်ဆိုတာကိုသာ ကျုပ်သိချင်တယ်၊ အဲဒါကိုပဲ ဒေါက်တာအဖြေပေးပါ၊ တကယ်လို့ ဒီကိစ္စကိုသာ ဒေါက်တာစွမ်းဆောင်ပေးနိုင်မယ်ဆိုရင် ဒေါက်တာ့အတွက် ရရှိမယ့်အကျိုးအမြတ်ဟာ ရတနာသိုက်ရဲ့ သုံးပုံတစ်ပုံပဲဖြစ်မယ်လို့ ကျုပ်ကတိပြုတယ်၊ ဒါဆို ဒေါက်တာ့အနေနဲ့ ဓါတ်ခွဲခန်းတစ်ခုမကဘူး၊ ဆယ်ခုလောက်တည်ဆောက်ပြီး ဘာမှမလုပ်မကိုင်ရဘဲနဲ့ တစ်သက်တာ ဒေါက်တာဝါသနာပါတဲ့ ဆေးပညာသုတေသီလုပ်ငန်းကို လုပ်ချင်သလိုလုပ်ခွင့်ရမယ်၊ တစ်သက်လုံးသုံးမကုန်နိုင်တဲ့ငွေကြေးနဲ့ ချမ်းချမ်းသာသာလည်း နေထိုင်သွားနိုင်မယ်၊ ဘယ့်နှယ့်လဲ ဒေါက်တာ'' ဟု ဦးတိုက်စိုးက မေးလိုက်ပြန်ရာ ကျွန်ုပ်မှာ စဉ်းစားသွားလျက် . . .

''ခင်ဗျားပြောတာ ဖြစ်နိုင်ချေတော့ရှိ . . . ရှိပါတယ်၊ ဒါပေမဲ့ သေသွားပြီးတဲ့လူရဲ့ဦးနှောက်ကို (၂၄)နာရီမကျော်ခင် ထုတ်ယူနိုင်မှ ဖြစ်တာ'' ဟု ပြောလိုက်လေ၏။

ထိုအခိုက် ဦးတိုက်စိုး၏ မျက်လုံးများမှာ အရောင်များလက်လက် လင်းလက်သွားလျက် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ဖြစ်နိုင်တယ်ပေါ့ဟုတ်လား ဒေါက်တာ၊ အခု မဟူရာမိုးမှောင်တို့အလောင်းတွေဟာလည်း (၂၄)နာရီ မကျော်သေးပါဘူး၊ မနေ့ညက (၁၂)နာရီကျော်ကျော်လောက်မှာ ကျုပ်တို့ တိုက်ပွဲဖြစ်ခဲ့ကြတာ၊ လူဆိုးကြီးမဟူရာမိုးမှောင်ကို အသေဖမ်းဆီးမိပြီဆိုတဲ့သတင်းတောင် မနက်ဖြန်မနက် သတင်းစာတွေမှာမှ ဖော်ပြကြမှာ၊ အခု ကျုပ်တို့ဆီမှာ ဦးကျော်စံသာနဲ့ မဟူရာမိုးမှောင်တို့အလောင်းတွေ ရှိနေသေးတယ်၊ ဦးကျော်စံသာရဲ့အလောင်းကတော့ ဦးခေါင်းမှာ သေနတ်ဒဏ်ရာရခဲ့လို့ မဖြစ်နိုင်တော့ဘူး၊ မဟူရာမိုးမှောင်ရဲ့ အလောင်းဦးနှောက်ကတော့ မပျက်စီးသေးဘူး၊ ကျုပ်အနေနဲ့ ဆေးရုံက သူ့အလောင်းကို အခြားအလောင်းတစ်လောင်းနဲ့လဲပြီး ဒေါက်တာ့ဆီအရောက်ပို့ပေးရင်ဖြစ်မလား" ဟု မေးလိုက်လေရာ ကျွန်ုပ်မှာ ဆုံးဖြတ်ပြီးသည့်အတိုင်း . . .

"ခင်ဗျားဘက်က ပိပိရိရိရှိဖို့တော့လိုမယ်နော် ဦးတိုက်စိုး၊ ကျုပ်ဘက်ကတော့ ခင်ဗျားပေးတဲ့ကတိကို ယုံကြည်ပြီး အစွမ်းကုန် ကြိုးစားကြည့်ပါ့မယ်" ဟု ပြောလိုက်လေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ကြောင်နက်ဂိုဏ်းခေါင်းဆောင်ဦးတိုက်စိုးမှ ကတိပေးခဲ့သော ရတနာပုံမြေပုံ၏ သုံးပုံတစ်ပုံကို ပိုင်ဆိုင်ခွင့်ရမည်ဟူသည့် မက်လုံးတစ်ခုဖြင့် ၎င်းမှ လျှို့ဝှက်စွာယူလာပေးခဲ့သော လူဆိုးကြီးမဟူရာမိုးမှောင်၏ အလောင်းမှ ဦးနှောက်ကို ညတွင်းချင်းပင်



ခွဲစိတ်ထုတ်ယူခဲ့လေ၏။ လူဆိုးကြီး မဟူရာမိုးမှောင်၏ဦးနှောက်အိမ်အား တစ်လခန့် မပျက်မစီးဘဲထားနိုင်သည့် ကျွန်ုပ်တီထွင်ဖော်စပ်ထားသော ဓါတ်ဆေးရည် ဖန်ပြွန်တစ်ခုအတွင်း သိမ်းဆည်းပြီးသောအခါ နံနက်ပင် အရုဏ်ပျိုးပြီဖြစ်ပေ၏။ ကျွန်ုပ်သည် တစ်ညလုံးပင် ဓါတ်ခွဲခန်းအတွင်း စိတ်ရောကိုယ်ပါ အပင်ပမ်းခံ၍ အလုပ်လုပ်ခဲ့ရလေ၏။ ထိုမှ လူဆိုးကြီးမိုးမှောင်၏ဦးနှောက်အား သက်ရှိလူသားတစ်ယောက်၏ဦးခေါင်းအတွင်း ပြောင်းလဲထည့်သွင်းနိုင်ရန် လူသား သားကောင်တစ်ယောက်ကို ရှာဖွေရဦးမည်ဖြစ်ပေတော့၏။

ထိုကိစ္စမှာလည်း ခြေခြေမြစ်မြစ်စဉ်းစားကြည့်လျှင် လွယ်ကူသောအလုပ်မဟုတ်ပါပေ။ အရှင်းဆုံးဆိုရပါလျှင် ယူတစ်ယောက်အား သတ်ဖြတ်၍ (၂၄)နာရီအတွင်း ဦးနှောက်ကိုဖယ်ထုတ်ကာ လူဆိုးကြီးမဟူရာမိုးမှောင်၏ဦးနှောက်ကို ထည့်သွင်းပေးရမည်ဖြစ်ပေ၏။ ကျွန်ုပ်သည် သားကောင်ရှာဖွေရမည့်အလုပ်အတွက် များစွာ ဦးနှောက်စားခဲ့ရပြန်လေတော့၏။ အကယ်၍ ပိရိမှုမရှိပါက လူသတ်မှုဖြင့် ကြိုးစင်သို့တက်ရမည့်အခြေအနေပင်ဖြစ်ရာ ကျွန်ုပ်မှာ ထိုအလုပ်အတွက် ရင်တထိတ်ထိတ်ဖြင့် ရှိရလေ၏။ ထိုအခါ ကျွန်ုပ်၏အလုပ်များအတွက် ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးမှ ငွေရေးကြေးရေး အစစအရာရာ အကူအညီပေးသည့်အပြင် သားကောင်ရှာဖွေရမည့်အလုပ်ကိုလည်း အကူအညီပေးခဲ့လေ၏။ သို့သော် ကံဆိုးလှစွာ

www.burmeseclassic.com

www.burmeseclassic.com



ပင် ၄င်းမှ ရှာဖွေပေးခဲ့သော သားကောင်များမှာ တစ်နည်းမဟုတ် တစ်နည်းဖြင့် ချို့ယွင်းနေခြင်းကြောင့် ဦးနှောက်အစားထိုးထည့်သွင်းရမည့်ကိစ္စမှာ ကြာရှည်လာခဲ့လေ၏။

ထိုအခါ ဦးတိုက်စိုးမှ ပို့ပေးခဲ့သောသားကောင် လူသေအလောင်းများမှာ အဘယ်ကဲ့သို့ ချို့ယွင်းနေကြသည်ကို ဥပမာတစ်ခုပြောပြရပါလျှင် ပထမအလောင်းမှာ လည်ပင်းအားညှစ်ကာ သတ်ဖြတ်ထားခြင်းကြောင့် ဦးနှောက်သွေးကြောများအတွင်း သွေးခဲများဖြင့် ပြည့်နေကာ ခွဲစိတ်ပြုပြင်ဆက်တောက်၍ အခက်အခဲကြုံတွေ့ခဲ့ရခြင်းကြောင့်ပင်ဖြစ်ပေ၏။ မည်သို့ပင်ဖြစ်စေ ဦးတိုက်စိုးအနေဖြင့်လည်း လူတစ်ယောက်အား ကြက်ကလေးငှက်ကလေးကဲ့သို့ တစ်ယောက်ပြီးတစ်ယောက်သတ်ဖြတ်၍ ကျွန်ုပ်ထံပို့ပေးရန်မှာ မဖြစ်နိုင်ပါပေ။ ထိုအချိန်၌ပင်လျှင် ကျွန်ုပ်တို့အတွက် ကံကောင်းစေမည့်အခြေအနေတစ်ခုသည် ဖန်လာလေတော့၏။ ၄င်းမှာ အိန္ဒိယတွင်ကျန်ရစ်နေခဲ့သော ကျွန်ုပ်၏ သမက်ဖြစ်သူ အလီသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာခြင်းပင်ဖြစ်ပေ၏။

ထိုအခါ ကျွန်ုပ်၏လုပ်ငန်းအခက်အခဲ၌ လူဆိုးကြီးမဟူရာမိုးမှောင်၏ ဦးနှောက်အိမ်ဖြင့် အလောတော် အဆင်သင့်ကိုက်ညီမည့် ဦးခေါင်းခွံအိမ် (ဝါ) ဦးခေါင်းမျိုးရှိမည့် သားကောင်မျိုးဖြစ်ရန်လည်း လိုအပ်နေရခြင်းဖြစ်ရာ အလီမှာ အရုပ်အမောင်းအားဖြင့် ကံအားလျော်စွာပင် လူဆိုးကြီးမဟူရာမိုးမှောင်နှင့် တူညီနေသည့်အပြင် ၄င်း၏



ဦးခေါင်းပုံပမ်းသဏ္ဌာန်ဖြင့် တူညီနေခြင်းပင်ဖြစ်တော့၏။ လူတစ်ယောက်ချင်း၏ ဦးခေါင်းသဏ္ဌာန်များကား တစ်ဦးနှင့်တစ်ဦး တူညီခြင်းမရှိပါပေ။ ဦးခေါင်းချွန်၊ ဦးခေါင်းဝိုင်း၊ ဦးခေါင်းပြား၊ ဆင်ဦးကင်းသဏ္ဌာန်ဦးခေါင်း စသည်ဖြင့် အမျိုးမျိုးရှိလေ၏။

ကျွန်ုပ်သည် အလီရောက်ရှိလာခြင်းအပေါ် များစွာဝမ်းသာသွားခဲ့ရလေ၏။ ကျွန်ုပ်သည် ၄င်းအား လွန်စွာမှမုန်းတီးသည့်အပြင် ကျွန်ုပ်၏သမီးကလေးရှေ့ရေးအတွက် ၄င်းအား လောကကြီးအတွင်းမှ ထုတ်ပယ်ပစ်ရန်အတွက်ပင် စဉ်းစားခဲ့မိဖူးလေရာ ကျွန်ုပ်လိုအပ်လျက်ရှိသော သားကောင်နေရာတွင် အလီ့အား အစားထိုး၍ တစ်ချက်ခုတ်နှစ်ချက်ပြတ် စီစဉ်ရန် စိတ်ပိုင်းဖြတ်လိုက်လေတော့၏။ ဤသို့ဖြင့် တစ်ရက်တွင်မူ ကျွန်ုပ်သည် အလီ့အား လုပ်ကြံသတ်ဖြတ်ရန် သမီးဖြစ်သူအား မန္တလေးမြို့ရှိ မိတ်ဆွေတစ်ဦးနေအိမ်သို့ အလည်အပတ်ပို့ထားလိုက်လေ၏။ ထိုမှ အလီ့အား လုပ်ကြံသတ်ဖြတ်၍ သမီးပြန်ရောက်လာသော ကျွန်ုပ်နှင့် စကားများ၍ အိန္ဒိယသို့ပြန်သွားကြောင်း လိမ်လည်ပြောဆိုလိုက်လေတော့၏။

သမီးဖြစ်သူမှာလည်း ကျွန်ုပ်၏စကားကို ကောင်းစွာယုံကြည်သည်ဖြစ်၍ စိက်မကောင်းဖြစ်ရုံမျှအပ ကျွန်ုပ်စီစဉ်ထားသောကိစ္စမှာ အေးချမ်းလွယ်ကူစွာပင် ပြီးဆုံးသွားခဲ့လေတော့၏။ ထိုအခါမှ ကျွန်ုပ်သည် တပည့်ဖြစ်သူ မူရှတ်ခန်အား နှုတ်လုံရန်သတိပေးလျက် မြေ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းအတွင်း လျှို့ဝှက်စွာထားရှိသော အလီ၏အလောင်းကို ခွဲစိတ်ကာ မဟူရာမိုးမှောင်၏ဦးနှောက်အိမ်ကို အစားထိုးထည့်သွင်းရန် ကြိုးပမ်းအားထုတ်ခဲ့လေတော့၏။ ကျွန်ုပ်သည် နုနယ်သေးမျှင်လှသော အာရုံခံဦးနှောက်သွေးကြောလေးများကို အထူးသတိပြုကိုင်တွယ်၍ စိတ်ရှည်စွာ ဆက်တောက်ရလေ၏။ အလုံးစုံခွဲစိတ်ထည့်သွင်းနိုင်ရန် (၃)ရက်ခန့် မအိပ်မနေ ကြိုးစားပြီးသောအခါ နောက်ဆုံးအဆင့်ဖြစ်သော အလောင်းကြီးအား လျှပ်စီးဓါတ်ဖြင့် ဇီဝကမ္မအသက်သွင်းရန် အချိန်ကို စောင့်ရလေတော့၏။

ထိုအခါ များစွာမစောင့်ရဘဲ တစ်ညတွင်မူ လေရောမိုးပါ သည်းထန်စွာရွာသွန်းခဲ့လေ၏။ ကောင်းကင်ယံ၌ လျှပ်စီးတို့သည် တဝင်းဝင်း မိုးထစ်ချုန်းသံတို့သည် တစ်အုန်းအုန်းဖြင့် ကြောက်မက်ဖွယ်ကောင်း လှပေတော့၏။ ထိုအချိန် ကျွန်ုပ်နှင့် မူရွတ်ခန်တို့နှစ်ဦးကား ကြောက်လန့်ရန်ပင် သတိမရကြဘဲ ဓါတ်ခွဲခန်းကြီးအတွင်း လျှပ်စစ်ဝါယာကြိုးမျှင်များစွာဖြင့် ချိတ်ဆွဲတပ်ဆင်ထားသော အလီ၏အလောင်းကြီးကိုသာလျှင် မမှိတ်မသုန်ဖြင့် ကြည့်ရှုနေကြလေ၏။ တစ်ချိတွင်မူ ကြီးမားလွန်းလှသော လျှပ်စီးကြောင်းကြီးနှင့်အတူ နားကွဲလုမတတ် ကျယ်လောင်လွန်းလှသော မိုးခြိမ်းသံကြီးတစ်ခုသည် ထွက်ပေါ်လာလျှက် လျှပ်စီးကြောင်းတစ်ခုသည် ကျွန်ုပ်ဆက်သွယ်ထားသော ဧရိယာတိုင်ထိပ်ဖျားမှတဆင့် စီးဝင်လာလေတော့၏။



ထိုအခါ ဧရိယာတိုင်နှင့် တဆက်တည်း ဆက်သွယ်ထားသည့် လျှပ်စစ်ဓါတ်ကြိုးများတလျှောက်ပါ လျှပ်စီးဓါတ်များစီးဝင်လာလျှက် အလီ၏အလောင်းကြီးမှာ တစ်ဆက်ဆက်တုန်ရင်နေလေတော့၏။ ထိုအချင်းအရာကိုကြည့်ရှု၍ သတ္တိကောင်းလှသောမူရွတ်ခန်ပင်လျှင် ကျွန်ုပ်၏လက်မောင်းကို လာဖက်လျှက် . . .

"ဆ. . . ဆရာ. . . အလောင်းကြီး လှုပ်. . . လှုပ်လာပြီ" ဟု တုန်လှုပ်စွာ ပြောလာလေရာ ကျွန်ုပ်မှ . . .

"လျှပ်စစ်ဓါတ်တွေစီးဝင်နေလို့ လှုပ်နေတာပါ မူရွတ်ခန်ရယ်၊ လူတစ်ယောက် ဓါတ်လိုက်နေသလိုပေါ့ကွာ" ဟု ပြောဆိုလိုက်ရလေ၏။ အမှန်ပင် ခန္ဓာကိုယ်အနှံ့ လျှပ်စစ်ဓါတ်ကြိုးများဖြင့် သွယ်တန်းထားသော အလီ၏ အဝတ်မဲ့အလောင်းကြီးကား တစ်ချက်တစ်ချက် ထပ်ခိုးမှန်ပြူတင်းပေါက်မှတဆင့် ဝင်ရောက်လာသော လျှပ်စီးရောင်များအောက်၌ ကြောက်မက်ဖွယ်ကောင်းလှပေတော့၏။ ထိုအခါ လျှပ်စီးစီးဝင်မှု၏အခြေအနေမှာလည်း ကျွန်ုပ်ခန့်မှန်းထားသည်ထက်ပင် ရှည်လျားလွန်းလှရကား ကျွန်ုပ်သည် ကြောက်မက်ဖွယ်ကောင်းလွန်းလှသော အလီ၏အလောင်းကြီးအား စိုးရိမ်စွာ ကြည့်ရှုနေမိလေတော့၏။ ထိုအချိန်၌ပင်လျှင် ကျွန်ုပ်၏တပည့်ဖြစ်သူမူရွတ်ခန်ဆီမှ . . .

"ဟာ. . . ဆ. . . ဆရာ အလောင်းကြီး လက်တွေ. . . လှုပ်လာပြီ" ဟူသော ထိတ်လန့်တကြား အော်ဟစ်သံကြောင့် ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



လည်း အလောင်း၏လက်များကို ကြည့်ရှုလိုက်လေရာ မူရွတ်ခန် ပြောသကဲ့သို့ပင်လျှင် လက်ချောင်းများမှာ တဆတ်ဆတ်ဖြင့် လှုပ်ရှားလာသည်ကို အံ့ဩထိတ်လန့်ဖွယ် တွေ့မြင်လိုက်ရလေတော့၏။ ထို အချင်းအရာကို မြင်တွေ့လိုက်ရသည်နှင့် ကျွန်ုပ်သည် အလောင်းကြီး၏ ခန္ဓာကိုယ်တလျှောက်၌ ဇီဝကမ္မဓါတ်ပြောင်းလဲမှုများ ဖြစ်ပေါ်နေပြီ ဖြစ်ကြောင်း သိရှိလိုက်လေ၏။ ထို့အတွက် ကျွန်ုပ်သည် အလောင်းကြီးအား ထိမ်းချုပ်နိုင်ရန် မူရွတ်ခန်ကို အမိန့်ပေးလိုက်လေတော့၏။ သို့ရာ၌ ကျွန်ုပ်၏အမိန့်ပေးမှုသည် များစွာနောက်ကျသွားပြီဖြစ်ပေ၏။ ထိုအချိန်၌ပင် အသက်ဓါတ်ဝင်လာပြီဖြစ်သော အလောင်းကောင်ကြီးမှ မျက်လုံးကြီးများသည် ရုတ်တရက် ဖျပ်ခနဲပွင့်လာကာ ကြောက်မက်ဖွယ်အသံကြီးပြု၍ ကုန်းထလာလေတော့၏။

ထိုအခါ အလောင်းကြီး၌ ဆက်သွယ်ထားသောလျှပ်စစ်ကြိုးများသည်လည်း ပြတ်တောက်ကုန်ကာ ရှော့ဝင်လျှက် တဖျစ်ဖျစ်ဖြင့် မီးများလွင့်ထွက်ကုန်ရာမှ ကြိုးများတစ်လျှောက် မီးများလောင်ကျွမ်းသွားကြလေတော့၏။

ကျွန်ုပ်နှင့် မူရွတ်ခန်တို့နှစ်ဦးမှာလည်း ထိတ်လန့်တကြားဖြင့် နောက်သို့ ခြေနှစ်လှမ်းစီမျှ ဆုတ်မိလိုက်ကြလေ၏။ မီးလောင်ဓါတ်ကြိုးများကြားမှ အသက်ဝင်လာသောအလောင်းကြီးကား အံ့ဩထိတ်လန့်ဖွယ် ခြေလှမ်းလေးကြီးများဖြင့် လျှောက်သွားနေလေ၏။ ထို့နောက်တွင်



မှ အသက်ဝင်လာပြီဖြစ်သော အလောင်းကောင်ကြီးသည် ဓါတ်ခွဲခန်းလှေကားမှတဆင့် အပြင်ဘက်ဆီသို့ ပြေးထွက်သွားလေတော့၏။

၄င်းသည် ပိတ်ထားသောတံခါးကိုပင် တည့်တည့်ကြီးဝင်တိုး၍ ပွင့်ထွက်ကျိုးပျက်သွားသော တံခါးမှတဆင့် အပြင်ဘက်သို့ ပြေးထွက်သွားလေတော့၏။ ထိုအချိန် ကျွန်ုပ်နှင့် မူရွတ်ခန်တို့နှစ်ဦးမှာကား ဓါတ်ကြိုးများမှတဆင့် လောင်ကျွမ်းလျှက်ရှိသော မီးများကို ဓါတ်ခွဲခန်းအနှံ့ မလောင်ကျွမ်းစေရန် ငြိမ်းသတ်နေရင်း ကျန်ရစ်နေခဲ့ကြရလေတော့၏။ ကျွန်ုပ်၏ ရောမစမ်းသပ်ချက်ကြီးကား အောင်မြင်ခဲ့သော်လည်း ကျွန်ုပ်၏ပေါ့ဆမှုတစ်ခုကြောင့် အသက်ဝင်လာသော အလောင်းကောင်ကြီးမှာ လွတ်မြောက်ထွက်ပြေးသွားခဲ့ရလေပြီတည်း။ နောက်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကိုကား မည်သို့ခန့်မှန်းရမည် မသိနိုင်ပါပေတကား။

◎◎◎

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လူဆိုးကြီးမဟူရာမိုးမှောင်၏ ဦးနှောက်ထည့်သွင်းထားခဲ့သော အလီ၏အလောင်းကောင်ကြီး လွတ်မြောက်သွားပြီးနောက် မည်ကဲ့သို့ အကျိုးဆက်များ ဖြစ်ပေါ်လာမည်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေရလေ၏။ ထိုအခါ ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးတိုက်စိုးအားမူ မီးလောင်၍ပျက်စီးသွားသော ဓါတ်ခွဲခန်းအခြေအနေများကို ပြသ၍ ကျွန်ုပ်၏စမ်းသပ်ချက်မှာ ပျက်စီးသွားကြောင်း ပြောခဲ့ရလေ၏။ ဦးတိုက်စိုးမှာလည်း အံတကြိတ်ကြိတ် တက်တခေါက်ခေါက်ဖြင့် ရှိရရုံမှအပ ကျွန်ုပ်အား အပြစ်ဆို၍မရတော့ပါပေ။ မူရွှတ်ခန်ကိုမူ ကျွန်ုပ်သည် အဖြစ်အပျက်များအား မည်သူ့ကိုမှမပြောဘဲ နှုတ်လုံရန် တင်းကြပ်စွာ သတိပေးခဲ့ရလေတော့၏။



သို့ရာ၌ အလောင်းကောင်ကြီးလွတ်မြောက်သွားပြီး လပေါင်းများစွာကြာမြင့်သည်အထိ တစ်စုံတစ်ရာ ထူးခြားမှုမရှိတော့သောအခါ၌မူ ကျွန်ုပ်မှာ အနည်းငယ်စိတ်အေးသက်သာရခဲ့လေတော့၏။ ထိုမှ (၃)နှစ်ခန့်ရှိလေလျှင် ကျွန်ုပ်၏သမီးသည် မြန်မာအမျိုးသားတစ်ဦးနှင့် နောက်အိမ်ထောင်ထူထောင်၍ ၎င်းအမျိုးသားတာဝန်ကျရာ မြို့ကလေးသို့ လိုက်ပါသွားလေရာ အိမ်၌ ကျွန်ုပ်နှင့် မူရွှတ်ခန်တို့နှစ်ဦးသာလျှင် ကျန်ရစ်ခဲ့လေတော့၏။ သို့ဖြစ်ရာ ကျွန်ုပ်သည် မူရွှတ်ခန်နှင့်အတူ နေထိုင်၍ ဆေးကုသခြင်းအလုပ်ဖြင့်သာ အေးချမ်းစွာနေထိုင်၍ တစ်ခါတစ်ရံ သမီးနှင့်သမက်ဖြစ်သူတို့ထံ သွားရောက်လည်ပတ်၍ အခြေတကျရှိလာလေတော့၏။

ဤသို့ဖြင့် တစ်ညတွင်မူ ကျွန်ုပ်သည် မူရွှတ်ခန်နှင့်အတူ ကော်ဖီသောက်ကာ စကားများပြောဆိုလျှက်ရှိနေကြစဉ် တစ်စုံတစ်ယောက်သည် နောက်ဖေးခြံစည်းရိုးမှ ကျော်ဝင်ရောက်ရှိလာလျှက် . . .

"ဒေါက်တာမဆင်းနား ခင်ဗျား တော်တော်ယုတ်မာတဲ့လူကြီးပဲ" ဟု ပြောဆိုလာလေရာ ကျွန်ုပ်သည် ထိုလူအား အံ့သြစွာကြည့်လိုက်မိလေ၏။ ထိုအခါ ၎င်းလူမှာ မြင့်မားလွန်းသောအရပ်အမောင်းကြီးနှင့် ဦးထုပ်အနက်ကြီးတစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားကာ လောင်းကုတ်အင်္ကျီအနက်ကြီးတစ်ထည်ကို ဝတ်ဆင်ထားလေ၏။ ၎င်း၏မျက်နှာကိုကား ကောင်းစွာမြင်တွေ့ရခြင်းမရှိလေရာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှ . . .

"မင်း. . . ဘယ်သူလဲ၊ ဘာကိစ္စနဲ့ငါ့အိမ်ခြံဝန်းထဲကို ကျူးကျူး ကျော်ကျော် ဝင်ရောက်လာရတာလဲ" ဟု မေးလိုက်သကဲ့သို့ အနီးရှိ မူရွတ်ခန်မှလည်း နေရာမှထကာ . . .

"ဟေ့ကောင်. . . မင်းဘယ်သူလဲ" ဟု ခက်ထန်စွာ မေးလိုက် လေ၏။ သို့ရာ၌ ထိုလူမှာ မူရွတ်ခန်အား အလျင်း ဂရုစိုက်ခြင်းမရှိ ဘဲ ကျွန်ုပ်ကိုသာလျှင် မျက်လုံးလက်လက်ကြီးများဖြင့် စူးရဲစွာ ကြည့် ရှု၍ . . .

"ကျုပ်ဘယ်သူလဲဆိုတာ ကျုပ်ကိုယ်ကျုပ်တောင်မသိတော့ဘူး၊ ဒါပေမဲ့ ကျုပ်ကို ခင်ဗျားဖန်တီးပေးခဲ့တယ်ဆိုတာကိုတော့ ကျုပ် ကောင်းကောင်းမှတ်မိတယ် ဒေါက်တာမဆင်းနား၊ တစ်နေ့ ကျုပ် ကိုယ်ကျုပ် ဘယ်သူလဲဆိုတာမှတ်မိရင်တော့ ခင်ဗျားဆီကို ကျုပ် ပြန် လာခဲ့ဦးမယ်၊ အခုတော့ ခင်ဗျားဖန်တီးပေးလိုက်တဲ့ဒုက္ခတွေအတွက် ကျုပ်မသိတဲ့လူသူတွေကြားထဲမှာ အဆင်ပြေအောင် နေထိုင်ရဦးမယ်၊ ကဲ ကျုပ်သွားပြီ ဒေါက်တာမဆင်းနား" ဟု ပြောဆို၍ ခြံဝန်းအပြင် ဘက် မှောင်ရိပ်အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

ထိုအခါ ကျွန်ုပ်သည် ထိုလူ၏ပုံပန်းအမူအယာနှင့် ပြောသွား ခဲ့သောစကားကို ဆင်ခြင်မိကာ များစွာထိတ်လန့်တုန်လှုပ်သွားရလေ တော့၏။ ထိုအချိန် ကျွန်ုပ်၏တပည့်ဖြစ်သူ မူရွတ်ခန်မှာလည်း ကျွန်ုပ်



၏မျက်နှာအား ပြူးကြောင်စွာကြည့်ရှု၍ . . .

"ဆ. . . ဆရာ. . . ဒီ. . . ဒီလူဟာ. . . ဟို. . . ဟို. . ." ဟု ဆိုလိုက်လေရာ ကျွန်ုပ်မှ . . .

"အစစ်ပဲ မူရွတ်ခန်၊ သူ. . . သူဟာ ငါတို့ဖန်တီးပေးလိုက်တဲ့ လူဆိုးကြီးမဟူရာမိုးမှောင်ဦးနှောက်နဲ့ အလီပဲ၊ သူ အခု ငါတို့ဆီ ရောက်လာပြီ. . ." ဟု ပြောလိုက်လေတော့၏။ ထိုအခါ မူရွတ်ခန် မှာလည်း များစွာတုန်လှုပ်သွားသော အမူအယာမျိုးဖြင့် . . .

"ဒီလိုဆို ကျွန်ုပ်တို့ ဘယ်လိုလုပ်ကြမလဲ ဆရာ၊ ဒီလူဟာ ကျွန်တော်တို့ကို အန္တရာယ်ပေးနိုင်သလား" ဟု မေးမြန်းလိုက်လေ ရာ . . .

"ဒါကိုတော့ ငါလည်း အတိအကျခန့်မှန်းလို့မရဘူး မူရွတ်ခန်၊ ဒါပေမဲ့ သူဟာ အခုချိန်မှာ သာမန်လူသားတစ်ယောက်မဟုတ်တဲ့ လျှပ်စီးဓါတ်နဲ့ ဇီဝကမ္မဖြစ်စဉ်ပြောင်းလဲပြီး အသက်ဝင်လာတဲ့လူတစ် ယောက်ဆိုတော့ သာမန်သေနတ်နဲ့ပစ် ဓါးနဲ့ခုတ်ရုံလောက်နဲ့တော့ သေမယ့်လူတစ်ယောက်မဟုတ်တော့ဘူးဆိုတာကိုတော့ ငါ ကောင်း ကောင်းသိတယ်" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ အမှန်ဖြင့်လည်း လျှပ်စီးဓါတ်ဖြင့် ဇီဝကမ္မဖြစ်စဉ်ပြောင်းလဲလာသော သက်ရှိအများ သည် သာမန်ဇီဝဓါတ်ဖြင့် အသက်ရှင်နေကြသော သတ္တဝါများကဲ့သို့ ဆဲလ်သွေးများဖြင့်ရပ်တည်နေခြင်း မဟုတ်ဘဲ လျှပ်စစ်ဓါတ်များဖြင့်သာ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင် ရပ်တည်နေခြင်းဖြစ်ပေ၏။

ထို့အတွက် ၎င်းတို့တွင် သဘာဝဇီဝဓါတ်များအတိုင်း အိုခြင်း၊ နာခြင်း၊ သေခြင်းများမရှိတော့ဘဲ ခန္ဓာကိုယ်အတွင်းရှိ လျှပ်စီးဓါတ်များ မကုန်ဆုံး မပျက်စီးသရွေ့ ကာလပါတ်လုံး အသက်ရှင်ရပ်တည်နေမည် ဖြစ်ပေတော့၏။

သို့ဖြစ်ရာ ကျွန်ုပ်မှာ မကြံအပ်မစည်ရာ စမ်းသပ်ဖန်တီးခဲ့သော သဘာဝလွန် ကြောက်မက်ဖွယ်လူသားတစ်ယောက်အတွက် များစွာ နောင်တရမိလေတော့၏။ ၎င်းသည် လူသားကောင်းကျိုးများအတွက် ပြုမူဆောင်ရွက်ခဲ့သော် ကိစ္စမရှိသော်လည်း လူသားတို့အတွက် အကျိုး ပျက်လုပ်ငန်းများကို လုပ်ကိုင်၍ လမ်းမှားသို့ရောက်သွားခဲ့သည်ရှိသော် တွေးဝံ့စရာပင်မရှိကော့ပေ။ ကျွန်ုပ်အတွက်မူ ၎င်း၏ခန္ဓာကိုယ်အတွင်း မှ လျှပ်စီးဓါတ်များ မြန်မြန်ကုန်ဆုံးပျက်စီးသွားရန်ကိုသာ ဆုတောင်း မျှော်လင့်ရန်ရှိပေတော့၏။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ မိမိလုပ်ခဲ့သောအပြုစ်အတွက် များစွာနောင်တရ ဖြည်မဆည်နိုင်အောင်ဖြစ်၍ နေ့စဉ်ပင် ပူပင်ချောက် ချားနေခဲ့ရလေတော့၏။ ထိုအခါ (၁၀)နှစ်တည်းဟူသော အတိုင်း အတာတစ်ခုအတွင်း ကျွန်ုပ်ပူလောင်ခံစားခဲ့ရသောဒုက္ခများကို ကျော် လွန်၍ ယခုအချိန်ခံစားနေရသော ဒုက္ခများကိုသာ ဖော်ပြရပေတော့ အံ့။



ကျွန်ုပ်ဖန်တီးခဲ့သော လူဆိုးကြီးမိုးမှောင်ဦးနှောက်နှင့် သဘာဝ လွန်လူသားအလီသည် ၎င်း၏နောက်ကြောင်းအဖြစ်အပျက်အရာများ အားလုံးကို မှတ်မိသွားခဲ့ပြီဟု ယူဆရပေတော့၏။ ထိုအခါ ၎င်း၏ မှတ်ဉာဏ်ဦးနှောက်များအားလုံးမှာ လူဆိုးကြီးမိုးမှောင်၏ မှတ်ဉာဏ် ဦးနှောက်များသာလျှင်ဖြစ်ပေရာ သူ့အား ယုတ်မာရက်စက်စွာ လုပ် ကြံသတ်ဖြတ်ခဲ့သော ကြောင်နက်ဂိုဏ်းခေါင်းဆောင် ဦးကိုက်စိုးနှင့် ကြောင်နက်ဂိုဏ်းသားများအား ရက်စက်စွာ လက်စားချေသတ်ဖြတ်နေ ပြီဖြစ်တော့၏။ ကျွန်ုပ်သည် နေ့စဉ်ကြားနေရသော သတင်းစာများထဲမှ ဂမ္ဘီရပိညာဉ်လူသတ်သမားဟု အမည်ပေးထားကြသော ကျွန်ုပ်ဖန်တီး ထားခဲ့သော သဘာဝလွန်လူသား အလီ၏သတင်းများကြောင့် များစွာ စိတ်မကောင်းဖြစ်ခြင်း ယူကျုံးမရဖြစ်ခြင်းများဖြင့် ရှိနေရလေတော့၏။ ထိုအခါ ကျွန်ုပ်၏အပြစ်အကြွက် ကျွန်ုပ်မှာလည်း ကောင်းကောင်း ဒဏ်ခတ်ခြင်းကိုခံစားနေရပြီဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် နှစ်ပေါင်းများစွာ ခံစားလာခဲ့ရသော စိတ်ဝေဒနာဒဏ်၏နှိပ်စက်မှု ကြောင့် ကျွန်ုပ်မှာ အိပ်ရာထက်တွင် ဘုန်းဘုန်းလဲကျနေပြီဖြစ်သော ကြောင့်ဖြစ်၏။ ယခုအချိန်၌မူ ကျွန်ုပ်သည် ကျွန်ုပ်၏အပြစ်အားလုံး အား ဖော်ပြ၍ ဝန်ချတောင်းပန်သွားရုံမှအပ မည်သို့မျှ ဖြတ်နိုင် ခြင်းမရှိတော့ပါပေ။ မကြာမီ ကျွန်ုပ်သည် လူလောကမှ အပြီးအပိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းထွက်ခွာသွားရတော့မည်ဖြစ်ပေ၏။ ကျွန်ုပ်ပြုလုပ်မိခဲ့သော အပြစ်ကြီးကြောင့်လည်း တမလွန်တွင် ဘုရားသခင်မှ ဒဏ်ခတ်မည့် အပြစ်ဒဏ်ကို ခံယူရဦးမည်ဖြစ်ပေတော့၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏ထွက်သက်တစ်ခုမထွက်မီ နောက်ဆုံးအချိန်ထိ ကျွန်ုပ်ဆုတောင်း သွားသည့်ဆုတောင်းကိုကား ကျွန်ုပ်မရှိတော့သည့်နောက်ပိုင်းကာလ တစ်ခုခုတွင် ပြည့်လိမ့်မည်ဟု ယုံကြည်မိလေ၏။ အပြစ်ရှိလျှင် အပျက် သည်လည်းရှိရမည်မှာ မလွဲမုချပင်မဟုတ်ပါတကား။ ယခုအချိန်ထိ ကျွန်ုပ်သည် ထိုဆုတောင်းကိုသာလျှင် မပြတ်ဆုတောင်းနေလေ၏။

*"လူသတ်သမားခန္ဓာကိုယ်အတွင်းမှ လျှပ်စီးဓါတ်များ အမြန်ဆုံး ကုန်ဆုံးပျက်စီးသွားပါစေသတည်း"*

*"ဒေါက်တာ မဆင်းနား"*
*ဇီဝဗေဒနှင့်ခန္ဓာဗေဒပညာရှင်*

❂ ❂ ❂



BURMESE CLASSIC .com

ကျွန်ုပ်တို့သည် ပထန်လူမျိုး မူရွတ်ခန်ယူဆောင်ဖွင့်ချလာခဲ့သော ဒေါက်တာမဆင်းနား၏ မှတ်တမ်းဒိုင်ယာရီစာအုပ်ကြီးကို ဖတ်ရှုပြီးနောက် ဖြစ်ပေါ်နေသောအမှုအားလုံး၏ တရားခံကို ကောင်းစွာ သိရှိခဲ့ရလေတော့၏။ ထိုအခါ ဒေါက်တာမဆင်းနား၏ မှတ်တမ်းပါ အကြောင်းအရာများအားလုံးမှာ လွန်စွာမှ အံ့သြတုန်လှုပ်ဖွယ်လည်း ကောင်းလွန်းလေရာ ကျွန်ုပ်မှ အိုင်အိုမြတ်နှင်းအား . . .

"အိုင်အေး ကိုမြတ်နှင်း ဒီအဖြစ်အပျက်တွေဟာ အမှန်တကယ် ရောဖြစ်နိုင်ပါ့မလားဗျာ" ဟု ပြောဆိုလိုက်လေရာ အိုင်အိုမြတ်နှင်းက ပြုံး၍ . . .

"အမှန်တကယ် ဟုတ်မဟုတ်ဆိုတာကို ဒိုင်ယာရီထဲမှာပါတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအဆင်းနားရဲ့လိပ်စာအတိုင်း အိမ်ကို အရင်ဆုံးသွားကြည့်ကြတာပေါ့ဗျာ'' ဟု ပြောဆို၍ ကျွန်ုပ်တို့သည် မင်္ဂလာဒုံဘက်ရှိ ဒေါက်တာမဆင်းနား၏အိမ်ကြီးဆီသို့ သွားရောက်ကြည့်ရှုခဲ့ကြလေ၏။ ထိုအခါ ဒိုင်ယာရီမှတ်တမ်းထဲတွင် ရေးသားထားခဲ့သည့် မြေအောက်ခန်းရှိဓါတ်ခွဲခန်းကြီးကိုသာလျှင်မက မီးလောင်ပျက်စီးခဲ့သော လျှပ်စစ်ကြိုးအကြွင်းအကျန်များကိုပင် တွေ့မြင်ခဲ့ကြရလေရာ ကျွန်ုပ်တို့မှာ များစွာအံ့သြခြင်းများ ဖြစ်ခဲ့ကြရလေတော့၏။

ထိုအခါ ဘာမယ်ဦးအောင်ကြီးမှ . . .

''ဒေါက်တာမဆင်းနား ဒိုင်ယာရီမှတ်တမ်းကြီးထဲမှာ ရေးထားတဲ့ဟာတွေဟာ အမှန်ပဲဖြစ်နိုင်တယ်ဗျို့၊ ဟောဒီမှာ ဒီခုတင်ကြီးက လူတစ်ယောက်ကို ခွဲစိတ်ခဲ့တဲ့ခုတင်ကြီးပဲဖြစ်မယ်ဗျ'' ဟူ၍လည်းကောင်း၊ ထိပ်ပြောင်ကိုမြဦးနှင့် သခေါ်အောင်ကျော်တို့အဖွဲ့မှလည်း ဓါတ်ခွဲခန်းကြီးအတွင်း၌ ပစ္စည်းကိရိယာများအား တစ်ခုချင်း အံ့သြစွာ လိုက်လံကြည့်ရှု၍ . . .

''ဖြစ်နိုင်တယ်ဗျို့၊ ဒေါက်တာမဆင်းနားဟာ မဟုတ်မဟတ် အပင်ပမ်းခံပြီးတော့ ဒီလိုဓာတ်လမ်းကြီးကို လုပ်ကြံရေးထားခဲ့မှာမဟုတ်ဘူး၊ အခု ဒီဓါတ်ခွဲခန်းကြီးက သက်သေခံနေမှုပဲ'' ဟု ပြောကြပြန်လေ၏။

ထို့နောက်တွင်မှ ကျွန်ုပ်တို့သည် ဒေါက်တာမဆင်းနား၏ အိမ်ကြီးအတွင်း စုံစေ့စွာကြည့်ရှုပြီး ပြန်ခဲ့ကြသည်ရှိသော် အိုင်အိုမြတ်နှင်း



မှ စီးကရက်တစ်လိပ်ကို ဖွာရှိုက်ကာ လိုက်ပါနေရင်းမှ . . .

''အခြားဟာတွေတော့ မသိဘူးဗျ၊ ဒေါက်တာမဆင်းနားကတော့ အမှန်တကယ် အင်္ဂလန်ဆေးကောင်စီအဖွဲ့က အသိအမှတ်ပြုခဲ့တဲ့ ဇီဝဗေဒနဲ့ ခန္ဓာဗေဒပညာရှင် ဒေါက်တာဘွဲ့ရ ပါမောက္ခတစ်ဦးအမှန်ပဲဗျ၊ သူ့အခန်းထဲကစာအုပ်တွေနဲ့ စာရွက်စာတမ်းတွေအားလုံးကို ကျွန်တော်ဖတ်ကြည့်ပြီးခဲ့ပြီ'' ဟု ဆိုလိုက်လေရာ ကျွန်ုပ်မှ . . .

''ဒါဆို အခုတလော ပျောက်နေတဲ့ ဟို. . . လူဆိုးကြီးမိုးမှောင်ရဲ့ ဝိညာဉ်ယူသတ်သမားဆိုတာ သူ့ဒိုင်ယာရီမှတ်တမ်းကြီးထဲမှာပါတဲ့ သဘာဝလွန် အလီဆိုတဲ့လူပဲပေါ့ဟုတ်လား၊ ဒါဖြင့် အခု ဒီလူ ဘယ်မှာရောက်နေသလဲ'' ဟု မေးမြန်းလိုက်လေ၏။ထိုအခါ ဘာမထီဦးအောင်ကြီးမှ ဝင်ရောက်၍ . . .

''မဟုတ်မှလွဲရော ဒေါက်တာမဆင်းနားဆုတောင်းခဲ့တဲ့အတိုင်း သူ့ခန္ဓာကိုယ်ထဲက လျှပ်စီးဓါတ်တွေကုန်သွားလို့ သေများသွားပြီလား မသိဘူးဗျ'' ဟု ပြောလိုက်လေရာ ကျွန်ုပ်မှလည်း . . .

''ဖြစ်နိုင်တယ်ဗျို့. . . ဒီအတိုင်းသာအမှန်ဖြစ်ခဲ့ရင်တော့ နားအေးသွားတာပေါ့ဗျာ၊ အိုင်ဆေးကိုမြတ်နှင်းရော ဘယ်လိုသဘောရလဲ'' ဟုပြောဆိုကာ အိုင်အိုမြတ်နှင်းအား မေးမြန်းလိုက်ပြန်လေ၏။ ထိုအခါ အိုင်အိုမြတ်နှင်းက အဓိပ္ပါယ်ဖော်ပြရန် ခက်ခဲသော အပြုံးတစ်ခုကိုပြုံး၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ကတော့ နောက်ဆုံးအနေနဲ့ သွားကြည့်စရာနေရာတစ်ခုရှိသေးတယ်၊ အဲဒါပြီးရင်တော့ အသေချာဆုံးအဖြေတစ်ခုကို ပြောနိုင်ကောင်းပါရဲ့၊ ဒါပေမဲ့ ပြောသာပြောရပါတယ်၊ ဒေါက်တာမဆင်းနားရဲ့ ဝန်ခံချက်တွေနဲ့ သူ့တပည့် မှုခင်းတို့ ပြောပြချက်တွေဟာ အတော့်ကိုခိုင်မာပြီး သက်သေအထောက်အထားတွေနဲ့ ပြည့်စုံနေတာဆိုတော့ ကျွန်တော်ထင်ပါတယ်၊ အခု အမှုရဲ့ တရားခံကိုတော့ ကျွန်တော်တင်မကဘူး သကြားမင်းဆင်းလာပြီး ဖော်ထုတ်ပေးတောင် ဒီလူမျိုးကို လက်ထိပ်ခတ်နိုင်ဖို့မလွယ်လောက်တော့ဘူးဆိုတာပါပဲ" ဟု ပြောဆိုလိုက်လေရာ ဘာမထီဦးအောင်ကြိုင်က တဟားဟားရယ်မော၍ . . .

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဒီလိုဆိုတော့လည်း အိုင်အိုမြတ်နှင်းရဲ့ရာဇဝင်မှာ တရားခံကို လက်ထိပ်မခတ်နိုင်တဲ့အမှုတစ်ခုဆိုပြီး ကျုပ်တို့အနေနဲ့ မှတ်သားထားရတာပေါ့ဗျာ၊ ဒါပေါ့ဗျာ မလွဲသောရှေ့နေ မသေသောဆေးသမားမရှိဘူးဆိုတာ ကျုပ်တို့လ အိုင်အိုမြတ်နှင်းလည်း တစ်ခါတစ်လေတော့ ဒီလို သဘာဝတရားနဲ့ အညီလေးလည်း ရှိရမှာပေါ့၊ နို့မဟုတ်ရင် ရှေးလူကြီးတွေစကားကို ဖျက်သလိုရှိနေမှာပေါ့ဗျာ၊ မဟုတ်ဘူးလား ကိုမြတ်နှင်း" ဟု ပြောဆိုလိုက်လေ၏။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်မျိုးဖြင့်. . .

"သြော်. . . ဒါနဲ့ ခင်ဗျား ခုနက သွားစရာတစ်ခုရှိသေးတယ်



ဆိုတာ ဘယ်ကိုလဲဗျ" ဟု မေးမြန်းလိုက်လေရာ အိုင်အိုမြတ်နှင်းက ပြုံး၍ . . .

"မဟူရာမိုးမှောင်ကျနှင့်ခဲ့တဲ့ ညီမ နန်းအိဝေဆိုတဲ့မိန်းမဆီကိုပါ" ဟု ပြောဆို၍ ပါးစပ်အတွင်းမှ စီးကရက်မီးခိုးငွေ့များကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်လေတော့သတည်း။

(ပြီးပါပြီ)

သဗ္ဗေ သတ္တာ သုခီ ဒီဃဝုကော ဟောတိ

မင်းမြတ်ရာဇ

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထု ကာတွန်း ရုပ်ပြ
တိုက်ကျ အဟောင်းများသာမက
သုတ ရသနှင့်ဆိုင်သော
စာဟောင်း စာကောင်းများကိုပါ
ဈေးနှုန်းမှန်ကန်စွာ
စိတ်တိုင်းကျဝယ်ယူရရှိနိုင်သော

# ဖိုးကျော်စာပေ

မန္တလေးမြို့
ဖုန်း ၀၉၅၀၂၆၃၀၅

www.burmeseclassic.com